
www.burmeseclassic.com

# မိုးကျော်သူ

## လူမိုက်တောင်ကြား

ပ+ဒု
ဇာတ်သိမ်း

BURMESE CLASSIC



www.burmeseclassic.com

www.burmeseclassic.com

စာမူခွင့်ပြုချက်အမှတ် – ၇၁၉ / ၂၀၀၂ ( ၇ )
မျက်နှာဖုံးခွင့်ပြုချက်အမှတ် – ၁၀၄၀/ ၂၀၀၂ (၁၂)

●

ပထမအကြိမ် ၂၀၀၃ ခုနှစ်၊ ဇန်နဝါရီလ
အုပ်ရေ – ၅၀၀၊ တန်ဖိုး – ၁၀၀ ကျပ်

●

ထုတ်ဝေသူ
ဒေါ်မိုးကေခိုင် (ချိုတေးသံစာပေ)
ရွှေနှံ့သာကျေးရွာ၊ ပုလဲမြို့ (၃)
မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်မြို့။

●

ပုံနှိပ်သူ
ဦးသန်းဝင်း(ကျော်ပုံနှိပ်တိုက်)
အမှတ် ၂၃၉၊ ခေမာသီလမ်း၊
မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။

●

မျက်နှာဖုံးရိုက်
ဦးထွန်းလင်း(ဖိုးဝအောဖ့်ဆက်)
အမှတ် ၁၄၇၊ ၄၅–လမ်း၊
ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။

# မိုးကျော်သူ

# လူမိုက်တောင်ကြား

[ ပထမပိုင်း ]

www.burmeseclassic.com

www.burmeseclassic.com

# နိဒါန်း

နေ့ရက်မခြား သွေးထွက်သံယိုမှုများ အဆက်မပြတ်ဖြစ်ပွားလေ့ရှိသော သိုင်းလောကသည် ဤနှစ်များတွင် မယုံကြည်နိုင်လောက်အောင် အေးချမ်းသာယာလာသည်ကို တွေ့ရှိကြရလေသည်။

ခုနှစ်နှစ်လုံးလုံး...

သိုင်းလောကသည် မကြုံစဖူး ထူးကဲစွာ ငြိမ်သက်နေ၏။

သိုင်းလောကသားများတို့သည် ယခုအခါမှာ မိသားစုနှင့် ဝေးကွာခြင်း မရှိတော့ဘဲ အိုးမကွာ အိမ်မကွာ ပျော်ရွှင်စွာ နေထိုင်နေကြသည်ကို ခံစားလာကြရလေသည်။

အချို့သိုင်းသမားများဆိုလျှင် မိသားစုများနှင့်အတူ အပျော်ခရီးထွက်ကြသည်။

ဘုရားဖူးထွက်ကြသည်။

သိုင်းလောကမှ ထိပ်သီးကိုဏ်းများမှလည်း သောကကင်းဝေးစွာဖြင့် ဘုရားတရားကို ဝတ္တရားမပျက် ကျင့်ကြံအားထုတ်နိုင်ကြသည်။

ထို့ကြောင့်...

www.burmeseclassic.com

www.burmeseclassic.com



သိုင်းလောကသားများနှင့် သိုင်းမိသားစု၏မျက်နှာများ ပေါ်တွင် ပြုံးရွှင်ပြီး ပီတိဖြစ်နေသော အရိပ်အယောင်များ မြင်တွေ့လာရသည်။

သို့သော်...

လောကကြီးသည် အမြဲတမ်း ဖြောင့်တန်း၍ မနေပါ။

လူ့ဘဝမှာလည်း အကွေ့အကောက် ရှိမြဲဖြစ်သည်။

ကဗျာဆရာ လီးပိုင်၏ ကဗျာတစ်ပုဒ်မှာလည်း ဤသို့ ပါရှိလေသည်။

*မြင့်မြတ်သော ပန်းများသည် မကြာခဏ ဖူးပွင့်ကြမည် မဟုတ်ပါ။*

*အေးချမ်းသာယာသော ပတ်ဝန်းကျင်သည် အမြဲတမ်း တည်ရှိမည် မဟုတ်ပါ။*

ကဗျာဆရာလီးပိုင်၏ အဆိုအမိန့်အတိုင်း (၇)နှစ်လုံးလုံး အေးချမ်းသာယာခဲ့သော သိုင်းလောကသည် တစ်ဖန်ပြန်၍ လှိုင်းတံပိုး ထန်လာလေတော့သည်။

သိုင်းလောကတစ်ခုလုံး အိပ်မက်ဆိုးဟောင်း မက်နေရာမှ အထိတ်တလန့် နိုးထလာရလေသည်။

သိုင်းလောကတစ်ခုလုံး လှုပ်လှုပ်ရွရွ ဖြစ်လာကြပြန်သည်။

ယင်းကဲ့သို့ စတင်လှုပ်ရှားလာသူမှာ 'နဂါးစိမ်းဂိုဏ်း' ဖြစ်လေသည်။

***

BURMESE CLASSIC

## နဂါးစိမ်းဂိုဏ်း

နဂါးစိမ်းဂိုဏ်း...

နဂါးစိမ်းဂိုဏ်းသည် မည်သည့်အချိန်က စတင်တည်ထောင်ခဲ့ပါသနည်း။

မည်သူကမျှ မသိပါ။

နဂါးစိမ်းဂိုဏ်း၏ခေါင်းဆောင်

မည်သူမည်ဝါ ဖြစ်ပါသနည်း။

မည်သူကမျှ မသိပါ။

နဂါးစိမ်းဂိုဏ်း၏ဌာနချုပ် မည်သည့်နေရာ၌ တည်ရှိပါသနည်း။

မည်သူကမျှ မသိပါ။

ဤသို့ဆိုလျှင် နဂါးစိမ်းဂိုဏ်း တစ်ဂိုဏ်းရှိနေသည်ကို သိုင်းလောကသားများက အဘယ်ကြောင့် ပြောဆိုနေကြပါသနည်း။

နဂါးစိမ်းဂိုဏ်းကို စတင်တွေ့ရှိခဲ့သူမှာ ခိုင်ဖုံးမြို့မှ သူဌေးကြီး ဝမ်ဝမ်ဝေ ဂေဟာမှ စတင်တွေ့ရှိခဲ့ခြင်း ဖြစ်သည်။

***

www.burmeseclassic.com

www.burmeseclassic.com



(၅)လ (၅) ရက်...

နံနက်...

သန့်ရှင်းရေးသမား နှစ်ယောက်တို့သည် ဂေဟာရှေ့ ခြံဝင်းအတွင်း၌ ညတုန်းက ကြွေကျနေသော သစ်ရွက်များကို လှဲကျင်းနေ၏။

ဤသည်မှာ သူတို့၏ နေ့စဉ် နေ့တိုင်း နံနက်ခင်းတွင် လုပ်ရိုးလုပ်စဉ် အလုပ်ဖြစ်သည်။

သူတို့သည် သန့်ရှင်းရေး အလုပ်ပြီးဆုံးသွားသည်နှင့် ဂေဟာရှေ့ရှိ ကျောက်ခင်းထားသော ခုံတန်းပေါ်၌ထိုင်၍ အမျိုး သမီးအိမ်ဖော် လာပို့သော ခေါက်ဆွဲများကို စားနေကြသည်။ မိန်းကလေးအိမ်ဖော်သည် ခေါက်ဆွဲပန်းကန်ကို ချထားပြီး အိမ် ထဲသို့ ပြန်ဝင်ရန် ခြေလှမ်းပြင်လိုက်ရာ...

ရုတ်တရက် အသံထွက်လာသည်။

"အဘလောက်တ... ဒါက ဘာလဲဟင်... "

သန့်ရှင်းရေးသမား နှစ်ယောက်အနက် အသက် (၆၀) ခန့်ရှိသော အဘိုးအိုက လှမ်းကြည့်လိုက်သည်။

အလံငယ်တစ်ခု တံခါးမကြီးပေါ်တွင် စိုက်ထားသည်ကို တွေ့လိုက်ရသည်။

သူက ခေါက်ဆွဲပန်းကန်ကို ချထားပြီး တံခါးမရှိရာသို့ လျှောက်သွားသည်။

တံခါးပေါ်တွင် ကြိုဂ်သဏ္ဌာန် အလံတစ်ခုကို တွေ့ရ သည်။

အလံမှာ လက်ဝါးအရွယ်သာသာမျှသာ ရှိသည်။



အလံမှာ အဝါရောင် နောက်ခံပေါ်၌ အပြာရောင် နဂါး တစ်ကောင်ပုံ ဖော်ထားသည်ကို တွေ့မြင်လိုက်ရသည်။

အလံတိုင်မှာ သံချောင်းဖြင့် ပြုလုပ်ထားသည်။

ပျတံခါးပေါက်ကို စူးဝင်နေသော နေရာ၌ စာအိတ်တစ်ခု ကိုပါ စိုက်ထိုးထားသည်ကို တွေ့လိုက်ရသည်။

စာအိတ်ပေါ်၌ ရေးသားထားသည်မှာ...

သို့

သူဌေးကြီး ဝမ်ဝမ်ဝေ

ဟု ရေးသားထားသည်။

အခြားသန့်ရှင်းရေးသမား တစ်ယောက်က ထိုအလံကို ဆွဲနှုတ်ရန် ဟန်ပြင်လိုက်သည်။

"သွားမထိနဲ့... "

အဘိုးအိုက ဟန့်တားလိုက်သည်။

သူက အဖော်သန့်ရှင်းရေးသမားအား မှာကြားလိုက် သည်။

"မင်း ဒီမှာစောင့်နေ... ငါ သခင်ကြီးကိုသွားပြီး သတင်း ပို့လိုက်ဦးမယ်... "

သူက အခြားတံခါးတစ်ခြမ်းကို ဆွဲဖွင့်လိုက်ပြီး မိန်း ကလေး အိမ်ဖော်နှင့်အတူ ခြေလှမ်းသုတ်သုတ်ဖြင့် လျှောက်ဝင်သွား သည်။

တခဏအကြာတွင် အသက် (၆၀)ခန့်ရှိသော လူကြီး

www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက် ထွက်လာလေသည်။

သူက တံခါးပေါ်တွင် စိုက်ထားသော အလံကို ဆွဲနုတ်လိုက်သည်။

ထို့နောက်... စာကို ဖောက်ဖတ်လိုက်လေသည်။

*"သူဋ္ဌေးကြီး ဝမ်ဝမ်ဝေ*

*ကျုပ်တို့နဂါးစိမ်းဂိုဏ်း စတင်တည်ထောင်နေပါပြီ။ ရန်ပုံငွေများ လိုနေပါသဖြင့် ကျုပ်တို့ဂိုဏ်းကို ငွေ (၅၀၀၀) လှူဒါန်းပါရန် ပန်ကြားပါသည်။*

*ပုံ*

*နဂါးစိမ်းဂိုဏ်း*

*(၅)လ (၅)ရက်*

စာ၏တစ်ခြမ်းတွင် ထပ်မံရေးသားထားသည်မှာ

*"ငွေကို (၅)လ (၅)ရက် သန်းခေါင်ယံအချိန်တွင် ဒီခြံဝင်းရဲ့ ကျောက်တန်းခုံပေါ်မှာ ချထားပါ။ အကယ်၍ ကျုပ်တို့အပေါ် စေတနာမရှိပါလျှင် ကျုပ်တို့ရဲ့ ဒဏ်ခတ်ခြင်းကို ခံရပါလိမ့်မယ်"*

❋❖❋

စာဆုံးသွားသည်နှင့် ထိုလူကြီးက နှာခေါင်းရှုံ့လိုက်သည်။ ထိုလူမှာ သူဋ္ဌေးကြီးဝမ်ဝမ်ဝေပင် ဖြစ်သည်။

"နဂါးစိမ်းဂိုဏ်းဆိုတာ ဘာကောင်လဲ...ဒီလိုခြိမ်းခြောက်ပြီး ငွေတောင်းတဲ့ ခေတ်ကုန်သွားပြီ..."

သူက စာအိတ်၊ စာရွက်နှင့် အလံကို အောက်သို့ပစ်ချလိုက်သည်။

"မီးရှို့လိုက်..."

ဟု အမိန့်ပေး၍ အိမ်ထဲသို့ ပြန်လည်ဝင်ရောက်သွားလေသည်။

❋❖❋

ဝမ်ဝမ်ဝေသည် လူချမ်းသာ တစ်ယောက်ဖြစ်သည့်အတွက် မိတ်ဆွေအပေါင်းအသင်း အများအပြား ရှိသည်။

သူ၏အပေါင်းအသင်းများမှာ အလွှာအသီးသီးမှ ဖြစ်သည်။ သိုင်းလောကသားများလည်း ပါဝင်နေ၏။

သူသည် သူ၏မိတ်ဆွေများနှင့်အတူ မကြာမကြာ စုဖွဲ့၍ စားသောက်တတ်ကြသည်။

ဝမ်ဝမ်ဝေက နဂါးစိမ်းဂိုဏ်း ငွေခြိမ်းခြောက်တောင်းဆိုသည်များကို စားရင်း သောက်ရင်း ပြောပြသောအခါ...

အားလုံးက ရယ်စရာ ပုံပြင်တစ်ပုဒ် နားထောင်မိသည့်အလား ရယ်မောကြလေသည်။ မိတ်ဆွေတစ်ယောက်က...

"ဒါနဲ့ သူဋ္ဌေးကြီး နဂါးစိမ်းဂိုဏ်းနဲ့ အဆက်အသွယ်ရှိလို့လား..."

ဝမ်ဝမ်ဝေက ခေါင်းခါရမ်းလိုက်သည်။

"ကြားတောင် မကြားဖူးဘူး..."

အခြားမိတ်ဆွေ တစ်ယောက်က...

"ငါတို့လည်း သိုင်းလောကမှာ အတော်အသင့် ကျင်လည်ခဲ့တာပဲ... နဂါးစိမ်းဂိုဏ်းကို တစ်ခါမှလည်း မကြားဘူးပါ



www.burmeseclassic.com

www.burmeseclassic.com



လား…”

နောက်တစ်ယောက်က…

“အလကားပါကွာ… သူဌေးကြီးဆီက ငွေလိုချင်လို့သက်သက်လုပ်ကြံခြိမ်းခြောက်တာပါ… ”

“ဒါ ဟုတ်တယ်… ”

“ဒါနဲ့… သူဌေးကြီး ဒီကိစ္စကို ဘယ်လိုသဘောထားလဲ”

ဝမ်ဝမ်ဝေက ရယ်မောလိုက်သည်။

“ဘယ်လိုသဘောထားရမှာလဲ… လာတဲ့စာကို မီးရှို့လိုက်တာပေ့ါ… ”

“ဟား… ဟား… ဟား… ”

အားလုံးက ရယ်မောကြလေသည်။

ရယ်မောသံဆုံးသွားသည်နှင့် အသက်(၆၀)ခန့်ရှိသော မိတ်ဆွေတစ်ယောက်က…

“ဂရုစိုက်စရာ မလိုဘူးပေ့ါ… ဒါပေမယ့် အစစအရာရာကြိုတင်သတိရှိရင်တော့ မမှားဘူးပေ့ါ… ”

ဝမ်ဝေဝေက…

“ကျုပ်က ဘာလုပ်ရမှာလဲ… ”

အဘိုးအိုက…

“သူ ဘယ်နေ့ကို ချိန်းထားတာလဲ… ”

“(၅)လ (၅)ရက်… ”

“ဒါဖြင့်… ဒီနေ့ပေ့ါ… ”

“ဟုတ်တယ်… ”

“အခု ကြွရောက်လာကြတဲ့ မိတ်ဆွေတွေထဲမှာ သိုင်းပညာတတ်တဲ့လူတွေပါတယ်… သူဌေးကြီးကို စောင့်ရှောက်ဖို့နေခဲ့ရင် မကောင်းဘူးလား… ”

ဝမ်ဝမ်ဝေက ခေါင်းခါယမ်းလိုက်သည်။

“မလိုပါဘူး… အားလုံး ပြန်နိုင်ကြပါပြီ… ”

❋❋❋

နောက်တစ်နေ့ နံနက်…

ခိုင်ဖုံးမြို့တွင် မကြုံစဖူး မယုံကြည်နိုင်စရာ သတင်းတစ်ခု ပျံ့နှံ့သွားလေသည်။

သူဌေးကြီးဝမ်ဝမ်ဝေ တစ်ယောက် သေဆုံးသွားသည့်သတင်းပင် ဖြစ်လေသည်။

ပထမတွင် မြို့သူမြို့သားများက ရောဂါတစ်ခုခုကြောင့်ကွယ်လွန်သည်ဟု ထင်ကြေးပေးကြသည်။

သို့သော်…

မကြာမီ… အချိန်မှာပင် ဝမ်ဝမ်ဝေက ရောဂါကြောင့်သေဆုံးခြင်းမဟုတ်ဘဲ လူသတ်ကောင်လက်ချက်ကြောင့် သေဆုံးခြင်းဖြစ်သည်ကို သိရှိလိုက်ရလေသည်။

နောက်ဆက်တွဲ ထွက်ပေါ်လာသော သတင်းမှာ ဝမ်ဝမ်ဝေသည် နဂါးစိမ်းဂိုဏ်း၏ငွေခုတောင်းခံခြင်းကို ငြင်းပယ်သောကြောင့် အသတ်ခံရခြင်း ဖြစ်သည်ဟု ကြားလိုက်ရလေသည်။

ဤအမှုသည် တဖြည်းဖြည်း ထင်ရှားလာသည်။

တစ်ကြိမ်တစ်ခါမှ မကြားဘူးသော နဂါးစိမ်းဂိုဏ်းသည် ဝမ်ဝမ်ဝေထံ ရန်ပုံငွေ (၅၀၀၀)တောင်းခံခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



ဝမ်ဝမ်ဝေက အရေးမထား ဂရုမစိုက်သောကြောင့် ယခုကဲ့သို့ အသတ်ခံရခြင်းဖြစ်သည်ဟု အတည်ပြု ပြောဆိုလေသည်။

ထိုသတင်းကြားလိုက်ရသောအခါ မြို့သူမြို့သားများသည် နဂါးစိမ်းဂိုဏ်းအပေါ် အာရုံစူးစိုက်လာကြသည်။

နဂါးစိမ်းဂိုဏ်းသည် မည်သည့်ဂိုဏ်းဖြစ်ပါသနည်း။

ထိုဂိုဏ်းသည် နိုင်ဖုံးမြို့တွင်သာ ရှိရမည်ဟု အားလုံးက ယုံကြည်ထားကြသည်။

ဝမ်ဝမ်ဝေ၏အိမ်သားများကလည်း အဖြစ်မှန်ကို သက်ဆိုင်ရာ မြို့တော်ဝန်ထံ တိုင်ကြားခဲ့သည်။

အာဏာပိုင်များကလည်း ရဲမက်များစေလွှတ်၍ အမှုတပြင်း လိုက်လံရှာဖွေလေသည်။

သို့တိုင်အောင် သဲလွန်စပင် မရခဲ့ကြပါ။

အချိန်ကြာလာသောအခါ ထိုအမှုသည် တဖြည်းဖြည်း စိတ်ဝင်စားမှု နည်းလာလေသည်။

❋❋❋

ဝမ်ဝမ်ဝေ၏အမှုမဖော်ထုတ်နိုင်မီ နောက်ထပ် အမှုတစ်ခု ထပ်မံထွက်ပေါ်လာလေသည်။

ဤတစ်ကြိမ်တွင် အသတ်ခံရသူမှာ နိုင်ဖုံးမြို့တွင် အလွန်ကျော်ကြားသော စားသောက်ဆိုင်တစ်ဆိုင်၏ပိုင်ရှင် ဖြစ်သည်။

စားသောက်ဆိုင်၏အမည်မှာ...

"နိုင်ဖုံးစားသောက်ဆိုင်..."

သေဆုံးသူဆိုင်ရှင်၏အမည်မှာ 'ကျန်းလော်ပန်'ဖြစ်လေသည်။



ရဲမက်များက စစ်ဆေးမေးမြန်းစုံစမ်းပြီးနောက် အမှု၏ဖြစ်ရပ်အားလုံးကို မှတ်တမ်းတင်ထားလိုက်သည်။

❋❋❋

(၅)လ (၅)ရက်...

ကျန်းလော်ပန်သည် ညဆိုင်ပိတ်ချိန်တွင် စာရင်းအင်းများကို တွက်ချက်ရေးမှတ်နေ၏။

ဆိုင်လုလင်တစ်ယောက် ရောက်ရှိလာလေသည်။

ကျန်းလော်ပန်က အနည်းငယ် ဒေါသထွက်သွားသည်။

"ငါ့အမိန့်မရှိရင် နင် မဝင်ရဘူးဆိုတာ မသိဘူးလား..."

ဆိုင်လုလင်က ပြုံး၍ ဦးညွှတ်လိုက်သည်။

"သိပါတယ် ကျန်းလော်ပန်..."

"မင်း သိရက်နဲ့ ဘာကြောင့် ဝင်လာတာလဲ..."

"သူဌေးကြီးကို အရေးကြီးတဲ့စာလာပို့တာပါ..."

"ဘာများလဲ..."

ဆိုင်လုလင်က ကျန်းလော်ပန်ရှေ့သို့ လျှောက်လာပြီး စာတစ်စောင်နှင့် တြိဂံပုံ အလံတစ်လက်ကို စားပွဲပေါ်၌ ချထားလိုက်သည်။

ကျန်းလော်ပန်က ထိုအလံကို ကိုင်ကြည့်ပြီး မျက်နှာ ကွက်ခနဲ ပျက်သွားလေသည်။

အကြောင်းမှာ...

ထိုအလံငယ်သည် လွန်ခဲ့သော ရက်များအတွင်းက လူ

www.burmeseclassic.com

www.burmeseclassic.com



သတ်မှုတစ်ခုကို ဖန်တီးခဲ့သော နဂါးစိမ်းဂိုဏ်း၏ အလံဖြစ်သည်ကို တွေ့ရှိလိုက်ရသောကြောင့် ဖြစ်သည်။

သူက လက်ချောင်းကလေးများ တုန်ခါ၍ စာအိတ်ကို ကောက်ယူပြီး ဖွင့်ကြည့်လိုက်သည်။

"လူကြီးမင်း ခင်ဗျာ...

ကျုပ်တို့နဂါးစိမ်းဂိုဏ်းမှာ ရန်ပုံငွေလိုနေသဖြင့် ငွေ (၁၀၀၀၀)ပေးပါရန် မေတ္တာရပ်ခံပါတယ်... ဒါပါပဲ..."

ထိုစာကိုဖတ်ပြီးသောအခါ ကျန်းလော်ပန်က ထိတ်လန့်တုန်လှုပ်သွားလေသည်။

❋❋❋

ကျန်းလော်ပန်သည် သန်းခေါင်ယံအချိန်အထိ ချီတုံချတုံ စိတ်လှုပ်ရှားနေ၏။

ငွေတစ်သောင်းဆိုသည်မှာ နည်းလှသော ငွေမဟုတ်ပါ။

ထိုငွေကို စုပြီးပေးလိုက်ပါလျှင် မိမိမှာ အကျပ်အတည်း တွေ့ရမည်ဖြစ်သည်။

မပေးလျှင်လည်း ဝမ်ဝမ်ဝေ ကဲ့သို့ အသတ်ခံရမည်မှာ သေချာနေ၏။

ယနေ့ည သူသည် ဤကဲ့သို့ အခန်းထဲမှာ တစ်ယောက်တည်းနေဝံ့ခြင်းမှာ သူက သိုင်းသမားနှစ်ယောက်ကို ငွေတစ်ထောင်ဖြင့် ငှားရမ်းထားခြင်းကြောင့် ဖြစ်သည်။

ထိုသိုင်းသမားနှစ်ယောက်မှာ သူ့နားတွင်နေပြီး ရန်သူက တိုက်ခိုက်လာလျှင် သူ့အား ကာကွယ်ပေးမည် မဟုတ်ပါလား။



ထို့ကြောင့် သူသည် ကြောက်ရွံ့နေသော်လည်း မျှော်လင့်ချက်ကား ရှိသေး၏။

❋❋❋

အချိန်သည် တရွေ့ရွေ့ကုန်ဆုံးသွားသည်။

သန်းခေါင်ယံအချိန်ပင် ရောက်လာပြီ။

ကျန်းလော်ပန်၏ရင်ထဲတွင် ပို၍ လှုပ်ရှားလာသည်။

သူ့အား ကာကွယ်ပေးမည့်လူနှစ်ယောက်သည် ယခုအခါ၌ အခန်း၏အပြင်ဘက်တွင် စောင့်ကြပ်လျက် ရန်သူရောက်လာလျှင် ဆီး၍တိုက်ခိုက်မည်မှာ မလွဲပေ။

ထို့ကြောင့် သူက အသံဗလံကို နားစွင့်နေ၏။

မကြာမီမှာပင် ခြေသံသဲ့သဲ့ ကြားလိုက်ရသည်။

သူ၏လုံခြုံရေးသမား၏ ခြေသံဖြစ်ရမည်ဟု သူက ထင်မှတ်လိုက်သည်။

ထိုအချိန်မှာပင်...

"ဝုန်း..."

ဟူသော အသံကိုကြားလိုက်ရသည်။

တံခါးပွင့်သွားသည်။

တံခါးပွင့်သွားသောအခါ လေ၏ တိုက်ခတ်မှုအရှိန်ကြောင့် စားပွဲပေါ်၌တင်ထားသော မီးခွက်မှာ ငြိမ်းသွားလေသည်။

အခန်းတစ်ခုလုံး မှောင်မည်းသွားသည်။

အခန်းထဲသို့ တစ်လှမ်းချင်း လှမ်းဝင်လာသော လူ၏ ထွားကြိုင်းသော ခန္ဓာကိုယ်ကိုသာ ဝိုးတဝါး တွေ့လိုက်ရသည်။

www.burmeseclassic.com

www.burmeseclassic.com



မျက်နှာကို လုံးဝမမြင်ရပါ။

ကျန်းလော်ပန်သည် ထိတ်လန့်တုန်လှုပ်လွန်း၍ 'ကယ်ပါ'ဟု အော်ရန်ပင် အသံမထွက်ပါ။

ထိုလူ၏အေးစိမ့်သော အသံကိုသာ ကြားလိုက်ရလေသည်။

"ငါ ကောင်းဆိုတာ မပေးတဲ့လူကို... လောကပေါ်မှာ မထား ဘူးကွာ... "

ဤသည်မှာ သူ နောက်ဆုံးထွက်သက်၌ ကြားလိုက်ရသော စကားသံသာ ဖြစ်သည်။

သူ့အသည်းနှလုံးထဲသို့ ချွန်ထက်သော အရာတစ်ခု တိုးဝင်လာသည်ကိုသာ ခံစားလိုက်ရသည်။

❋❖❋

## အန္တရာယ်အဆင့်ဆင့်

ကျန်းလော်ပန် သေဆုံးသည့်သတင်းသည် ခိုင်ဖုံးမြို့တစ်ခုလုံးသို့ ပျံ့နှံ့သွားလေသည်။

အားလုံးသော လူများသည် ဝမ်ဝမ်ဝေနှင့် ကျန်းလော်ပန်တို့ သေဆုံးရခြင်းမှာ ရန်သူရှိ၍ ဖြစ်ခြင်းဟု ထင်မြင်ယူဆကြလေသည်။

အထူးသဖြင့် ကျန်းလော်ပန်နှင့် ဝမ်ဝမ်ဝေတို့က ရန်ငြိုးကြောင့် အသတ်ခံရခြင်းဖြစ်သည်ဟု အားလုံးက ယူဆကြသည်။

အချိန်ကြာလာသောအခါ ထိုအကြောင်းကို အားလုံးက မေ့ပျောက်သွားကြသည်။

သို့သော်... ခိုင်ဖုံးမြို့တော်သူ မြို့တော်သားများသည် မကြုံဘူးခဲ့သောအန္တရာယ်များ ဆင့်ကဲဆင့်ကဲ ရင်ဆိုင်တွေ့ကြုံလာရပြန်သည်။

ရှေးဦးစွာ ဖြစ်ပေါ်လာသော အန္တရာယ်မှာ ခိုင်ဖုံးမြို့တွင်ရှိ နာမည်ကြီးစာရင်းဝင်စားသောက်ဆိုင်တိုင်းသို့ နဂါးစိမ်းဂိုဏ်းအကြိဂ်အလံနှင့် စာတစ်စောင် ရောက်လာခြင်း ဖြစ်သည်။

စာထဲမှာ ပါရှိနေသည်မှာ...

www.burmeseclassic.com

www.burmeseclassic.com



*"နဂါးစိမ်းဂိုဏ်းမှာ ရန်ပုံငွေလိုနေပါသည်... သို့ပါ၍ ဤစာရရှိသည့် နေ့မှစ၍ တစ်လတစ်ကြိမ် လကုန်ရက်ရောက်သည်နှင့် ငွေ(၅၀၀)စီ လုံခြုံရေးစောင့်ရှောက်ခပေးရမည်။ ပျက်ကွက်ခဲ့လျှင် သင့်လုပ်ငန်း၏လုံခြုံရေးကို လုံးဝတာဝန်မယူပါ... "*

*ပုံ –*

***နဂါးစိမ်းဂိုဏ်း***

***(၅)လ(၅)ရက်***

စာ၏တစ်ဖက်ခြမ်းတွင် ထပ်မံဖြည့်စွက်ရေးထားသည်မှာ...

"ငွေကိုလကုန်ရက်ညတွင် ကျုပ်တို့ကိုယ်တိုင် လာယူပါမည်... "

စားသောက်ဆိုင်များသည် ထိုအလံနှင့်စာကို ရရှိလိုက်သောအခါ ပေါ့ပေါ့တန်တန် မထားဝံ့ကြတော့ပါ။

သူတို့သည် လူစုလူဝေးနှင့် သက်ဆိုင်ရာအာဏာပိုင်တို့ထံ သွားရောက်ပြီး အကျိုးအကြောင်း ပြောပြကြသည်။

ခိုင်ဖုံးမြို့တော်ဝန်သည် ထိုကိစ္စကို လက်ခံရရှိပြီးသောအခါ စိတ်မကောင်းစွာဖြင့် ဤသို့ပြန်လည် အကြံပေးလိုက်လေသည်။

"အသင်တို့ဟာ မြို့တော်ကို ဆောင်ရမည့် အခွန်အားလုံးကို ကျေပြွန်စွာ ထမ်းဆောင်ပြီးဖြစ်သဖြင့် အသင်တို့ရဲ့ လုံခြုံရေး ကျုပ်တို့မှာ တာဝန်ရှိပါတယ်... "

မြို့တော်ဝန်က သက်ပြင်းတစ်ချက် ချလိုက်သည်။

"ခက်တာက ဒီနဂါးစိမ်းဂိုဏ်း ဘယ်မှာရှိလဲ... ဂိုဏ်းချုပ်ဘယ်သူလဲဆိုတာ ကျုပ်တို့ ဘာမှမသိရတော့... "



စားသောက်ဆိုင်ပိုင်ရှင်တစ်ယောက်က...

"ဒီကိစ္စဟာ မြို့တော်ဝန်မှာ တာဝန်အရှိဆုံးဖြစ်ပါတယ်... ကျွန်တော်မျိုးတို့ကို ကာကွယ်ပေးမယ်ဆိုရင် ဒီနဂါးစိမ်းဂိုဏ်းကို ဖော်ထုတ်ပြီး နှိမ်နင်းပေးပါလို့... ကျွန်တော်မျိုးတို့ တောင်းဆိုပါတယ်... အလွန်လည်း အားကိုးပါတယ်... "

မြို့တော်ဝန်က ခေါင်းညိတ်လိုက်သည်။

"စိတ်ချပါ... ကျုပ်တာဝန် ယူပါတယ်... "

စားသောက်ဆိုင် ပိုင်ရှင်တစ်ယောက်က စောဒက တက်လိုက်သည်။

"ဒီလိုဆိုရင် ကျွန်တော်မျိုးတို့ထံက တောင်းတဲ့ငွေကို ပေးလိုက်ရမလား... မပေးရဘူးလား... အမိန့်ရှိပါ... "

မြို့တော်ဝန်က အနည်းငယ်စဉ်းစားလိုက်သည်။

"လောလောဆယ်ကတော့ အသင်တို့ ဘာလုပ်ရင်ကောင်းမလဲဆိုတာ စဉ်းစားပြီး တိုင်ပင်ကြပါလို့ပဲ ကျုပ် ပြောချင်ပါတယ်... "

မြို့တော်ဝန်၏တာဝန်မဲ့သော စကားကိုကြားလိုက်ရသောအခါ စားသောက်ဆိုင်ပိုင်ရှင်များသည် ဘဝင်မကျနိုင်တော့ဘဲ လှည့်ထွက်လာကြလေသည်။

❋❋❋

အချိန်သည် တရွေ့ရွေ့ကုန်ဆုံးသွားသည်။
လကုန်ရက်ပင် ရောက်တော့မည်။

www.burmeseclassic.com

www.burmeseclassic.com



မြို့စောင့်ဝန်ထံမှလည်း မည်သည့်သတင်းကိုမှ မကြား
ပါ။

စားသောက်ဆိုင်ပိုင်ရှင်များသည် မြို့တော်ဝန်အား မကျေ
မနပ်ကျိန်ဆဲရင်း နဂါးစိမ်းဂိုဏ်းတောင်းဆိုထားသော ငွေကိုအထုပ်
ကလေးထုပ်ကာ အသင့်ပြင်ထားကြရလေသည်။

စားသောက်ဆိုင်များသည် လစဉ်နှင့်အမျှ မြို့တော်ဝ
ထံသို့ အခွန်ငွေဆောင်ရသည်။

နဂါးစိမ်းဂိုဏ်းထံသို့လည်း အခွန်ငွေဆောင်ရလေသည်

အချိန်ကြာလာသောအခါ သူတို့၏လုပ်ငန်းများ ထိခိုက်
နစ်နာလာကြလေသည်။

စားသောက်ဆိုင်အတော်များများ အလုပ်မဖြစ်သဖြ
ဆိုင်ပိတ်လိုက်ရလေသည်။

စားသောက်ဆိုင်လုပ်ငန်းများ ကျဆုံးသွားပြီးသည့်နောက်
နဂါးစိမ်းဂိုဏ်း၏မတရား ရန်ပုံငွေ ရှာပုံတော်သည် ခိုင်ဖုံးမြို့ထဲ
သူဌေးသူကြွယ်များထံသို့ ခြေဦးလှည့်လာပြန်လေသည်။ ထို့နောက်
သူဌေးသူကြွယ်ပါမကတော့ဘဲ သိုင်းမိသားစုခေါင်းပေါ်သို့ပင် 
ရောက်လာလေတော့သည်။

❋❋❋

# ထိုက်ပေ့ချန်းလောင်

ထိုက်ပေ့ဆိုသည် စကားရပ်မှာ...

ထိုက်ပေ့စန်းတောင်ဟု ဖြစ်သည်။

ထိုက်ပေ့စန်းတောင်တစ်ဝိုက်သည် ထိုက်ပေ့ဂိုဏ်း၏ ဌာနချုပ်နေရာ ဖြစ်သည်။

ချန်းလောင်ဆိုသည့် အဓိပ္ပာယ်မှာ...

"နာယကလူကြီးမင်း..."

ဟု ဖြစ်သည်။

ထို့ကြောင့် ထိုက်ပေ့ချန်းလောင်ကို အဓိပ္ပာယ်အပြည့် ပြန်ဆိုလျှင်...

"ထိုက်ပေ့စန်းတောင်မှ နာယကလူကြီးဂိုဏ်းဝင်..."

ဖြစ်လေသည်။

ယခု ဖော်ပြမည့် ထိုက်ပေ့ချန်းလောင်သည် ထိုက်ပေ့ စန်းတောင်တွင် မနေတော့ပါ။

သူသည် ယခုအခါ ခိုင်ဖုံးမြို့တော်တွင် သမီးမြေးမငေး ဟုန်ဟုန်တို့နှင့်အတူ ပျော်ရွှင်စွာနေထိုင်ပြီး ထိုက်ပေ့ဂိုဏ်း၏ နာယ ကလူကြီးမင်း ဖြစ်နေသည်။

www.burmeseclassic.com

www.burmeseclassic.com



သူ၏အမည်မှာ 'အိုးရန်လု'ဖြစ်သည်။

ယခုဆိုလျှင် သူ၏အသက်မှာ (၈၀)ဘက်သို့ပင် ဝင်ရောက်နေပြီ ဖြစ်သည်။

အိုးရန်လုသည် သိုင်းလောကမှာ အနားယူပြီးနောက်...

ခိုင်ဖုံးမြို့တော်၏ဆိတ်ငြိမ်ရပ်ကွက်တစ်နေရာတွင် နေထိုင်နေလေသည်။

အိုးရန်လုသည် သိုင်းလောကသားပင်ဖြစ်လင့်ကစား သိုင်းလောကအကြောင်းကို လုံးဝစိတ်မဝင်စားတော့ပါ။

သူသည် သမီးနှင့်မြေးမလေး (၃)ယောက်သား အေးအေးချမ်းချမ်း ပျော်ပျော်ရွှင်ရွှင် နေထိုင်ခဲ့လေသည်။

ခိုင်ဖုံးမြို့တော်တွင် ယခုတလော ဖြစ်ပေါ်နေသော သွေးစိမ်းနံ့သင်းနေသော အမှုအခင်းများကို သူက ကြားမိသော်လည်း လုံးဝ စိတ်မဝင်စားတော့ပါ။

သူ၏ယခုအဓိက တာဝန်မှာ ဆယ်ကျော်သက်မျှသာရှိနေသော မြေးမလေး 'အိုးရန်ဟုန်ဟုန်'အား ကိုယ့်ကိုယ်ကို ကာကွယ်နိုင်သော သိုင်းပညာရပ်များကို အိတ်သွန်ဖာမှောက် သင်ကြားနေခြင်းသာ ဖြစ်သည်။

သို့သော်...

လောကပေါ်တွင် တစ်ခါတစ်ရံ၌ ကိုယ်ကမလုပ်ချင်သော်လည်း အန္တရာယ်က ဖန်တီးလာသည် မဟုတ်ပါလား။

ယခု အန္တရာယ်တစ်ခုသည် 'အိုးရန်လု'တို့မိသားစုပေါ်သို့ ကျရောက်လာတော့မည် မဟုတ်ပါလား... ။

❋❋❋



ညတစ်ည...

လရောင်ထိန်ထိန်လင်းနေ၏။

အိုးရန်လုသည် အိမ်ရှေ့မြေကွက်လပ်တွင် ဟုန်ဟုန်အား သိုင်းပညာများကို သင်ကြားပေးနေသည်။

ဟုန်ဟုန်က အဘိုးသင်ကြားပေးသော ထိုက်ပေ့ဓား(၁၈)ကွက်ကို အစမှအဆုံး လေ့ကျင့်ပြသပြီး ရပ်တန့်လိုက်သည်။

အိုးရန်လုက သဘောကျသွားသည်။

"ငါ့မြေးလေးက မဆိုးဘူးပေါ့... "

သူက လက်မထောင်၍ ချီးကျူးလိုက်သည်။

"ခွပ်... ခွပ်... ခွပ်... "

မမျှော်လင့်ဘဲ လက်ခုပ်သံများ ကြားလိုက်ရသည်။

အိုးရန်လုနှင့် ဟုန်ဟုန်တို့သည် ပြိုင်တူ ချာခနဲလှည့်လိုက်ရာ လူရိပ်တစ်ခုသည် မီးခိုးတန်းတစ်ခုပမာ လွင့်ပျံထွက်ခွာသွားသည်ကို မြင်တွေ့လိုက်ရလေသည်။

ဟုန်ဟုန်က လိုက်ရန် ခြေလှမ်းပြင်လိုက်သည်။

အိုးရန်လုက အချိန်မီ ဟန့်တားလိုက်သည်။

"မလိုက်နဲ့... "

ဟုန်ဟုန်က ခြေလှမ်းရပ်တန့်သွားသည်။

"ဘာဖြစ်လို့လဲ ဘိုးဘိုး... "

"သူ့ရဲ့ကိုယ်ဖော့ပညာက ပြိုင်စံရှားသလောက် ဖြစ်နေပြီ... သမီး လိုက်လို့ဘယ်မီပါ့မလဲ... "

ဟုန်ဟုန်က နှုတ်ခမ်းစူထားလိုက်လေသည်။

"ဘိုးဘိုးက သူ့ထက်သာအောင်မှ သင်မပေးဘဲ... "

www.burmeseclassic.com

www.burmeseclassic.com



အိုးရန်လုက…

"မင်း ငယ်ပါသေးတယ်…ဘိုးဘိုး သင်ကြားပေးတဲ့အတိုင်း လေ့ကျင့်ရင် တစ်နေ့ကျရင် သူတို့ကို မှီမှာပေါ့… "

ထိုအချိန်မှာပင် လေတိုးသံတစ်ခုကို ကြားလိုက်ရသည်။

"ဠ… "

အိုးရန်လုက လှည့်ပင်မကြည့်ဘဲ လက်တစ်ချက်ဝှေ့ယမ်းလိုက်သည်နှင့် သူ့လက်ထဲတွင် အရာဝတ္ထုတစ်ခုပါရှိလာသည်။

အိုးရန်လုနှင့် ဟုန်ဟုန်တို့က ပြိုင်တူ ကြည့်လိုက်သည်။

သေးငယ်သော နဂါးစိမ်းဂိုဏ်း၏အလံနှင့် စာတစ်စောင်ကို တွေ့ရှိလိုက်ရလေသည်။

❋❋❋

အိုးရန်လုက အလံကိုတစ်ချက်ကြည့်ပြီး သက်ပြင်းချလိုက်သည်။

"နဂါးစိမ်းဂိုဏ်းဟာ ရန်ပုံငွေရှာတာ စားသောက်ဆိုင်တွေ ကုန်သည်တွေဆီက တောင်းခံရုံတင်မကတော့ဘဲ… ငါ့ဆီတောင် ရောက်လာနေပါလား… "

ဟုန်ဟုန်က…

"ဘိုးဘိုး… နဂါးစိမ်းဂိုဏ်းဆိုတာ ဘယ်သူတွေလဲ… "

"ဘိုးဘိုးလည်း မသိပါဘူး… "

အိုးရန်လုက အနည်းငယ် စဉ်းစားလိုက်ပြီးမှ စကားဆက်လိုက်သည်။

"ဒီအဖွဲ့ဟာ အခုမှပေါ်လာတဲ့ ဒုစရိုက်အဖွဲ့တစ်ဖွဲ့ဖြစ်ရမယ်… "



ဟုန်ဟုန်က…

"ဘိုးဘိုးကို ပေးတဲ့ စာထဲမှာ ဘာတွေရေးထားတာလဲ… ဖတ်ပြပါဦး… "

အိုးရန်လုက သက်ပြင်းတစ်ချက် ချလိုက်လေသည်။

"သူတို့က ဘိုးဘိုးဆီမှာ ငွေတောင်းခံမှာ မဟုတ်တာတော့ သေချာတယ်… "

"ဒါဖြင့် သူတို့က ဘာလိုချင်လို့လဲ… "

အိုးရန်လုက မဲ့ပြုံးပြုံးလိုက်သည်။

"သူတို့တစ်တွေက နေ့ခင်းကြောင်တောင်မှာ အိပ်မက်မက်တဲ့ လူစားတွေပါ… "

"သူတို့က ဘိုးဘိုးဆီက ဘာတောင်းလို့လဲ… "

"အပ္ပအအေးဓားသိုင်းကျမ်း… "

ဟုန်ဟုန်က မျက်မှောင်ကုတ်သွားလေသည်။

"အပ္ပအရအေးဓားကျမ်းဆိုတာ ဘာလဲဟင်… "

အိုးရန်လုက…

"ဒီကျမ်းဟာ ဘိုးဘိုးတစ်ယောက်တည်းဆီမှာပဲရှိတယ်… ဒါပေမယ့် ဒီကိစ္စနဲ့ပတ်သက်ပြီး သိတဲ့လူတစ်ယောက်နှစ်ယောက်ပဲ ရှိတယ်… သူတို့က ဘာကြောင့် သိသွားတာလဲ… "

"သူတို့တောင်းတာကို ဘိုးဘိုးက ပေးမှာလား… "

"ဘယ်ပေးလို့ ဖြစ်မလဲ… "

"အဲဒီသိုင်းကျမ်းက တော်တော်စွမ်းလို့လား ဘိုးဘိုး… "

"ဟုတ်တာပေါ့… ဒီသိုင်းပညာကိုတတ်ထားရင် သိုင်း

www.burmeseclassic.com



လောကမှာ သူ့ကိုယှဉ်နိုင်တဲ့ လူ(၁၀)ယောက်ထက် မများနိုင်တော့ပါဘူး…”

“ဘိုးဘိုးလည်း တတ်တယ် မဟုတ်လား…”

“ဒီသိုင်းကျမ်း လက်ထဲမှာရှိမှတော့ တတ်ရမှာပေါ့…”

“ဘိုးဘိုး…”

အိုးရန်လုက သူမအားမျက်မှောင်ကုတ်၍ကြည့်လိုက်သည်။

“မင်း ဘာပြောချင်လို့လဲ…”

ဟုန်ဟုန်က အိုးရန်လုရှေ့တွင် ဒူးထောက်လိုက်သည်။

“ဒီသိုင်းကျမ်းကို သမီး လိုချင်ပါတယ်…”

အိုးရန်လုက ပြုံးလိုက်သည်။

“မင်း ငယ်ပါသေးတယ်… ဒီခက်ခဲနက်နဲလှတဲ့ အပ္ပအအေးစားသိုင်းကို မသင်ချင်ပါနဲ့…”

“ဘယ်လောက်ပဲ ခက်ခဲနက်နဲပါစေ ကြိုးစားသင်ရမှာပေါ့…”

အိုးရန်လုက ခေါင်းညိတ်လိုက်သည်။

“ငါ့မြေးလေးမှာ အခုလို စိတ်ထားမျိုးရှိတာ ဘိုးဘိုး သိပ်ဝမ်းသာတယ်…”

ဟုန်ဟုန်က ဝမ်းသာသွားသည်။

“ဘိုးဘိုး… တကယ် သင်ပေးပါနော်…”

အိုးရန်လုက ခေါင်းညိတ်လိုက်သည်။

“တကယ် သင်ပေးမှာပါ…”

❋❋❋

## အပ္ပအအေးစား

ညနေ…

ညစာထမင်းစားသောက်ပြီးနောက် ဟုန်ဟုန်သည် သူမ၏အဘိုးအခန်းရှိရာသို့ ရောက်ရှိလာလေသည်။

အိုးရန်လုက နဂါးစိမ်းဂိုဏ်း၏အလံကို မီးရောင်အောက်တွင် အသေအချာကြည့်ရှုနေသည်ကို တွေ့ရသည်။

“ဘိုးဘိုး…”

ဟုန်ဟုန်က ဂါရဝပြုလိုက်လေသည်။

အိုးရန်လုက ကြည့်နေသောအလံကို စားပွဲပေါ်သို့ ချထားလိုက်သည်။

“ဘာပြောချင်လို့လဲ…”

“ကျွန်မကို သိုင်းပညာသင်ပေးဖို့… ဘယ်နေ့မှာစမလဲ ဘိုးဘိုး…”

“မြန်လေကောင်းလေပဲ… မနက်ဖြန် စောစောထ… ဘိုးဘိုးသင်ပေးမယ်…”

ဟုန်ဟုန်က ဝမ်းသာသွားသည်။

“ဝမ်းသာလိုက်တာ ဘိုးဘိုးရယ်…”

www.burmeseclassic.com

www.burmeseclassic.com



အိုးရှန်လုသည် သူ့ခြေရင်းတွင်ရှိသော သေတ္တာတစ်လုံးကို ဖွင့်လိုက်သည်။ သေတ္တာထဲတွင် စာအုပ်တစ်အုပ်ကို ရှာဖွေ၍ ပေးလိုက်သည်။

ထို့နောက် ဓားတစ်လက်ကိုပါ ထုတ်ယူလိုက်လေသည်။

ဟုန်ဟုန်က ထိုစာအုပ်ကို စိတ်ဝင်စားစွာကြည့်နေ၏။

ပါးပါးလွှာလွှာရှိသော စာအုပ်ငယ်တစ်အုပ်ဖြစ်သည်။

စာအုပ်၏မျက်နှာဖုံးမှာ ဆိတ်သားရေဖြင့် ချုပ်ထားသည်။ အတွင်းစာရွက်များမှာ ဝါကျင့်ကျင့်အရောင် ရှိနေ၏။

သူမသည် အဖုံးကိုလှန်လိုက်ပြီး အခန်း(၁)ကို စတင်ဖတ်ရှုလေသည်။ အိုးရှန်လုက ဓားကိုပါ လှမ်းပေးလိုက်သည်။

"ဟော့ဒီမှာ သိုင်းလေ့ကျင့်ဖို့ဓား..."

ဟုန်ဟုန်က ဓားကိုလှမ်းယူလိုက်သည်။

ဓားအိမ်မှာ လှပစွာ ခြယ်သထားသော်လည်း အလွန်ဟောင်းနွမ်းနေ၏။

"ဘိုးဘိုး... အပူအအေးဓားဆိုတာ ဒါလား..."

အိုးရှန်လုက ခေါင်းခါယမ်းလိုက်သည်။

"မဟုတ်ဘူး... အပူအအေးဓားမှာ ဓားနှစ်လက်ရှိရမယ်"

"ဒါဖြင့် တစ်လက်တည်းပဲ ကျန်တာလား... နောက်တစ်လက်ကော..."

"အပူအအေးဓားဆိုတာ နှစ်လက်ရှိတယ်... တစ်လက်က အပူသိုင်း... တစ်လက်က အအေးသိုင်း ဖြစ်တယ်..."

အိုးရှန်လုက ဆက်၍ ရှင်းပြလိုက်သည်။

"အပူဓားတစ်လက်က ပျောက်ဆုံးသွားတာ အခုထိရှာလို့ မတွေ့သေးပါဘူး..."



"ဒါဖြင့် ဒီဓားဟာ အအေးသိုင်းပေါ့နော်..."

"ဟုတ်တယ်..."

"ဒါဖြင့် ကျွန်မ ဘယ်လိုစပြီး ကျင့်ရမလဲ ဘိုးဘိုး..."

"အမှန်အတိုင်းပြောရမယ်ဆိုရင် ဒီဓားနှစ်လက်ကို ပေါင်းပြီးမှ အပူအအေးဓားသိုင်းလို့ ခေါ်တာ... အခုတော့ ဓားတစ်လက်ပျောက်သွားတဲ့အတွက် ငါ့မြေးမလေးကိုတော့..."

"ဒါဖြင့် ကျွန်မက အအေးသိုင်းပညာပဲ သင်ရမှာပေါ့ ဟုတ်လား... ဘိုးဘိုး..."

"ဟုတ်တော့ ဟုတ်တယ်... ဒါပေမယ့် သိုင်းကျမ်း နှင့်ဆီရောက်နေပြီလေ... အအေးသိုင်းလေ့ကျင့်ပြီးတာနဲ့ အပူသိုင်းကို ဆက်ပြီး ကျင့်ပေါ့..."

ဟုန်ဟုန်က ခေါင်းညိတ်လိုက်သည်။

"ဟုတ်ကဲ့ပါ ဘိုးဘိုး..."

❋❋❋

ထိုအချိန်မှစ၍...

ဟုန်ဟုန်သည် အဘိုးဖြစ်သူ အိုးရှန်လုထံမှ ဖိုမဓားသိုင်းပညာကို ကြိုးစားသင်ကြားလေ့ကျင့်ခဲ့လေသည်။

အဘိုးအိုကလည်း သူမအား ရက်အနားတောင်မပေးဘဲ အချိန်ရှိတိုင်း သင်ကြားပေးနေ၏။

အချိန်သည် တစ်နေ့ပြီးတစ်နေ့ ကုန်ဆုံးသွားလေသည်။

အိုးရှန်လု၏မျက်နှာပေါ်တွင် တစ်နေ့ထက် တစ်နေ့ တွေ

www.burmeseclassic.com

www.burmeseclassic.com



တွေမှိုင်မှိုင်ဖြစ်လာသည်ကို ဟုန်ဟုန်က အကဲခတ်မိသည်။

တစ်နေ့ အအေးသိုင်းကွက်များကို လေ့ကျင့်ပြီးသည်နှင့် ဟုန်ဟုန်က မြိုသိပ်မထားနိုင်ဘဲ ဖွင့်ဟမေးလိုက်လေသည်။

"ဘိုးဘိုး... ကျွန်မ တစ်ခုမေးပါရစေ..."

အိုးရန်လုက...

"မေးလေ..."

"ဘိုးဘိုးရဲ့မျက်နှာကိုကြည့်ရတာ တစ်နေ့တခြား မှိုင်မှိုင်တွေတွေဖြစ်လာတာကို တွေ့ရတယ်... ဘာဖြစ်လို့လဲဟင်..."

အိုးရန်လုက အမေးကိုမဖြေဘဲ ပြန်၍ မေးလိုက်၏။

"ငါတို့ သိုင်းလေ့ကျင့်ခဲ့တာ ဘယ်လောက်ကြာပြီလဲ..."

ဟုန်ဟုန်က...

"(၃)လပြည့်ဖို့ (၃)ရက်ပဲ လိုတော့တယ် ဘိုးဘိုး..."

အိုးရန်လု၏မျက်နှာပေါ်တွင် ပြုံးယောင်တစ်ချက် သန်းလာလေသည်။

"မဆိုးဘူး... မင်းရဲ့သိုင်းပညာလည်း တော်တော်လေးကို တိုးတက်လာပြီ..."

"ကျွန်မ မေးတာကို မဖြေသေးဘူးနော် ဘိုးဘိုး..."

အိုးရန်လု၏မျက်နှာတစ်ခုလုံး လေးနက်တည်ကြည်လာလေသည်။

"သမီးလေးကို မေးရဦးမယ်... နဂါးစိမ်းဂိုဏ်းက ပို့လိုက်တဲ့ စာအကြောင်းကို မှတ်မိသေးလား..."

"မှတ်မိတာပေါ့ ဘိုးဘိုးရဲ့..."

"အဲဒီစာထဲမှာ အမှုအအေးသိုင်းကျမ်း ငါ့လက်ထဲမှာရှိ



တာ သူတို့စုံစမ်းပြီးပါပြီတဲ့... ဒါကြောင့် တစ်လအတွင်း သူတို့ကို ပေးဖို့ အသင့်ပြင်ထားပါတဲ့... ဒါပဲ ရေးထားတယ်..."

"ဒီသိုင်းကျမ်းက သူတို့သိုင်းကျမ်းလား..."

အိုးရန်လုက နှာခေါင်းရှုံ့လိုက်သည်။

"ဘယ်က ဟုတ်ရမှာလဲ..."

"ဒါဖြင့် ဘိုးဘိုးပိုင်တာလား..."

"မဟုတ်ဘူး..."

သူက ဆက်၍ ရှင်းပြလိုက်သည်။

"ငါ့မြေးလေးကို နားလည်သဘောပေါက်အောင် ပြောရရင်... ဒီသိုင်းကျမ်းကြောင့် ဘိုးဘိုးဟာ ထိုက်ပေ့ဂိုဏ်းကနေ အခုလို ကိုယ့်အိမ်ကိုယ့်ယာ ပြန်နေရတဲ့ဘဝရောက်လာရတာပဲ..."

ဟုန်ဟုန်က...

"ဘာဖြစ်လို့လဲ ဘိုးဘိုးရယ်..."

အိုးရန်လုက...

"ဒီအမှုအအေးဓားသိုင်းဟာ ငါတို့ထိုက်ပေ့ဂိုဏ်းရဲ့ မူလဂိုဏ်းချုပ်က ရရှိထားတဲ့ သိုင်းကျမ်းဖြစ်တယ်... အရင်တုန်းကတော့ နှစ်လက်ရှိပါတယ်... နောက်ပိုင်းကျ ဓားတစ်လက် ပျောက်သွားတယ်..."

"ဘယ်သူ ယူသွားတာလဲ..."

"မသိဘူး... ဒီအကြောင်းကို လူဖြန့်ပြီး စုံစမ်းခဲ့တော့လည်း ဘာသတင်းမှ မရဘူး... နောက်ဆုံး အဲဒီဓားခိုးတဲ့လူဟာ ကျန်တဲ့ဓားနဲ့သိုင်းကျမ်းကိုပါ ခိုးမှာစိုးလို့ ဘိုးဘိုးကို အနေးယူခိုင်းရင်း တိတ်တဆိတ် သိမ်းခိုင်းထားတာ..."

www.burmeseclassic.com

www.burmeseclassic.com



ဟုန်ဟုန်သည် ယခုမှ ထိုအပ္ပအအေးစားနှင့်ပတ်သက်သည့် သိုင်းကျမ်းအကြောင်းကို နားလည်လိုက်သည်။

❋❋❋

ဟုန်ဟုန်သည် အိုးရန်လုပြောပြတော့မှ ထိုအပ္ပအအေးစားအကြောင်းများကို ကောင်းစွာ နားလည်လိုက်သည်။

သူမသည် အဘိုးဖြစ်သူအတွက် စိုးရိမ်မိလာသည်။

"ဘိုးဘိုး... ဒါဖြင့် နဂါးစိမ်းဂိုဏ်းက လူက ဒီသိုင်းကျမ်းကို လာယူတော့မှာပေါ့ ဟုတ်လား... "

အိုးရန်လုက...

"ဟုတ်တယ်... အခုပဲ သုံးလကျော်သွားပြီ... "

ဟုန်ဟုန်က...

"ဘိုးဘိုး ဘယ်လိုသဘောရသလဲ... "

အိုးရန်လုက ခေါင်းခါယမ်းလိုက်သည်။

"သူ့လက်ထဲကိုတော့ ဘယ်တော့မှ အရောက်မခံနိုင်ဘူး"

ဟုန်ဟုန်က...

"ဒါဖြင့် ဘိုးဘိုး ဘာလုပ်မလဲ... "

အိုးရန်လုက အတန်ကြာစဉ်းစားပြီးမှ...

"ဒီစားသိုင်းပညာကို ငါ့မြေးလေးလည်း အတော်အတန် ရရှိနေပါပြီ... ဆက်ပြီး ကြိုးစားလိုက်ရင် (၃)နှစ်အတွင်းမှာ အပ္ပအအေးစားပညာကို ကောင်းကောင်းတတ်မြောက်လိမ့်မယ်လို့ ဘိုးဘိုး စိတ်ချယုံကြည်တယ်... "

အိုးရန်လုက ပြောရင်း ပြောရင်း အသံများ တိမ်ဝင်လာသည်။

"ငါ့မြေးလေးကို အလေးအနက်မှာလိုတာကတော့ ဒီစားနဲ့သိုင်းကျမ်းကို ကိုယ်နဲ့မကွာ အသက်နဲ့ထပ်တူ သိမ်းထားရမယ်"

"ကျွန်မ ဘယ်လောက်ကြာကြာ ထိန်းသိမ်းထားရမှာလဲ ဘိုးဘိုး... "

"ဘိုးဘိုးလည်း မပြောတတ်တော့ဘူး... နောက်ဆုံးတော့ ထိုက်ပေ့ဂိုဏ်းဆီကို ပြန်ပို့ပေးဖို့ပါပဲ... "

"ဒါဖြင့် ဘိုးဘိုးနဲ့ကျွန်မ... အခု သွားပြန်ပို့လိုက်ရင် မကောင်းဘူးလား... "

"အချိန်မရတော့ဘူး... သမီးလေးသာ ကိုယ့်အမေကို ခေါ်ပြီး မနက်ဖြန်စောစော ဒီကထွက်ဖို့ပြင်ဆင်ထားပါ...မင်းအမေကိုလည်း ငါပြောပြီးပြီ... "

"ဘိုးဘိုးကော... "

အိုးရန်လုက မချိပြုံးပြုံးလိုက်သည်။

"ဘိုးဘိုးက သူတို့ကို ရင်ဆိုင်ဖို့ ဒီနေရာမှာပဲ စောင့်နေမှာပေါ့... "

ဟုန်ဟုန်က ခေါင်းခါယမ်းလိုက်သည်။

"ကျွန်မတို့နှစ်ယောက်တည်း ဘိုးဘိုးကိုထားခဲ့ပြီး မသွားနိုင်ဘူး... ဘိုးဘိုးပါ လိုက်ခဲ့ပါ... "

အိုးရန်လု၏မျက်နှာတစ်ခုလုံး ခက်ထန်သွားသည်။

"ဟုန်ဟုန်... မင်း နားလည်ထားရမှာက ငါက အိမ်မှာနေ တစ်လှမ်းထွက်တာနဲ့ ရန်သူက ဝိုင်းထားပြီးသားပဲ... မင်းတို့က ကလေးအရွယ်မို့ သတိထားကြမှာ မဟုတ်ဘူး... မင်းတို့က



www.burmeseclassic.com

www.burmeseclassic.com



အဝတ်အစားအထုပ်အပိုးလုံးဝမယူရဘူး... ဆွဲခြင်းတောင်းနဲ့ တခြားဟာတွေကိုယူပြီး ဈေးဝယ်သလို ပုံစံနဲ့ထွက်သွားရမယ်..."

ဟုန်ဟုန်က...

"သူတို့က လိုက်လာရင်ကော... "

အိုးရန်လုက...

"ငါ မထွက်မချင်း သူတို့လိုက်မှာ မဟုတ်ဘူး... စိတ်ချ သာ သွား... "

ဟုန်ဟုန်က အတန်ကြာစဉ်းစားလိုက်ပြီး...

"ကျွန်မတို့ လမ်းဆုံလမ်းခွမှာ စောင့်နေမယ်... ဘိုးဘိုး လိုက်ဖြစ်အောင် လိုက်ခဲ့ပါနော်... "

အိုးရန်လုက...

"မင်းအမေကို မင်းတို့သွားရမယ့်လမ်းကြောင်းအားလုံး ကို ပြောပြပြီးပြီ... အမေခေါ်ရာသာ လိုက်သွား... လုံးဝနောက် ဆံမတင်းနဲ့ ကြားလား... "

❋❖❋

## တုန်လှုပ်ဖွယ်ရာသတင်း

---

ဟုန်ဟုန်တို့သားအမိနှစ်ယောက် အိမ်မှထွက်ခွာသွားပြီး (၃)ရက်အကြာတွင် နိုင်ငံဖုံးမြို့၌ တုန်လှုပ်ချောက်ချားဖွယ်ရာ သတင်းတစ်ပုဒ် လွင့်ပျံထွက်ပေါ်လာလေသည်။

ယခုဖြစ်ပေါ်လာသော သတင်းသည် သာမန်လူများ သာမက သိုင်းလောကတစ်ခုလုံးကိုပါ တုန်လှုပ်ချောက်ချားသွား စေသည်။

အကြောင်းမှာ... အိုးရန်လု (ဝါ) ထိုက်ပေ့ချန်းလောင် တစ်ယောက် လုပ်ကြံခံလိုက်ရသော သတင်းဖြစ်သည်။

ထိုက်ပေ့ချန်းလောင်သည် သိုင်းလောကမှာ ကျော်ကြား သော ပုဂ္ဂိုလ်ဖြစ်သည်။

သိုင်းပညာ အဆင့်လည်း မနည်းပါ။

ယခုကဲ့သို့ အသတ်ခံလိုက်ရသည်မှာ လူသတ်သမား၏ သိုင်းပညာသည် ထိုက်ပေ့ချန်းလောင်ထက် များစွာ အဆင့်မြင့် သည်ကို ဖော်ပြရာ ရောက်နေ၏။

ထိုလူသတ်ကောင်သည် မည်သူမည်ဝါဖြစ်ပါသနည်း။

မည်သူကမှ မခန့်မှန်းနိုင်ပါ။

ထိုလူသတ်ကောင်သည် သိုင်းလောကမှ အနားယူခဲ့ပြီး

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်သော ထိုက်ပေ့ချုန်းလောင်အား အဘယ်ရန်ငြိုးဖြင့် သတ်ဖြတ်ခဲ့ပါသနည်း။

ထို့ပြင် ထိုက်ပေ့ချုန်းလောင်မှာ သမီးတစ်ယောက်နှင့် မြေးမလေးတစ်ယောက် ရှိသည်။

သက်ဆိုင်ရာအာဏာပိုင်များ သွားရောက်စစ်ဆေးကြည့်သောအခါ... သူတို့နှစ်ယောက်အား မတွေ့ရတော့ပေ။

အိမ်ခန်းတစ်ခုလုံးမှာလည်း ရှုပ်ပွနေသည်ကို တွေ့လိုက်ရသည်။

ထို့ကြောင့် ခိုင်ဖုံးမြို့၏ထောက်လှမ်းရေးမှူးက ထိုလူသတ်ကောင်သည် ထိုက်ပေ့ချုန်းလောင်အား သတ်ဖြတ်သွားသည်မှာ သူတို့အလိုရှိနေသော ပစ္စည်းတစ်စုံတစ်ခုရယူလိုခြင်းဖြစ်သည်ဟု မှတ်ချက်ချလိုက်သည်။

သိုင်းလောကတစ်ခုလုံး တုန်လှုပ်ချောက်ချားသွားသည့် အကြောင်းရင်းမှာ နဂါးစိမ်းဂိုဏ်းကြောင့်ပင် ဖြစ်လေသည်။

ထိုက်ပေ့ချုန်းလောင်၏အခန်းတွင် နဂါးစိမ်းဂိုဏ်း၏ အလံကို တွေ့ရှိခဲ့သည် မဟုတ်ပါလော။

ထို့ကြောင့် ထိုက်ပေ့ချုန်းလောင်အား သတ်သွားသူမှာ နဂါးစိမ်းဂိုဏ်းမှဖြစ်သည်မှာ သေချာနေ၏။

ဤသို့ဆိုလျှင် နဂါးစိမ်းဂိုဏ်းသည် သေးငယ်သော ဂိုဏ်းတစ်ဂိုဏ်းမဟုတ်တော့ဘဲ တစ်နေ့တခြားကြီးထွားလာပြီးကြောက်မက်ဖွယ်ရာကောင်းသော ဂိုဏ်းတစ်ဂိုဏ်းဖြစ်သည်ကို ကောင်းစွာနားလည်ထားကြလေသည်။

❋❋❋



ရက်အနည်းငယ်အတွင်း ထိုက်ပေ့ချုန်းလောင်အသတ်ခံရသည့်သတင်းသည် သက်ဆိုင်ရာအာဏာပိုင်တို့ပါမက သိုင်းလောကတစ်ခုလုံးပင် တုန်လှုပ်ချောက်ချားသွားလေသည်။

ထိုက်ပေ့ချုန်းလောင်သည် သိုင်းပညာအဆင့်မြင့်သောသူတစ်ယောက် ဖြစ်သည်။

ထိုက်မေ့ဂိုဏ်းတွင် တတိယအဆင့်နေရာရှိသော ပုဂ္ဂိုလ်တစ်ယောက်ဖြစ်သည်။

ထို့ကြောင့်... ထိုက်ပေ့ချုန်းလောင်အား သတ်သွားသောလူမှာ သိုင်းပညာအဆင့်မည်မျှကြောက်မက်ဖွယ်ရာကောင်းသည်ကို အလိုလို ခန့်မှန်းနိုင်ကြသည်။

ထိုလူသတ်သမားသည် မည်သူမည်ဝါဖြစ်ပါသနည်း။

အခင်းဖြစ်ပွားသောနေရာ၌ နဂါးစိမ်းဂိုဏ်း၏တံဆိပ်အလံကို တွေ့ရှိထားသောကြောင့် နဂါးစိမ်းဂိုဏ်းက လူတစ်ယောက်ဖြစ်ရမည်မှာ ယုံမှားဖွယ်ရာ မရှိပါ။

ထိုလူသတ်သမားသည် ထိုက်ပေ့ချုန်းလောင်အား သတ်ပစ်လိုက်ခြင်းမှာ ထိုက်မေ့ချုန်းလောင်ထံမှ ပစ္စည်းတစ်ခုခုလိုချင်၍ ဖြစ်သည်မှာ ထင်ရှားနေ၏။

ထိုပစ္စည်းသည် မည်ကဲ့သို့သော ပစ္စည်းဖြစ်ပါသနည်း။

ထိုပစ္စည်းမှာ နယ်နယ်ရရပစ္စည်းမဟုတ်သည်မှာ ပို၍သိသာထင်ရှားနေသည် မဟုတ်ပါလား။

ထို့ကြောင့် လူသတ်ကောင်သည် မည်သူဖြစ်ပါသနည်း။

ဤအဖြေကို သက်ဆိုင်ရာအာဏာပိုင်တို့က အမြန်ပြင်းသိလိုကြသည်။

www.burmeseclassic.com

www.burmeseclassic.com



သိုင်းလောကသားများတို့ကလည်း အလွန်သိလိုကြ၏။

အထူးသဖြင့် ထိုက်ပေ့ဂိုဏ်းမှ ဂိုဏ်းချုပ်'စူရှဲ'သည် ပို၍ပင် သိလိုသောစိတ်များ ပြင်းပြနေ၏။

❋❖❋

လခြမ်းကလေးပေါ်နေ၏။

ကြယ်ကလေးများမှာလည်း လခြမ်းနှင့် အလင်းပြိုင်နေကြသည်။

ကြယ်ကလေးများနှင့် လခြမ်းကလေး၏အလင်းရောင်အောက်တွင် ထိုက်ပေ့စန်းတောင်သည် ကြည်နူးဖွယ်ရာရှိရုံသာမက ဆွတ်ပျံ့လွမ်းဆွေးဖွယ်ရှိသည်ကိုလည်း ခံစားရသည်ဖြစ်သည်။

ဤနေရာသည်...

သီးသန့်ဆောင်တစ်ခု ဖြစ်သည်။

ဂိုဏ်းချုပ်စူရှဲ၏သီးသန့်အဆောင် ဖြစ်လေသည်။

ဂိုဏ်းချုပ်စူရှဲသည် ဤအဆောင်ထဲတွင် တစ်ကိုယ်တည်းနေတတ်သည်။

တရားအားထုတ်သည်။

သိုင်းပညာ စူးစမ်းလေ့လာသည်။

ယနေ့ညမှာမူ ထိုအဆောင်ထဲတွင် လူနှစ်ယောက် ပိုလာသည်။

ဂိုဏ်းချုပ်စူရှဲအပြင် စည်းကမ်းထိန်းသိမ်းရေးမှူးနှင့် တိုက်ခိုက်ရေးမှူးတို့ ဖြစ်သည်။

သူတို့(၃)ယောက်သည် တိတ်တဆိတ်လျှို့ဝှက်စွာ ဆွေး



နွေးနေကြသည်။

ဂိုဏ်းချုပ်စူရှဲက...

"အိုးရန်လုရဲ့အမှုကို အသင်တို့ ဘယ်လိုသဘောရသလဲ"

စည်းကမ်းထိန်းသိမ်းရေးမှူးဟွာလုက...

"အမှုကတော့ ထင်ရှားပါတယ်... ကျုပ်တို့ရဲ့အပူအအေးသိုင်းကျမ်းကို လုယူချင်လို့ပေါ့..."

ဂိုဏ်းချုပ်စူရှဲက...

"တိုက်ခိုက်ရေးမှူးကကော ဘယ်လိုသဘောရသလဲ"

တိုက်ခိုက်ရေးမှူးကုန်းကျိက...

"ကျုပ်လည်း ဒီလိုပဲ ထင်ပါတယ်..."

ဂိုဏ်းချုပ်စူရှဲက...

"ဘယ်သူ့လက်ချက်လဲဆိုတာကော သံသယဖြစ်တဲ့လူရှိလား..."

ဟွာလုက...

"ဒါကတော့ နဂါးစိမ်းဂိုဏ်းက သူတို့လက်ချက်လို့ ဖော်ပြထားပြီးသားပဲ..."

ဂိုဏ်းချုပ်စူရှဲက...

"တိုက်ခိုက်ရေးမှူးကကော..."

ကုန်းကျိက...

"သူတို့လက်ချက်ဆိုတာတော့ ရှင်းနေပါတယ်..."

ဂိုဏ်းချုပ်စူရှဲက...

"ထူးဆန်းတာက သူတို့လုပ်တဲ့အလုပ်တွေကို ဖုံးကွယ်ဘဲ ပေါ်ပေါ်ထင်ထင် လုပ်နေတာဟာ ဘာသဘောလဲ..."

www.burmeseclassic.com

www.burmeseclassic.com



ဟွာလုက...

"ဒါ ရှင်းပါတယ်... နဂါးစိမ်းဂိုဏ်းက သူတို့ကိုအားလုံးက အထင်ကြီးလာအောင် ကြောက်ရွံ့လာအောင် ကြေငြာလိုက်တဲ့ သဘောပဲ..."

ဂိုဏ်းချုပ်စူရှဲက...

"ဟုတ်ပြီ... ဒီလိုဆိုရင် ကျုပ်တို့က နဂါးစိမ်းဂိုဏ်းကို တိုက်ရတော့မှာပေါ့..."

ဟွာလုက ခေါင်းခါယမ်းလိုက်သည်။

"မဖြစ်နိုင်သေးဘူး..."

ဂိုဏ်းချုပ်စူရှဲက...

"ဘာဖြစ်လို့လဲ..."

ဟွာလုက...

"နဂါးစိမ်းဂိုဏ်းဟာ နာမည်သာ တစ်နေ့တခြားကြီးလာတာ သူတို့ဌာနချုပ်က ဘယ်မှာလဲ... ခေါင်းဆောင် ဘယ်သူလဲဆိုတာ အခုထိ ဘယ်သူမှမသိကြသေးဘူး..."

ဂိုဏ်းချုပ်စူရှဲက...

"ဒါနဲ့... တိုက်ခိုက်ရေးမှူးကော ဘာပြောချင်သေးလဲ..."

ကုန်းကျိုက...

"လောလောဆယ်တော့ ကျုပ်တို့က စောင့်ကြည့်ဖို့ပဲ ဖြစ်တယ်... ဒါမှ ဘယ်သူက နဂါးစိမ်းဂိုဏ်းဆိုတာ သိနိုင်မယ်..."

ဂိုဏ်းချုပ်စူရှဲက...

"တိုက်ခိုက်ရေးမှူးဆိုလိုတာက ဘာမှမလှုပ်ရှားဘဲ အခြေအနေကို စောင့်ကြည့်ရမယ်ပေါ့ ဟုတ်လား..."



ကုန်းကျိုက...

"ကျုပ်ဆိုလိုတာက စုံစမ်းဖို့ပါ... စုံစမ်းဖို့ကတော့ လိုမယ်... တစ်ဖက်က စုံစမ်းပြီး တစ်ဖက်ကလည်း အခြေအနေကို စောင့်ကြည့်ဖို့ပဲ..."

ဂိုဏ်းချုပ်စူရှဲက ခေါင်းညိတ်လိုက်သည်။

"ဒါ မှန်တယ်... ဒီတာဝန် သင်တို့နှစ်ယောက်က ယူပြီး ချက်ချင်းဆောင်ရွက်ပါ..."

ဟွာလုနှင့် ကုန်းကျိုက ပြိုင်တူဦးညွတ်လိုက်သည်။

"အမိန့်အတိုင်းပါ ဂိုဏ်းချုပ်ကြီး..."

❋❋❋

ထိုက်ပေချန်းလောင် အသတ်ခံရပြီး (၃)လခန့်အကြာ၌ နဂါးစိမ်းဂိုဏ်း၏လှုပ်ရှားမှုများ ပို၍ကျယ်ကျယ်ပြန့်ပြန့်ဖြစ်လာလေသည်။

မြို့တော်ခပ်များများတွင် နဂါးစိမ်းဂိုဏ်းတို့သည် စားသောက်ဆိုင်များ၊ ရွှေဆိုင်များ၊ အထည်ဆိုင်များ၊ ဆန်ဆိုင်များ စသည့်ဆိုင်များထံသို့ အကြောင်းကြားစာ ရောက်ရှိလာလေသည်။

အကြောင်းကြားစာတွင် ပါရှိသော အကြောင်းအရာများမှာ ဆိုင်အကြီးအငယ်အလိုက် လစဉ်လတိုင်း လဆန်းရက်၌ နဂါးစိမ်းဂိုဏ်းသို့ အခွန်တော်ငွေ ပေးအပ်ရန် ဖြစ်လေသည်။

အကယ်၍ မပေးဘဲ နဂါးစိမ်းဂိုဏ်းကို အာခံမည်ဆိုလျှင် ကြီးလေးသော ပြစ်ဒဏ်ခံရမည်ဟု ခြိမ်းခြောက်ထားလေသည်။

အကြောင်းကြားစာများ ရရှိထားသော ဆိုင်များသည်

www.burmeseclassic.com

www.burmeseclassic.com



နဂါးစိမ်းဂိုဏ်းတောင်းခံထားသော အခွန်တော်ငွေများ ပေးဆပ်ကြလေသည်။

ကန့်သတ်ထားသော ရက်ကုန်ဆုံးသွား၍ အခွန်တော်ငွေမပေးအပ်လျှင် ဆိုင်ရှင်များ အသတ်ခံရမြဲဖြစ်သည်။

ထို့ကြောင့် အကြောင်းကြားစာ ရရှိခဲ့ကြသော ဆိုင်ရှင်အသီးသီးတို့သည် နဂါးစိမ်းဂိုဏ်းထံသို့ အခွန်တော်ငွေ ပေးဆပ်ကြလေသည်။

နဂါးစိမ်းဂိုဏ်း ဤကဲ့သို့ အနိုင်ကျင့်၍ အခွန်ကောက်ခံသည့်သတင်းသည် နေပြည်တော်သို့ ရောက်သွားလေသည်။

တာဝန်ရှိသူများသည် ထိုမြို့များသို့ ရဲမက်အင်အားအပြည့်ဖြင့် နဂါးစိမ်းဂိုဏ်းအား ဖမ်းမိနိုင်ရန် ကြိုးစားကြသည်။

နဂါးစိမ်းဂိုဏ်းက ထွက်ပြေးတိမ်းရှောင်ခြင်းမရှိသည့်အပြင် တစ်မြို့ပြီး တစ်မြို့ ဆက်လက်နယ်ချဲ့လာကြသည်။

သက်ဆိုင်ရာ အာဏာပိုင်များ လက်မှိုင်ချကြရသည်။

နောက်ဆုံး သူတို့သည် ထိုအမှုကို ဘုရင့်ရှေ့မှောက်သို့ တင်ပြရလေသည်။

ဧကရာဇ်ဘုရင်သည် အလွန့်အလွန် အမျက်ဒေါသထွက်လျက် ထိုနဂါးစိမ်းဂိုဏ်းအား နှိမ်နင်းနိုင်ရန် သူ၏အားအထားရဆုံးတောက်လှမ်းရေးမှူး သိမ်းငှက်လောက်ချစ်အား တာဝန်ပေးလိုက်လေသည်။

❋✤❋

## သိမ်းငှက်လောက်ချစ်

သိမ်းငှက်လောက်ချစ်သည် ထိုတာဝန်ကို လက်ခံရရှိလိုက်သောအခါ သက်ပြင်းရှည်တစ်ချက် ချမိလေသည်။

အကြောင်းမှာ ယခုသူက တာဝန်ယူလိုက်လံဖမ်းဆီးရမည့် တရားခံများမှာ နဂါးစိမ်းဂိုဏ်းကဖြစ်သောကြောင့် ဖြစ်သည်။

အခြားအခြားသော ဂိုဏ်းများမှာ ဂိုဏ်းဌာနချုပ်တည်နေရာရှိသည်။

ဂိုဏ်းချုပ်နှင့် ထိပ်တန်းပုဂ္ဂိုလ်များ၏ စာရင်း ရှိသည်။

ဌာနခွဲတည်နေရာမှာလည်း တိတိကျကျရှိသည်။

ယခု သူက လိုက်လံစုံစမ်းရမည့်အမှုမှာ နဂါးစိမ်းဂိုဏ်းကို ဖြစ်သည်။

နဂါးစိမ်းဂိုဏ်း၏ဌာနချုပ်သည် မည်သည့်နေရာ၌ ရှိပါသနည်း။

မည်သူကမျှ မသိပါ။

ဂိုဏ်းချုပ်က မည်သူနည်း။

တစ်ဦးတစ်ယောက်ကမှ မသိပါ။

နဂါးစိမ်းဂိုဏ်း၏လှုပ်ရှားမှုများသည် အ[illegible]ကို ကျယ်ပြန့်လှပေသည်။

www.burmeseclassic.com

www.burmeseclassic.com



တစ်နည်းဆိုရလျှင် မြို့တော်ခပ်များများ၌ နဂါးစိမ်းဂိုဏ်း၏ဌာနခွဲများ ရှိသည်။ ဂိုဏ်းသားတော်တော်များများ ရှိမည်ဟု ခန့်မှန်းထားသည်။

သူတို့သည် ယခုမှာမူ နဂါးစိမ်းဂိုဏ်း၏ ဌာနခွဲကိုပိုက်စိပ်တိုက်ရှာသော်လည်း သဲလွန်စပင် မရကြပါ။

သိမ်းငှက်လောက်ချစ်က လက်မှိုင်ချလိုက်သည်။

သူသည်အလွန်လှို့ဝှက်ပြီး ကြောက်မက်ဖွယ်ရာကောင်းသော ဒုစရိုက်ဂိုဏ်းများစွာကို ဖြိုခွဲနိုင်ခဲ့သည်။

ပြစ်မှုကျူးလွန်သူများကိုလည်း ဖမ်းဆီးရုံးတင်ပြီး ထိုက်သင့်သော ပြစ်ဒဏ်ချမှတ်နိုင်ခဲ့သည်။

ယခုမှာမူ ဤကဲ့သို့သောင်းကျန်းလှသော နဂါးစိမ်းဂိုဏ်းအား ရှာဖွေနှိမ်နင်းရန်မှာ အလွန့်အလွန် ခက်ခဲလှသောကြောင့် သူသည် လက်မှိုင်ချရသော ဘဝသို့ပင် ရောက်ရှိနေပြီ မဟုတ်ပါလား။

❋❋❋

အချိန်သည် တရွေ့ရွေ့ကုန်ဆုံးသွားသည်။

ဆောင်းရာသီပင် ရောက်ရှိလာပေပြီ။

ရှချန်းမြို့တော်တစ်ခုလုံးမှာ နှင်းများဖုံးလွှမ်းထားသောကြောင့် အဖြူရောင်ကမ္ဘာလေးသဖွယ် ဖြစ်နေ၏။

လူများသည် အေးစိမ့်သော ရာသီဥတုကို မခံနိုင်ကြတော့ဘဲ အိမ်ထဲ၌ မီးလှုံ၍ အနားယူကြသည်။

လမ်းမတစ်ခုလုံးမှာ လူသွားလူလာများ တစ်ယောက်စနှစ်ယောက်စသာ ရှိသည်ကို တွေ့မြင်ရသည် ဖြစ်လေသည်။



ထိုလူများထဲတွင် လူနှစ်ယောက်သည် တစ်ပေခန့်ထူထပ်သော နှင်းများပေါ်တွင် ခက်ခက်ခဲခဲ လျှောက်နေကြသည်။

သူတို့၏တစ်ကိုယ်လုံးတွင် ထူထပ်သော ငွမ်းအင်္ကျီနှင့်ဆောင်းဘီဝတ်ဆင်ထားပြီး ခေါင်းပေါ်တွင် ငွမ်းကပ်ဦးထုပ်ဆောင်းထားကြသည်။ သူတို့၏ပါးပြင်များမှာလည်း နီရဲနေ၏။

ထိုလူနှစ်ယောက်မှာ အိုးရန်ဟုန်ဟုန်နှင့် သူမ၏မိခင်တို့ပင် ဖြစ်သည်။

ဟုန်ဟုန်သည် မိခင်၏လက်ကို တင်းကျပ်စွာဆွဲကာ ရှေ့သို့ဆက်လျှောက်ရင်း...

"မေမေ... လျှောက်နိုင်သေးရဲ့လား..."

အေးလွန်းလှသဖြင့် သူမ၏အသံမှာ အာလေးလျှာလေးဖြင့် တုန်နေ၏။ မိခင်ဖြစ်သူက...

"ဘယ်လောက်ဝေးဝေး ကျန်သေးလဲမောင်..."

"မဝေးတော့ပါဘူး မေမေ၊ ရှေ့နားရောက်ရင် ကွေ့လိုက်ရုံပါပဲ..."

မိခင်ဖြစ်သူက အားတက်လာသည်။

သားအမိနှစ်ယောက်သည် တစ်ယောက်ကိုတစ်ယောက် တင်းကျပ်စွာ သိုင်းဖက်လျက် နှင်းများကို ခက်ခဲစွာ ကျော်လွှား၍ ဆက်လျှောက်သွားလေသည်။

❋❋❋

www.burmeseclassic.com

www.burmeseclassic.com

## မုဆိုးနှင့် သားကောင်

'ချိန်းပွက်' သီလရှင်ကျောင်း...

ချိန်းပွက်သီလရှင်ကောင်းသည် ကျယ်ဝန်းလှသည် မဟုတ်သော်လည်း အုတ်နံရံခြံဝင်းများဖြင့် ကာရံထားပြီး ကျောင်း၏ခြံဝင်းမှာ ထုထည်ကြီးမားသော မုခ်ဦးတစ်ခု တည်ဆောက်ထားသည်။

အနီရောင်ဆေးဖြင့် ခြယ်သထားသောကြောင့် ငွေရောင်သန်းနေသော နှင်းများနှင့် အလှချင်းပြိုင်နေ၏။

ဟုန်ဟုန်က ကြီးမားလှသော တံခါးပေါ်တွင် တပ်ဆင်ထားသော ကြေးကွင်းကို ခေါက်လိုက်သည်။

"ချွမ်... ချွမ်... ချွမ်... "

ကြည်လင်သောအသံများသည် တိတ်ဆိတ်သော ခြံဝင်းအတွင်းသို့ လွင့်ပျံသွားလေသည်။

တခဏအကြာတွင်...

တံခါးမကြီး ပွင့်သွားသည်။

သီလရှင်ငယ်တစ်ပါးက ဟုန်ဟုန်တို့သားအမိနှစ်ယောက်ကို တစ်လှည့်စီ အကဲခတ်ကြည့်လိုက်သည်။



ဟုန်ဟုန်၏မိခင်က လက်အုပ်ချီကာ...

"ကျောင်းထိုင်ဆရာလေး ရှိလား... "

သီလရှင်ငယ်က ခေါင်းညိတ်လိုက်သည်။

"ရှိတယ်... "

ဟုန်ဟုန်၏မိခင်က စိတ်သက်သာရာ ရသွားလေသည်။

"ခိုင်ဖုံးမြို့က အိုးရန်မိသားစုက တွေ့ချင်တယ်လို့ ပြောပေးပါ... "

သီလရှင်ငယ်က တံခါးကြီးနှစ်ဖက်ကို အကုန်ဖွင့်လိုက်လေသည်။

"အထဲကို ကြွပါ... "

ဟုန်ဟုန်တို့သားအမိက အထဲသို့လှမ်းဝင်လိုက်သည်။

ထိုနေရာတွင် ဧည့်သည်ဒကာမများအတွက် ထိုင်ခုံများ အသင့်ရှိနေသည်ကို တွေ့လိုက်ရသည်။

"ဒီမှာ ခဏထိုင်စောင့်ပ... "

သီလရှင်ငယ်ကနေရာ... ...ပြီး အတွင်းဘက်သို့လျှောက်သွားလေသည်။

အိုးရန်ဟုန်ဟုန်က...

"မေမေ... ဒီမှာ တစ်... ...်တည်းနေလို့ ဖြစ်ပါတယ်နော်... "

မိခင်ဖြစ်သူက ခေါင်းည... ...်လိုက်သည်။

"ဖြစ်ပါတယ် သမီး... ...ကျောင်းထိုင်ဆရာနဲ့ မေမေတို့က အရင်းနှီးဆုံးငယ်သူငယ်ချင်းတွေ... "

ဟုန်ဟုန်က သက်ပြင်း... ...သည်။

www.burmeseclassic.com



"ဒီလိုဆိုရင် သမီး စိတ်ချရတာပေါ့..."

"ဒါနဲ့... သမီး ဘယ်လောက်ကြာကြာသွားမှာလဲ..."

"မပြောတတ်ဘူး... (၆)လ (၁)နှစ်လောက်တော့ ကြာလိမ့်မယ် မေမေ..."

"ဖြစ်ပါ့မလား သမီးရယ်... လောကပေါ်မှာ မိန်းကလေးတစ်ယောက်တည်း သွားလာနေတာက တစ်ကြောင်း... နဂါးစိမ်းဂိုဏ်းရဲ့ရန်ကို ရှောင်တိမ်းရမှာက တစ်ကြောင်း... မေမေတော့ စိတ်မချပါဘူးကွယ်..."

ဟုန်ဟုန်က မချိပြုံးပြုံးလိုက်သည်။

"မေမေရယ်... အန္တရာယ်ကို ရှောင်တိမ်းတာထက် ရင်ဆိုင်လိုက်တာက ပိုကောင်းပါတယ်..."

"အေးပေါ့လေ... ဘယ်တတ်နိုင်မှာလဲ... ကံကြမ္မာကိုက ဆိုးပါတယ်..."

ထိုအချိန်တွင် သီလရှင်ငယ်လေး ပြန်ရောက်လာသည်။

"အထဲကို ကြွပါလို့ ကျောင်းထိုင်ဆရာလေးက ဖိတ်လိုက်ပါတယ်..."

အိုးရန်နှင့်ဟုန်ဟုန်တို့ သားအမိသည် အားတက်လာပြီး သီလရှင်ငယ်နောက်သို့ လိုက်သွားလေသည်။

❋❋❋

ဟုန်ဟုန်သည် မိခင်အတွက် စိတ်ချရသောနေရာတွင် ထားနိုင်ခဲ့သဖြင့် သောကတစ်ဝက်ခန့် အေးသွားသည်။

ကျောင်းထိုင်ဆရာလေးကလည်း ဟုန်ဟုန်၏မိခင်အား



လွန်ရင်းရင်းနှီးနှီး ဆက်ဆံခဲ့သည်ကို တွေ့ရသောကြောင့် ဟုန်ဟုန်သည် မိခင်အတွက် စိတ်ဒုန်းဒုန်းချနိုင်ခဲ့ပြီး ထိုသီလရှင်ကျောင်းမှ စတင်ထွက်ခွာနိုင်ခဲ့လေတော့သည်။

❋❋❋

နှင်းများ တဖွဲဖွဲကျနေ၏။

လူသွားလူလာ ကျိုးတိုးကျဲတဲမျှသာရှိသော လမ်းမပေါ်မှာ ဟုန်ဟုန်က လျှောက်နေ၏။

သူမသည် ခြေထောက်ဖြင့် လျှောက်နေသော်လည်း ဦးခေါင်းတစ်ခုလုံးမှာ အလုပ်ရှုပ်နေ၏။

"ငါ အခု ဘယ်သွားမလဲ..."

"နဂါးစိမ်းဂိုဏ်းရဲ့ဌာနချုပ်က ဘယ်မှာလဲ..."

သူမသည် ကိုယ့်ကိုယ်ကို မေးခွန်းထုတ်နေမိသည်။

သူမသည် လှမ်းနေသော ခြေလှမ်း ရုတ်တရက် ရပ်တန့်လိုက်သည်။

"ငါ နိုင်ဖုံးမြို့ကို ပြန်သွားမယ်... အဲဒီမှာ သူတို့ဌာနခွဲရှိမှာ သေချာတယ်..."

"အခု...အဘိုးအသတ်ခံရတာ သိုင်းကျမ်းအတွက်ဖြစ်ရမယ်... သိုင်းကျမ်း ငါ့ဆီမှာပါလာတဲ့အတွက် သူတို့က ရှာမတွေ့တို့ ဘဝင်ကျမှာ မဟုတ်ဘူး..."

"ငါတို့သားအမိလည်း ပျောက်သွားတယ်ဆိုတော့ သူတို့ရှာချင်တဲ့ သိုင်းကျမ်းက ငါတို့သားအမိဆီမှာ ရှိမယ်လို့ ထင်ပြီးယူသွားမှာပဲ..."

www.burmeseclassic.com

www.burmeseclassic.com



"ဒါကြောင့် ငါတို့သားအမိကို လိုက်ရှာမှာ သေချာတယ်

သူမက စိတ်ကိုတင်းလိုက်သည်။

"လာမယ့်ဘေး ပြေးတွေ့ဆိုသလို ငါ ခိုင်ဖုံးမြို့ကို ပြ
မယ်... ဒင်းတို့ ဌာနချုပ် ဘယ်မှာရှိတယ်ဆိုတာ ရအောင် စုံစမ်း
လက်စားချေမယ်..."

သူမသည် ယင်းသို့ဆုံးဖြတ်ပြီးနောက် ခြေလှမ်းကို
တန့်လိုက်သည်။ နောက်သို့ ချာခနဲ လှည့်လိုက်သည်။

ခိုင်ဖုံးမြို့တော်ရှိရာသို့ ဦးတည်လျှောက်သွားလေသည်

❋❋❋

ခိုင်ဖုံးမြို့တွင် နှင်းကျခြင်း လုံးဝရပ်တန့်နေသည့်အပြ
နွေးထွေးသော နေရောင်ခြည်ကြောင့် နှင်းခဲများ အရည်ပျော်က
ကြသည်။

သို့တိုင်အောင် အေးစိမ့်သော လေက တဟူးဟူးတို
ခတ်နေ၏။

ဟုန်ဟုန်သည် ခိုင်ဖုံးမြို့တော်သို့ပြန်လည်ရောက်ရှိလ
လေသည်။

ကိုယ့်အိမ်ရာသို့ မပြန်သေးဘဲ စားသောက်ဆိုင်တစ်ဆိ
သို့ဝင်၍ နေ့လယ်စာ စားသောက်လိုက်သည်။

မိန်းကလေးတစ်ယောက်တည်းမို့လား မသိ။

သူမအား ဝိုင်းဝန်းကြည့်နေကြ၏။

ဟုန်ဟုန်က မမှုပါ။

စားသောက်ပြီးသည်နှင့် အိမ်ဂေဟာသို့ ပြန်လည်ရော
ရှိလာလေသည်။



ဤအိမ်မှ သူတို့စွန့်ခွာခဲ့သည်မှာ ကြာပြီဖြစ်သည်။

အိမ်ဝင်းတစ်ခုလုံးမှာ ကြည့်မကောင်း ရှုမကောင်းရှုပ်ပွ
သည်ကို တွေ့ရသည်။

သူမ၏ ဘိုးဘိုးအား သတိရလာသဖြင့် ဝမ်းနည်းပက်
က် တရှိုက်ရှိုက်ငိုကြွေးနေသည်။

ထိုအချိန်မှာပင် ခြေသံတစ်စုံတစ်ရာကို ကြားလိုက်ရ
သည်။

မျက်ရည်သုတ်၍ လှည့်ကြည့်လိုက်သောအခါ အစိမ်း
ရင်ဆင်တူဝတ်ဆင်ထားသော လူနှစ်ယောက်သည် သူမထံသို့
အေးဆေးစွာ လျှောက်လာသည်ကို မြင်တွေ့လိုက်ရသည်။

ထိုလူများမှာ နဂါးစိမ်းဂိုဏ်းမှ ဖြစ်ရမည်ဟု သူမက ယုံ
ကြည်လိုက်သည်။ ဒေါသကို မချုပ်တည်းနိုင်တော့ပါ။

ထိုအချိန်မှာပင် ထိုလူနှစ်ယောက်က သူမအား ခြေဆုံး
ခေါင်းဆုံးကြည့်၍ မေးလိုက်လေသည်။

"မင်းက ထိုက်ပေ့ချုန်းလောင်ရဲ့မြေး မဟုတ်လား..."

ဟုန်ဟုန်က...

"ကျွန်မ ဘယ်သူပဲဖြစ်ဖြစ်... ရှင်တို့နဲ့ မဆိုင်ဘူး..."

သူမက ထရပ်လိုက်ပြီး ခါးထောက်လိုက်သည်။

"ရှင်တို့က ဘယ်သူတွေလဲ... ဘာကြောင့် ဒီအိမ်ထဲကို
ကျော်ဝင်ရောက်လာတာလဲ..."

ထိုလူနှစ်ယောက်က ရယ်မော၍ အချင်းချင်း အပြန်
အလှန်ကြည့်လိုက်သည်။

တစ်ယောက်က သူ့အဖော်အား မေးလိုက်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



"ငါတို့ကို ဘယ်သူလဲလို့ မေးနေပါလား… "

အဖေဖော်ဖြစ်သူက…

"ပြောပြလိုက်ပေါ့… "

ထိုလူက ဟုန်ဟုန်အား ပြုံးစိစိဖြင့် ကြည့်လိုက်သည်။

"ငါတို့က နဂါးစိမ်းဂိုဏ်းက သိပြီလား… "

အိုးရန်ဟုန်၏စိတ်ထဲတွင် ထောင်းခနဲ ဒေါသဖြစ်သွားသည်။

"ဒါဖြင့် ကျွန်မအဘိုးကို သတ်တာ ရှင်တို့ပေါ့ ဟုတ်လား"

"ဟုတ်တယ်… သူက ကျုပ်တို့လိုချင်တဲ့ပစ္စည်းမပေး… သတ်လိုက်တာ…, "

ဟုန်ဟုန်က ဓားကိုဆွဲထုတ်လိုက်သည်။

"အတော်ပဲ… ကျွန်မက အဘိုးကို သတ်တဲ့လူလိုက်… ပြီး လက်စားချေမလို့… "

"ဟား… ဟား… ဟား… "

ထိုလူနှစ်ယောက်သည် ရယ်စရာကောင်းသော့စကား… ကို ကြားလိုက်ရသည့်အလား အားရပါးရရယ်မောလိုက်သည်။

"ယား… "

ဟုန်ဟုန်က ရုတ်တရက် ဝင်ရောက်တိုက်ခိုက်လိုက်သည်။

ထိုလူနှစ်ယောက်က ကမန်းကတန်း လူချင်းခွဲ၍ ဟု… ဟုန်၏တိုက်ခိုက်မှုကို ရှောင်တိမ်းလိုက်သည်။

ဟုန်ဟုန်သည် သိုင်းပညာ အခြေခံကောင်းသည်။

ယခုတစ်ဖန် အအေးသိုင်းကျမ်းကို လေ့ကျင့်ခဲ့ရသော… ကြောင့် သူမ၏သိုင်းပညာသည် အဆင့်မြင့်လှသည် မဟုတ်သေး…



လည်း… ထိုနဂါးစိမ်းဂိုဏ်းသားနှစ်ယောက်က ခုခံနိုင်စွမ်းမရှိဘဲ တဆုတ်တည်း ဆုတ်နေရသည်။

ဟုန်ဟုန်က အခဲမကျေသဖြင့် အစွမ်းကုန်ဖိ၍ တိုက်ခိုက်လိုက်ရာ သူမ၏ဓားသည် နဂါးစိမ်းဂိုဏ်းသားတစ်ယောက်၏ရင်ဝသို့ တည့်မတ်စွာ တိုးဝင်သွားသည်။

"အား… "

စူးရှသောအော်သံနှင့်အတူ ထိုလူသည် မြေပေါ်သို့ လဲကျသွားလေသည်။

ကျန်တစ်ယောက်က အခြေအနေမဟန်မှန်းသိလိုက်သဖြင့် ကမန်းကတန်းထွက်ပြေးတိမ်းရှောင်သွားလေသည်။

ဟုန်ဟုန်က အစွမ်းကုန်လိုက်သွားသော်လည်း ထိုလူအား ရှာမတွေ့တော့ပါ။

❋❋❋

ဟုန်ဟုန်သည် နဂါးစိမ်းဂိုဏ်းသားတို့ ထပ်မံရောက်ရှိလာလိမ့်မည်ဟု ကြိုတင်ခန့်မှန်းထားသည်။

ထို့ကြောင့် သူမမှာလည်း နဂါးစိမ်းဂိုဏ်း၏ဌာနခွဲကို သိလိုသဖြင့် ထွက်ပြေးတိမ်းရှောင်ခြင်း မပြုဘဲ အိမ်ဂေဟာအတွင်းမှာပင် အေးအေးဆေးဆေး စောင့်နေသည်။

သို့သော်… ညနေချိန်ထိ စောင့်မျှော်နေသော်လည်း နဂါးစိမ်းဂိုဏ်းသားများ ရောက်လာသည်ကို မတွေ့ရချေ။

သူမက အနည်းငယ် စဉ်းစားလိုက်သည်။

နဂါးစိမ်းဂိုဏ်းသားတို့သည် အိမ်၏အနီးတစ်ဝိုက်တွင် လျှို့ဝှက်စွာ ရောက်ရှိနေလိမ့်မည်ဟု တွေးမိလေသည်။

www.burmeseclassic.com

www.burmeseclassic.com



သူတို့၏လှုပ်ရှားမှုကလည်း ညအချိန်ရောက်မှ စလိမ့်မည်ဟု ခန့်မှန်းမိသည်။

ထို့ကြောင့် သူမသည် နဂါးစိမ်းဂိုဏ်းနှင့် သူသေကိုယ်သေချပြီး အဓိုးအတွက် လက်စားချေရန် ထွက်မပြေးဘဲ စောင့်နေလေသည်။

❋❖❋

လမိုက်ည...

"ဒေါင်..."

အုန်းမောင်းခေါက်သံတစ်ချက်ပင် ထွက်ပေါ်လာလေသည်။

နဂါးစိမ်းဂိုဏ်း၏လှုပ်ရှားမှုများကို လုံးဝမတွေ့ရချေ။

ဟုန်ဟုန်သည် ခြံဝင်းအနောက်ဘက်ရှိ ကြီးမားသောသစ်ပင်တစ်ပင်ပေါ်၌ ပုန်းအောင်း၍ စောင့်မျှော်နေခြင်း ဖြစ်သည်။

သူမသည် စောင့်မျှော်၍ မရသည့်အဆုံး နဂါးစိမ်းဂိုဏ်းသားတွေ ရောက်လာလိမ့်မည်မဟုတ်ဟု ထင်မြင်လာမိသည်။

သူမသည် သစ်ပင်ပေါ်မှဆင်းရန် ဟန်ပြင်လိုက်သောအခါ ရုတ်တရက် လူရိပ်များ ခြံဝင်းထဲသို့ လျှင်မြန်စွာ ဝင်ရောက်လာနေကြသည်ကို တွေ့မြင်လိုက်ရလေသည်။

စုစုပေါင်း လူ(၁၀)ယောက်ခန့်ရှိမည်ဟု ထင်လာမိသည်။

ဟုန်ဟုန်က သစ်ပင်ပေါ်၌ ငြိမ်သက်စွာ ပြန်ထိုင်နေ၏။

ထိုလူက မိမိအား ရှာမတွေ့၍ ပြန်လည်ထွက်ခွာသွားသောအခါ သူမက ခြေရာခံလိုက်သွားမည်ဟု ဆုံးဖြတ်ထားလေသည်။



ထိုလူစုများသည် ခြံဝင်းတစ်ခုလုံးသို့ ရှာဖွေကြည့်ရှုပြီးနောက် အသီးသီးထွက်ခွာသွားကြလေသည်။

ထိုအခါကျမှ သူမက သစ်ပင်ပေါ်မှ ခုန်ဆင်းလိုက်လေသည်။ ထိုလူများ၏နောက်မှ ခြေရာခံလိုက်သွားလေသည်။

သူမသည် ခြံဝင်းအပြင်ဘက်သို့ ရောက်ရှိသွားသောအခါ နဂါးစိမ်းဂိုဏ်းသားတစ်ယောက်ကိုမျှ မတွေ့တော့ချေ။

သူမ အံ့သြနေစဉ်...

"ဟား... ဟား... ဟား..."

ရုတ်တရက် ရယ်မောသံတစ်သံကို ကြားလိုက်ရလေသည်။

တစ်ချိန်တည်းမှာပင်... နဂါးစိမ်းဂိုဏ်းသား (၁၀) ယောက်ခန့်က သူမအား ဝိုင်းရံထားလိုက်လေသည်။

ဟုန်ဟုန်က ရင်ထိတ်သွားလေသည်။

ရန်သူဆင်ထားသော ထောင်ချောက်ထဲသို့ တိုးဝင်မိသည်ကို သတိပြုမိလိုက်သည်။

သူမက ဓားကိုကျစ်ကျစ်ပါအောင် ဆုပ်ထားပြီး တိုက်ခိုက်ရန် ဟန်ပြင်လိုက်သည်။ လူတစ်ယောက်၏အေးစိမ့်သောအသံထွက်ပေါ်လာသည်။

"မိန်းကလေး... မင်း နုပါသေးတယ်ကွာ..."

ဟုန်ဟုန်က အံကိုတင်းတင်းကြိတ်လိုက်သည်။

"ကျွန်မရဲ့ဘိုးဘိုးကို ရှင်တို့သတ်တာ မဟုတ်လား..."

"ဟုတ်တယ်..."

ထိုလူက မဖုံးကွယ်ဘဲ ပြန်ပြောလိုက်သည်။

ဟုန်ဟုန်က အားလုံးကို တစ်ချက်ဝေ့ကြည့်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ရှင်တို့က အရှက်မရှိဘူး... လူအများနဲ့တစ်ယောက် အနိုင်ကျင့်ချင်တာကိုး..."

ထိုလူက...

"အို... မိန်းကလေး အထင်မလွဲပါနဲ့... ငါတို့က မင်းကို လက်ဖျားနဲ့တောင် မတို့ဘူး..."

ဟုန်ဟုန်က မျက်မှောင်ကုတ်သွားသည်။

"ရှင်တို့ ဘာတွေပြောနေတာလဲ..."

"နင့်ကို ငါတို့သတ်လို့ရတယ်... ဒါပေမယ့် မသတ်ဘူး"

"ဘာဖြစ်လို့လဲ..."

"ငါတို့လိုချင်တဲ့ကျမ်းက နင့်ဆီမှာရှိတယ်ဆိုတာ ကောင်းကောင်းသိတယ်... ဒါကြောင့် မင်း အသက်ကိုနှမြောရင် ဒီသိုင်းကျမ်းကို ပေးလိုက်ပါ..."

ဟုန်ဟုန်သည် ထိုလူများကို မိမိကနိုင်လိမ့်မည်မဟုတ်ဟု ခန့်မှန်းမိလာသည်။ သူတို့ ဝိုင်းရံနေသည့်ကြားမှ မည်ကဲ့သို့ ထွက်ပြေးရမလဲဟု အကြံထုတ်နေ၏။

ထိုလူ၏အသံထပ်မံ ထွက်ပေါ်လာလေသည်။

"ကဲ... အချိန်မရှိဘူး... အသက်ချမ်းသာချင်တယ်ဆိုရင် သိုင်းကျမ်းပေးပါ..."

ဟုန်ဟုန်က အခက်ကြုံသွားသည်။

အကယ်၍ မိမိက မပေးလျှင် မိမိကို သတ်၍ ယူသွားနိုင်သည် မဟုတ်ပါလား။

ရုတ်တရက် သူမ၏မျက်လုံးအစုံသည် အုတ်နံရံ၏ဘေးတွင် မြင်းများ ရပ်နေသည်ကို တွေ့မြင်လိုက်လေသည်။



သူမက ထွက်ပြေးနိုင်ရန် မြင်းတစ်ကောင်ရရှိရန်မှာ မကြီး လွှားသွား အရေးကြီးမှန်း သိလိုက်သည်။

သူမသည် ရန်သူအားလုံး သူမထံ အာရုံစူးစိုက် နိုင်ရန် အိတ်ထဲမှ သိုင်းကျမ်းစာအုပ်ကို ဖြည်းညင်းစွာ ဟုန်ဟုန် ထောင်ပြလိုက်သည်။

ထို့နောက်... သိုင်းကျမ်းကို ဆုတ်ဖြဲ၍ ဟန်ပြင်လိုက်သည်။

"အနားကို မကပ်ကြနဲ့... နို့မဟုတ်ရင် ကျွန်မက အသေခံပြီး သိုင်းကျမ်းကို ဆုတ်ဖြဲလိုက်မယ်..."

ထိုလူက သူ၏လူများကို အနည်းငယ်နောက်ဆုတ်ခိုင်းလိုက်သည်။

"ကဲ... သိုင်းကျမ်း ငါ့လက်အပ်ပြီးရင် မင်းသွားလိုရာ သွားနိုင်ပြီ..."

"ရှင်တို့ကို မယုံနိုင်ဘူး..."

"ဒါဖြင့် မင်း ယုံအောင် တို့က ဘာလုပ်ပေးရမလဲ..."

"ရှင့်လူတွေကို နောက်ထပ်ခြေ(၃)လှမ်း ဆုတ်ခိုင်းပါ... သူတို့ ခြေလှမ်းဆုတ်ပြီးတာနဲ့ ကျွန်မ သိုင်းကျမ်းကိုပစ်လိုက်မယ်... အဲဒီအချိန်မှာ ကျွန်မကို ဘယ်သူမှမတားရဘူး..."

"ရပါတယ်... ငါတို့က သိုင်းကျမ်းရရင် ပြီးတာပဲ..."

ထိုလူက ပြောရင်း သူ့လူများကို နောက်သို့ ခြေလှမ်း(၃) လှမ်းဆုတ်ခိုင်းလိုက်သည်။

ထိုလူများ ခြေလှမ်း (၃)လှမ်း ဆုတ်သွားသည်နှင့် ဟုန်ဟုန်၏ထွက်ပေါက်မှာ နီးစပ်သွားပြီဖြစ်ရာ သူမက သိုင်းကျမ်းကို

www.burmeseclassic.com

www.burmeseclassic.com



လိုက်ပြီး...

အနိုင်ဂ်ကဲ... ကျွန်မ ပစ်လိုက်ပြီ..."

သူမက ကျမ်းစာကို ပစ်ရန်ဟန်ပြင်ပြီးမှ သူမ၏ခန္ဓာ ည် လေထဲသို့ ခုန်တက်သွားသည်။

အားလုံးက ကြောင်အံ့အံ့ဖြစ်နေစဉ် သူသည် မြင်းတစ်ကောင်၏ကျောပေါ်သို့ ကျသွားသည်။

"ဟေ့... ဟေ့... ဟေ့..."

သူမသည် အနီးရှိမြင်းများကို ခြောက်လှန့်မောင်းထုတ်ရင်း ဖောက်ထွင်းကာ မြင်းကို ဒုန်းစိုင်းစီး၍ မောင်းနှင်ထွက်ခွာသွားလေသည်။

❋❋❋

ဟုန်ဟုန်သည် လီပေါင်း (၂၀)ခန့် မောင်းနှင်ရောက်ရှိလာပြီ ဖြစ်လေသည်။

"တော်ပါသေးရဲ့..."

သူမက သိုင်းကျမ်းကို အကျီအတွင်းအိတ်ထဲသို့ ကျကျနန ထည့်လိုက်သည်။

ထိုအချိန်မှာပင် မြင်းခွာသံများ ဆူညံစွာ ထွက်ပေါ်လာသည်ကို ကြားလိုက်ရသည်။ သူမက လှည့်ကြည့်လိုက်သည်။

နဂါးစိမ်းဂိုဏ်းသားများက မြင်းကိုယ်စီဖြင့် အရှိန်ပြင်းစွာ လိုက်လာနေသည်ကို တွေ့မြင်လိုက်ရလေသည်။

သူမက ထိတ်လန့်တုန်လှုပ်သွားသည်။

မြင်းကို ဒုန်းစိုင်းမောင်း၍ ပြေးရပြန်လေသည်။

❋❋❋



နဂါးစိမ်းဂိုဏ်းလက်မှ လွတ်မြောက်နိုင်ရန် လမ်းမကြီးအတိုင်း မပြေးဘဲ တောလမ်းအတိုင်း မောင်းနှင်ပြေးလွှားသွားလေသည်။

နဂါးစိမ်းဂိုဏ်းသားများကလည်း လူစုခွဲ၍ ဟုန်ဟုန်နောက်သို့ ထက်ကြပ်မကွာ လိုက်နေကြသည်။

ဟုန်ဟုန်က ထိုလူများလက်မှ လွတ်မြောက်နိုင်ရန် ကြမ်းတမ်းသော လမ်းများကိုသာ ရွေးချယ်ပြီးပြေးလွှားနေ၏။

မိုးလင်းသောအခါ သူသည် တောအုပ်မှထွက်လာနိုင်ခဲ့သည်။

သူမက မြင်ကွင်းတစ်ခုလုံးအား ပီပြင်စွာ မြင်တွေ့လိုက်သောအခါ ထိတ်လန့်တုန်လှုပ်သွားလေသည်။

အကြောင်းမှာ...

မြင်ကွင်းတစ်ခုလုံးမှာ သစ်ပင်ဝါးပင်တစ်ခုမှ မရှိဘဲ ကျောက်ဆောင် ကျောက်တုံးများသာရှိနေသောကြောင့်ဖြစ်သည်။

ထိုနေရာများတွင် နဂါးစိမ်းဂိုဏ်းသားများက သူမအား အမိဖမ်းနိုင်ရန် အလွန်လွယ်ကူနေသည် မဟုတ်ပါလား။

သူမစီးလာသော မြင်းမှာ မောဟိုက်နေသဖြင့် အရှိန်လျော့သွားသည်။ နောက်မှလိုက်လာသော မြင်းများမှာ တဖြည်းဖြည်းနီးကပ်နေ၏။

ဟုန်ဟုန်က စိတ်ဓာတ်ကျလာသည်။

ဝမ်းနည်းစွာ ငိုကြွေးလိုက်သည်။

"ဘိုးဘိုးရေ... ကျွန်မကို ကယ်ပါဦး..."

သူမသည် ကောင်းကင်သို့မော့၍ အသံကျယ်လောင်စွာ

www.burmeseclassic.com

www.burmeseclassic.com



ဖြင့် တိုင်တည်လိုက်လေသည်။

ထိုအချိန်မှာပင်… သူမ၏မြင်းက တောင်ကြားတစ်ခုထဲသို့ တိုးဝင်သွားလေသည်။

"အခုမှ ငါ သေတော့မယ်…"

သူမအတွက် ပြေးလမ်းမရှိတော့ပြီ။

"ဘာပဲဖြစ်ဖြစ်… အသေသာခံမယ်… သိုင်းကျမ်းကိုတော့ မပေးနိုင်ဘူး…"

သူမက သိုင်းကျမ်းကိုဆွဲထုတ်၍ ဆုတ်ဖြဲရန် ဟန်ပြင်လိုက်သည်။ ထိုအချိန်မှာပင် လူတစ်ယောက်အော်သံကို ကြားလိုက်ရသည်။

"ဟေ့… တောင်ကြားထဲ မဝင်နဲ့… အားလုံး နောက်ကို ဆုတ်ကြ…"

"ဘာဖြစ်လို့လဲဗျ…"

အခြားလူ၏မေးသံကို ကြားလိုက်ရပြန်သည်။

ပထမအသံရှင်က…

"ဒါဟာ လူမိုက်တောင်ကြားဆိုတာ မသိဘူးလား… မှားဝင်လို့ကတော့ အားလုံး သေသွားမယ်…"

ထို့နောက် မြင်းခွာသံများ တဖြည်းဖြည်းဝေးသွားပြီး နောက်ဆုံး လုံးဝမကြားရတော့ပေ။

❋✱❋

## လူမိုက်တောင်ကြား

ဟုန်ဟုန်သည် လူမိုက်တောင်ကြားဆိုသည်မှာ မည်ကဲ့သို့သော နေရာဖြစ်သည်ကို မသိပါ။

နဂါးစိမ်းဂိုဏ်းသားများကတောင် အဘယ်ကြောင့် ဤတောင်ကြားထဲသို့ မဝင်ဘဲ ရှောင်ကြပါသနည်း။

သူမသည် စဉ်းစားရင်း မြင်းကိုလွှတ်လပ်စွာ သွားစေပြီး တောင်ကြားအခြေအနေကို အကဲခတ်ကြည့်နေ၏။

တောင်ကြားလမ်းမှာ ဖြောင့်ဖြူးသည်။

မြင်းနှစ်ကောင်သာသာယှဉ်၍ သွားနိုင်သော လမ်းကျဉ်းလေးဖြစ်သည်။

လမ်း၏တစ်ဖက်တစ်ချက်တွင် တောင်နံရံကိုမှီ၍ အိမ်ကလေးများအစီအရီရှိနေကြသည်။

အိမ်ကလေးအားလုံးတို့မှာ ဖြစ်ကတတ်ဆန်းဆောက်ထားခြင်းဖြစ်သည်။

မြင့်သောအိမ် ရှိသည်။

ပုသောအိမ် ရှိသည်။

ကြီးသော အိမ်ရှိသည်။

www.burmeseclassic.com

www.burmeseclassic.com



သေးသောအိမ်ရှိသည်။

အိမ်ပုံစံများမှာလည်း လေးထောင့်ပုံ ရှိသည်။

ရှည်မျောမျောပုံ ရှိသည်။

စက်ဝိုင်းပုံရှိရုံမက တြိဂံပုံလည်း ရှိနေသည်။

ဟုန်ဟုန်က ပြုံးမိသည်။

ဤနေရာသည် အိမ်ပဒေသာဟုပင် ဆိုလောက်ပေသည်။

ဟုန်ဟုန်က မျက်လုံးအစုံဖြင့် ရှာဖွေကြည့်ရှုနေ၏။

တည်းခိုခန်းတစ်ခန်းခန်းရှိရမည်ဟုလည်း သူမက ယ

ကြည့်ထားသည်။

သူမက စိတ်ရှည်ရှည်ထားကာ ဆက်လျှောက်သွားရင်း

အိမ်တန်းများကုန်ခါနီး၌ အလွန်ကျယ်ဝန်းသော ခြံဝင်းတစ်ခုအား

လှမ်း၍ တွေ့မြင်လိုက်သည်။

အဆောက်အဦးမှာ သစ်သားဖြင့် ဆောက်လုပ်ထား

သည်ဖြစ်သော်လည်း ကျယ်ဝန်းလှပေသည်။

သူမက စိတ်သက်သာရာ ရလာသည်။

"တော်ပါသေးရဲ့... တည်းခိုခန်းတစ်ခုတော့ တွေ့ပြီ"

သူမက မြင်းပေါ်မှ ဆင်းလိုက်သည်။

ခြံဝင်းတံခါးပွင့်နေသော်လည်း ကြိုဆိုမည့်ဆိုင်လုလင်

တစ်ယောက်မှ ထွက်မလာပါ။

မြင်းကိုဆွဲ၍ ခြံဝင်းထဲရှိ သစ်ပင်တစ်ပင်၌ ချည်နှောင်

ပြီးသည်အထိ သူမထံသို့ ဆိုင်လုလင်ဟူ၍ တစ်ယောက်မှ ထွက်

မလာပါ။

"ဘယ်လိုဟာတွေလဲဟ... "



သူမက ညည်းညူလိုက်သည်။

ထို့နောက်... အထုပ်ကလေးဆွဲကာ အဆောက်အဦးထဲ

သို့ လှမ်းဝင်လိုက်လေသည်။

❋❖❋

ဟုန်ဟုန်သည် အဆောက်အဦးထဲသို့ လှမ်းဝင်လိုက်

သည်နှင့် ရှေ့သို့ခြေလှမ်း ဆက်မလှမ်းတော့ဘဲ ရပ်တန့်လိုက်

သည်။

တည်းခိုခန်းတိုင်း၌ ငွေသိမ်းစားပွဲရှိရမည်။ ငွေသိမ်းသူ

ရှိရမည်။ ယခုမှာမူ စားပွဲလည်း မရှိ။ ငွေသိမ်းသူလည်း မရှိ။

ခန်းမတစ်ခုလုံးမှာ ကြီးမားသော စားပွဲဝိုင်းတစ်လုံးသာ

ရှိသည်။ ခွေးခြေ (၅)လုံးက ဝိုင်းရံထားသည်။

စားပွဲပေါ်၌ ပန်းကန်အရွယ်အမျိုးမျိုး၊ ခွက်များ၊ တူများ

ရှုပ်ပွစွာ ပြန့်ကျဲနေ၏။

ပန်းကန်ထဲမှာလည်း စားကြွင်းစားကျန်များ စုပုံနေ၏။

ကြမ်းပြင်ပေါ်မှာလည်း ဖုန်အလိမ်းလိမ်းရှိနေသည်ကို

တွေ့ရလေသည်။ ဟုန်ဟုန် အတွေးရကျပ်သွားလေသည်။

"ဒါဟာ တည်းခိုခန်း မဟုတ်နိုင်ဘူးနဲ့တူတယ်... "

သူမက ယင်းသို့စဉ်းစားရင်း လှမ်းကြည့်လိုက်သည်။

ခန်းမနှင့် တစ်ဆက်တည်းအနောက်ဘက်တွင်အခန်း

(၅)ခန်း တညီတည်းရှိနေသည်ကို တွေ့ရလေသည်။

အခန်းတံခါးများ အားလုံးပွင့်နေ၏။

"အိမ်ရှင်ရှိလား ရှင်... "

www.burmeseclassic.com

www.burmeseclassic.com



သူမက အသံပြုလိုက်သည်။ သူမ၏ အသံပဲ့တင်ထပ်သွားသည်။

တုံ့ပြန်သော အသံလုံးဝမကြားရပါ။

"ဟို... အိမ်ရှင်..."

သူမက အသံကိုမြှင့်လိုက်သည်။

သို့တိုင်အောင် လူသံသူသံ လုံးဝမကြားရတော့...

"လူမနေတဲ့အိမ်များ ဖြစ်နေမလား..."

သူမက အသံတိုးတိုးဖြင့် အခန်းရှိရာသို့ လျှောက်သွားလေသည်။

ညာဘက်အစွန်ဆုံးရှိ အခန်းဝတွင် ရပ်လိုက်သည်။

"အိမ်ရှင်ရှိလား..."

သူမက အသံပြု၍ မေးလိုက်သည်။ အခန်းထဲ၌ တိတ်ဆိတ်နေ၏။ သူမက အခန်းထဲသို့ လှမ်းဝင်လိုက်သည်။ အိပ်ခန်းတစ်ခုလုံးမှာ အဝတ်အစားများ ရှုပ်ပွနေ၏။

ကွပ်ပျစ်တစ်လုံးမှ လွဲ၍ စားပွဲကုလားထိုင်စသည်များ မရှိပါ။ ကွပ်ပျစ်ပေါ်၌ ကျိုးကြေနေသော ဖျာကြမ်းခင်းထားသည်။ ခေါင်းအုံးရှိသည်။ စောင်ရှိသည်။

ခြင်ထောင်ရှိသည်။

အားလုံးက ညစ်ပတ်ပေရေ နံစော်နေ၏။

ဟုန်ဟုန်က အနံ့မခံနိုင်ဘဲ နှာခေါင်းကို လက်ဝါးဖြင့်အုပ်ကာ အခန်းမှထွက်လာခဲ့လေသည်။

သူမသည် ပြန်လည်ထွက်ခွာသွားခြင်းမရှိသေးဘဲ စူးစမ်းချင်စိတ်များဖြစ်ပေါ်လာသည်။

---



သူမက ကျန်ရှိသော အခန်း(၄)ခန်းကို တစ်ခန်းဝင်တစ်ခန်းထွက် ကြည့်ရှုလိုက်သည်။

သူမ ပထမဆုံးတွေ့ရှိသော အခန်းနှင့်ခြားနားခြင်းမရှိပေ။

"တန်တော့... ဒီအိမ်မှာ လူမနေတာ ကြာပြီနဲ့တူတယ်..."

သို့သော်... သူမသည် ခန်းမထဲ၌ရှိနေသော စားပွဲပေါ်မှ ဟင်းကြွင်းဟင်းကျန်များကို ပြန်လည်သတိရလာသည်။

ထို့ကြောင့်... သူမ၏အတွေးအခေါ်ကို ပြုပြင်ပြောင်းလဲလိုက်လေသည်။

"အိမ်ထဲမှာ လူနေရမယ်... ဟင်းကြွင်းဟင်းကျန်တောင် သိမ်မသိမ်းသေးဘူး... ဒါကြောင့် သူတို့က အရေးကိစ္စရှိလို့ ထွက်သွားတာပဲ ဖြစ်ရမယ်..."

သူမ စဉ်းစားရင်း တစ်ဖန် အခန်းတစ်ခုလုံးကို လှည့်ပတ်ကြည့်ရှုလိုက်သည်။

သူမ၏အတွေး မှန်ကန်သည်ကို သူမက သဘောကျသွားလေသည်။

အကြောင်းမှာ... သူမသည် ကျယ်ဝန်းသော မီးဖိုတစ်ဆောင်ကို တွေ့ရှိလိုက်ရသောကြောင့် ဖြစ်သည်။

မီးဖိုဆောင်ထဲ၌ အိုးခွက်ပန်းကန်များနှင့် ချက်ပြုတ်သော မီးဖိုများပြန့်ကျဲစွာရှိနေသည်ကို တွေ့ရသည်။

ထို့ပြင် ဆန်အပြည့်ရှိသော ဆန်အိုး...

ကျုံအပြည့်ရှိသော ကျုံအိတ်များ၊ ဆီများ၊ ဆား၊ ငြုပ်ရည်သည်တို့ကို တွေ့ရသည့်အပြင် ဝက်ပေါင်ခြောက်များကိုလည်း

www.burmeseclassic.com

www.burmeseclassic.com



တွေ့ရလေသည်။ သူမက ဝမ်းသာသွားသည်။

"ဘာပဲဖြစ်ဖြစ် ငါတော့... ဒီကနေ့ ဒီမှာပဲ ချက်ပြုတ်စ
သောက်ပြီး... တစ်ညလောက်တည်းခိုရမယ်..."

နောက်ဆုံးတွင် သူမက ဤသို့ ဆုံးဖြတ်လိုက်လေသည်။

❋✤❋

ဟုန်ဟုန်သည် မိန်းကလေးတစ်ယောက်ဖြစ်သည်။

သန့်ရှင်းမှုကိုလည်း နှစ်သက်သည်။

ချက်ပြုတ်မှုကိုလည်း ဝါသနာပါသည်။

ထို့ကြောင့် သူမသည် အစွန်ဆုံးအခန်းကို စတင်သန့်ရှင်
လိုက်သည်။

ရှိသမျှ ညစ်ပတ်သော အဝတ်များ၊ စောင်များ၊ ခြ
ထောင်များကို လျှော်ဖွတ်ရန် ရေစိမ်လိုက်သည်။

ထို့နောက် ကြမ်းပြင်မှဖုန်များ လှဲကျင်းလိုက်သည်။

ဟင်းကြွင်း၊ အကျန်များကို လွှင့်ပစ်ပြီး ပန်းကန်များ
ဆေးလိုက်သည်။

ညနေမီးထွန်းချိန် ရောက်လာသောအခါ မီးဖိုဆောင်
စပြီး အခန်း(၅)ခန်းအပါအဝင် ခန်းမကြီးပါ သန့်ပြန့်သွားလေ
သည်။ လျှော်ဖွပ်ထားသော အဝတ်များ၊ စောင်များ၊ ခြင်ထော
များမှာ ခြောက်သွားသည်။

ယခု... မီးဖိုဆောင်ရှိ ခေါင်းတိုင်မှာလည်း မီးခိုးတလူလူ
ထွက်နေ၏။

သူမသည် စားပွဲပေါ်သို့ ပန်းကန်၊ တူ၊ ဇွန်းများ ချထာ



သည်။ အသားမဲ့ပေါက်စီများကို ပန်းကန်ထဲသို့ ထည့်ထားသည်။

ဝက်ပေါင်ခြောက်ကိုလည်း ခုတ်ထစ်၍ ကြော်ထားရာ
မွှေးကြိုင်သော အနံ့များက လေထဲသို့ ပျံ့လွင့်သွားသည်။

သူမသည် မြင်းစာကျွေးပြီးနောက် ဖုန်တက်နေသော
ဆုံးကို ထွန်းညှိလိုက်ရာ အခန်းတစ်ခန်းလုံး လင်းထိန်သွားလေ
သည်။

သူမသည် အဝစားသောက်ပြီးနောက် အစွန်ဆုံး အခန်း
သို့ ဝင်ရောက်ပြီး လဲလျောင်းလိုက်ရာ အိပ်မောကျသွားလေ
တော့သည်။

❋✤❋

www.burmeseclassic.com

www.burmeseclassic.com

# လူမိုက်(၅)ယောက်

တောင်ကြားလမ်း တစ်ခုလုံး လူသူကင်းရှင်းနေ၏။

လမ်းတစ်ဖက်တစ်ချက်ရှိ အိမ်များမှာလည်း မီးရော
လုံးဝမတွေ့ရဘဲ မှောင်မည်း၍နေ၏။

ညဦးမနက်သေးသည် ဖြစ်သော်လည်း လမိုက်ညဖြ
ဝန်းကျင်တစ်ခုလုံး မှောင်မဲ၍နေ၏။

လူမိုက်(၅)ယောက်တို့သည် အမြဲတမ်း ဤအချိ
မြန်ရောက်တတ်သဖြင့် မြင်ကွင်းတစ်ခုလုံး မှောင်မဲနေသော်လည
အခက်အခဲမရှိ လျှောက်လှမ်းနိုင်ကြသည်။

"ဟောဗျာ... "

ရှေ့ဆုံးမှာ ရောက်နေသော လူမိုက်က ခြေလှမ်းရုတ်
ရက် ရပ်သွားပြီး အံ့သြသွားခြင်းဖြစ်သည်။

"ဟော့... အစ်ကိုခေါင်းကြီး ဘာဖြစ်တာလဲဟ... "

နောက်ဆုံး လူမိုက်က လှမ်းအော်လိုက်ခြင်းဖြစ်သ

ခေါင်းကြီးက သူ့အိမ်ကို လက်ညှိုးထိုးပြလိုက်သည်

"ငါတို့အိမ်မှာ မီးထိန်ထိန်လင်းနေတာကို မတွေ့
လား... "



ထိုအခါ ကျန်ရှိသော လူမိုက်တို့က အိမ်ကြီးထဲ၌ မီးများ ထိန်ထိန်ညီးနေသည်ကို သတိပြုမိလိုက်သည်။

"ဟုတ်တယ်ဟ... "

အခြားလူမိုက်တစ်ယောက်က ထောက်ခံလိုက်သည်။

"ဒီမီးအိမ်ကို ဘယ်သူက ထွန်းထားတာလဲ... "

"ခြေ့သည်ရောက်နေလို့များလား... "

"ဟဲ... ဟဲ... ငါတို့ကို ဘယ်သူက အပေါင်းအသင်းလုပ်
မှာလဲ... "

"ဒါလည်း ဟုတ်တယ်ဟ... "

"ဒါဖြင့် ဘယ်သူများပါလိမ့်... "

"ဟဲ့... သူခိုးများ ဝင်နေလား မသိဘူး... "

"ဟား... ဟား... ဟား... သူခိုးက မီးထွန်းပြီး ပစ္စည်းခိုး
လားကွ... "

"ကဲ... သူခိုးပဲထားပါဦး... ငါတို့ဆီမှာ ဘာများခိုးစရာ
ရှိလို့လဲ... "

လူမိုက် (၄) ယောက်တို့သည် တစ်ယောက်တစ်ခွန်း
အပြန်အလှန်ပြောကြရာ အသံများဆူညံစွာ ထွက်လာလေသည်။

"အားလုံး ပါးစပ်ပိတ်ထားစမ်း... "

ရှေ့ဆုံးမှာ ရောက်နေသော ခေါင်းကြီးက အော်ငေါက်
လိုက်တော့မှ အားလုံးပါးစပ်ပိတ်ထားသည်။

နောက်ဆုံး လူမိုက်က ထပ်မေးလိုက်သည်။

"ငါတို့ ဘာလုပ်နေကြမလဲ... "

ခေါင်းကြီးက...

www.burmeseclassic.com

www.burmeseclassic.com



"ကိုယ့်အိမ် ကိုယ်ပြန်တာပဲ... မီးထွန်းထားတာမြင်လို့ မပြန်ရဲကြတော့ဘူးလား..."

"အို... အစ်ကိုကြီးကလည်း ကျုပ်တို့ကို အထင်မသေး စမ်းပါနဲ့..."

"ငါတို့လူမိုက်(၅)ယောက် နာမည်ကြီးတာနဲ့ အားလုံး က ကြောက်ပြီးသားပါကွာ..."

ခေါင်းကြီးက ဒေါသကြီးစွာဖြင့်...

"မင်းတို့ ပါးစပ်ပိတ်ထားကြမလား... ငါက ပိတ်ပေး မလား..."

အားလုံးက ပါးစပ်ပိတ်ထားလိုက်လေသည်။

❋❖❋

ခေါင်းကြီး ဦးဆောင်သော လူ (၄)ယောက်သည် သတိ ကြီးစွာဖြင့် ခြံဝင်းထဲသို့လှမ်းဝင်သွားကြသည်။

"ဟိုမှာ..."

လူမိုက်တစ်ယောက်က တစ်နေရာသို့ လက်ညှိုးထိုးပြ လိုက်သည်။

"ဟိုမှာ ဘာဖြစ်သလဲ..."

ခေါင်းကြီးက လှည့်မေးလိုက်သည်။

လူမိုက်တစ်ယောက်က လက်ညှိုးထိုးပြလိုက်သောကြောင့် အားလုံးက မြင်းကိုမြင်တွေ့သွားလေသည်။

ခေါင်းကြီးက လေပူတစ်ချက်မှုတ်လိုက်သည်။

"တော်ပါသေးရဲ့..."



ဒုတိယလူမိုက်က...

"ဘာကိုတော်တာလဲ အစ်ကိုကြီး..."

"မြင်းတစ်ကောင်တွေ့လို့... တို့အိမ်ထဲမှာ လူတစ် ယောက်ပဲရှိတာ... မင်း မတွေးမိဘူးလား..."

"ဟုတ်သားပဲ အစ်ကိုကြီး..."

လူမိုက်(၅)ယောက်တို့သည် စိတ်ရဲလာကြပြီး ခြေလှမ်း သွက်သွက်ဖြင့် အိမ်ရှိရာသို့ လှမ်းလျှောက်သွားလေသည်။

❋❖❋

"ဟောဗျာ..."

ဤအသံသည် ခေါင်းကြီးက အခန်းထဲသို့ လှမ်းဝင်ရင်း လွှတ်ခနဲထွက်လာသော အသံဖြစ်သည်။

"ဘာလဲ... အစ်ကိုကြီး..."

လူမိုက်တစ်ယောက်က လှမ်းမေးလိုက်သည်။

"ဘာရပ်နေကြတာလဲ... အားလုံး ဝင်ကြည့်လေ..."

ကျန်လူမိုက် (၄)ယောက်က အခန်းထဲသို့ အသီးသီး လှမ်းဝင်လိုက်လေသည်။

သူတို့သည် မီးထွန်းထားပြီး စားပွဲကို တအံ့တဩငေး၍ ကြည့်မိကြလေသည်။ သူတို့အချင်းချင်းလည်း အပြန်အလှန် လှည့် ကြည့်ကြလေသည်။

"ဘာတွေဖြစ်ကုန်တာလဲ အစ်ကိုကြီးရဲ့..."

ခေါင်းကြီးက သူ၏အဆာမတန်ကြီးသော ခေါင်းကိုလက် ဝါးဖြင့် ပွတ်သပ်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"မင်းတို့က ငါ့ကိုမေးတယ်... ငါက ဘယ်သူ့ကို သွားမေးရမလဲ... "

"အစ်ကိုကြီးက ကျွန်တော်တို့ထဲမှာ ဉာဏ်အရှိဆုံးမို့ အားကိုးတကြီးနဲ့မေးနေရတာပေါ့... "

ထိုလူမိုက်၏ စကားကြောင့် ခေါင်းကြီးက ကိုယ့်ကိုကိုယ် အထင်ကြီးလာသည်။

"ဒါဖြင့် ငါပြောတာကို နားထောင်... "

အားလုံးပါးစပ်ပိတ်ပြီး နားစွင့်နေကြလေသည်။

ခေါင်းကြီးက...

"ငါတို့အိမ်မှာ ရောက်နေတဲ့လူဟာ ငါတို့နဲ့ရင်းနှီးတဲ့လူ ဖြစ်ရမယ်... "

လူမိုက်တစ်ယောက်က...

"အစ်ကိုကြီး ဘာကြောင့်ပြောနိုင်တာလဲ... "

"ဟိုမှာ မတွေ့ဘူးလား... ငါတို့စားဖို့ ပန်းကန်(၅)လုံး၊ တူ(၅)စုံ ပြင်ထားတယ်လေ... "

"ဒါဖြင့် အဲ့ဒီလူက ဘယ်မှာထိုင်စားရမှာလဲ... "

"သူက ငါတို့စားပြီးမှ စားမှာပေါ့... "

"ဒါနဲ့ ငါတို့ (၅) ယောက်မှာ မိတ်ဆွေတစ်ယောက်မှ မရှိဘူးမဟုတ်လား... "

ခေါင်းကြီးက ပါးစပ်ပိတ်ထားလိုက်လေသည်။

* * *



လူမိုက် (၅) ယောက်သည် စားပွဲဝိုင်းကို ဝိုင်းဖွဲ့၍ကြည့်လိုက်သည်။ မွှေးကြိုင်သော အနံ့အသက်ကြောင့် လူမိုက်တစ်ယောက်က မနေနိုင်တော့ဘဲ...

"ဒီလူက မိတ်ဆွေဖြစ်ဖြစ်... ရန်သူဖြစ်ဖြစ် ခဏထား... လိုက်ဦး... တို့ ဗိုက်ဖြည့်ဖို့က အရေးကြီးတယ်... "

သူက ခွေးခြေတစ်လုံးပေါ် ထိုင်လိုက်ပြီး အသားမဲ့ပေါက်ဆီကိုယူ၍ ဝက်ပေါင်ခြောက်နှင့် စတင်စားသောက်လိုက်သည်။

"ဟေ့... ဟေ့... နေဦးလေ... "

ခေါင်းကြီးက ဟန့်တားသည်ကို နားမထောင်ဘဲ ကိုယ့်နေရာကိုယ် ဝင်ထိုင်ကာ အားရပါးရစားသောက်လိုက်လေသည်။

ခေါင်းကြီးကလည်း ကမန်းကတန်းဝင်ရောက်လိုက်လေသည်။

* * *

www.burmeseclassic.com

www.burmeseclassic.com

# နတ်သမီးလေးလား

တခဏအကြာတွင် အသားမဲ့ပေါက်စီများ၊ ဝက်ပေါင်ခြောက်များ ပြောင်တလင်းခါသွားသည်။

ခေါင်းကြီးက မတ်တတ်ရပ်လိုက်ပြီး သူမိုက်ကို ပွတ်လိုက်သည်။

"ဝက်ပေါင်ခြောက်နဲ့ အသားမဲ့ပေါက်စီကို ငါစားခဲ့တာ နှစ်ပေါင်းကြာလှပြီ... ဒီလိုကောင်းတဲ့ အရသာမျိုး ဒီတစ်ခါပဲ စားဖူးတယ်... "

သူက စတင်၍ ချီးမွမ်းခန်းဖွင့်လိုက်ရာ ကျန် (၄)ယောက်ကလည်း အားကျမခံ ချီးကျူးလိုက်ကြလေသည်။

"စားလို့ကောင်းလိုက်တာ..."

"ဒီတစ်ခါပဲ ဝက်ပေါင်ခြောက် ဒီလောက်အရသာကောင်းတာ တွေ့ရတယ်... "

"အသားမဲ့ပေါက်စီကလည်း တော်တော်ကောင်းတယ်ဟ... "

နောက်ဆုံး လူမိုက်တစ်ယောက်မှာ ဤသို့ သတိပေးလိုက်လေသည်။



"စားကောင်းလို့ အားလုံးပြောင်သလင်းခါသွားပြီ... မတော်လို့ ဒီထဲမှာ အဆိပ်ခတ်ထားရင်... "

သူ၏ စကားမဆုံးမီ အားလုံးက ထိတ်ထိတ်ပျာပျာဖြစ်သွားသည်။

ခေါင်းကြီးက အော်ငေါက်လိုက်သည်။

"မင်းပါးစပ်ပေါက်ကို ပိတ်ထား... "

❋❋❋

ခေါင်းကြီးတို့အားလုံးကို အသံမထွက်ရန် လက်ညှိုးတစ်ချောင်းထောင်၍ အချက်ပေးလိုက်သည်။

ထို့နောက်... မီးလင်းနေသော အခန်းကို လက်ညှိုးထိုးပြလိုက်သည်။

ပြီးလျှင် သွားကြမည်ဟု လက်ဟန်ပြလိုက်ပြီး ထိုအခန်း (၅)ခန်းအနက် အစွန်ဆုံး မီးလင်းနေသော အခန်းထဲသို့ခြေသံမကြားစေဘဲ တစ်လှမ်းချင်း လှမ်းသွားသည်။

ကျန်လူမိုက် (၄) ယောက်တို့ကလည်း သတိကြီးစွာဖြင့် နောက်မှလိုက်သွားကြလေသည်။

ခေါင်းကြီးသည် အခန်းဝတွင် ခေတ္တရပ်လိုက်သည်။

ထို့နောက်... ကျန် (၄) ယောက်ကို လိုက်ဝင်လာရန် အချက်ပြလိုက်သည်။

မီးရောင်အောက်တွင် ဇွပ်ပျစ်ပေါ်၌ အိပ်ပျော်နေသော ဟုန်ဟုန်အား အံ့ညြစွာမြင်တွေ့လိုက်ရလေသည်။

ခေါင်းကြီးက...

www.burmeseclassic.com

www.burmeseclassic.com



“ဟာ... မိန်းကလေးတစ်ယောက်ပါလား...”

လူမိုက်တစ်ယောက်က...

“နတ်သမီးလေးများလား...”

နောက်တစ်ယောက်က...

“ငါတို့အိမ်မှာ အခုလိုသန့်ရှင်းနေတာ အရသာရှိအောင်... ချက်ကျွေးတာ သူပဲဖြစ်ရမယ်...”

အခြားတစ်ယောက်က...

“ဒီမိန်းကလေးက ဘာကြောင့်... ငါတို့ဆီကိုရောက်လာရတာလဲ...”

သူ့အသံက အနည်းငယ်ကျယ်လောင်သွားသဖြင့် ဟုန်ဟုန်က မျက်လုံးဖွင့်လာပြီး ဆတ်ခနဲထထိုင်လိုက်သည်။

ခေါင်းကြီးက လက်နှစ်ဖက်ကာပြလိုက်သည်။

“မကြောက်ပါနဲ့ မိန်းကလေး...”

ဟုန်ဟုန်က...

“ရှင်တို့က အိမ်ရှင်တွေလား...”

အားလုံးက ခေါင်းညိတ်ပြလိုက်သည်။

ခေါင်းကြီးက...

“ဟုတ်ပါတယ် မိန်းကလေး...”

ဟုန်ဟုန်က ထရပ်လိုက်သည်။

အားလုံးကို ဦးညွှတ်လိုက်သည်။

“ကျွန်မ အိုးရန်ဟုန်ဟုန်ပါ... ဒီအိမ်ကြီးကို တည်းခိုခန်းမှတ်လို့ ဝင်လာတာပါ... ဒီမှာလည်း အားလုံးအစုံအလင်ရှိနေတာ ကျွန်မကိုယ့်သဘောနဲ့ကိုယ် အခုလိုလုပ်မိတာ... တောင်းပန်ပါ



တယ်...”

လူမိုက်(၅)ယောက်လုံးက လက်ခါပြလိုက်သည်။

“အားမနာပါနဲ့... အခုလိုရှင်းလင်းပေးတာလည်း ကျေးဇူးတင်ပါတယ်...”

ဟုန်ဟုန်က...

“ဒီလိုဆိုရင်... ဒီတစ်ညတော့ ကျွန်မကို ဒီမှာတည်းခိုခွင့်ပြုပါ... မနက်ဖြန်စောစော ကျွန်မသွားပါ့မယ်...”

ခေါင်းကြီးက...

“မိန်းကလေးက ဘယ်ကိုသွားမှာလဲ...”

ဟုန်ဟုန်သည် ထိုစကားကိုကြားလိုက်ရတော့မှ ဝမ်းနည်းမိလာသည်။

“ကျွန်မဘယ်ကိုသွားရမလဲဆိုတာ... မပြောတတ်သေးပါဘူး...”

လူမိုက်(၅)ယောက်စလုံး အံ့သြသွားကြသည်။

တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်မိလေသည်။

ဟုန်ဟုန်က...

“ကျွန်မကို ရန်သူတစ်စုက သတ်ဖို့လိုက်နေလို့ ကျွန်မ ပြေးမိပြေးရာပြေးရင်း ဒီကိုရောက်လာရတာပါရှင်...”

ခေါင်းကြီးက...

“သြော်... ဟုတ်လား... ဒါဖြင့်ဘယ်ကိုသွားမယ်ဆိုတာ စိတ်ကူးမရသေးဘူးပေါ့...”

ဟုန်ဟုန်ကခေါင်းညိတ်ပြလိုက်သည်။

လူမိုက်တစ်ယောက်က...

www.burmeseclassic.com

www.burmeseclassic.com



"အစ်ကိုကြီး... သနားပါတယ်၊ သူ့ဒီမှာနေချင်သလောက် နေပါစေ..."

ကျွန်တစ်ယောက်က ထောက်ခံလိုက်သည်။

"ဟုတ်ပါတယ် အစ်ကိုကြီး..."

ခေါင်းကြီးက ဟုန်ဟုန်အား ပြုံးပြလိုက်သည်။

"မိန်းကလေးကို ဒီနေရာမှာ နေချင်သလောက်နေခွင့်ပြု ပါတယ်... လိုအပ်တဲ့အကူအညီလည်း ပေးပါ့မယ်..."

အမှန်တော့ ဟုန်ဟုန်လည်းနေလို၏။

သို့သော်... ထိုလူများအကြောင်းလည်း မသိ။

မိမိမှာလည်း မိန်းကလေးတစ်ယောက်ဖြစ်သဖြင့် မနေ သင့်သည်ကို စဉ်းစားမိသည်။

ထိုအခါ... ကိုယ်လုံးပိန်ပိန်ပါးပါး ယောကျ်ားဟန်ရှိသော အမျိုးသမီးတစ်ယောက်က ရှေ့သို့တိုးလာသည်။

"ညီမလေး ဘာမှမစိုးရိမ်နဲ့... ကျွန်မနာမည်က မိရင်လို့ ခေါ်တယ်... ညီမလေးနဲ့အတူ အဖော်အဖြစ်နေပေးပါ့မယ်..."

ဟုန်ဟုန်က စဉ်းစားချင့်ချိန်နေ၏။

ခေါင်းကြီးက ဦးညွှတ်လိုက်သည်။

"စိတ်ချ လက်ချနေနိုင်ပါတယ်... ဒါက အစ်ကိုကြီးရဲ့ ညီမ မိရင်ပါ... ယောကျ်ားလေး တစ်ယောက်လို ဝတ်ထားတာ ပါ... ညီမလေး... အစ်ကိုကြီးနာမည်ကတော့ ခေါင်းကြီးလို့ခေါ် တယ်..."

အခြားတစ်ယောက်က...

"ငါ့နာမည်ကတော့ "ရှဲရှဲ" လို့ ခေါ်တယ် တချို့ကတော့ သူတော်ကောင်းလို့ ခေါ်တယ်..."

ပိန်ပိန်ရှည်ရှည် တစ်ယောက်က ဦးညွှတ်၍...

"အစ်ကို့နာမည်က ရန်းရန်းလို့ ခေါ်ပါတယ်..."

ပုပုဝဝ ရှိသော လူကလည်း ဦးညွှတ်လိုက်သည်။

"ငါ့နာမည်ကတော့ 'ကြူးကွေ့' လို့ခေါ်ပါတယ်..."

ဟုန်ဟုန်က အားလုံးကို ပြန်လည်ဦးညွှတ်လိုက်သည်။

"အားလုံးရဲ့ စေတနာကို ကျွန်မတကယ်ပဲ ကျေးဇူးတင် ပါတယ်... ကျွန်မကို တစ်ညလောက် စဉ်းစားခွင့်ပေးပါလို့ တောင်း ပန်ပါတယ်..."

ခေါင်းကြီးက ရယ်မောလိုက်သည်။

"အစ်ကိုကြီးတို့က လူမိုက်တွေဆိုတော့ ညီမလေးစိတ် ချဖြစ်တာ... ညီမလေးမလွန်ပါဘူး... ဒါပေမယ့် ကြိုတင်ရှင်းပြ ပါရစေ..."

သူက ချောင်းတစ်ချက်ဟန့်လိုက်ပြီးမှ...

"ဒီမှာ... ညီမလေး အစ်ကိုကြီးတို့ဟာ လူမိုက်ကြီးတွေ ဆိုတာမှန်တယ်... ဒါပေမယ့် တခြားလူမိုက်တွေနဲ့ မတူဘဲ တမူ ထူးခြားတဲ့ လူမိုက်ကြီးတွေပါ..."

ဟုန်ဟုန်က သူ့အားအကဲခတ်ကြည့်နေ၏။

ခေါင်းကြီးက ဆက်၍ရှင်းပြလိုက်သည်။

"ငါတို့လူမိုက် (၅) ယောက်က မတရားတာ အနိုင်ကျင့် တဲ့ လူမိုက်တွေ မဟုတ်ဘူး... ဘယ်သူ့ကိုမှ မစော်ကားဘူး ကိုယ့် လုပ်အားနဲ့ကိုယ့်ဝမ်းကိုယ်ကျောင်းတဲ့ လူတွေပါ..."

ဟုန်ဟုန်က အနည်းငယ်စိတ်ဝင်စားလာသည်။



www.burmeseclassic.com

www.burmeseclassic.com



ခေါင်းကြီးက ဆက်၍...

"ဒါဖြင့် ဘာကြောင့်... ကျုပ်တို့ကို လူမိုက်ကြီး (၅) ယောက်လို့ ခေါ်နေကြတာလဲ..."

သူက ဆက်၍...

"ကျုပ်တို့က သူများမတရားတာလုပ်ရင်... အနိုင်ကျင့်ခံရတဲ့လူဘက်ကနေပြီး... မိုက်မိုက်ကန်းကန်းပြန်ချတယ်... အသက်အန္တရာယ် ကြုံတဲ့ လူတွေကိုကိုယ့်အသက်ကို ပဓာနမထားဘဲ မိုက်မိုက်ကန်းကန်းလိုက်ပြီး ကယ်တင်တယ်... ဆင်းရဲနွမ်းပါးတဲ့ လူတွေကို ငါတို့က မိုက်မိုက်ကန်းကန်းကူညီတယ်... အစတုန်းက ငါတို့အိမ်ဟာ ပစ္စည်းမျိုးစုံရှိတယ်... ချမ်းသာကြွယ်ဝတဲ့ အိမ်လို့ခေါ်နိုင်တယ်... ဆင်းရဲဒုက္ခရောက်တဲ့ လူတွေကို ဆေးဝါးကုသပေးတာရယ်... နေအိမ်မရှိတဲ့ လူတွေကို နေအိမ်ဆောက်ပေးတာရယ်... လက်ထဲမှာ ငွေမရှိတာနဲ့ ဒီပစ္စည်းတွေကို ရောင်းချပြီး မိုက်မိုက်ကန်းကန်းလှူလိုက်လို့ လူမိုက်ကြီး (၅) ယောက်လို့ အားလုံးက ခေါ်ကြတာပဲ ညီမလေး..."

မိရင်က ဟုန်ဟုန်အား ပြုံးပြလိုက်သည်။

"ဒီည ကျွန်မနဲ့ညီမလေးနဲ့ အတူတူနေမယ်... မနက်ဖြန်မနက်ညီမလေး ရွာထဲမှာစုံစမ်းလိုက်ပါ... အစ်ကိုကြီးရဲ့ စကားမှန်တယ်... ယုံကြည်တယ်ဆိုရင်... ဒီအိမ်မှာပဲ တို့နဲ့ပျော်သလောက်နေပေါ့..."

ဟုန်ဟုန်သည် ခေါင်းကြီးပြောပြသည်ကို နားထောင်ရင်း စိတ်ထဲမှာ ထိခိုက်ခံစားလာမိလေသည်။

"ကြည့်စမ်း... လောကပေါ်မှာ ဒီလိုစိတ်နှလုံးကောင်း



လူတွေရှိနေတာကို ဘယ်သူကမှ မသိကြဘဲကိုး..."

သူမက ယင်းသို့မှတ်ချက်ချပြီး အားလုံးကိုဦးညွှတ်လိုက်သည်။

"ကျွန်မဒီမှာ သင့်တော်တဲ့အချိန်ထိ နေပါ့မယ် ပြောပါရစေလားရှင်..."

လူမိုက် (၅) ယောက်တို့သည် ဝမ်းသာပျော်ရွှင်လွန်း၍ ရယ်မောကခုန်ကြသည်။

❋❋❋

www.burmeseclassic.com

www.burmeseclassic.com

## ရင်းနှီးမှု

(၅) ရက်

ဟုန်ဟုန်သည် လူမိုက်တောင်ကြားထဲတွင် နေထိုင်
သည်မှာ ယနေ့ဆိုလျှင် (၅) ရက်ပင် ရှိသွားပြီဖြစ်လေသည်။

ပထမ (၁) ရက် (၂)ရက်မှာ သူမသည် လူမိုက် (၅)
ယောက် အပေါ် စိတ်လုံးဝမချနိုင်သေးပါ။

ယခုမှာမူ လူမိုက် (၅) ယောက်တို့မှာ နာမည်ဆိုး
သလောက် စိတ်ထားအလွန်ကောင်းသော လူများဖြစ်ကြသည်
တွေ့ရှိလိုက်လေသည်။

သူတို့ (၅) ယောက်တို့မှာ ညီအစ်ကိုမောင်နှမ အရင်း
မဟုတ်ပါ။

တစ်ယောက်နှင့် တစ်ယောက်ကိုယ့်အကြောင်းနှင့်ကိုယ်
ဆုံစည်းကြပြီး ယခုကဲ့သို့ ညီအစ်ကိုမောင်နှမ အရင်းပမာရင်း
နှီးနှီးချစ်ချစ်ခင်ခင် နေထိုင်လာကြသည်ကို သိလာရသည်။

ဟုန်ဟုန်သည် သူမ၏ စားပညာကို နေရာကော
ကောင်းတစ်ခုရွေးချယ်ပြီး အပူတပြင်းလေ့ကျင့်ရတော့မည်မဟု
ပါလား။

ဤ...ရာသည် သူမအဖို့ စိတ်အာရုံစူးစိုက်စွာ လေ့ကျ



...သော နေရာကောင်းတစ်ခုဖြစ်သည်ကို တွေ့ရှိလိုက်ရလေ
သည်။

ထို့ကြောင့် သူမသည် ဤလူမိုက်တောင်ကြားတွင် ရက်
...လများနေထိုင်ပြီး စားပညာအောင်မြင်သည်အထိ လေ့ကျင့်
...ဆုံးဖြတ်လိုက်လေသည်။

ထို့ပြင် မိမိ၏အကြောင်းကို လူမိုက် (၅) ယောက်က
...ကိုသည့်မှာ သေချာသည်။

မိမိအပေါ် လည်း ညီမလေးအရင်းတစ်ယောက်ကဲ့သို့
...ခင်ကြသည်။

ကူညီကြသည် မဟုတ်ပါလား။

သူမသည် မိမိ၏အကြောင်းကို အသင့်အတင့်ပြောပြရန်
...ဖြတ်လိုက်သည်။

❋✤❋

လသာသော ည...

ဟုန်ဟုန်နှင့် လူမိုက် (၅) ယောက်တို့သည် စားပွဲဝိုင်းကို
...င်းမြေကွက်လပ်သို့ ပို့လိုက်ပြီး ကုလားထိုင်များကိုလည်း
...သင့်ပြင်ထားလေသည်။

ယခု ခွေးခြေတစ်လုံး ပိုလာသဖြင့် သူတို့ (၆) ယောက်
...သည် ဝိုင်းဖွဲ့ထိုင်နိုင်ကြသည်။

ယနေ့ည...

ဟုန်ဟုန်သည် အထူးပြုလုပ်ထားသော ဝက်သားပေါက်
...အခြားအစားအစာများဖြင့် ချက်ပြုတ်ထားရာ အားလုံးက ဝမ်း

www.burmeseclassic.com

www.burmeseclassic.com



ပန်းတသာ မြိန်ရေယှက်ရေ စားသောက်နေကြသည်။

အားလုံးစားသောက်ပြီးသွားသောအခါ ဟုန်ဟုန်က အ
ပြောမည့်စကားကို စတင်လိုက်လေသည်။

"အစ်ကိုကြီးတို့နဲ့ မမကို ကျွန်မ တစ်ခုခွင့်တောင်း
ပါတယ်… "

ခေါင်းကြီးက…

"ပြောစရာရှိရင်ပြောပါ… ခွင့်တောင်းစရာမလိုပါဘူး"

ဟုန်ဟုန်က ပြုံးလိုက်လေသည်။

"အစ်ကိုကြီးတို့ (၅) ယောက်က သွေးမတော်မျိုးမစပ်
အခုလို ညီအရင်းအစ်ကိုတွေလို… ချစ်ချစ်ခင်ခင်နဲ့ တစ်ယော
ကို တစ်ယောက်ရိုင်းပင်းကူညီတာ… ကျွန်မအတော်လေး အား
ပါတယ်… "

ခေါင်းကြီးက…

"တိုက်တိုက်ဆိုင်ဆိုင် ဒီနေ့ည အစ်ကိုကြီးက ညီမလေး
ကိုပြောစရာ ရှိသေးတယ်… "

ဟုန်ဟုန်က…

"ဒါဖြင့် အစ်ကိုကြီးအရင်ပြောပါ… "

ခေါင်းကြီးက…

"ငါတို့ (၅) ယောက်တိုင်ပင်ထားတာ တစ်ခုရှိတ
အဲ့ဒါဘာလဲဆိုရင်… ညီမလေးဟုန်ဟုန်ကို ငါတို့လူမိုက်
ယောက်အစား (၆) ယောက်အဖြစ်ဖိတ်ခေါ်ချင်လို့ပါ… "

ဟုန်ဟုန်က ဝမ်းသာသွားသည်။

"ကျွန်မ ပြောမှာကလည်း အဲ့ဒီစကားပါပဲ… "



"ဟုတ်လား… "

ခေါင်းကြီးက အံ့သြဝမ်းသာသွားလေသည်။

ကျန်လူမိုက် (၄) ယောက်တို့ကလည်း အလွန်ဝမ်းသာ
ပျော်ရွှင်သွားလေသည်။

"ငါတို့ ကြိုဆိုပါတယ်… "

ရှဲရှဲက လေးလေးနက်နက်ပြောလိုက်လေသည်။

ရန်းရန်းကလည်း လက်သီးလက်မောင်းတန်းမိသည်။

"ကြိုဆိုပါတယ် ညီမလေး… "

ကြူးကွေ့ကလည်း…

"ငါတို့မှာ ညီမလေးတစ်ယောက်တိုးလာပြီပေါ့… "

မိရင်က ဟုန်ဟုန်အား ပြေး၍ဖက်ထားလိုက်သည်။

"ဝမ်းသာလိုက်တာ ညီမလေးရယ်… "

ခေါင်းကြီးက…

"ကနေ့ညဟာ မင်္ဂလာရှိတဲ့ညတစ်ညပါ… အခုညီမလေး
တစ်ယောက်တိုးလာပြီ ဖြစ်တဲ့အတွက်… ငါတို့ဟာ လူမိုက် (၅)
ယောက် မဟုတ်တော့ဘူး… အခုအချိန်ကစပြီး လူမိုက် (၆)
ယောက်ဖြစ်ပြီလို့ တောင်ကြားတစ်ခုလုံးကို ကြေညာလိုက်မယ်…"

"ကောင်းတယ် အစ်ကိုကြီး မနက်ဖြန်ကျရင် ဒီသတင်း
အားလုံးကို ကြေညာလိုက်မယ်… "

သူတို့ (၆) ယောက်တို့သည် ဝမ်းပန်းတသာ ပြောဆိုပြီး
နောက် ဟုန်ဟုန်က လက်နှစ်ဖက်ကို မြှောက်၍ကာပြလိုက်သည်။

"ကျွန်မကို အခုလို လက်ခံလိုက်တဲ့အတွက်… ကျေးဇူး
တင်မဆုံးပါဘူး… ကျွန်မအကြောင်းကိုလည်း အစ်ကိုအစ်မတို့

www.burmeseclassic.com

www.burmeseclassic.com



သိချင်ကြမှာပဲ မဟုတ်လား... ”

အားလုံးက ခေါင်းညိတ်လိုက်သည်။

ဟုန်ဟုန်က...

“ကျွန်မဘဝကို အကြမ်းအားဖြင့် ပြောပြမယ်... အစ်ကိုကြီးတို့ သိချင်တာတွေရှိရင် မေးနိုင်ကြပါတယ်... ”

“ဟုတ်တယ်... ညီမလေးကို မမေးသာလို့သာနေကြတာ အားလုံးက သိပ်သိချင်ကြပါတယ်... ”

“ကျွန်မဟာ အိုးရန်အမျိုးအနွယ်ပါ ဇာတိကတော့... ခိုင်ဖုံးမြို့... ”

အားလုံးက တိတ်ဆိတ်စွာ နားထောင်ကြလေသည်။

ဟုန်ဟုန်က ဆက်၍...

“ကျွန်မရဲ့ဖခင်ဟာ ကျွန်မငယ်ငယ်ကတည်းက ကွယ်လွန်ခဲ့ပါတယ်... ”

“ညီမလေးက ကံဆိုးရှာပါတယ်... ”

မိရင်က စိတ်မကောင်းစွာဖြင့် ပြောလိုက်သည်။

ခေါင်းကြီးက...

“ညီမလေးရဲ့ ဖခင်က သိုင်းလောကသားလား... ”

“မှန်ပါတယ်ရှင်... ”

“သူ ဘာကြောင့်ကွယ်လွန်သွားရတာလဲ... ”

ဟုန်ဟုန်၏ မျက်နှာညှိုးကျသွားလေသည်။

“ဖေဖေဟာ ခက်ခဲတဲ့သိုင်းပညာရပ်တစ်မျိုးကို လေ့ကျင့်ရင်း... အတွင်းဒဏ်ရာရပြီး ကွယ်လွန်သွားတာပါ... ”

ကြူးကွေ့က...



“သိုင်းသမားတွေဆိုတာ ဒီလိုပါပဲ... သိုင်းပညာကို လောဘကြီးကြတယ်လေ... ”

“ကြူးကွေ့မင်းပါးစပ်ကို ပိတ်ထားစမ်း... ”

ခေါင်းကြီးက အော်ငေါက်လိုက်သည်။

ကြူးကွေ့က ပါးစပ်ကိုလက်ဝါးဖြင့် ပိတ်လိုက်သည်။

ခေါင်းကြီးက...

“ကဲ... ညီမလေး ဆက်ပြော... ”

“ကျွန်မ အဘိုးဟာ သိုင်းပညာရှင်တစ်ယောက်ပါ... ဒါပေမယ့် အခုမရှိတော့ပါဘူး... ”

“သူက ရိုးရိုးကွယ်လွန်တာလား... ”

“မဟုတ်ဘူး... မသမာတဲ့လူတွေ လက်ချက်ကြောင့်... ”

သူမက ပြောရင်း အသံတိမ်ဝင်သွားသည်။

လူမိုက်ကြီး (၅)ယောက်က မခံမရပ်နိုင်ဖြစ်လာလေသည်။

ခေါင်းကြီးက...

“ဒီမသမာသူက ဘယ်သူလဲ... ”

ဟုန်ဟုန်က...

“နဂါးစိမ်းဂိုဏ်းက လူတွေ... ”

ခေါင်းကြီးက ခေါင်းကုတ်လိုက်လေသည်။

“ငါတို့တတော့ သိုင်းလောကနဲ့ သီးခြားဖြစ်နေလို့... နာမည်မကြားဖူးဘူး... သူတို့သိုင်းပညာတော်လား... ”

“နဂါးစိမ်းဂိုဏ်းဆိုတာ အရင်တုန်းကမရှိဘူး... ဒီ (၃-၄) နှစ်ကမှ ပေါ်လာတာပါ... ”

www.burmeseclassic.com

www.burmeseclassic.com



ရန်းရန်းက...

"ညီမလေးရဲ့ ဘိုးဘိုးနဲ့ နဂါးစိမ်းဂိုဏ်းနဲ့က ရန်ငြိုးရှိလို့လား... "

ဟုန်ဟုန်က ခေါင်းခါရမ်းလိုက်သည်။

"မဟုတ်ပါဘူး... "

မီရင်က...

"ဒါဖြင့် သူတို့က ဘာကြောင့်... ညီမလေးရဲ့ ဘိုးဘိုးကို သတ်ရတာလဲ... "

ဟုန်ဟုန်က...

"အဘိုးဆီမှာ ရှိတဲ့သိုင်းကျမ်းတစ်ခုကို... သူတို့လိုချင်လို့ပါ... "

ရန်းရန်းက...

"တော်တော်ယုတ်မာတဲ့ လူတွေ... "

ခေါင်းကြီးက...

"ဒီလိုဆိုရင် ညီမလေးကသူတို့ရဲ့ရန်ကို ကြောက်လို့ ထွက်ပြေးခဲ့တာ ဖြစ်ရမယ် ဟုတ်လား... "

ဟုန်ဟုန်က ခေါင်းညိတ်လိုက်သည်။

"ဟုတ်ပါတယ်... သူတို့က ဘိုးဘိုးဆီက မရတာနဲ့... ကျွန်မဆီမှာ ရှိမယ်ဆိုပြီး ကျွန်မနောက်ကို လိုက်လာကြလို့... ကျွန်မလွတ်ရာ ကျွတ်ရာကို ပြေးရင်းဒီအထဲကို ရောက်လာရတာပါ... "

လူမိုက် (၅) ယောက်တို့သည် ငယ်ရွယ်သူ ဟုန်ဟုန်၏ ဝမ်းနည်းကြေကွဲဖွယ်ရာ ဇာတ်လမ်းစုံကို ကြားမိလိုက်သောအခါ...

အားလုံးက စိတ်မကောင်းစွာဖြင့် ဆိတ်ဆိတ်နေကြလေတော့သည်။



ဝန်းကျင်တစ်ခုလုံး တိတ်ဆိတ်၍နေ၏။

မည်သူကမှ စကားမပြောကြဘဲ ဟုန်ဟုန်၏ဝမ်းနည်းကြေကွဲဖွယ်ရာ ကံကြမ္မာကို ဟုန်ဟုန်နှင့် ထပ်တူထပ်မျှ ခံစားနေကြသည်။

အတန်ကြာတော့ ခေါင်းကြီးက စကားစတင်လိုက်သည်။

"ဒါနဲ့ ညီမလေး... အခုလို ညီမလေးထွက်ပြေးနေလို့ ဖြစ်ပါ့မလား... ဒါနဲ့ ညီမလေးရဲ့ မိခင်ကကော အိမ်မှာပဲလား..."

"မိခင်ကိုတော့ သူရဲ့အရင်းနှီးဆုံး မိတ်ဆွေဖြစ်တဲ့ သီလရှင်ကျောင်းကို ပို့ပေးထားပါတယ်... "

ခေါင်းကြီးက ခေါင်းညိတ်လိုက်သည်။

"ကောင်းတယ် ဒါစိတ်ချရတာပေါ့... "

"ကျွန်မလည်း နေရာတစ်ခုရှိပြီ သူတို့ကိုလက်စားချေနိုင်အောင်... ဓားပညာ ကျင့်ဖို့ စဉ်းစားထားပါတယ်... "

ရန်းရန်းက...

"အခုနေရာ ရှာစရာမလိုတော့ဘူး... ဒီခြံဝင်းထဲမှာပဲ လေ့ကျင့်ပေါ့ ဒါမှမဟုတ်ရင်... တောင်ကပြင်ပေါ် တက်ကျင့်မလား... အရမ်းလှပြီး စိတ်ချလုံခြုံရတဲ့ နေရာတွေပါ... "

"ကျေးဇူးတင်ပါတယ်... ကျွန်မဒီတောင်ကြားမှာပဲ ဓားပညာကို လေ့ကျင့်ဖို့ ဆုံးဖြတ်ပါတယ်... "

အားလုံးက ဝမ်းသာပြီး အားပေးကြလေသည်။

ခေါင်းကြီးက ချောင်းတစ်ချက်ဟန့်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"အားလုံး တိတ်တိတ်နေကြပါ... အစ်ကိုကြီး အရေးကြီးတဲ့... စကားတစ်ခွန်း ပြောပြချင်ပါတယ်... "

အားလုံးက ဆိတ်ဆိတ်နေကြကုန်သည်။

ခေါင်းကြီးက အားလုံးကိုကြည့်လိုက်သည်။

"ညီလေး... ညီမလေးတို့ ကြားကြတဲ့အတိုင်းပဲ... ဟုန်ဟုန်ကိစ္စဆိုရင် ငါတို့ကိစ္စပဲ... ဒါကြောင့် အချိန်တန်ရင် ဟုန်ဟုန်ကို တစ်ဖက်တစ်လမ်းကနေ ကူညီပေးနိုင်ဖို့ငါတို့ ပစ်ထားတဲ့ သိုင်းပညာတွေကို မနက်ဖြန်ကစပြီး ပြန်လေ့ကျင့်ဖို့ လုပ်ကြရမယ်... "

ကျန်လူမိုက် (၄) ယောက်က ဝမ်းသာစွာနှင့် သိုင်းပညာကို ပြန်လေ့ကျင့်မည့်အကြောင်း ကတိပေးကြလေသည်။

ဟုန်ဟုန်သည် အထီးကျန်ဘဝနှင့် အကူအညီမဲ့သော ဒုက္ခကိုခံစားနေရသည်။

ယခု ဆွေမတော်မျိုးမစပ်သော ထိုလူမိုက် (၅) ယောက်က အကူအညီပေးရန် ပြတ်ပြတ်သားသား ကတိပေးကြသောအခါ စိတ်ထဲမှာ လှုပ်ရှားလာပြီး မျက်ရည်ဝဲလာလေသည်။

သူမက အားလုံးကို ဦးညွှတ်၍

"အစ်ကို အစ်မအားလုံးကို ကျေးဇူးတင်ပါတယ်... "

❋❋❋

## အအေးသိုင်း

ထိုအချိန်ကစပြီး ဟုန်ဟုန်သည် ဘိုးဘိုးပေးထားသော သိုင်းကျမ်းကို ဆက်လေ့လာပြီး အအေးသိုင်းပညာကို ဆက်၍လေ့ကျင့်လေသည်။

သူမသည် နံနက်စောစော တစ်ကြိမ်၊ ညနေတစ်ကြိမ် တောင်ကပြန့်ထိပ်ပေါ်သို့ တက်၍ လေ့ကျင့်လေသည်။

လူမိုက်ကြီး (၅) ယောက်တို့ကလည်း နံနက်စောစော တစ်ကြိမ်ခြံဝင်းထဲ၌ သူတို့တတ်မြောက်ထားသော သိုင်းများကို ကြိုးစားပမ်းစားလေ့ကျင့်နေကြသည်။

❋❋❋

www.burmeseclassic.com

www.burmeseclassic.com

# ဒဏ်ရာနှင့်လူတစ်ယောက်

နေ့ရက်များသည် ကုန်မှန်းမသိကုန်ဆုံးသွား၏။

ဟုန်ဟုန်သည် စားပညာ လေ့ကျင့်ခဲ့သည်မှာ (၆) လပင်ပြည့်ပြီး ဖြစ်လေသည်။

ယခုမှ သိုင်းပညာ၏ အစွမ်းထက်ပုံကို ကောင်းစွာနားလည်မိသည်။

သူမသည် အအေးဓားသိုင်းကွက်များကို အစမှအဆုံး လေ့ကျင့်လိုက်သောအခါ...

ပတ်ဝန်းကျင်လေထုများသည် ရွေ့လျားလှုပ်ခါလာ၍ အေးစိမ့်သော အငွေ့အသက်များသည် သိုင်းတစ်ကွက်တိုင်း တစ်ကွက်တိုင်းမှာ ပို၍ပို၍ အေးစိမ့်လာလေသည်။

ဝန်းကျင်တစ်ခုလုံးနှင်းဖွဲများ ကျလာသည်လားဟုထင်မှားမိလာသည်။

သူမသည် သူမ၏ သိုင်းပညာကို အလွန်ကျေနပ်အားရလာသည်။ ထို့ကြောင့်ပို၍ ကြိုးစားလေ့ကျင့်လာသည်။

❋❖❋



နံနက်...

နေလုံးကြီးသည် မိုးကုတ်စက်ဝိုင်းမှ ခေါင်းပြူစပြူလာသည်။

ဟုန်ဟုန်သည် မြင့်မားသောတောင်ကပြန်ပေါ်၌အအေးသိုင်းကွက်များကို အစမှအဆုံး သေသေချာချာလေ့ကျင့်နေ၏။

သိုင်းလေ့ကျင့်မှုပြီးဆုံးသွားသည်နှင့် နေလုံးကြီးသည် သစ်ပင်၏ ထိပ်ဖျားသို့ ရောက်ရှိနေ၏။

သူမသည် ချွေးသီးချွေးပေါက်များကို သုတ်ရင်းသဘာဝပတ်ဝန်းကျင် ရှုခင်းကိုလှမ်း၍ ရှုစားနေ၏။

သူမက လေပူတစ်ချက်မှုတ်ထုပ်လိုက်သည်။

"ငါ့ဓားပညာ အောင်မြင်သွားပြီ မကြာမီဒင်းတို့ကို လက်စားချေရတော့မယ်..."

ဟုကြုံးဝါးလိုက်သည်။

သူမသည် ဓားကိုဓားအိမ်ထဲထိုးသွင်းပြီး ကျောမှာပိုးအားလိုက်သည်။

တောင်ကမြန်ပေါ်မှ ဆင်းရန်ခြေလှမ်းပြင်လိုက်သည်။

အမှတ်မထင် သူမ၏ မျက်လုံးအစုံသည် တောင်ကြားလမ်းမရှေ့သို့ရောက်ရှိသွားသည်။

ထိုနေရာတွင် ဖုန်များတထောင်းထောင်း ထနေ၏။

သူမက သေသေချာချာကြည့်နေ၏။

ဖုန်တထောင်းထောင်းထနေသည့် ကြားမှ မြင်းဖြူတစ်ကောင်တိုးထွက်လာသည်ကို မြင်တွေ့လိုက်ရလေသည်။

သူမက မျက်မှောင်ကုတ်သွားသည်။

www.burmeseclassic.com

www.burmeseclassic.com



မြင်းဖြူပေါ်တွင် လူတစ်ယောက်က မှောက်လျက်ပါ
လာသောကြောင့်ဖြစ်သည်။

မြင်းဖြူနောက် မြားနှစ်ပစ်စာခန့် ဝေးသောနေရာ၌ မြင်
များသည် သူ့ထက်ငါမြင်းဖြူနောက်သို့ လိုက်လာသည်ကို မြင်တွေ
လိုက်ရလေသည်။

မြင်းအကောင် (၂၀)ခန့် ရှိမည်ဟု ထင်ရလေသည်။

မြင်းပေါ်၌ ပါရှိလာသော လူများ၏ အစိမ်းရောင်အဝတ်
အစားကို မြင်လိုက်သည်နှင့် သူမ၏စိတ်ထဲတွင် ခံပြင်းသော အရိ
အယောင်များဖြစ်လာသည်။

ထိုလူစုသည် သူမ၏အဘိုးကို သတ်၍ သူမတို့၏ အေ
ချမ်းသောဘဝကို ချေဖျက်ခဲ့သော နဂါးစိမ်းဂိုဏ်းမှ လူများဖြ
နေသည် မဟုတ်ပါလား။

ယခု ထိုလူများသည် လူတစ်ယောက်ကို သဲသဲမဲမဲလိုက်
သတ်ရန် ကြိုးစားနေပြန်လေသည်။

ထိုလူသည် မည်သူမှန်း သူမ မသိရသော်လည်း မိမိကဲ့သ
ဘဝတူတစ်ဦးပင် ဖြစ်ရမည်ဟု ထင်မိလေသည်။

"မဖြစ်ဘူး... ငါသွားကယ်မှပဲ..."

သူမသည် တောင်ကပြန်ပေါ်မှ ပြေးဆင်းလာလေသည်

❋✲❋

ဟုန်ဟုန်သည် ခြံဝင်းထဲသို့ ပြေးဝင်သွားလေသည်။

ခြံဝင်းထဲ၌ သိုင်းကိုယ်စီလေ့ကျင့်နေသော ခေါင်းကြီး
လူစုနှုတ်ဆက်သည်ကိုပင် ပြန်မနှုတ်ဆက်နိုင်ပါ။



သူမသည် မြင်းပေါ်သို့ လွှားခနဲခုန်တက်လိုက်ပြီး ကြိုး
ဖြုတ်လိုက်သည်။

ထို့နောက်...

ခြံဝင်းထဲမှ ပြေးထွက်သွားလေသည်။

❋✲❋

ခေါင်းကြီးတို့ (၅) ယောက်သည် နားမလည်နိုင်ဘဲ တစ်
ယောက်ကိုတစ်ယောက်ကြည့်နေကြသည်။

မိရင်က စတင်အသံပြုလိုက်သည်။

"အစ်ကိုကြီး... ညီမလေးက ရန်သူကို တွေ့လိုက်လို့နဲ့
တူတယ်..."

ရန်းရန်းက...

"ဟုတ်လိမ့်မယ်..."

ရှဲ့ရှဲ့က...

"မိရင်ပြောတာ ဖြစ်နိုင်တယ်..."

ခေါင်းကြီးက အော်လိုက်သည်။

"ဘာငေးနေကြတာလဲ... အားလုံးလိုက်ကြ..."

လူမိုက်ကြီး (၅) ယောက်တို့သည် လက်နက်ကိုယ်စီ ဆွဲ
ကာ ခြံဝင်းထဲမှ ပြေးထွက်လာပြီး ဟုန်ဟုန်နောက်သို့ လိုက်သွား
ကြလေသည်။

❋✲❋

www.burmeseclassic.com

www.burmeseclassic.com



ဟုန်ဟုန်သည် ရှေ့မှပြေးသူနှင့် နောက်မှလိုက်သူမျ
လူမိုက်တောင်ကြားအနီးသို့ ရောက်ရှိလာသည်ကို တွေ့လိုက်
သည်။

ရှေ့ဆုံး မြင်းဖြူပေါ်၌ လူတစ်ယောက်မှောက်လျ
တစ်ကိုယ်လုံး သွေးခြင်းခြင်းနီရဲနေသည်ကို တွေ့ရသည်။

ဒဏ်ရာပြင်းထန်နေသည်မှာ ထင်ရှားလှသည်။

သို့တိုင်အောင် ထိုလူက လက်ထဲမှ ဓားကိုကျစ်ကျစ်
အောင် ဆုပ်ထားသည်ကို တွေ့ရသည်။

သူမသည် မြင်းဖြူကျော်ဖြတ်သွားအောင် လမ်းဖယ်ပေ
လိုက်သည်။

ထို့နောက်မြင်းပေါ်မှ ခုန်ဆင်းလိုက်ပြီး ဓားကိုဆွဲထုတ်
ကာ လိုက်လာနေကြသော နဂါးစိမ်းဂိုဏ်းသားများကို တိုက်ခို
ရန်ဟုန်ပြင်လိုက်လေသည်။

"သေချင်လို့လား... "

ရှေ့ဆုံးမြင်းပေါ်မှလူက အော်ငေါက်ရင်း ဓားဖြင့်ခုတ
ချလိုက်သည်။ ဟုန်ဟုန်က ရှောင်တိမ်းလိုက်ပြီး ဓားဖြင့်မြင်း၏ခြေ
ထောက်ကို ရိုက်ချလိုက်ရာ ဓားချက်ထိ၍ မြင်းခြေထောက်ခေါ
၍ လဲကျသွားရာ မြင်းပေါ်မှ နဂါးစိမ်းဂိုဏ်းသားလည်း ပြုတ်က
သွားသည်။

"ဟေ့... တချို့ နောက်ဆက်လိုက်သွား... ဒီနေရာမှာ
ငါနေခဲ့မယ်... "

နှုတ်ခမ်းမွှေးကားသော လူတစ်ယောက်က အမိန့်ပေ
ရင်း မြင်း(၅)ကောင်ခန့်က ဟုန်ဟုန်အား ဝိုင်းရံစေသည်။



ကျန်ရှိသော မြင်းများသည် မြင်းဖြူနောက်သို့ လိုက်သွား
ကြလေသည်။

ဟုန်ဟုန်သည် မိမိ၏အမှားကို နောင်တရမိသည်။

"ငါက ဒဏ်ရာရတဲ့လူကို မကယ်ဘဲ... သူတို့ကိုတိုက်ဖို့
နေစောနေလို့... အဲ့ဒီလူကိုတော့ ကယ်လို့မရတော့ပါဘူး..."

သူမက ပို၍ခံပြင်းလာသည်။

သူအားဝိုင်းရံထားသော မြင်းပေါ်မှ လူ(၅)ယောက်ကို
င်းပြင်းထန်းထန်တိုက်လိုက်သည်။

သူမ၏ တိုက်ခိုက်မှုမှာ ဤမျှပြင်းထန်လိမ့်မည်ဟု နဂါး
မ်းဂိုဏ်းသားတို့က မထင်မိချေ။

နှုတ်ခမ်းမွှေးကားသောလူက...

"ဟေ့... ဒီမြွေဟောက်မလေးကို အထင်မသေးနဲ့...
ာသေသတ်လိုက်... "

သူက အမိန့်ပေးပြီးနောက် မြင်းပေါ်မှ ခုန်ဆင်းလိုက်
ည်။

ကျန်မြင်းပေါ်မှ နဂါးစိမ်းဂိုဏ်းသားတို့က ခုန်ဆင်းလိုက်
း ဟုန်ဟုန်အား ဝိုင်းရံထားလိုက်သည်။

သူတို့သည် ပြင်းထန်သော တိုက်ကွက်ကို စတင်လိုက်
သသည်။

နဂါးစိမ်းဂိုဏ်းသား(၅)ယောက်တို့သည် မြင်းကိုယ်စီ
င် မြင်းဖြူနောက်သို့ လိုက်လာကြလေသည်။

မြင်းဖြူသည် အလွန်လိမ္မာသော မြင်းတစ်ကောင်ဖြစ်
ည်။

www.burmeseclassic.com

www.burmeseclassic.com



သူ့သခင် လွှတ်ရာလွှတ်ကြောင်း အစွမ်းကုန်ပြေးရင်း အခြားပြေးလမ်းမရှိသည်ကို တွေ့ရသဖြင့် လူမိုက်တောင်ကြား သို့ ပြေးဝင်သွားလေသည်။

သူ့နောက်သို့ လိုက်လာကြသော နဂါးစိမ်းဂိုဏ်းသား (၅) ယောက်တို့သည် မြင်းဖြူနောက်သို့ သဲသဲမဲမဲလိုက်လာသဖြင့် လူမိုက်တောင်ကြားဟု သတိမရတော့ဘဲ ထပ်ကျပ်မခွာလိုက် ဝင်သွားလေသည်။

ထိုအချိန်မှာပင် လူ (၅) ယောက်သည် ဘွားခနဲပေါ်လာ လေသည်။

သူတို့သည် ကျောက်တုံးကျောက်ခဲများဖြင့် မြင်းပေါ် လူကို မတိုက်ဘဲ မြင်းများကို ပစ်ပေါက်လိုက်သည်။

ထိုလူ(၅)ယောက်လက်ထဲတွင် ပါရှိသော ကျောက် များမှာ အရွယ်ကြီးလှသည် မဟုတ်ပါ။

ကြက်ဥအရွယ်မျှသာ ရှိသည်။

နဂါးစိမ်းဂိုဏ်းသားတို့က လုံးဝအထင်မကြီးပါ။

သို့သော်...

သူတို့အမှားကြီး မှားသွားလေသည်။

ထိုကျောက်ခဲများသည် မြင်းကိုထိမှန်လိုက်သည်နှင့် မြ များ တစ်ကောင်မကျန် အတုံးအရုံးလဲကျသွားလေသည်။

နဂါးစိမ်းဂိုဏ်းသား (၅)ယောက်စလုံး မြင်းပေါ်မှ လွ စင်ကျသွားလေသည်။

သူတို့အား တိုက်ခိုက်လိုက်သော လူ(၅)ယောက် ခေါင်းကြီးတို့လူစုဖြစ်လေသည်။



ခေါင်းကြီးက အောင်ဝေါက်လိုက်သည်။

"ရာရာစစ... ငါတို့နယ်မြေကိုတောင် ကျူးကျော်ဝင် ရောက်ရဲပါလားကွ..."

နဂါးစိမ်းဂိုဏ်းသား နှစ်ယောက်က တိုက်ခိုက်ရန်ဟန် ပြင်လိုက်သည်။

အခြားသုံးယောက်ထဲမှ တစ်ယောက်က အော်လိုက် သည်။

"ဒီတောင်ကြားထဲကို မဝင်ရဘူးလို့... အထက်ကအမိန့် ပေးထားတယ်... နောက်ဆုတ်ကြ..."

သူတို့အသီးသီး နောက်ဆုတ်သွားကြပြီး သူတို့လူစုရှိရာ သို့ ခြေလျင်ပြေးသွားရလေသည်။

❋❋❋

ဟုန်ဟုန်သည် နဂါးစိမ်းဂိုဏ်းသား (၅)ယောက်နှင့်ယှဉ် ပြိုင်တိုက်ခိုက်ရာ အပေါ်စီး၌ ရထားသည်။

သူမက အားတက်လာလေသည်။

မိမိ၏သိုင်းပညာကို ပို၍ယုံကြည်လာသည်။

သူမက အံကိုကြိတ်၍ ဖိတိုက်လိုက်ရာ ထိုနဂါးစိမ်းဂိုဏ်း သား (၅)ယောက် တဖြည်းဖြည်း နောက်ဆုတ်သွားလေသည်။

ထိုအချိန်မှာပင် မြင်း (၁၀) ကောင်ထပ်မံရောက်ရှိလာ ပြီး ဟုန်ဟုန်အား ဝိုင်းရံထားလိုက်လေတော့သည်။

❋❋❋

www.burmeseclassic.com

www.burmeseclassic.com



ဟုန်ဟုန်သည် သတ္တိရှိသော မိန်းကလေးတစ်ယောက် ဖြစ်လေသည်။

သူမ၏ဘိုးဘိုးအား လုပ်ကြံသတ်ဖြတ်သွားသော နဂါး စိမ်းဂိုဏ်းသားတို့ကို လက်စားချေရန် သန္နိဋ္ဌာန်ချထားသည်။

ထို့ကြောင့် ယခုနဂါးစိမ်းဂိုဏ်းသားများစွာက ဝိုင်း တိုက်ခိုက်လာသောအခါ ကြောက်ရွံ့ခြင်းကို မေ့လျော့ပြီး အံ တင်းတင်းကြိတ်ကာ သူမ၏ အအေးဓားသိုင်းပညာကို ထပ် အသုံးပြုလိုက်လေသည်။

သူမ၏ ဓားပညာမှာမညံ့ပါ။

သို့သော်...

လက်တွေ့ရင်ဆိုင်တိုက်ခိုက်ရာ၌ အတွေ့ကြုံရင့်ကျ ကြသည်။

ထို့ပြင်... သူတို့က အများစုဖြစ်၍ တိုက်ပွဲအနည်းငယ် ကြာလာသောအခါ အသာစီးမှုရလာလေသည်။

သူတို့သည် တိုက်ခိုက်ရာ၌လည်း ပါးနပ်လှပေသည်။

ဟုန်ဟုန်၏ ဓားမှာလွင့်ပျံ့ထွက်ပေါ်လာသော အအေး ဓာတ်စက်ဝိုင်းထဲသို့ တိုးမဝင်ဘဲ တစ်ယောက်နှင့် တစ်ယောက် နေရာ အပြောင်းအလဲပြု၍ တိုက်ခိုက်လာလေသည်။

ဟုန်ဟုန်မှာ အချိန်ကြာလာသောအခါ မောပန်းလာလေ သည်။

တိုက်စစ်အားလည်း ပျော့လာလေသည်။

"ဝိုင်းထား... မလွတ်စေနဲ့..."



နဂါးစိမ်းဂိုဏ်းသားများ၏ ခေါင်းဆောင်က ထပ်မံအမိန့် ပေးလိုက်သည်။

နဂါးစိမ်းဂိုဏ်းသားများတို့သည် ဝိုင်းထားသော စက်ဝိုင်း ကို တဖြည်းဖြည်းကျုံလာသည်။

ဟုန်ဟုန်အဖို့ အခြေအနေ ပို၍ဆိုးရွားလာသည်။

❋❋❋

ခေါင်းကြီး၊ ရန်းရန်းနှင့် ကြူးကွေ့တို့သည် ဟုန်ဟုန်အား ရန်သူများ ဝိုင်းရံထားသည်ကို တွေ့ရသဖြင့်...

"ညီမလေးဟုန်ဟုန်... မကြောက်နဲ့ အစ်ကိုကြီးတို့လာပြီ ဟေ့..."

သူတို့သည် ယင်းသို့အော်ရင်း အရှိန်ပြင်းစွာဖြင့်ဝင် ရောက်တိုက်ခိုက်လိုက်လေသည်။

ရန်းရန်းက ရှေ့ဆုံးမှ ပြေးဝင်သွားသည်။

သူ့လက်ထဲတွင် လက်နက်လုံးဝမပါပါ။

သို့သော်...

သူ့အား အထင်သေးမိသော နဂါးစိမ်းဂိုဏ်းသားအချို့ အမှားကြီးမှားသွားသည်။

ရန်းရန်းသည် လက်မှာလက်နက်မပါသော်လည်းသူ့ဝတ် ဝတ်ဆင်ထားသော ဖိနပ်၏ထိပ်ဖျားတွင်...

"ချောက်... ချောက်..."

ဟူသောအသံနှင့်အတူ အလွန်ချွန်ထက်မြသော နှစ် ဖက်သွားရှိသော ဓားတစ်လက်စီထွက်လာကြသည်။

www.burmeseclassic.com

www.burmeseclassic.com



သူ၏ ခန္ဓာကိုယ်သည် လေထဲ၌ ဝဲပျံကာခြေထောက်နှစ်ဘက်သွားရှိသော် ဓားတစ်လက်စီ ထွက်လာကြသည်။

သူ၏ ခန္ဓာကိုယ်သည် လေထဲ၌ဝဲပျံကာ ခြေထောက်နှစ်ဘက်ဖြင့် ခုန်နေသည့်အလား ရန်သူအား တိုက်ခိုက်လိုက်ရာ နဂါးစိမ်းဂိုဏ်းသား အချို့တို့သည် မမျှော်လင့်သော တိုက်ခိုက်မှုကို ခံလိုက်ရသဖြင့်...

"အား... "

"အား... "

သူတို့သည် ရန်းရန်း၏ ပျံဝဲနေသော ဓားချက်ကိုထိမှန်ကာ ဒဏ်ရာပြင်းထန်စွာ ရ၍နောက်သို့ ဆုတ်သွားရသည်။

ကြူးကွေ့၏ လက်ထဲတွင်လည်း လက်နက်မပါပါ။

သို့သော်...

သူ၏ လက်ထဲတွင် ဗူးသီးခြောက်ဖြင့် ပြုလုပ်ထားသော အရက်အိုးတစ်လုံးပါလာ၏။

သူသည် အရက်ကို ပါးစပ်ထဲမှ ငုံထားပြီး နဂါးစိမ်းဂိုဏ်းသားများကိုယ်ပေါ်သို့ အရက်ရည်ဖြင့် မှုတ်ထုတ်လိုက်လေသည်။

"ဖူး... ဖူး... ဖူး... "

အရက်မိုးရွာချလိုက်သည့်အလား နဂါးစိမ်းဂိုဏ်းသားများ၏ မျက်နှာပေါ် ကိုယ်ပေါ်သို့ ပက်ဖျန်းလိုက်လေသည်။

"အား... "

"အမလေး... "

အရက်ရည်ထိမှန်သွားသော နဂါးစိမ်းဂိုဏ်းသားများသည် အရက်ရည်ကိုခါချရင်း နောက်သို့ဆုတ်သွားကြလေသည်။



ခေါင်းကြီး၏ လက်ထဲတွင်လည်း လက်နက်မပါပါ။

သူသည် မည်သူနှင့်မျှ မတူဘဲ ရန်သူ၏မျက်နှာပေါ်သို့ ဘဲတွေးဖြင့် ထွေးလိုက်သည်။

"ဖပ်... ဖပ်... ဖပ်... "

သူ၏ သလိပ်ပါသော တံတွေးများသည် ရန်သူ၏မျက်နှာပေါ်သို့ ထိမှန်သွားသောအခါ...

"အား... "

"အား... "

နာကျင်သော ဝေဒနာခံစားရ၍ ထွက်ပေါ်လာသော အသံများသည် ရင်ထိတ်ဖွယ်ရာ ကောင်းလှပေသည်။

နဂါးစိမ်းဂိုဏ်းသားများတို့သည် ဒဏ်ရာရသူကရ အရက်သောအခါ နာကျင်သော ဝေဒနာခံစားရသူက ခံစားရသူများ ဖြင့် ဖရိုဖရဲ နောက်သို့ဆုတ်သွားရလေသည်။

ထိုအချိန် ဟုန်ဟုန် အားတက်လာသည်။

ပြန်လည်ဖို၍ တိုက်ခိုက်လိုက်ရာ သူမ၏ ဖွေ့ယမ်းသော အားစက်ဝိုင်းအတွင်းသို့ တိုးဝင်မိနေကြသော နဂါးစိမ်းဂိုဏ်းသားများမှာ တစ်ကိုယ်လုံး အေးစိမ့်သောဒဏ်ကိုခံရပြီး ကမန်းကတန်း နောက်သို့ဆုတ်သွားလေသည်။

အခြေအနေ မလှမှန်းတွေ့ရှိလိုက်သော နဂါးစိမ်းဂိုဏ်းခေါင်းဆောင်သည် နောက်ဆုတ်ရန် ကမန်းကတန်း အမိန့်ပေးလိုက်လေသည်။

"ကျိုး... ဟိုး... "

နဂါးစိမ်းဂိုဏ်းသားများတို့သည် နောက်သို့ပြန်လှည့်၍

www.burmeseclassic.com

www.burmeseclassic.com



ခြေထောက်နှင့်တင်ပါး တစ်သားတည်း ပြေးလွှားသွားကြလေ
တော့သည်။

❋❋❋

နဂါးစိမ်းပိုက်အားသားများတို့ မြင်ကွင်းမှပျောက်ကွယ်သွား
လေသည်။

ခေါင်းကြီးက လေပူတစ်ချက်မှုတ်ထုတ်လိုက်သည်။

"ခက်လိုက်တာ ညီမလေးရယ်.. ဘာဖြစ်လို့... အစ်ကို
ကြီးတို့ကို မပြောဘဲ တစ်ယောက်တည်း ထွက်လာရတာလဲ..."

ဟုန်ဟုန်က ပြုံး၍ဦးညွှတ်လိုက်သည်။

"အပြစ်မတင်ပါနဲ့ အစ်ကိုကြီးရယ်... ကျွန်မအခုလို ကူညီ
တာ ကျေးဇူးတင်ပါတယ်... "

"ကဲ... ပြန်ကြမယ်... အသင့်ပြင်စရာ ရှိတာတွေပြင်ဆင်
ရဦးမယ်... "

ဟုန်ဟုန်က နားမလည်ဘဲ ပြန်မေးလိုက်သည်။

"ဘာကိုပြင်ဆင်ရမှာလဲ... "

"ဟိုမှာ... တို့ကယ်ထားတဲ့လူက ဒဏ်ရာတော်တော်
ပြင်းတယ်... အသက်ရှင်မလား သေမလား ပြန်ကြည့်ရဦးမယ်
လေ... "

ဟုန်ဟုန်က သတိရလာလေသည်။

"ဪ... ဟုတ်သားပဲ ကျွန်မမေ့နေလိုက်တာ... "

"ဒါထက် အရေးကြီးတာ ရှိသေးတယ်... "

"ဘာများလိုသေးလို့လဲ... "



"ဒီလူတွေရှုံးသွားတာ ကျေမယ်မဟုတ်... အင်
အားစုပြီး ထပ်လာလိမ့်မယ်... "

ဟုန်ဟုန်၏ မျက်နှာကွက်ခနဲ ပျက်သွားလေသည်။

ခေါင်းကြီးက...

"လာစမ်းပါစေ ညီမလေးရယ်... လူမိုက်တောင်ကြား
အကြောင်းကို ကောင်းကောင်းကြီးသိသွားမယ်... "

သူက ဟုန်ဟုန်အား အကဲခတ်ကြည့်လိုက်သည်။

"ညီမလေး... ဘာဖြစ်သွားသေးလဲ... "

"မဖြစ်ပါဘူး အစ်ကိုကြီး... "

"ဒါဆိုရင် ပြန်ကြမယ်... "

❋❋❋

www.burmeseclassic.com

www.burmeseclassic.com

# သူဘယ်သူလဲ

ခေါင်းကြီး၏အခန်းထဲတွင် ဟုန်ဟုန်နှင့် လူမိုက်ကြီး(၅) ယောက် စုရုံး ရောက်ရှိနေကြသည်။

ကွပ်ပျစ်ပေါ်တွင် လူငယ်တစ်ယောက် လဲလျောင်းနေ၏။

အသက်(၂၀)ခန့်မျှသာရှိသော ထိုလူငယ်သည် မည်သူ မည်ဝါ ဖြစ်ပါသနည်း။

နဂါးစိမ်းဂိုဏ်းသားများက အဘယ်ကြောင့် သူ့အား သဲသဲမဲမဲလိုက်၍ သတ်ရန် ကြိုးစားနေပါသနည်း။

လူငယ်၏တစ်ကိုယ်လုံးမှာ အဝတ်ဖြူဖြင့် စည်းကြပ် ထားသည်။

မိရင်သည် လူမိုက်တောင်ကြားထဲ၌ သမားတော်ကြီး တစ်ယောက်နီးပါး ဖြစ်နေ၏။

သူမသည် တောင်ကြားထဲတွင် နေထိုင်ကြသောမိသားစု အားလုံး၏သမားတော်ကြီး ဖြစ်သည်။

ထို့ကြောင့် ခေါင်းကြီးက မိရင်အား အခြေအနေကို မေး လိုက်သည်။



"ညီမလေး မိရင်… ဒီလူရဲ့အခြေအနေ ဘယ်လိုရှိသလဲ"

မိရင်က…

"ဒဏ်ရာတော့ တော်တော်ပြင်းတယ်… များလည်းများ တယ်… ကျွန်မတော့ အစွမ်းကုန် ကုပေးတာပဲ… ကံမကုန်သေး ရင်တော့ သက်သာလာမှာပေါ့ရှင်… "

ခေါင်းကြီးသည် ထိုလူငယ်အား တစ်ဖန် အကဲခတ်၍ ဆန်းစစ်ကြည့်သည်။

မိရင်က…

"ဒီလူငယ်ကြည့်ရတာ သူဌေးသူကြွယ်ရဲ့ သားသမီးဖြစ် နိုင်တယ်… ဒါမှ မဟုတ်ရင် အရာထမ်း အမှုထမ်းတွေရဲ့ သားသမီး ဖြစ်နိုင်တယ်… "

ခေါင်းကြီးက ခေါင်းညိတ်လိုက်သည်။

"ဟုတ်တယ်… သူ့ကိုယ်ပေါ်မှာ ဝတ်ထားတဲ့ အဝတ် အစားကို တော်ရုံတန်ရုံအလွှာက လူတွေ မဝတ်နိုင်ဘူး… "

ရှဲရှဲက…

"ကျွန်တော် ထင်ထားတာကတော့ သိုင်းအကျော်အမော် မိသားစုထဲက ဖြစ်ရမယ်… "

ကြူးတွေက…

"မင်းက ဘာကိုကြည့်ပြီး ပြောရတာလဲ… "

ရှဲရှဲက…

"သူ့မှာ ဓားတစ်လက်ပါလာတယ်လေ… "

ခေါင်းကြီးက…

"ဘယ်မှာလဲဓား… ငါ့ကိုပြစမ်း… "

www.burmeseclassic.com



"ကွပ်ပျစ်ခေါင်းရင်းမှာ ချိတ်ထားပါတယ်... "

သူက ဓားကိုဖြုတ်ယူပြီး ခေါင်းကြီးလက်ထဲသို့ ထည့်လိုက်သည်။

ဟုန်ဟုန်သည် ထိုဓားကို မြင်တွေ့လိုက်ရသောအခါ သူမ၏ မျက်လုံးအစုံတွင် အံ့သြသည့် အရိပ်အယောင်များ ဖြစ်လာသည်။

အကြောင်းမှာ ထိုဓား၏ဓားအိမ်နှင့် ဓားအိမ်ပေါ်မှာ မွမ်းမံထားသည့် လှိုင်းကွက်များသည် မိမိ၏ဓားအိမ်နှင့် တစ်ထေရာတည်း ဖြစ်နေသည်ကို တွေ့လိုက်ရသည်။

ကွာခြားသည်မှာ ထိုလူငယ်၏ဓားမှာ အနီရောင်ဖြစ်ပြီး မိမိ၏ဓားမှာ အစိမ်းရောင် ဖြစ်လေသည်။

သူမသည် ဘိုးဘိုး ပြောပြသည့် စကားများကို ပြန်လည်သတိရလာသည်။

"ဒီသိုင်းကျမ်းဟာ အပူအအေးသိုင်းလို့ ခေါ်တယ်... အပူဓားနဲ့ သိုင်းကျမ်းတစ်ဝက်လည်း ပျောက်ဆုံးသွားတယ်... ဘယ်သူယူသွားမှန်းလည်း အခုထိ မသိရသေးဘူး... "

သူမက သတိမေ့နေသော လူငယ်၏မျက်နှာကို သေသေချာချာ ကြည့်လိုက်သည်။

"ဒီဓားပျောက်သွားတာ သူ ဒါမှမဟုတ် သူနဲ့ပတ်သက်တဲ့လူက ခိုးသွားတာ ဖြစ်ရမယ်... ဒီလိုဆိုရင် ပျောက်ဆုံးသွားတဲ့ သိုင်းကျမ်းတစ်ဝက်ဟာ သူ့လက်ထဲမှာပဲ ရှိရမယ်... "

သူမ၏ရင်ထဲတွင် ယင်းသို့ စွပ်စွဲနေသော်လည်း ထိုလူငယ် ဥပဓိရုပ်မှာ မသမာသူတစ်ယောက် မဖြစ်နိုင်မှန်း ပေါ်လွင်နေ၏။



သူ၏ဝတ်စားဆင်ယင်ပုံနှင့် သူ၏ရုပ်သွင်တို့ ပေါင်းစပ်လိုက်လျှင် လူမိုက်ကြီး (၅)ယောက် ဝေဖန်သည့်အတိုင်း အထက်လွှာ မိသားစုထဲမှ သားသမီး ဖြစ်နိုင်သည်ကို သူမက လက်ခံမိသည်။

ဤသို့ဆိုလျှင်... ဤဓားကို သူက မည်သူ့လက်ထဲမှ ရရှိခဲ့ပါသနည်း။

သူ့ကိုယ်ပေါ်တွင် ပျောက်ဆုံးနေသော သိုင်းကျမ်းတစ်ဝက်ရှိနေမည်လော။

သူမက တွေးတောနေစဉ်... ခေါင်းကြီးက မိရင်ဘက်သို့ လှည့်၍ မေးလိုက်သည်။

"ညီမလေး သေသေချာချာ စစ်ဆေးကြည့်လိုက်ပါဦး... ဒဏ်ရာက ပြင်းထန်လို့ သူ အသက်ရှင်နိုင်ပါဦးမလား... "

မိရင်သည် ကွပ်ပျစ်၏အနီး၌ ထိုင်လိုက်ပြီး ထိုလူငယ်၏ သွေးကြောကို လက်ချောင်းလေး(၃)ချောင်းဖြင့် စမ်းသပ်လိုက်သည်။

အားလုံးက သူမ၏အဖြေကို တိတ်ဆိတ်စွာ နားထောင်နေကြသည်။

အတန်ကြာတော့မှ မိရင်၏မျက်နှာသည် ကြည်ကြည်လင်လင် ဖြစ်လာသည်။

ခေါင်းကြီးက...

"အခြေအနေ ဘယ်လိုလဲ ပြောလေ... "

မိရင်က...

www.burmeseclassic.com

www.burmeseclassic.com



"သူ မသေနိုင်တော့ပါဘူး... သွေးကြောတွေ တဖြည်းဖြည်း ပုံမှန်ဖြစ်လာတယ်..."

ဟုန်ဟုန် မသိမသာ လေပူတစ်ချက် မှုတ်ထုတ်လိုက်သည်။

"တော်ပါသေးရဲ့... မသေပါစေနဲ့နော်..."

ခေါင်းကြီးက...

"ကဲ... ဒါဖြင့် ငါတို့လည်း ဗိုက်ဆာပြီ... သွားကြမယ်"

သူတို့အားလုံးသည် ထမင်းစားရန် ခန်းမရှိရာသို့ ပြ[illegible] လည်ထွက်ခွာလာကြလေသည်။

❋❖❋

အားလုံးက ပင်ပန်းနွမ်းနယ်နေကြသဖြင့် တရေးတမော[illegible] အိပ်နေကြရာ အိမ်ကြီးတစ်ခုလုံးမှာ တိတ်ဆိတ်၍နေသည်။

"အား..."

ညည်းတွားသောအသံ တိုးတိုးညှင်းညှင်း ထွက်လာ[illegible] သည်။

မိရင်က အခန်းထဲရှိ ကြမ်းပြင်ပေါ်၌ လဲလျောင်းအနား[illegible] ယူနေသဖြင့် ထိုအသံကို ကောင်းစွာ ကြားလိုက်ရလေသည်။

သူမက ဆတ်ခနဲ ထထိုင်လိုက်သည်။

"ရေ..."

ကွပ်ပျစ်ပေါ်မှ လူနာက ရေတောင်းနေသော အသံ[illegible] သူမက ကြားလိုက်ရလေသည်။

သူမက ကျေနပ်စွာ ပြုံးမိလိုက်လေသည်။



သူမ ကုသပေးသော လူနာသည် အသက်မသေနိုင်[illegible]တော့သည်ကို သိရသဖြင့် ဝမ်းသာမိသွားသည်။

သူမက ရေတစ်ခွက်ခပ်၍ ဇွန်းဖြင့် လူနာ၏ပါးစပ်ထဲသို့ [illegible]တိုက်ကျွေးလိုက်သည်။

ရေ(၃-၄)ဇွန်း တိုက်ကျွေးပြီးနောက် လူနာ၏မျက်လုံး[illegible]ခုံသည် စတင်ပွင့်လာလေသည်။

သူသည် မိရင်အား တွေ့မြင်လိုက်ရသောအခါ ကြောင်[illegible]အံ့ဖြင့် ကြည့်မိလိုက်သည်။

မိရင်က ပြုံးပြလိုက်သည်။

"ရှင် သတိရလာပြီလား..."

ထိုလူက ခေါင်းကို ညင်သာစွာ ညိတ်ပြလိုက်သည်။

"ဟုတ်ကဲ့... ဒါနဲ့ မေးပါရစေ... ကျွန်တော် ဘယ်ကို [illegible]ာက်နေတာလဲ..."

မိရင်က...

"လူမိုက်တောင်ကြား..."

ထိုလူက...

"ကျွန်တော့်ကို ခင်ဗျားက..."

မိရင်က ခေါင်းညိတ်လိုက်သည်။

"ဟုတ်တယ်... ကျွန်မတို့ပဲက ရှင့်ကို ကယ်တင်ခဲ့တာ [illegible]..."

သူမက ခေါင်းကြီးတို့အား လှမ်းခေါ်လိုက်သည်။

"အစ်ကိုကြီးတို့ လူနာသတိရလာပြီ..."

ထိုစကားကြားလိုက်ရသောအခါ ခေါင်းကြီးတို့သူစုသည်

www.burmeseclassic.com

www.burmeseclassic.com



အိပ်နေရာမှ ထလာပြီး အခန်းထဲသို့ စုရုံးရောက်ရှိလာကြသည်။

❋❋❋

မိရင်သည် ကျန်ရှိသော လူများအားလုံးကို မိတ်ဆ
ပေးလိုက်သည်။

ခေါင်းကြီးက...

"ကဲ... သူငယ်... မင်းက ဘယ်သူလဲ... နဂါးစိမ်းကို
သားတွေက ဘာကြောင့် မင်းကို သတ်ဖို့ကြိုးစားတာလဲ..."

ထိုလူက မချိပြုံးပြုံးလိုက်လေသည်။

"ကျွန်တော်က သေရွာက တစ်ခေါက်ပြန်လာတဲ့ လူ
နာမည်ကို မပြောတော့ပါဘူး... ကျွန်တော့်ကို လူသစ်လို့ ခေါ်
ပါ ခင်ဗျာ..."

ခေါင်းကြီးက သဘောပေါက် နားလည်လိုက်သည်။

"ရပါတယ်..."

ထိုလူက...

"ကျွန်တော့်ကို စိတ်မဆိုးပါနဲ့... ကျွန်တော့်နာမည် အ
ကို ထုတ်ဖော်ပြောနိုင်မယ့် အခြေအနေ မရှိလို့ပါဗျာ..."

ခေါင်းကြီးက...

"မပြောရင်လည်း မပြောပါနဲ့ ရပါတယ်ဗျာ..."

သူက မိရင်ဘက်သို့ လှည့်လိုက်ပြီး...

"ညီမလေး... သူ့ဒဏ်ရာကို ဘယ်လောက်ကြာကြ
ကုသရဦးမှာလဲ..."

မိရင်က...



"သူက လူငယ်တစ်ယောက်ဆိုတော့ ဒဏ်ရာပျောက်
တာ မြန်မှာပါ... ဒါပေမယ့် (၃)ရက်လောက်တော့ နေရဦးမယ်"

ခေါင်းကြီးက လူငယ်အား...

"ဒီမှာမိတ်ဆွေ... ခင်ဗျား ဒီမှာ (၃)ရက်လောက် နေနိုင်
ပါတယ်... ဒဏ်ရာပျောက်ရင်တော့ သွားလိုရာ သွားနိုင်ပါတယ်
ဗျာ..."

လူငယ်က...

"ဟုတ်ကဲ့... ကျေးဇူးအများကြီး တင်ပါတယ်ဗျာ..."

ခေါင်းကြီးက မိရင်ဘက်သို့ လှည့်လိုက်သည်။

"မိရင်... ဒီနေ့ည ရန်သူထပ်လာနိုင်တဲ့ အခြေအနေရှိ
တယ်... မင်းက ဒီမှာ လူနာကို စောင့်နေပါ... ငါတို့က အစီအစဉ်
သွားလုပ်ဦးမယ်..."

မိရင်က...

"ဟုတ်ကဲ့ပါ အစ်ကိုကြီး..."

ခေါင်းကြီးတို့သည် အခန်းထဲမှ ထွက်လာကြလေသည်။

❋❋❋

လူမိုက်ကြီး (၄)ယောက်နှင့် ဟုန်ဟုန်တို့သည် ခန်းမထဲ
သို့ ပြန်လည်ရောက်ရှိလာကြသည်။

"အစ်ကိုကြီး ရန်သူထပ်လာလိမ့်မယ်လို့ အစ်ကိုကြီး
ထင်သလား..."

"လာလိမ့်မယ်လို့ အစ်ကိုကြီး သေချာပေါက် ထင်ထား
တယ်..."

www.burmeseclassic.com

www.burmeseclassic.com



"ဒီကိစ္စကို အစ်ကိုကြီးတို့ မဝင်ပါနဲ့တော့... ကျွန်မ
ရင်ဆိုင်ပါ့မယ်..."

"ညီမလေးက ဘာဖြစ်လို့ တစ်ယောက်တည်း ရင်ဆို
ချင်ရတာလဲ..."

"အစ်ကိုကြီးတို့ဘာသာ အေးအေးဆေးဆေး နေ
အထဲကို ကျွန်မ ရောက်လာလို့ ပြဿနာတစ်ခုပြီးတစ်ခု တက်
တယ်... ကျွန်မမှာ တာဝန်ရှိလို့ပါ..."

"ရန်သူက ညီမလေးကို ပစ်မှတ်ထားတယ်လို့ ထင်
သလား..."

"မဟုတ်လို့လား အစ်ကိုကြီး..."

"မဟုတ်ဘူး ညီမလေး..."

"မဟုတ်ဘူးလို့ အစ်ကိုကြီး ဘာကြောင့် ပြောနိုင်တာ
လဲ..."

"ပထမလူတွေကတော့ ညီမလေးကို လိုက်သတ်ဖို့ကြ
စားတာမှန်တယ်... အခုဖြစ်နေတာက သူတို့က ညီမလေးကို
တောင် မေ့နေလောက်ပြီ... တို့ကယ်ထားတဲ့ လူကို သူတို့က အ
ရှိနေတာ ဖြစ်ရမယ်..."

သူက ဆက်၍ ရှင်းပြလိုက်သည်။

"ဒီတစ်ကြိမ် သူတို့ဟာ အင်အားတော်တော်များများ သ
ထားတာကို တွေ့ရတယ်... ဒါကြောင့် ဒီဒဏ်ရာရတဲ့ လူဟာ
သူတို့နဲ့ ဘယ်လောက်ပတ်သက်နေသလဲဆိုတာ သိသာနိုင်
တယ်..."

ဟုန်ဟုန်က...



"အစ်ကိုကြီး ဆိုလိုတာက ရန်သူနောက်ထပ် တစ်ကြိမ်
သေချာလာလိမ့်မယ် ဟုတ်လား..."

"သေချာတယ်..."

ခေါင်းဆောင်ကြီးက စကားဆက်လိုက်သည်။

"ပြီးတော့... အင်အားလည်း ပိုပြီးများလာလိမ့်မယ်လို့
အစ်ကိုကြီး ယုံကြည်တယ်..."

ဟုန်ဟုန်၏မျက်နှာ ကွက်ခနဲ ပျက်သွားလေသည်။

"ဒီလိုဆိုရင် အစ်ကိုကြီးတို့က ဘယ်လိုလုပ်ကြမလဲ..."

ခေါင်းကြီးက လက်နှစ်ချောင်း ထောင်ပြလိုက်သည်။

"အစ်ကိုကြီးတို့ကတော့ လမ်းနှစ်သွယ်ပဲ ရွေးစရာရှိ
တယ်... ပထမလမ်းကတော့ သူတို့နဲ့ ရင်မဆိုင်ဘဲ သူတို့အလိုရှိတဲ့
လူနာကို ပြန်ပေးလိုက်ရုံပဲ..."

ဟုန်ဟုန်၏ရင်ထဲတွင် ထိတ်ခနဲ ဖြစ်သွားသည်။

"နောက်တစ်လမ်းကကော..."

"သူတို့အလိုရှိတဲ့လူကို မအပ်ဘဲ ထိပ်တိုက်ရင်ဆိုင်လိုက်
ရုံပဲ..."

"အစ်ကိုကြီး ဘယ်လမ်းကို ရွေးချယ်ထားသလဲဟင်"

"အစ်ကိုကြီးကတော့ အစဉ်အလာ တစ်ခုရှိတယ်...
ဘယ်သူပဲဖြစ်ဖြစ်... တောင်ကြားထဲ ရောက်လာရင် ကာကွယ်ပေး
ရမယ့် တာဝန်ရှိတယ်..."

"ကာကွယ်ပေးတာတော့ ဟုတ်ပါပြီ... တစ်ဘက်က
အင်အားသိပ်ကြီးနေတယ် ဆိုရင်ကော..."

"မတတ်နိုင်ဘူးလေ... ဒီအစဉ်အလာဟာ ဘိုးဘွား

www.burmeseclassic.com



လက်ထက်ထဲက စပြီး ထိန်းသိမ်းခဲ့တာ... အခုအချိန်ကျမှ မပျက်နိုင်ဘူး... ရင်ဆိုင်ရမှာပဲ... "

ဟုန်ဟုန်က ပါးစပ်ပိတ်ထားလိုက်သည်။

သူမသည် လူမိုက်(၅)ယောက် အမည်ကို ကြားလိုက်ရ နှင့် ဆိုးသွမ်းသော လူများဖြစ်သည်ဟု အများက ထင်မြင်ယူဆ ကြမည်ဖြစ်သော်လည်း...

ယခု လက်တွေ့ နီးနီးကပ်ကပ် ရင်းရင်းနှီးနှီး ဆက်ဆံ လာသောအခါမှာ ထိုလူမိုက်ကြီးများသည် အလွန်ရိုးကျူးလေး စားဖွယ်ရာကောင်းသော ရဲရဲတောက် အညာတြသူရဲကောင်းများ ဖြစ်သည်ကို တွေ့ရှိရသဖြင့် သူတို့အပေါ် ရင်ထဲမှာ လှိုက်လှိုက် လှဲလှဲ လေးစားလာမိလေတော့သည်။

❋❋❋

# ပုလွေသံ

လသာသောည...

လရောင်သည် တိတ်ဆိတ်ငြိမ်သက်နေသော လူမိုက် တောင်ကြားပေါ် ထိုးကျနေ၏။

တောင်လေတစ်ချက် တစ်ချက်တိုက်ခတ်၍ ထွက်ပေါ် လာသော အသံမှလွဲ၍ ဝန်းကျင်တစ်ခုလုံး တိတ်ဆိတ်၍နေသည်။

လူမိုက်ကျေးရွာစာလုံးများ ထွင်းထားသော ရောမ ကျောက်ပြားပေါ်တွင် လူတစ်ယောက်သည် မားမားမတ်မတ် ရပ်နေသည်ကို တွေ့ရမည်ဖြစ်လေသည်။

ထိုလူ၏ကိုယ်ပေါ်တွင် ကျယ်ဝန်းသော အင်္ကျီရှည်တစ် ထည် ဝတ်ဆင်ထားသည်။

သူ၏ခေါင်းပေါ်၌ တစ်ပေခန့်ရှည်သော အဝါရောင် ဦးထုပ်တစ်လုံး ဆောင်းထားလေသည်။

သူ၏လက်ထဲတွင် ပလွေတစ်ချောင်း ပါရှိလေသည်။

ကြေးရောင်တဖျပ်ဖျပ် တောက်ပသော ပလွေတစ် ချောင်း ဖြစ်လေသည်။

သူသည် ကျောက်ရုပ်ကြီး တစ်ရုပ်ပမာ မလှုပ်မယှက် တည်ငြိမ်စွာရပ်နေ၏။

www.burmeseclassic.com

www.burmeseclassic.com



ထိုလူမှာ ခေါင်းကြီးပင် ဖြစ်လေသည်။

ကျောက်ပြား၏ခြေရင်း တစ်ဖက်တစ်ချက်တွင် ဟုန်ဟုန်နှင့် လူမိုက်ကြီး(၃)ယောက်တို့က နေရာယူထားကြသည်။

သူတို့သည် ရောက်ရှိလာမည့် ရန်သူကို သတိကြီးစွာဖြင့် စောင့်ကြပ်နေကြခြင်း ဖြစ်လေသည်။

❋❖❋

လဝန်းသည် ကောင်းကင်၏ဗဟိုတည့်တည့်သို့ ရောက်ရှိနေပြီ ဖြစ်လေသည်။

ခေါင်းကြီးက မလှုပ်မယှက် တည်တည်ငြိမ်ငြိမ် ရှိနေသေး၏။

ဟုန်ဟုန်မှာမူ စိတ်မရှည်နိုင်ဘဲ အသံတိုးတိုးဖြင့်...

"ရန်သူလာမယ်ဆိုတာ ဟုတ်ချင်မှ ဟုတ်မှာပါ..."

သူမ၏ပါးစပ် မပိတ်မီ မြင်းခွာသံများသည် မိုးခြိမ်းသံပမာ ကျယ်လောင်စွာ မြည်ဟိန်းလာသည်ကို ကြားလိုက်ရလေသည်။

ရန်သူများ လာချေပြီ။

ရန်သူအား မတွေ့ရသေးဘဲ ထွက်ပေါ်လာသော မြင်းခွာသံကို ကြားလိုက်ရုံနှင့် အင်အား တစ်ရာခန့်ထက်မနည်း ရှိလိမ့်မည်ဟု အလိုလို သိရှိလာသည်။

တခဏအကြာတွင် ဖုန်များတထောင်းထောင်းထလာသည်ကို စတင်မြင်တွေ့လိုက်ရသည်။

ထို့နောက်... ဖုန်များကြားမှ မြင်းများနဲ့ လူများကို မြင်တွေ့လိုက်ရလေသည်။

အလွန်အင်အား ကြီးမားသော မြင်းတပ် တစ်တပ်ဖြစ်နေ၏။

ဟုန်ဟုန်၏ မျက်နှာ ကွက်ခနဲ ပျက်သွားသည်။

ဓားကို ဆွဲထုတ်ရန် ဟန်ပြင်လိုက်သည်။

ရှဲရှဲက သူ့အား ခေါင်းခါယမ်းပြလိုက်သည်။

ဟုန်ဟုန်က ဓားကို မဆွဲတော့ဘဲ အခြေအနေကို စောင့်ကြည့်နေ၏။

မြင်းများသည် မြား(၃)ပစ်ခန့် အကွာတွင် ညီညီညာညာ ရပ်တန့်သွားကြလေသည်။

ထိုမြင်းတပ်၏အင်အားမှာ လူမိုက်တောင်ကြားတစ်ခုလုံးကို ချေမှုန်းနိုင်သည့် ခွန်အား ရှိသည်မှာ ထင်ရှားနေ၏။

ဟုန်ဟုန်သည် ရင်တမမဖြင့် အခြေအနေကို အကဲခတ်ကြည့်နေ၏။

မြင်းတစ်ကောင်သည် ရှေ့သို့ တက်လာလေသည်။

သူသည် ကျောက်ပြားနှင့် မြားတစ်ပစ်ခန့် အကွာတွင် မြင်းကို ရပ်တန့်လိုက်သည်။

ထို့နောက်... အသံကျယ်လောင်စွာဖြင့်...

"လူမိုက်ကျေးရွာက တာဝန်ရှိသူများ နားထောင်ပါ... အသင်တို့ဆီမှာ ပုန်းအောင်းနေသော လူတစ်ယောက်ကို အမြန်ချက်ချင်း ထုတ်ပေးပါ... အသင်တို့ကို ရန်မလုပ်ပါဘူး... အကယ်၍ ထိုလူကို မအပ်နှင်းဘူးဆိုလျှင် လူမိုက်တောင်ကြားတစ်ခုလုံးဟာ တခဏချင်းနဲ့ ပျောက်ကွယ်သွားနိုင်ပါတယ်..."



www.burmeseclassic.com

www.burmeseclassic.com



"ဟား... ဟား... ဟား... "

ခေါင်းကြီးက အားရပါးရ ရယ်မောလိုက်သည်။

"ခင်ဗျားကို ကြည့်ရတာ လူမိုက်တောင်ကြားအကြောင်းကို လုံးဝမကြားဖူးဘူးနဲ့ တူတယ်... "

သူက စကားဆက်လိုက်သည်။

"ကျုပ်ပြောတဲ့ စကားကို နားထောင်စမ်းပါ... ဒီကနေ အသာတကြည် လှည့်ပြန်သွားမယ်ဆိုရင် ငါတို့ကလည်း အရေး မယူဘဲနေပါ့မယ်... "

"ဟား... ဟား... ဟား... "

နဂါးစိမ်းဂိုဏ်းမှ ဦးဆောင်သူက ရယ်မောလိုက်သည်။

"ငါတို့ နဂါးစိမ်းဂိုဏ်းကို အထင်သေးနေတာလား... တခြားလူတွေက မင်းတို့ကို ကြောက်ချင်ကြောက်မယ်... ငါတို့ကတော့ ပြောသလို လုပ်ပြမယ်... "

ခေါင်းကြီးက သက်ပြင်းချလိုက်သည်။

"ပြောမရရင်လည်း မတတ်နိုင်တော့ဘူး... ကျုပ်က တေးသံတစ်ပုဒ်နဲ့ ဖျော်ဖြေပါ့မယ်... "

သူသည် စကားဆုံးသွားသည်နှင့် ပုလွေကို စတင်မှုတ်လိုက်သည်။

"တီး တူး... တီး တူး... တီး... တီး... တူး... "

ခေါင်းကြီး မှုတ်လိုက်သော ပလွေသံသည် နာပျော်ဖွယ်ရာမရှိဘဲ အသံစူးရှလှသည်ကို နဂါးစိမ်းဂိုဏ်းသားများ ခံစားလိုက်ရသည်။

သူတို့က လူမိုက်ကြီးတို့က အဘယ်ကြောင့် အရေးကြီးသော အချိန်တွင် ပုလွေမှုတ်နေသည်ကို နားမလည်နိုင်ကြပါ။



သို့သော်...

တခဏအကြာတွင် မြင်းများအားလုံး နားရွက်ထောင်လာကြသည်။

ခေါင်းမော့လာကြသည်။

"ဟီး... ဟီး... ဟီး... ဟီး... "

အသံရှည်လျားစွာ ဟီးကြလေသည်။

ထို့မှမက သူတို့သခင်၏ ညွှန်ကြားကိုပင် နာမခံတော့ဘဲ နောက်သို့ ရုန်းကန်ဆုတ်သွားကြလေ၏။

နဂါးစိမ်းဂိုဏ်းသားများက မည်သို့ပင် ရိုက်နှက်မောင်းနှင်စေကာမူ ရှေ့သို့မရွေ့ကြပါ။

ခေါင်းကြီး မှုတ်နေသော ပလွေသံသည် ပို၍စူးရှလာလေသည်။

ထိုအချိန် နဂါးစိမ်းဂိုဏ်းသား တစ်ယောက်က အထိတ်တလန့် အော်လိုက်သည်။

"ဌာနမှူး... ဌာနမှူး... ဟိုမှာ... မြွေ... မြွေတွေ... "

နဂါးစိမ်းဂိုဏ်းသားများတို့မှာလည်း တောင်ကြားတစ်ဝိုက်၌ မြွေများ ထူထပ်စွာ ထွက်ပေါ်လာနေသည်ကို မြင်တွေ့လိုက်ရလေသည်။

"မြွေ... မြွေ... မြွေ... "

နဂါးစိမ်းဂိုဏ်းသားများတို့က အထိတ်တလန့် အော်နေကြသည်။

မြင်းများကလည်း ရုန်းရင်းကန်ရင်း ရှိစွာ ဟီနေကြ

www.burmeseclassic.com

www.burmeseclassic.com



သည်။

နဂါးစိမ်းဂိုဏ်းသားများက မြင်းကို နောက်သို့ လှည့်လိုက်သည်နှင့် မြင်းများသည် အရှိန်ပြင်းစွာ ထွက်ခွာသွားကြလေသည်။

တခဏအကြာတွင် သူတို့သည် မြင်ကွင်းထဲမှ ပျောက်ကွယ်သွားလေတော့သည်။

❋❖❋

ခေါင်းကြီးသည် ရန်သူများ ထွက်ခွာသွားသည်ကို တွေ့ရသည်နှင့် မြွေများကို ကိုယ့်နေရာကိုယ် ပြန်သွားရန် ပုလွေသံကို ပြောင်းလဲလိုက်ရာ ရာပေါင်းများစွာသော မြွေများသည် တရွေ့ရွေ့ ထွက်ခွာသွားကြရာ တခဏကြာချိန်တွင် မြွေများ တစ်ကောင်တလေမျှ မတွေ့ရတော့ပေ။

ခေါင်းကြီးက လေပူတစ်ချက် မှုတ်ထုတ်လိုက်သည်။

"ဟူး... တော်ပါသေးရဲ့... ကဲ... ငါတို့ပြန်ကြမယ်..."

သူသည် ဦးထုပ်နှင့် အတီးပွများကို ချွတ်လိုက်ပြီး နောက်ကျန်ရှိသောလူများနှင့် တောင်ကြားထဲသို့ ပြန်ဝင်သွားကြလေသည်။

❋❖❋

## ရန်သူလော မိတ်ဆွေလော

ဒဏ်ရာရရှိသော လူငယ်သည် သက်သာလာပြီ ဖြစ်သည်။

ခေါင်းကြီးက မိရင်အား အခြေအနေ မေးကြည့်သည်။

"ညီမလေး မိရင်... သူ ဘယ်လို အခြေအနေရှိလဲ"

မိရင်က...

"သက်သာသွားပါပြီ... နောက် (၁-၂) ရက်အနားယူပြီးရင်... သွားလိုရာ သွားနိုင်ပါပြီ..."

ခေါင်းကြီးက လူငယ်အနီးသို့ ချဉ်းကပ်လိုက်သည်။

"မင်းကြားတဲ့အတိုင်းပဲ... အခြေအနေ ကောင်းလာပါပြီ... နောက် (၁-၂)ရက်ဆိုရင် မင်းသွားလိုရာ သွားနိုင်ပါပြီတဲ့"

လူငယ်က လက်အုပ်ချီ၍ ဂါရဝပြုလိုက်သည်။

"အခုလို ကျွန်တော့်အသက်ကို ကယ်တင်ခဲ့တဲ့ ကျေးဇူးကို ဘယ်တော့မှ မမေ့ပါဘူး..."

ခေါင်းကြီးက ပြုံးပြလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"မင်းက ဘယ်သူလဲဆိုတာ မပြောချင်ပေမယ့်... နဂ
စိမ်းဂိုဏ်းက အလွန်အလိုရှိတဲ့ လူဖြစ်တာတော့... ငါတို့က သိ
ရပြီ..."

လူငယ်၏မျက်နှာ ကွက်ခနဲ ပျက်သွားသည်။

"ခင်ဗျား ဘယ်လိုလုပ် သိလိုက်တာလဲ..."

ခေါင်းကြီးက...

"မင်းကို အသေရရ အရှင်ရရ အလိုရှိနေတဲ့ နဂါးစိမ်း
ဂိုဏ်းနဲ့ ရင်ဆိုင်ခဲ့ရတယ်..."

လူငယ်က ထိတ်ထိတ်ပျာပျာ ဖြစ်သွားသည်။

"ဟုတ်လား ခင်ဗျာ... အခု သူတို့ ဘယ်မှာလဲ..."

"ငါတို့တောင်ကြားထဲကို မဝင်ဝံ့လို့ ပြန်သွားကုန်ကြ
ပြီ..."

ထိုစကား ကြားလိုက်ရတော့မှ လူငယ်က သက်ပြင်း
တစ်ချက် ချနိုင်လေသည်။

"တော်ပါသေးရဲ့... ကျေးဇူးအများကြီးတင်ပါတယ်..."

ခေါင်းကြီးက သူ့အား စိုက်ကြည့်လိုက်သည်။

"မင်းနဲ့ သူနဲ့ ဘယ်လို ရန်ငြိုးရှိခဲ့သလဲဆိုတာ... ပြောမ
ချင်လည်း နေပါ... ရပါတယ်... ဘာကြောင့် ငါတို့ကို နာမည်မပြေ
ပြချင်ရတာလဲ..."

လူငယ်က အားတုံ့အားနာ ဖြစ်သွားသည်။

"ကျွန်တော် ပြောပြီးပါပကော... အခြေအနေက မပြေ



သင့်သေးလို့ပါဗျာ... ဒါပေမယ့် တစ်နေ့နေ့ တစ်ချိန်ချိန် ကျွန်တော်
အမှန်အတိုင်း ပြောပြပါ့မယ်လို့ ကတိပေးပါတယ်..."

ဟုန်ဟုန်သည် စကားတစ်ခွန်းမှ မပြောဘဲ ခေါင်းကြီး
မေးမြန်းနေပုံနှင့် လူငယ်၏ပုံစံအား အကဲခတ်ကြည့်နေ၏။

"ကောင်းပြီလေ... မင်း ပြောချင်တဲ့အချိန်မှာ ပြောပါ"

သူကပြောရင်း အခန်းထဲမှ ထွက်လာသည်။

ဟုန်ဟုန်က မိရင်ကို ခေါင်းညိတ်ပြလိုက်သည်။

"မမ တစ်လှည့်အနားယူပါဦး... ကျွန်မ စောင့်ပေးပါ့
မယ်..."

"ကောင်းပြီလေ... သူ့အတွက် ဘာမှ မလိုတော့ပါဘူး"

မိရင်က ပြောပြောဆိုဆိုဖြင့် အခန်းထဲမှ ထွက်ခွာသွား
လေသည်။

မိရင်တို့လူစု ထွက်ခွာသွားပြီးနောက် ဟုန်ဟုန်က ကွပ်
ပျစ်အနီးသို့ လျှောက်သွားသည်။

"ရှင်က ကိုယ့်နာမည်ကို မပြောပြချင်ပေမယ့်... ရှင်
ဘယ်သူလဲဆိုတာ... ကျွန်မ နည်းနည်းပါးပါး အကဲခတ်မိပါတယ်"

လူငယ်က မျက်နှာကွက်ခနဲပျက်သွားသည်။

"ခင်ဗျားက ဘာတွေလျှောက်ပြောနေတာလဲ..."

ဟုန်ဟုန်က လှောင်ပြုံးပြုံးလိုက်သည်။

"ဒါနဲ့ ကျွန်မ တစ်ခုမေးပါရစေ..."

သူမသည် နံရံတွင် ချိတ်ထားသော လူငယ်၏ဓားကို

www.burmeseclassic.com

www.burmeseclassic.com



လက်ညှိုးထိုးပြလိုက်သည်။

"ကျွန်မကို မှန်မှန်ပြောပါ... ဒီဓား ဘယ်ကရလာတာလဲ"

လူငယ်က မျက်နှာပျက်သွားပြန်လေသည်။

"ခင်ဗျား ဘာဖြစ်လို့ ဒီဓားကို စိတ်ဝင်စားနေရတာလဲ"

"ဒီဓားအကြောင်းကို ကျွန်မ သိတယ်... "

"ခင်ဗျား သိတယ် ဟုတ်လား... "

"ဒီဓားအကြောင်း သိရုံမကဘူး... ဒီဓားနဲ့ ပတ်သက်တဲ့ သိုင်းကျမ်းတစ်ဝက်လည်း ရှင့်လက်ထဲမှာ ရှိနေတယ် မဟုတ်လား"

လူငယ်၏တစ်ကိုယ်လုံး မသိမသာ တုန်ခါသွားသည်။

သူ၏မျက်လုံးအစုံသည် ဟုန်ဟုန်အား စူးစူးရှရှစိုက်ကြည့်နေ၏။

ဟုန်ဟုန်ကလည်း သူ့အား မျက်တောင်မခတ်စိုက်ကြည့်လိုက်သည်။ လူငယ်က...

"ခင်ဗျား ဘယ်သူလဲ... ဒီအကြောင်းကို ဘာကြောင့် သိထားတာလဲ... "

ဟုန်ဟုန်က...

"ဒီဓားအကြောင်း သိထားရုံတင်မကဘူး... ဒီဓားနဲ့သိုင်းကျမ်းတစ်ဝက် အခိုးခံရတာလည်း ကျွန်မ သိတယ်... အခုတော့ သူခိုးမိပြီ... "

လူငယ်က ဆတ်ခနဲ ထလိုက်သည်။ နံရံတွင်ချိတ်ထားသော သူ၏ဓားရှိရာသို့ အပြေးကလေး လျှောက်သွားသည်။



ဟုန်ဟုန်က သူ့ထက်ခြေတစ်လှမ်း ဦးသွားသည်။

နံရံပေါ်တွင် ချိတ်ထားသော ဓားကို ဖြုတ်ယူလိုက်လေသည်။ လူငယ်က တိုက်ခိုက်ရန် ဟန်ပြင်လိုက်သည်။

ထိုအချိန်မှာပင်... အသံတစ်သံကြားလိုက်ရသည်။

"ဟောဗျာ... မင်းတို့ ဘာတွေဖြစ်နေကြတာလဲ... "

အသံရှင်မှာ အခန်းဝတွင် ရပ်နေသော ခေါင်းကြီးပင် ဖြစ်သည်။

ခေါင်းကြီးသည် ဒဏ်ရာနှင့်လူငယ်အား တစ်လှည့် ဟုန်ဟုန်အား တစ်လှည့် အကဲခတ်ကြည့်နေကြသည်။

"ညီမလေး ဘာဖြစ်နေတာလဲ... "

"ဟုန်ဟုန်က အဖြေမပေးမီ လူငယ်က လူ၍ဝင်ဖြေလိုက်သည်။

"ဘာမှ မဖြစ်ပါဘူး... သူက ကျွန်တော့်ဓားကို ကြည့်ချင်တယ်တဲ့... ကျွန်တော်က မကြည့်ပါနဲ့လို့ ပြောနေတာပါ... "

ခေါင်းကြီးက လူငယ်အား စေ့စေ့ကြည့်လိုက်သည်။

"မင်း ဓားကို ဘာဖြစ်လို့ အကြည့်မခံချင်တာလဲ... "

"ဒါကတော့ ကျွန်တော့်ရဲ့အကျင့်ပါ... ကျွန်တော့်ဓားကို ဘယ်သူ့ကိုမှ မပြချင်ဘူး... အား... ကျွတ်... ကျွတ်... "

လူငယ်က ဟုန်ဟုန်အား တောင်းပန်လိုက်သည်။

"ဒီအတွက် ကျွန်တော် တောင်းပန်ပါတယ်ဗျာ... "

ဟုန်ဟုန်က စကားတစ်ခွန်းမှ မပြောတော့ဘဲ အခန်းထဲ

www.burmeseclassic.com

www.burmeseclassic.com



မှ လှမ်းထွက်သွားလေသည်။ လူငယ်က ခေါင်းကြီးအား အ
အညီတောင်းလိုက်သည်။

"ကျွန်တော့်ကို စိတ်ဆိုးသွားပြီနဲ့ တူတယ်... အစ်ကိုကြ
တောင်းပန်ပေးပါဗျာ..."

"ရပါတယ်... အရေးကြီးတဲ့ကိစ္စမှ မဟုတ်ဘဲ... တော
ကြာ မေ့သွားမှာပါဗျာ... မင်းလည်း အနားရှိသေးတယ် မဟု
လား..."

"ကဲ... အနားယူလိုက်ဦး ကျုပ်သွားလိုက်ဦးမယ်..."

ခေါင်းဆောင်ကြီးက အခန်းထဲမှ ထွက်သွားလေသည်

❋❖❋

ဝေလီဝေလင်းအချိန်...

လူရိပ်တစ်ခုသည် ပိတ်ထားသော ခြံတံခါးကို ကျေ
လွှားကာ ခြေလှမ်းသုတ်သုတ်ဖြင့် တောင်ကြားလမ်း ထွက်ပေါ
ရှိရာသို့ ဦးတည်သွားနေသည်။

ထိုလူသည် ခေါင်းကြီးအိမ်မှ ဧည့်ရာကုသခံခဲ့ရသေ
လူငယ်ပင် ဖြစ်လေသည်။

သူက အဘယ်ကြောင့် ယခုကဲ့သို့ လူသူများ အိပ်ရာ
မည့် လှုမိုက်တောင်ကြားမှ ထွက်ခွာသွားရပါသနည်း။

ထိုလူ၏ရုပ်သွင်မှာ ယောက်ျားပီသပြီး အဆင့်မြင့် မိသ
စုမှ သားသမီး ဖြစ်သည်မှာ ပေါ်လွင်နေ၏။



သို့သော်... ယခုမှာမူ သူက အဘယ်ကြောင့် ခိုးကြောင်
ခိုက် အိမ်ရှင်များကို နှုတ်မဆက် အသိမပေးဘဲ တိတ်တဆိတ်
ထွက်သွားရပါသနည်း။

လူငယ်သည် တောင်ကြားအပေါက်ဝမှ ထွက်ပြီး ခြေ
လှမ်း (၅၀)ခန့် ရှိသောအခါ...

"ခဏလေး နေပါဦးရှင်..."

ရုတ်တရက် ထွက်ပေါ်လာသော ဟုန်ဟုန်၏အသံက သူ
၏ခြေလှမ်းကို ရပ်တန့်သွားစေသည်။

လူငယ်က နောက်သို့ လှည့်ကြည့်လိုက်သည်။

ဟုန်ဟုန်က သူ့အား စိုက်ကြည့်နေသည်ကို တွေ့မြင်
လိုက်ရသည်။ သူမ၏လက်ထဲတွင်လည်း ဓားတစ်လက် ပါလာ
သည်ကို တွေ့ရသည်။

လူငယ်က သက်ပြင်းတစ်ချက် ချလိုက်သည်။

"ခင်ဗျား ဘာကြောင့် ကျုပ်ကို အခုလို လိုက်ပြီး ရန်ရှာ
တာလဲဗျ..."

"ရှင်ကကော ဘာကြောင့် အိမ်ရှင်ကို နှုတ်တောင်မဆက်
ဘဲ အခုလို ထွက်ပြေးရတာလဲ..."

"ခင်ဗျားမေးခွန်းကို ကျုပ် ဘယ်လိုဖြေရမှန်းတောင် မသိ
ဘူးပါဘူးဗျာ..."

ဟုန်ဟုန်က ခါးထောက်လိုက်သည်။

"ကျွန်မ မေးတာကို ယောက်ျားပီပီ အမှန်အတိုင်းဖြေပါ"

www.burmeseclassic.com

www.burmeseclassic.com



"ကောင်းပြီလေ မေးပါ..."

"ဒီဓားကို ရှင် ဘယ်ကရတာလဲ..."

"ကျုပ်ဆရာဆီက..."

"ရှင့်ဆရာက ဘယ်သူလဲ..."

"နာမည်တော့ မပြောပါရစေနဲ့... တိုက်ပေ့ဂိုဏ်းဆိုတ
ပဲ ပြောပါရစေ..."

"တပည့်... ရှင်က ထိုက်ပေ့ဂိုဏ်းက တပည့်ဟုတ်လား

"ဟုတ်တယ်..."

"ရှင့်ဓားကို ဘာဓားလို့ ခေါ်လဲ..."

လူငယ်က သူမအား စိုက်ကြည့်လိုက်သည်။

"ခင်ဗျားက ဘာကြောင့် နှိုက်နှိုက်ချွတ်ချွတ် မေးနေ
တာလဲ..."

ဟုန်ဟုန်က...

"ကျွန်မအဘိုးက ထိုက်ပေ့ဂိုဏ်းကပါ... ရှင်ကိုင်တဲ့ ဓ
က အပူဓားလို့ ခေါ်တယ်... ဒီဓားနဲ့ သိုင်းကျမ်းတစ်ဝက် ပျော
သွားတာ နှစ်အတော်ကြာပြီ... အခု ရှင့်လက်ထဲမှာ တွေ့ရတေ
မေးရမယ့်တာဝန် ကျွန်မမှာ ရှိလာလို့ပါ..."

လူငယ်က သူမအား စိုက်ကြည့်လိုက်သည်။

"ခင်ဗျားကို ခင်ဗျား... ထိုက်ပေ့ဂိုဏ်းရလို့သာ ပြေ
တယ်... ကျုပ် ခင်ဗျားကို တစ်ခါမှ မတွေ့ဖူးဘူး... နာမည်လည်
မကြားဖူးဘူး..."



ဟုန်ဟုန်က သူမလက်ထဲတွင် ကိုင်ထားသောဓားကို
ဆောင်ပြလိုက်သည်။

"ဒီဓားကို ရှင်သိလား..."

လူငယ်၏မျက်လုံးအစုံတွင် အံ့ဩသော အရိပ်အရောင်
များ ဖြစ်ပေါ်လာသည်။

"ခင်ဗျား ဓားက ကျုပ်ဓားနဲ့ တူနေပါလား... အအေး
ဓားများ ဖြစ်နေမလား..."

ဟုန်ဟုန်က ခေါင်းညိတ်လိုက်သည်။

"သေချာတာပေါ့..."

လူငယ်က သူမအား အကဲခတ်ကြည့်လိုက်သည်။

"ခင်ဗျားဆရာက ဘယ်သူလဲ... ဒီဓား ဘယ်သူ့ဆီက
ရတာလဲ..."

"ကျွန်မအဘိုးကိုက အိုးရန်လူပါ... ဒီဓားကို သူက ပေးခဲ့
တာ..."

ဟုန်ဟုန်က လူငယ်အား အတန်ကြာ ငေး၍ ကြည့်မိ
သွားသည်။

"ခင်ဗျား အဘိုး အသတ်ခံရတဲ့သတင်း ကျုပ် ကြားခဲ့
တယ်... ဟုတ်ရောဟုတ်ရဲ့လား..."

"ဟုတ်ပါတယ်..."

သူမက ပြောရင်း ရင်ထဲမှာ လှိုက်တက်လာပြီး ငိုနည်း
သာလေသည်။

www.burmeseclassic.com

www.burmeseclassic.com



"ကျွန်မကိုလည်း နဂါးစိမ်းဂိုဏ်းသားတွေ လိုက်လ
ဒီတောင်ကြားမှာ ခိုအောင်းနေတာပါ... "

လူငယ်သည် ယခုမှ ဟုန်ဟုန်နှင့် မိမိတို့မှာ ဘဝတူ
နေမှန်း သိလာသည်။

ဟုန်ဟုန်က သက်ပြင်းတစ်ချက် ချလိုက်သည်။

"ဘိုးဘိုးပြောတော့... ဒီအပူလှိုင်းဓားနဲ့ ကျမ်းတစ်စ
အခိုးခံရတယ်လို့ ပြောတယ်... ဒါကြောင့် ဒီဓားကိုတွေ့လို့...
ကို သံသယ ဖြစ်လာရတာပါ... "

"ဒါကတော့... ဒီလိုပဲ ဖြစ်မှာပဲ... ကျုပ်ကသာ ခင်
ဓားကို အရင်တွေ့ရရင် ကျုပ်လည်း ခင်ဗျားအပေါ် သံသယ
မှာပဲ... "

"ကဲ... အခု ရှင် ဘယ်ကိုသွားမလို့လဲ... "

"အိမ်ပြန်မယ်... "

"ရှင့်အိမ် ဘယ်မှာလဲ... "

"နေပြည်တော်မှာပါ... "

"ရှင်က နေပြည်တော်မှာ နေတာ...ဟုတ်လား...

"နေထိုင်တာတော့ မဟုတ်ဘူး... အဲဒီမှာ ကိစ္စနည်းနည်း
ရှိလို့... "

လူငယ်က ဆက်၍ရှင်းပြလိုက်သည်။

"အဲဒီက ကိစ္စပြီးတာနဲ့ ထိုက်ပေ့စန်းတောင်ကို ပြ
ပါ... "



သူက ဟုန်ဟုန်အား ပြန်မေးလိုက်သည်။

"ခင်ဗျားကော ဘယ်သွားမလို့လဲ... "

"ကျွန်မ ဒီမှာပဲ ခဏနေဦးမယ်... အခြေအနေသိုင်းအောင်
မြင်သွားမှပဲ ကျွန်မ လုပ်ငန်းစမယ်... "

"ဘာလုပ်ငန်း စမှာလဲ... "

"အခုနှစ်များမှာ သိုင်းလောကတစ်ခုလုံးကို သွေးထွက်
သံယိုမှုတွေ ဖန်တီးခဲ့တဲ့ နဂါးစိမ်းဂိုဏ်းကို ချေမှုန်းပစ်မယ်... "

လူငယ်က အားတက်သွားလေသည်။

"ခင်ဗျားရဲ့ရည်မှန်းချက်က ကျုပ်နဲ့အတူတူပဲ... ဖြစ်နေ
ပါလား... "

လူငယ်က လက်သီးကျစ်ကျစ်ပါအောင်ဆုပ်ထားလိုက်
သည်။

"ဟုတ်တယ်... သူနဲ့ ငါနဲ့ဖြစ်တဲ့ ရန်ငြိုးဟာ ရိုးရိုးရန်ငြိုး
မဟုတ်ဘူး... သိုင်းလောကတစ်ခုလုံးနဲ့ ပြည်သူတစ်ရပ်လုံးရဲ့ ရန်
ငြိုးလို့ ပြောရင်လည်း ရပါတယ်... "

"ဒါနဲ့ ရှင် တစ်ယောက်တည်းနဲ့ သူတို့ကို အံတုလို့ ရနိုင်
ပါ့မလား... "

"ကျွန်တော် တစ်ယောက်တည်း မဟုတ်ပါဘူး... တရား
ဘက်တော်သား မှန်သမျှ ကျွန်တော့်နောက်မှာ ရှိနေပါတယ်... "

ဟုန်ဟုန်က ပြုံးလိုက်လေသည်။

"ကျွန်မကိုလည်း ရှင့်ရဲ့စာရင်းထဲ ထည့်လိုက်ပါ... "

www.burmeseclassic.com

www.burmeseclassic.com



လူငယ်က ဝမ်းသာသွားသည်။

"ကျွန်တော် လှိုက်လှဲစွာ ကြိုဆိုပါတယ်ဗျာ... "

"အခု... ရှင် ထိုက်ပေ့စန်းတောင်ကို သွားမလို့ ဟုတ်လား... "

"ဟုတ်တယ်... ပြီးတာနဲ့ အလွန်အားကိုးလောက်တဲ့ ပုဂ္ဂိုလ်တစ်ယောက်ဆီကိုလည်း ရောက်အောင်သွားမယ်... "

"ဒီပုဂ္ဂိုလ်က ဘယ်သူလဲ... "

"ထောက်လှမ်းရေးမှူးသိမ်းငှက်လောက်ချစ်... "

ပထမပိုင်းပြီး၏

ဒုတိယပိုင်း-ဇာတ်သိမ်းပိုင်းသက်လက်ဖတ်ရှုပါ

# မိုးကျော်သူ

## လူမိုက်တောင်ကြား

[ ဒုတိယပိုင်း – ဇာတ်သိမ်းပိုင်း ]

www.burmeseclassic.com

www.burmeseclassic.com

# နဂါးစိမ်းဂိုဏ်း၏လျှို့ဝှက်ချက်

ကျွင်းလိန်နေပြည်တော်...

ပြည့်သူ့စားသောက်ဆိုင်...

ပြည့်သူ့စားသောက်ဆိုင်သည် ကျွင်းလိန်မြို့တော်၏ မြောက်ဘက်တံခါးပေါက်အနီးတွင် တည်ရှိသည်။

စားသောက်ဆိုင်၏ အဆောက်အဦးမှာ ကျယ်ဝန်းလှသည်ဖြစ်သော်လည်း တန်ဖိုးနည်းသော အဆောက်အဦးတစ်ခု ဖြစ်သည်။

စားသောက်ဆိုင်တွင် မွမ်းမံခင်းကျင်းခြင်းမရှိဘဲ စားပွဲ ကုလားထိုင်များမှာ ဟောင်းနွမ်းပြီး ကြမ်းတမ်းလှပေသည်။

အိုးခွက်ပန်းကန်များမှာလည်း အကောင်းတစ်စုံမှ မရှိဘဲ အပွဲ့အရွဲ့ကပိုများနေ၏။

သို့သော်...

ထိုစားသောက်ဆိုင်၌ လာရောက်စားသောက်နေကြသောလူများသည် အခြားအခြား ထည်ဝါခမ်းနားလှသော စားသောက်ဆိုင်ထက် ပို၍စည်ကားလှပေသည်။

ဤသို့ဆိုလျှင် ဤဆိုင်မှ ရောင်းချသော ထမင်းဟင်းများ စားသောက်ဖွယ်ရာများမှာ အရသာအထူးကောင်းမွန်နေ၍လော။

www.burmeseclassic.com

www.burmeseclassic.com



မဟုတ်ပါ။

ဤဆိုင်မှာ ငှားရမ်းထားသောစားဖိုမှူးသည် တတိယ အဆင့်မျှသာရှိသော စားဖိုမှူးဖြစ်၍ ဟင်းလျာများမှာ အနည်းငယ်ညံ့နေသည်ကို တွေ့ရသည်။

သို့တိုင်အောင် ဤဆိုင်သို့ လာရောက်စားသောက်နေကြသောလူများမှာ ပြည့်လျှက်နေ၏။

အထူးသဖြင့် မွန်းတည့်ချိန်တိုင်းမှာ နေရာလပ်ပင်မရှိလောက်အောင် ပြည့်နေတတ်သည်။

ဤသို့ဆိုလျှင် ဤဆိုင်သို့ အဘယ်ကြောင့် စားသောက်နေသူများ တိုးဝှေ့စားသောက်နေကြပါသနည်း။

အကြောင်းနှစ်ကြောင်းရှိ၏။

ပထမအချက်မှာ ဤဆိုင်တွင် စားသောက်ဖွယ်ရာများအားလုံးဈေးချိုသည့်အပြင် ထမင်းခွက် ဟင်းခွက်များမှာလည်း အခြားဆိုင်များထက် များ၏။

ထို့ကြောင့်...

လက်လုပ်လက်စားများနှင့် သူဆင်းရဲများတို့သည် ဤဆိုင်သို့ လာရောက်စားသောက်ခြင်းဖြစ်လေသည်။

အခြားအကြောင်းကား တစ်ခုရှိသေး၏။

❋❖❋

မွန်းတည့်ချိန်...

ပြည့်သူ့စားသောက်ဆိုင်ထဲတွင် နေရာလပ်မရှိအောင် စားသောက်သူများ ပြည့်ကျပ်နေ၏။



ထိုအချိန်တွင် လူတစ်ယောက်ဆိုင်ထဲသို့ ဝင်ရောက်လာသည်။

ဆိုင်ထဲသို့လှမ်းဝင်လိုက်သည်နှင့် စားသောက်နေသူများ၏ ချွေးနံ့များသည် လေထုထဲ၌ ဟင်းနံ့များနှင့် ရောထွေးကာလွင့်ပျံ့နေသည်ကို ရှူရှိုက်သည်။

သို့သော်... သူသည် ဆိုင်ထဲမှ ပြန်ထွက်မလာဘဲ နေရာထိုင်ခင်းရလိုရငြား ကျီးကန်းတောင်းမျှော် ရှာဖွေနေ၏။

ဆိုင်လုလင်များကလည်း ချွေးတစ်လုံးလုံးဖြင့် အလုပ်ရှုပ်နေသောကြောင့် ဘယ်သူကမှ သူ့အားလှည့်မကြည့်နိုင်တော့ပါ။

သို့သော်...

စားသောက်နေကြသော သူများမှာမူ သူ့အားအံ့အားတသြဖြင့် လှမ်းကြည့်မိကြလေသည်။

အကြောင်းမှာ...

ထိုလူငယ်သည် ရုပ်ရည်သန့်ပြန့်ပြီး အထက်တန်းလွှာကလူဖြစ်သည်။

ထိုလူ့ဝတ်စားဆင်ယင်ထားသော အဝတ်အစားများပေါ်တွင် အကဲခတ်မိသောကြောင့် ဖြစ်သည်။

ထိုလူငယ်၏ ပုံဟန်မှာ မြို့တော်ထဲရှိ အထက်တန်းစားသောက်ဆိုင်သို့ သွားရောက်၍ အေးအေးဆေးဆေး စားသောက်နိုင်သော အရည်အချင်းရှိရမည်။

ယခုမှာမူ နေရာထိုင်ခင်းပင် မရှိသည်ကိုတွေ့လျက်နှင့် ရပ်၍စောင့်နေသည်ကို မအံ့သြဘဲ မနေနိုင်ကြပါ။

ဆိုင်လုလင်များကလည်း သူ့အား အနည်းငယ် အားနာ

www.burmeseclassic.com

www.burmeseclassic.com



လာသည်။ ဆိုင်လုလင်တစ်ယောက်က သူ့ထံသို့ချည်းကပ်လာသည်။

"အစ်ကိုလေး... ထမင်းစားမလို့လား... "

လှူငယ်ကပြုံး၍ ခေါင်းညိတ်လိုက်သည်။

"ဟုတ်တယ်... "

ဆိုင်လုလင်က...

"ဒါဖြင့်လိုက်ခဲ့ပါ... ချောင်တော့ နည်းနည်းကျတယ်... ထိုင်ခုံလည်း နည်းနည်းညစ်ပတ်တယ်... သဘောကျရင်တော့ အဲ့ဒီနေရာမှာပဲ ထိုင်ပြီးစားသောက်ပါတော့နော်... "

လှူငယ်က ခေါင်းညိတ်လိုက်သည်။

"ရပါတယ်... ဗိုက်ဆာလာပြီ... ဗိုက်ဝဖို့သာအရေးကြီးတယ် မဟုတ်လား... "

ဆိုင်လုလင်သည် မီးဖိုချောင်နှင့်ကပ်လျက်ရှိသော စားပွဲတစ်လုံးပေါ်သို့ ခေါ်သွားပြီး နေရာချပေးလိုက်သည်။

ထိုစားပွဲအနီးတွင် ကုလားထိုင်တစ်လုံးတည်းသာ ရှိသည်။

လှူငယ်က လေပူတစ်ချက်မှုတ်ထုတ်လိုက်ပြီး ထိုင်ချလိုက်သည်။

ထိုလုလင်က...

"ဘာသုံးဆောင်မလဲ အစ်ကိုလေး... "

လှူငယ်က...

"ဟင်းတစ်ခွက်... ဟင်းရည်တစ်ခွက်... ထမင်းတစ်ပန်းကန်ဆိုရပါပြီ... "



ဆိုင်လုလင်က ထွက်သွားသည်။

ခဏအကြာတွင် ဆိုင်လုလင်က မှာကြားထားသည့်အတိုင်း လာရောက်ချပေးလိုက်သည်။

လှူငယ်သည် ခါးမှဓားကိုဖြုတ်၍ စားပွဲပေါ်၌ တင်ထားလိုက်သည်။

ထို့နောက် အေးအေးဆေးဆေး စားသောက်နေသည်။

❋❋❋

လှူငယ်သည် ထမင်းစားသောက်ပြီး၍ ဆိုင်လင်က လာရောက်ချပေးသော ရေနွေးကြမ်းကိုထိုင်သောက်နေ၏။

တခဏအကြာတွင် ဆိုင်လုလင်က ရောက်ရှိလာသဖြင့် လှူငယ်ကငွေတုံးကလေး တစ်တုံးကိုနှိုက်ပေးလိုက်သည်။

"ပိုတာမင်းယူထားလိုက်တော့... "

ဆိုင်လုလင်က ဝမ်းပန်းတသာဖြင့် ခေါင်းညိတ်ကာ...

"ကျေးဇူးတင်လိုက်တာ အစ်ကိုလေး... ဘာလိုသေးလဲ... လှူငယ်က သူ့အားစိုက်ကြည့်လိုက်သည်။

"ငါ့အတွက်... "

သူသည် ပြောရင်း အိတ်ထဲလက်နှိုက်၍ ဆိုင်လုလင်ရှေ့ကို လက်ဝါးဖြန့်ပြလိုက်သည်။

ဆိုင်လုလင်၏ မျက်လုံးအစုံသည် ဝိုင်းစက်မြူးကျယ်သွားလေသည်။

အကြောင်းမှာ...

လှူငယ်၏ လက်ဝါးထဲတွင် လေးထောင့်ပါစပ် မီးခြစ်ဗူး

www.burmeseclassic.com

www.burmeseclassic.com



ထက် အနည်းငယ်သေးသော ရွှေရောင်ကြေးပြားတစ်ချပ်ကို တွေ့မြင်လိုက်ရသောကြောင့် ဖြစ်သည်။

ထိုကြေးပြား၏အလယ်တွင် ပျံရန်အတောင်ပံကို ဖြန့်ထားသော သိမ်းငှက်တစ်ကောင်ရုပ်ပုံကို ဖော်ထားသည်ကို တွေ့မြင်လိုက်ရသောကြောင့် ဖြစ်သည်။

ဆိုင်လုလင်သည် စားသောက်နေသူများဘက်ကို တစ်ချက်ဝေ့ကြည့်လိုက်သည်။

ထို့နောက် ဦးခေါင်းညိတ်၍ အသံကိုအနည်းငယ်မြှင့်၍ ပြောလိုက်လေသည်။

"ဒီက အစ်ကိုလေး... အိမ်သာတက်ချင်ရင်လည်း လိုက်ပို့ပေးပါ့မယ်... "

လူငယ်က သဘောပေါက်သွားသည်။

ထိုင်ရာမှ ထလိုက်ပြီး စားကိုကောက်ကိုင်လိုက်သည်။

လူငယ်က ဆိုင်လုလင်ခေါ်ရာသို့ လိုက်ပါသွားသည်။

ချက်ပြုတ်နေသော မီးဖိုဆောင်တွင် စားဖိုမှူးများနှင့် အလုပ်သမားတို့သည် ချွေးတစ်လုံးလုံးဖြင့် အလုပ်များနေကြသည်။

ဝင်လာသော လူအားမည်သူတစ်ဦး တစ်ယောက်မှ လှည့်မကြည့်ကြပါ။

ဆိုင်လုလင်က အိမ်သာအခန်းရှိရာသို့ ရောက်ရှိသွားသောအခါ...

ထိုနေရာရှိ အိမ်သာလေးလုံးထဲမှ သော့ခတ်ထားသော အခန်းကို သော့ဖွင့်ပေးလိုက်သည်။



"ဒီမှာ အစ်ကိုလေး... "

လူငယ်က တံခါးဖွင့်၍ လှမ်းဝင်လိုက်သည်။

ဆိုင်လုလင်က တံခါးပြန်ပိတ်လိုက်လေသည်။

ထိုအခန်းမှာ အိမ်သာတော့ မဟုတ်ပါ။

အခန်းကတော့ ကျဉ်းကျဉ်းကလေး ဖြစ်သည်။

အခန်း၏နောက်ဘက်တွင် တံခါးတစ်ချပ်ရှိသည်။

သူသည် တံခါးဖွင့်ပေးလိုက်သည်နှင့် ရှည်လျားသော ကြိုလမ်းအတိုင်း လျှောက်သွားသောအခါ စင်္ကြံလမ်းဆုံးသွားသောအခါ အလွန်ခိုင်မာပြီး ကျယ်ဝန်းသော အဆောက်အဦးတစ်ကို တွေ့မြင်လိုက်ရသည်။

အဆောက်အဦး၏ တံခါးပေါက်ဝတွင် လူတစ်ယောက် ရပ်နေ၏။

သူ၏မျက်လုံးအစုံသည် တရွေ့ရွေ့ချဉ်းကပ်လာသော ူငယ်အား စူးစိုက်စွာကြည့်နေ၏။

လူငယ်သည် အနီးသို့ရောက်ရှိတော့မှ လက်ဝါးထဲမှ သင့်ပါလာသော ကြေးပြားအား ဖြန့်ပြလိုက်သည်။

ထိုလူက သူ့အားဦးညွှတ်လိုက်သည်။

တံခါးစောင့်တစ်ယောက်ဖြစ်သည်။

"အထဲကို ကြွပါ... "

သူက တံခါးကိုဖွင့်ပေးလိုက်လေသည်။

❋❋❋

www.burmeseclassic.com

www.burmeseclassic.com



အခန်းထဲမှ သိမ်းငှက်လောက်ချစ်သည် ကြီးမားသော စားပွဲတစ်လုံး၏ နောက်တွင်ထိုင်နေ၏။

လူလေးယောက်သည် သူနှင့်မျက်နှာချင်းဆိုင် ထိုင်နေ ကြသည်။

စားပွဲပေါ်တွင် စာရွက်စာတမ်းများ အခြားပစ္စည်းများ နှင့် ရှုပ်ပွပြန့်ကျဲနေ၏။

သိမ်းငှက်လောက်ချစ်မှာ အလုပ်အလွန်များပုံရသည်။

အခန်းတံခါး ပွင့်သံသာကြားလိုက်သည်နှင့် သိမ်းငှက် လောက်ချစ်က ခေါင်းမော့ကြည့်လိုက်သည်။

သူက မတ်တတ်ရပ်ဟန်ပြင်လိုက်သည်။

လူငယ်က လက်တစ်ဖက် မသိမသာ ရမ်းပြလိုက်ရာ

သိမ်းငှက်လောက်ချစ်သည် ထိုင်မြဲထိုင်နေ၏။

ထို့နောက် သူ့ရှေ့တွင် ထိုင်နေသော လူလေးယောက် အား တီးတိုးပြောလိုက်သည်။

ထိုလူလေးယောက်တို့သည် ပြိုင်တူထရပ်ပြီး သိမ်းငှက် လောက်ချစ်အား ပြိုင်တူအရိုအသေ ပေးလိုက်လေသည်။

ထို့နောက်...

ယာဘက်အခန်းတံခါးမှ အသီးသီးထွက်ခွာသွားကြလေ သည်။

❋❋❋

လူငယ်သည် သိမ်းငှက်လောက်ချစ်ရှေ့သို့ သွားပြီး ဦး ညွတ်လိုက်သည်။



"လေးစားပါတယ်..."

သိမ်းငှက်လောက်ချစ်က ပြန်၍ဦးညွတ်လိုက်သည်။

"လေးစားပါတယ်... ထိုင်ပါ..."

လူငယ်က ကုလားထိုင်တစ်လုံးပေါ်သို့ ဝင်ရောက်ထိုင် လိုက်သည်။

သိမ်းငှက်လောက်ချစ်က လူငယ်အား အကဲခတ်ကြည့် လိုက်ပြီး...

"မင်း..."

လူငယ်က လက်ကာပြလိုက်သည်။

"လီကျွန်းလို့ပဲ ခေါ်ပါ..."

သိမ်းငှက်လောက်ချစ်က ဦးညွတ်ပြလိုက်သည်။

"အမိန့်..."

လီကျွန်းက ဟန့်တားလိုက်ပြန်လေသည်။

"ထောက်လှမ်းရေးမှူးရယ်၊ အခြေအနေအတော်လေးဆိုး နေပြီ... အစစအရာရာ သတိထားဖို့ ပြောချင်ပါတယ်..."

သိမ်းငှက်လောက်ချစ်က...

"ဟုတ်ကဲ့ပါ... မင်း... လီကျွန်း..."

"အခြေအနေ ဘာတွေထူးခြားသေးသလဲ..."

"အခြေအနေကတော့ ပုံကြမ်းလောက်ရပြီလို့... ပြော ပါတယ်..."

"ဒါဖြင့် ရထားတဲ့ပုံကြမ်းကို အကြမ်းအားဖြင့် ပြောပြစမ်း ..."

"ဟုတ်ကဲ့..."

www.burmeseclassic.com

www.burmeseclassic.com



သိမ်းငှက်လောက်ချစ်သည် ပြန့်ကျဲနေသော စာရွက်စာတမ်းများကို စုစည်းလိုက်သည်။

ထို့နောက် မြေပုံကြမ်းကိုကြည့်လိုက်ရာ သူက သဘောမပေါက်သောမျက်လုံးဖြင့် သိမ်းငှက်လောက်ချစ်အား ပြန်ကြည့်လိုက်သည်။

"ဒီမြေပုံပေါ်မှာ ပါရှိတဲ့ မြို့ကြီးမြို့ငယ်တွေကို နေ့စွဲတပ်ထားတာ တွေ့ရတယ်... အဲဒါက ဘာအဓိပ္ပါယ်လဲ... "

သိမ်းငှက်လောက်ချစ်က...

"ကျွန်တော်... ကျူပ်... ရှင်းပြပါ့မယ်... "

သူက အနည်းငယ် စဉ်းစားပြီးမှ စတင်လှုပ်ရှားပြလိုက်လေသည်။

"အခု... ကျူပ်တို့တွေ့ရှိခဲ့တဲ့ နဂါးစိမ်းဂိုဏ်းဟာ ခေါ အဆက်ဆက်မှာ တစ်ခါမှ မပေါ်ပေါက်ဘူးတဲ့... ဂိုဏ်းတစ်ဂိုဏ်းဖြစ်ပါတယ်... "

"ဘာများထူးလို့လဲ... "

"ကျူပ်တို့ တစ်နှစ်မှာ ရက်ပေါင်း (၃၆၅)ရက်ရှိပါတယ်... အခု နဂါးစိမ်းဂိုဏ်းရဲ့ဌာနခွဲတို့မှာလည်း (၃၆၅) ဂိုဏ်းရှိပါတယ်..."

လီကျန်း၏ မျက်လုံးအစုံသည် ဝိုင်းစက်ပြူးကျယ်သွားလေသည်။

"ဌာနခွဲတွေ များလှချည်လား..."

"ဟုတ်ကဲ့... သူတို့ဌာနခွဲရှိတဲ့ မြို့ကိုနာမည်အစား ရက်စွဲတပ်ခေါ်ပါတယ် ... "

သိမ်းငှက်လောက်ချစ်က ရှင်းပြလိုက်သည်။



"ဥပမာ နဂါးစိမ်းဂိုဏ်းအဖွဲ့ရဲ့ ပထမဦးဆုံး လှုပ်ရှားမှုဖြစ်သွားတာ ခိုင်ဖုံးမြို့ထဲမှာပါ... အဲဒီခိုင်ဖုံးမြို့ကို သူတို့ရဲ့ သင်္ကေတအနေနဲ့ (၅)လ (၅)ရက်လို့ အမည်ပေးထားပါတယ်... "

လီကျန်းက သဘောပေါက်နားလည်လာလေသည်။

"ကျွန်တော် သဘောပေါက်ပါပြီ... သူတို့ဟာ မြို့တစ်မြို့ကို ရက်စွဲတစ်ခုစီ သတ်မှတ်ထားတော့... သူတို့အချင်းချင်းကလွဲပြီး ဘယ်သူကမှ သိကြမှာမဟုတ်ဘူး... "

သိမ်းငှက်လောက်ချစ်က...

"ဟုတ်တယ်... ဒါကြောင့် သူတို့ရဲ့ လျှို့ဝှက်ချက်ကို... တော်ရုံတန်ရုံ ထောက်လှမ်းဖို့ အလွန်ခက်ခဲလှပါတယ်... "

လီကျန်းကပြုံးလိုက်သည်။

"ဒါကြောင့် ဖေဖေတို့ကလည်း ထောက်လှမ်းရေးမှူးကို အားကိုးနေရတာပေါ့... "

"ဒါကတော့ ကျူပ်ရဲ့ကံလည်းပါတယ်လို့... ဆိုချင်ပါတယ်... သို့မဟုတ်ရင် ဒီသင်္ကေတကို ဌာနခွဲအဖြစ် ခေါ်ဝေါ်တဲ့ အဖြစ်ကို သိဖို့ဘယ်လွယ်ပါ့မလဲ... "

"ဘာပဲဖြစ်ဖြစ် အစတစ်ခုဆွဲလိုက်မိတာနဲ့... သူတို့ဘယ်မှ ပြေးမလွတ်ဘူးဆိုတာ... ကျွန်တော်ကတော့ ထောက်လှမ်းရေးမှူးရဲ့ အရည်အချင်းကို နားလည်ပြီးသားပါ... "

သိမ်းငှက်လောက်ချစ်က လက်ကာပြလိုက်သည်။

"အချီးမွမ်းမစောပါနဲ့... အခုထိ ကျူပ်ကသူတို့ဌာနခွဲ ဘယ်မှာရှိတယ်ဆိုတာ... အပူတပြင်း လိုက်ရှာတုန်းပဲ ရှိသေးတယ်... "

www.burmeseclassic.com

www.burmeseclassic.com



"ဒါနဲ့... ဂိုဏ်းချုပ်က ဘယ်သူလဲဆိုတာကော သဲလွန်
စ ရထားပြီလား... "

"သူတို့ဂိုဏ်းချုပ်က ဘယ်သူလဲ... ဌာနချုပ်ဘယ်မှာလဲ
ဒါကိုအပူတပြင်း စုံစမ်းခဲ့တာ (၆)လလောက်ရှိပြီ... အခုထိ ဘာသ
လွန်စမှ မရသေးပါဘူး... "

သူက သက်ပြင်းချလိုက်ပြီး စကားဆက်လိုက်သည်။

"ဘယ်လို ခက်ခဲနက်နဲတဲ့ မှုခင်းဖြစ်ပါစေ... သူတို့
ဦးဆောင်ဦးရွက်လုပ်တဲ့လူ ဘယ်သူလဲဆိုတာ သိမှသာလျှင်
အလုပ်က အောင်မြင်မှာ... အခုတော့... "

သိမ်းငှက်လောက်ချစ်ပင် စိတ်ဓာတ်အလွန်ကျနေသည
ကို လီကျုန်းက အကဲခတ်မိလိုက်သည်။

"စိတ်ဓာတ်မကျပါနဲ့... ထောက်လှမ်းရေးမှူး... အမှ
တရားဆိုတာ ဘယ်တော့မှ ပျောက်ကွယ်မသွားဘူးလို့... ကျု
စိတ်ခိုင်ခိုင်မြဲမြဲ ယုံကြည်ထားပါတယ်... "

သိမ်းငှက်လောက်ချစ်က...

"မှန်ပါတယ်... ကျုပ်လည်း အလျှော့မပေးဘူးလို့
သန္နိဋ္ဌာန်ချထားပါတယ်... "

❋✻❋

## ပစ်မှတ်

လီကျုန်းက အတန်ကြာဆိတ်ဆိတ်နေပြီးမှ သူ့ရင်ထဲမှာ
မြိုသိပ်ထားသော မေးခွန်းတစ်ခုကို ထုတ်မေးလိုက်သည်။

"ဒါနဲ့... ထောက်လှမ်းရေးမှူးကို မေးချင်ပါတယ်... "

သိမ်းငှက်လောက်ချစ်က...

"မေးပါ... "

"နဂါးစိမ်းဂိုဏ်းရဲ့ ရည်မှန်းချက်ကဘာလဲ... သူတို့ရဲ့
ပစ်မှတ်က ဘာလဲဆိုတာ... ကျွန်တော်ဖြင့် တွေးလို့မရဘူး... "

"ဒီမေးခွန်းဟာ ဖြေရမှာ အခက်ခဲဆုံးပါ... "

"ဘယ်အမှုအခင်းမဆို... တစ်ဖက်လူရဲ့ ရည်မှန်းချက်
ကိုသိထားမှသာ ကျုပ်တို့က ဘာဆက်လုပ်ရမယ်ဆိုတာ စီမံချက်
ချလို့ ရမယ်မဟုတ်လား... "

"ထောက်လှမ်းရေးမှူး အနေနဲ့... သူတို့ရည်မှန်းချက်ကို
ခန့်မှန်းအကျဉ်းတော့... တီးမိခေါက်မိဖြစ်နေပြီ မဟုတ်လား... "

"ကျုပ်ထင်ထားတာတွေတော့ ရှိတာပေါ့... ဒါပေမယ့်
အဆုံးဖြတ်လို့ကို မရသေးဘူး... "

"ပြောပြနိုင်မယ်ဆိုရင် ကျွန်တော်သိချင်ပါတယ်... "

www.burmeseclassic.com

www.burmeseclassic.com



"နဂါးစိမ်းဂိုဏ်းက စတင်လှုပ်ရှားတာက ကြည့်မယ်
ရင်... အပူအအေးခားသိုင်းကျမ်းက စတာပဲ... "

"ဒါကိုကြည့်မယ်ဆိုရင် နဂါးစိမ်းဂိုဏ်းရဲ့ ပုဂ္ဂိုလ်ဟာ
သိုင်းလောကတစ်ခုလုံးကို ဗိုလ်ကျလွှမ်းမိုးချင်တယ်ဆိုတာ... ပြေ
လို့ရပါတယ်... "

"ကျွန်တော်လည်း... ဒီအတိုင်းပဲ ထင်မြင်ယူဆထား
တယ်... ကျွန်တော့်အနေနဲ့ ပြောရမယ်ဆိုရင် အပူခားနဲ့ သိုင်းကျ
ကို ရထားတဲ့နေ့ကစပြီး... အန္တရာယ်တွေ တစ်ခုပြီးတစ်ခု ရင်ဆိုင်
လာရတာပါပဲ... "

"ကျုပ်အနေနဲ့လည်း... ဒီအတိုင်းပဲ စဉ်းစားမိပါတ
ဒါပေမယ့်... "

"ဒါပေမယ့် ဘာဖြစ်သလဲ... "

"သိုင်းကျမ်းကိုစွဲနဲ့ ဆိုရင်သူတို့ဟာ ဒီသိုင်းကျမ်းနော
ကို... အင်အားသုံးပြီးတော့ လုပ်ရမှာပေါ့... "

"လုပ်ပါတယ်... ကျွန်တော့်ကိုသာ လူမိုက်တောင်ကြ
က လူတွေမကယ်တင်ခဲ့ရင်... အသက်လည်း ဆုံးရှုံးမယ်... သို
ကျမ်းလည်း ပါသွားမယ်... "

သိမ်းငှက်လောက်ချစ်က မျက်မှောင်ကုတ်သွားသည်

"လီကျုန်းဆိုလိုတာက နဂါးစိမ်းဂိုဏ်းသားတွေ... ဒီသို
ကျမ်းအတွက် အန္တရာယ်လိုက်ပေးနေတယ် မဟုတ်လား... "

လီကျုန်းက...

"ဟုတ်တယ်... "

သိမ်းငှက်လောက်ချစ်က...



"ဒါဖြင့် ဒီအကြောင်းကို အသေးစိတ်ပြောပြပါလား... "

လီကျုန်းက ဦးခေါင်းကိုညိတ်လိုက်သည်။

"ဟုတ်ကဲ့... "

သူသည် နဂါးစိမ်းဂိုဏ်းမှ လူတွေ လိုက်သတ်သည့်အကြောင်း၊ မိမိမှာ ဒဏ်ရာပြင်းထန်စွာရပြီး လူမိုက်တောင်ကြားထဲ ပြေးဝင်သည့်အကြောင်းနှင့် လူမိုက်တောင်ကြားမှ လူတွေကယ်တင်ခဲ့သည့်အကြောင်း အပြင်...

ဟုန်ဟုန်နှင့် တွေ့ဆုံခဲ့ရသည့်အကြောင်းကိုပါ ရှင်းရှင်းလင်းလင်းပြောပြလိုက်သည်။

သိမ်းငှက်လောက်ချစ်သည် နားထောင်ရင်း နားထောင်ရင်း အလွန်စိတ်ဝင်စားလာသည်။

လီကျုန်း၏ စကားဆုံးသွားသောအခါ...

သိမ်းငှက်လောက်ချစ်သည် လီကျုန်းပြောပြသည့်အချက်များကို မှတ်တမ်းရေးသားထားလေသည်။

ထို့နောက်...

သူက သိချင်သည်များကို ပြန်လည်မေးမြန်းလိုက်သည်။

"ဒါနဲ့... ခုနတုန်းက ပြောတဲ့အထဲမှာ... မိန်းကလေးတစ်ယောက်အကြောင်းပါလာတယ်... သူနာမည် ဘယ်လိုခေါ်သလဲ"

လီကျုန်းက...

"ဟုန်ဟုန်လို့ ခေါ်တယ်... "

သူက ဆက်၍ရှင်းပြလိုက်သည်။

"သူက ထိုက်ပေ့ချန်းလောင်ရဲ့ မြေးဖြစ်တယ်လို့ပြောတယ်... "

www.burmeseclassic.com

www.burmeseclassic.com



"သူ့ဆီမှာ ဓားတစ်လက်ရထားတယ် ဟုတ်လား..."

"ဟုတ်တယ်... ကျွန်တော်က အပ္ပဓားနဲ့ သိုင်းကျမ်းရ ထားသလို... သူကလည်း သူ့အဘိုးဆီက အအေးဓားနဲ့ သိုင်းကျမ်း တစ်ခုရထားတယ်..."

"သူက ဘာကြောင့်လူမိုက်တောင်ကြားထဲကို ရောက်နေ ရတာလဲ..."

"သူလည်းပဲ နဂါးစိမ်းဂိုဏ်းသားတွေက ဒီဓားနဲ့သိုင်း ကျမ်းလိုချင်လို့ လိုက်ရှင်း... ဒီတောင်ကြားထဲမှာ ဝင်ပုန်းနေတာ ပါ..."

သိမ်းငှက်လောက်ချစ်သည် အတန်ကြာစဉ်းစားပြီးမှ-

"ဒါဖြင့် ဒီမိန်းကလေးက အခုထိ လူမိုက်တောင်ကြားထဲ မှာပဲ ရှိနေတာပေါ့ ဟုတ်လား..."

လီကျန်းက...

"ဟုတ်ကဲ့... သူရှိလိမ့်မယ်..."

သိမ်းငှက်လောက်ချစ်သည်စကားတစ်ခွန်းမှမပြောတော့ ဘဲ မေးစေ့ကို ထောက်၍ တွေးတောစဉ်းစားနေလေတော့သည်။

❋❋❋

အတန်ကြာတော့မှ...

သိမ်းငှက်လောကချစ်က လေပူတစ်ချက်မှုတ်ထုတ်လိုက် ပြီး...

"ဒီအကြောင်းကို ကြားမိတဲ့အတွက်... နဂါးစိမ်းဂိုဏ်းရဲ့ ရည်ရွယ်ချက်ဟာ... သိုင်းလောက တစ်ခုလုံးကိုဗိုလ်ကျ လွှမ်းမိုး



ချင်တယ်လို့ သိရပါတယ်..."

သူက ဆက်၍...

"ဒါပေမယ့်... သေသေချာချာ ပြန်ကြည့်မယ်ဆိုရင်... ဒီသိုင်းကျမ်းကို လိုချင်တာနဲ့ သူတို့က ဘာကြောင့်ဒွာနခွဲ ဒီလောက် များများထားရသလဲဆိုတာ စဉ်းစားစရာဖြစ်လာတယ်..."

လီကျန်းက...

"ဒီအချက်လဲ စဉ်းစားစရာပါပဲ..."

သိမ်းငှက်လောက်ချစ်က...

"သူတို့ရဲ့ အဓိက ပစ်မှတ်ဟာ... ဒီသိုင်းကျမ်းကို လိုချင် တယ်ဆိုရင်... ဓားတစ်လက်နဲ့ သိုင်းကျမ်းတစ်ဝက် လီကျန်းလက် ထဲရောက်နေပြီဆိုတာ သိတယ်... ကျန်တဲ့ ဓားတစ်လက်နဲ့ သိုင်း ကျမ်းတစ်ဝက်ကလည်း မိန်းကလေးဆီမှာ ရောက်နေတာလည်း သူတို့သိတယ်... အဲ့ဒါကို ဘာကြောင့်သူတို့က အင်တိုက်အားတိုက် လုပ်ဘဲ ဆိုင်းငံ့နေရတာလဲ..."

လီကျန်းက...

"သူတို့ အင်တိုက်အားတိုက်လုပ်ပါတယ်... ဒါပေမယ့် လူမိုက်တောင်ကြားက လူတွေကလည်း မခေဘူး... သူတို့ကို တွန်း လှန်နိုင်ခဲ့တယ်..."

သိမ်းငှက်လောက်ချစ်က ပြုံးလိုက်လေသည်။

"လက်ရှိ သူတို့အင်အားဟာ... ဘယ်လောက် တောင် ဘင်းခိုင်မာတယ်ဆိုတာ... လီကျန်းလည်း စဉ်းစားကြည့်ရင် သိမှာ ပေါ့..."

"ဒါလည်းဟုတ်ပါတယ်..."

www.burmeseclassic.com

www.burmeseclassic.com



"သူတို့က တကယ်လို့... အင်တိုက်အားတိုက်လုပ်မယ်ဆိုရင် လူမိုက်တောင်ကြား မပြောနဲ့... သူ့ထက်အင်အားကြီးတဲ့ အရာတွေကိုတောင် ဖြိုခွင်းနိုင်ပါတယ်... "

လီကျန်းက အတန်ကြာစဉ်းစားလိုက်ပြီး...

"ဒါကို ကျွန်တော်ဝန်ခံပါတယ်... "

"ဒါဖြင့် ဒီနဂါးစိမ်းဂိုဏ်းရဲ့ ဂိုဏ်းချုပ်ဟာ သူ့ရဲ့ရည်ရွယ်ချက်က ဘာလဲ... ဒါကိုသိဖို့ သိပ်အရေးကြီးလာပြီ... "

"ကျုပ်လည်း မစဉ်းစားတတ်တော့ဘူး... "

"ကျုပ်ရဲ့ ထင်မြင်ယူဆချက် မလွဲမှားဘူးဆိုရင် ဒီလူဟာ သိုင်းကျမ်းပေါ်မှာအာရုံရောက်အောင်... တမင်သက်သက်အကွက်ဆင်ထားတာ ဖြစ်ရမှာ... "

"ထောက်လှမ်းရေးမှူး ပြောပြတော့မှ ကျွန်တော်လည်း သဘောပေါက်လာတယ်... "

သူက သိမ်းငှက်လောက်ချစ်အား မေးလိုက်သည်။

"ထောက်လှမ်းရေးမှူး... ထောက်လှမ်းရေးမှူးပြောတာကို... ကျွန်တော် တဖြည်းဖြည်း ရင်ထိတ်လာပြီ... အခုထောက်လှမ်းရေးမှူးက ဘာဆက်လုပ်ဖို့ စိတ်ပိုင်းဖြတ်ထားလဲ... "

သိမ်းငှက်လောက်ချစ်က စကားကို တစ်လုံးချင်း ပြောလိုက်သည်။

"အရေးကြီးဆုံးကတော့... နဂါးစိမ်းဂိုဏ်းရဲ့ ဂိုဏ်းချုပ် ဘယ်သူဆိုတာ... သိပ်အရေးကြီးပါတယ်... ဒါနဲ့ သူကဘယ်သူလဲ... "

***

## ရွှေနန်းစံအိမ်

ကျင်းလိန်မြို့တော်...

ကျင်းလိန်မြို့တော်သည် တစ်ချိန်တုန်းက နေပြည်တော်အဖြစ် နန်းတည်ခဲ့ဖူးလေသည်။

မြင့်မားသော အုတ်နံရံများသည် ကျင်းလိန်မြို့တော်တစ်ခုလုံးအား လေးဘက်လေးတန်မှ ကာရံထားလျက်ရှိသည်။

မြို့တော်အတွင်း၌လည်း နန်းစံလုပေသည်။

နေပြည်တော်၏ အလယ်ဗဟိုတည့်တည့်တွင် နန်းစံစံအဆောက်အဦးတစ်ခု ရှိလေသည်။

အဆောက်အဦး၏ ဝင်ပေါက်မုခ်ဦးပေါ်၌ ရွှေရောင်စာလုံးများဖြင့် ဖော်ထားသည်မှာ...

"ရွှေနန်းစံအိမ်"

လက်ရှိ ရွှေနန်းစံအိမ်သခင်မှာ "လီဝမ်ရဲ" ဖြစ်သည်။

လီဝမ်ရဲသည် လက်ရှိနန်းတင်သော ဘုရင်၏ညီတော်ဖြစ်လေသည်။

ခမည်းတော် ဘုရင်မင်းမြတ်ကြီး၏ မြောက်နန်းစံမိဖုရားမှ မွေးဖွားလာသော သားတော်လည်းဖြစ်သည်။

လီဝမ်ရဲသည် အသက်(၅၀)ပင် မပြည့်သေးပါ။

www.burmeseclassic.com

www.burmeseclassic.com



သို့သော်...

အလွန်အိုစားနေသည်ကို တွေ့ရမည်ဖြစ်သည်။

အထူးသဖြင့် သူ၏ ခြေထောက်တစ်ဖက်မှာ မသန်မစွမ်းဖြစ်နေသောကြောင့် ချိုင်းထောက်အကူဖြင့် လမ်းလျှောက်နေရသည်။

ထို့ကြောင့်လားမသိ... ။

သူသည် အလွန်ဒေါသကြီးတတ်သည်။

ယနေ့လည်း သူဒေါသထွက်နေ၏။

သူ့ရှေ့တွင် ကိုယ်ရံတော် (၁၀) ယောက်ခန့် တန်းစီ၍ရပ်နေ၏။

လီဝမ်ရဲက သူတို့အား တစ်ချက်ဝေ့ကြည့်လိုက်ပြီ...

"ကဲ... ပြောစမ်း မင်းတို့အသုံးမကျပုံကို... "

ကိုရံတော် (၁၀)ယောက် အနက် ကိုယ်ရံတော်တပ်မှူးဖြစ်သူက...

"ကျွန်တော်မျိုးတို့ သူ့ကိုရှာမတွေ့ရပေမယ့်... သဲလွန်စတွေ့ခဲ့ပါတယ်... သခင်ကြီး... "

"ကဲ... ဆိုစမ်း ဘာသဲလွန်စ ရတာလဲ... "

"သူ့ နောက်ကို နဂါးစိမ်းဂိုဏ်းသားတွေလိုက်လို့ လူမိုက်တောင်ကြားထဲ ဝင်ပြေးတယ်လို့ သိရပါတယ်... "

လီဝမ်ရဲက မျက်မှောင်ကုတ်သွားသည်။

"သူနဲ့ လူမိုက်တောင်ကြားနဲ့ ဘယ်လိုများပတ်သက်နေလို့လဲ... "

ကိုယ်ရံတော်တပ်မှူးက ခေါင်းခါယမ်းလိုက်သည်။



"ပတ်သက်စရာ မရှိပါဘူး... သူက ပြေးရင်းလွှားရင်းနဲ့... ဝင်သွားတဲ့ သဘောပါ... "

"ဒါဖြင့်... သူဟာ လူမိုက်တောင်ကြားထဲ ရောက်နေတယ်လို့ ပြောချင်တာလား... "

"ဟုတ်ကဲ့ပါ သခင်ကြီး... "

"မင်းတို့ကော သူ့နောက် လိုက်မသွားဘူးလား... "

"ကျွန်တော်တို့ ဒီသတင်းသိလို့ လိုက်ဖို့ပြင်ဆင်တဲ့အခါ... သူက တောင်ကြားကနေ ထွက်လာပြီလို့ သတင်းရလာပါတယ်... "

"ဒီသတင်း သေချာရဲ့လား... "

"သေချာပါတယ် သခင်ကြီး... "

လီဝမ်ရဲက သက်ပြင်းတစ်ချက်ချလိုက်သည်။

"ဒီသူငယ်ဟာ နန်းနဲ့... မထိုက်သလို ငယ်ငယ်ကတည်းက လွတ်လွတ်လပ်လပ်နေချင်တယ်... နည်းနည်းကြီးလာပြန်တော့... သိုင်းသမားဖြစ်ချင်တယ်တဲ့... "

သူက သက်ပြင်းကို ထပ်မံချလိုက်ပြီး စကားဆက်လိုက်ပြန်သည်။

"ဒါနဲ့... ကျုပ်က သူ့ကို ထိုက်ပေစန်းတောင်ပို့လိုက်တယ်... အဲဒီမှာလည်း သူမနေနိုင်လို့ မပြောမဆိုထွက်လာခဲ့တယ်လို့ သိရတယ်... "

ကိုယ်ရံတော်တပ်မှူးက ခေါင်းညိတ်လိုက်သည်။

"ဟုတ်ပါတယ် သခင်ကြီး... သူအခု သိုင်းပညာတော်တော်တတ်ထားတယ်လို့ သိရပါတယ်... "

လီဝမ်ရဲက...

www.burmeseclassic.com

www.burmeseclassic.com



"ထားလိုက်ပါတော့လေ… အခု သူဘယ်ရောက်နေတယ်ဆိုတာ သိလား… "

"သိပါတယ် သခင်ကြီး… "

"သူဘယ်မှာလဲ… "

"သိမ်းငှက်လောက်ချစ်ဆီ ရောက်နေတယ်လို့ သိရပါတယ်… "

ကိုယ်ရံတော်တပ်မှူးက ပြောလိုက်ခြင်းဖြစ်သည်။

လီဝမ်ရဲက မျက်မှောင်ကုတ်သွားလေသည်။

"သူဘာတွေ ရှုပ်နေမှန်း မသိတော့ပါဘူး… "

သူက ဆက်၍အမိန့်ပေးလိုက်သည်။

"သူ့ကို မျက်ခြည်မပြတ် စောင့်ကြည့်နေ… သိမ်းငှက်လောက်ချစ်ဆီက ထွက်လာတာနဲ့ ငါ့ဆီကို အရောက်ခေါ်ခဲ့ပါ… "

ကိုယ်ရံတော်တပ်မှူးက ခေါင်းညိတ်လိုက်သည်။

"အမိန့်အတိုင်းပါ သခင်ကြီး… "

❋❋❋

## လှုံ့စုလှုဝေး

နေလုံးကြီးသည် မြေပြင်ပေါ်သို့ ဆင်းသက်စပြုနေ၏။

ဆည်းဆာရောင်ခြည်များသည် ကမ္ဘာ့မြေပြင်ပေါ်သို့ ထိုးကျနေရာ လှပ၍နေ၏။

ကျင်းလိန်မြို့တော်၏ မြောက်ဘက်တံခါးမှ ထွက်သွားလျှင် လီပေါင်း (၃၀) ခန့် အကွာတွင် နဂါးစိမ်းတောင်ဟု အမည်ရှိသော တောင်တစ်လုံးရှိနေ၏။

နဂါးစိမ်းတောင်သည် မြင့်မားလှသည်မဟုတ်ပါ။

တောင်ထိပ်ပေါ်၌ အလွန်ကျယ်ဝန်းခန့်ညားသော ဘုံကျောင်းတစ်ကျောင်းရှိသည်။

တစ်ချိန်တုန်းက ဆိုလျှင် ထိုဘုံကျောင်းသို့သွားရောက်နေမျှော်သော လူများဖြင့် အလွန်စည်ကားလှပေသည်။

လွန်ခဲ့သော (၁၀)နှစ်ခန့် အချိန်မှာ မြောက်ဘက်တံခါးထွက်လာသော လမ်းမသည် နဂါးစိမ်းတောင်ဆီသို့ ဦးတည်မနေတော့ဘဲ နဂါးစိမ်းတောင်နှင့် (၅)လီခန့် အကွာတွင် သီးခြားလမ်းတစ်ခုထပ်မံဖောက်လွှင်းထားသောကြောင့် ထိုနဂါးစိမ်းတောင် သို့သွားလာသူများ တစ်စထက်တစ်စ နည်းပါးလာပြီးနောက်ဆုံးသူလုံးဝ မရောက်တော့ဘဲ ခြောက်သွေ့သွားသည်။

www.burmeseclassic.com

www.burmeseclassic.com



အဆောက်အဦးမှာလည်း တစ်နေ့တခြား ယိုယွင်းပျက်စီးလာရာ ပြုပြင်မွမ်းမံသူများ မရှိသောကြောင့် တံခါးများပြိုလဲပြီး ခေါင်းမိုးမှာလည်း နေမြင်လမြင်ဖြစ်နေသည်။

သို့သော်...

ဤ (၃) နှစ်အတွင်းမှာ ထိုနဂါးစိမ်းတောင်ပေါ်တွင် ဘုံကျောင်းကြီးသည် ပြန်လည်နိုးကြားလာသည်။

ဘုံကျောင်းအား ပြန်လည်မွမ်းမံခဲ့သောကြောင့် မဟုတ်ပါ။

ခါတိုင်းကဲ့သို့ပင် ပျက်စီးယိုယွင်းနေ၏။

သို့သော်...

တစ်ခါတစ်ရံ၌ ဤဘုံကျောင်းသို့ ရောက်ရှိလာသော လူစုလူဝေးများ အလွန်များပြားသည်ကို တွေ့ရှိခဲ့ရသောကြောင့် ဖြစ်သည်။

ထိုလူစု လူဝေးမှာ မည်သူများဖြစ်ကြပါသနည်း။

ဤယိုယွင်း ပျက်စီးနေသော ဘုံကျောင်းသို့ မည်သည့် အရေးကြီးကိစ္စကြောင့် ရောက်ရှိလာရပါသနည်း။

❋❋❋

နေလုံးကြီးသည် လုံးဝပျောက်ကွယ်သွားသည်။

ဘုံကျောင်းထဲသို့ လူများသည် အလျှိုလျှိုရောက်ရှိလာကြလေသည်။

ထမင်းတစ်အိုးကျက် အချိန်ကြာမြင့်လာသောအခါ...

ဘုံကျောင်းထဲတွင် လူများပြည့်ကျပ်နေသည်ကို တွေ့



...င်ရမည်ဖြစ်သည်။

❋❋❋

ဘုံကျောင်းထဲ၌ မီးအိမ်များ ထွန်းညှိခြင်းမရှိပါ။

မှောင်မည်းနေ၏။

သို့သော်...

မကြာပါချေ။

လဝန်းသည် ကောင်းကင်ပေါ်သို့ စတင်ရောက်ရှိလာသည်။

ကနေ့ညသည် လပြည့်ညဖြစ်သည်။

ဘုံကျောင်းထဲသို့ စုရုံးရောက်ရှိလာကြသော လူများသည် ယခုတလော လျှမ်းလျှမ်းတောက် ကျော်ကြားနေသော နဂါးစိမ်းဂိုဏ်း၏ ဌာနခွဲအသီးသီးမှ ဌာနခွဲမှူးများ ဖြစ်ကြလေသည်။

နဂါးစိမ်းဂိုဏ်းမှာ အစည်းအဝေးပြုလုပ်လျှင် ဤဘုံကျောင်းကို စည်းဝေးသော နေရာအဖြစ်သတ်မှတ်ထားသည်။

အကြောင်းမှာ...

ကျင်းလိန်မြို့ မြောက်ဘက်လမ်းမတစ်ဘက်သို့ ပြောင်းဖောက်လုပ်ထားသော လမ်းကြောင့် ထိုတောင့်အနီးသို့ မည်သူ ရောက်ရှိမလာသောကြောင့် ဖြစ်သည်။

နဂါးစိမ်းဂိုဏ်း အစည်းအဝေးကို ညအချိန်သာ လုပ်လေ့ရှိသည်။

အချိန်မှာလည်း လပြည့်ချိန်ဖြစ်သည်။

အကြောင်းမှာ... အခြားနေ့တွင် အစည်းအဝေးလုပ်လျှင်

www.burmeseclassic.com

www.burmeseclassic.com



မီးထွန်းရမည်ဖြစ်သည်။

မီးထွန်းခဲ့လျှင် အဝေးမှ မြင်တွေ့သွားမည်ဖြစ်သည်

တစ်ခြားအကြောင်းမှာ နဂါးစိမ်းဂိုဏ်းချုပ်က သူမ

နှာကို မပြလိုသောကြောင့် ဖြစ်သည်။

နဂါးစိမ်းဂိုဏ်သား မဆိုထားဘိ...

ဌာနခွဲမှူး အများစုကပင် နဂါးစိမ်းဂိုဏ်းချုပ်၏ မျက်

ကိုမတွေ့ဖူးကြချေ။

သူတို့အားလုံးတို့သည် မိမိတို့၏ ဂိုဏ်းချုပ်မည်သူ

ဝါမှန်း မသိသော်လည်း သိခွင့်မရပါ။

❋❋❋

ထိန်းလင်းနေသော လရောင်သည် ပေါက်ပြဲနေ

ခေါင်းမိုးပေါ်မှ ဘုံကျောင်းထဲသို့ ထိုးကျနေ၏။

လှုပ်လှုပ်ရွရွဖြစ်နေကြသော နဂါးစိမ်းဂိုဏ်းသားတို့

ရုတ်တရက် ငြိမ်သက်သွားကြသည်။

အကြောင်းမှာ...

သူတို့သည် စကားပြောရင်း ဆိုရင်းစောင့်ဆိုင်းနေ

နေရာမှ ဘုံကျောင်း၏ တံခါးပေါက်တွင် လူတစ်ယောက်ရပ်

သည်ကို တွေ့မြင်လိုက်ရသောကြောင့် ဖြစ်သည်။

အခမ်းအနားမှူးအဖြစ် တာဝန်ယူထားသော ဌာန

တစ်ယောက်က...

"ဂိုဏ်းချုပ်ကြွလာပါပြီ ခင်ဗျ... "

ဟု ကြေညာလိုက်ရာ ဌာနခွဲမှူးအားလုံးတို့သည် တံ



ပေါက်ဝဘက်သို့ လှည့်၍ရပ်နေသော သူတို့ဂိုဏ်းချုပ်အား ဂါရဝပြု

ကြလေသည်။

"ဂိုဏ်းချုပ်ကြီး ဝမ်ဇွေ... "

ဟု ကြွေကြော်လိုက်ရာ ဌာနခွဲမှူး အားလုံးတို့သည် တံခါး

ပေါက်ဝဘက်သို့ လှည့်၍ရပ်နေသော သူတို့ဂိုဏ်းချုပ်အား ဂါရဝပြု

ကြလေသည်။

"ဂိုဏ်းချုပ် ဝမ်ဇွေ... "

ဂိုဏ်းချုပ်ကြီးက အားလုံးကို ခေါင်းညိတ်ပြလိုက်သည်။

ဘုံကျောင်းထဲသို့ လှမ်းဝင်လိုက်လေသည်။

ဘုံကျောင်း၏ အနောက်ဘက်နံရံနှင့် ကပ်လျက်တွင်

စားပွဲတစ်လုံးရှိသည်။

နဂါးစိမ်းဂိုဏ်းချုပ်က ထိုစားပွဲကို ကုလားထိုင်အဖြစ်နှင့်

တပလ္လင် ထိုင်ချလိုက်သည်။

နဂါးစိမ်းဂိုဏ်းချုပ်က လက်တစ်ချက် ဝှေ့ရမ်းလိုက်ရာ

အခမ်းအနားမှူးက...

"အားလုံးနေရာယူ ထိုင်နိုင်ပါပြီ ခင်ဗျာ... "

ဌာနခွဲမှူး အားလုံးတို့သည် ကြမ်းပြင်ပေါ်တွင် တပလ္လင်

ထိုင်ချလိုက်ကြသည်။

ဂိုဏ်းချုပ်ကြီး၏ ခန္ဓာကိုယ်မှာ ထွားကြိုင်းသန်မာလှ

သည် မဟုတ်သော်လည်း ကျန်းမာသန်စွမ်းပုံရလေသည်။

သူ၏ မျက်နှာပေါ်တွင် ရွှေရောင်စိမ်ထားသော ငွေးနီ

မျက်နှာဖုံးတစ်ခု တပ်ဆင်ထားလေသည်။

ဦးခေါင်းပေါ်၌ စစ်သူကြီးများဆောင်းလေ့ရှိသော ဦးထုပ်

www.burmeseclassic.com

www.burmeseclassic.com



တစ်လုံး ဆောင်းထားလေသည်။

ဦးထုပ်ပေါ်၌ အမောက်ထောင်နေသော အစိမ်းရော

နဂါးရုပ်ပုံ ဖော်ထားလေသည်။

သူ၏ ပုံဟန်ကိုကြည့်ရင်း ကြောက်ရွံ့လေးစားသေ

စိတ်များ တရိပ်ရိပ် ဖြစ်ပေါ်ခံစားနေရသည်။

ဂိုဏ်းချုပ်က စကားစတင်လိုက်သည်။

"ကနေ့ည အစည်းအဝေးဟာ ဌာနခွဲမှူး အသီးသီးဆီ

လုပ်ဆောင်ခဲ့တဲ့ လုပ်ငန်းတွေကို ပထမဦးဆုံး တင်ပြကြဖို့ပါပဲ

အခမ်းအနားမှူးက...

"အစီအစဉ်အတိုင်း... တစ်လနှစ်ရက်ဌာနခွဲမှူးက စ

တင်ပြဖို့ပါပဲ..."

ဌာနခွဲမှူး တစ်ယောက်က ဦးညွှတ်လိုက်ပြီး ဂိုဏ်းချ

အား...

"ကျွန်တော် တာဝန်ယူထားတဲ့... မြို့ကလေးကတေ

အဆင်ပြေပါတယ်... တောင်းခံတဲ့ ရန်ပုံငွေလည်းရပါတယ်... ဌာ

ဆိုင်ရာကလည်း ကျွန်တော်တို့ကိစ္စကို လုံးဝစွက်ဖက်ခြင်း

တော့ပါဘူး..."

ဂိုဏ်းချုပ်က ဦးခေါင်းညိတ်လိုက်ပြီး...

"ချီးကျူးပါတယ်..."

သူက ဌာနခွဲမှူးဘက်သို့ လှည့်လိုက်ပြီး...

"အမှတ်(၂)မှတ် အပြည့်ပေးလိုက်ပါ..."

အခမ်းအနားမှူးက ရေးမှတ်လိုက်သည်။

ဌာနခွဲမှူးက ကျေးဇူးတင်စကားပြော၍ ပြန်လည်



ချလိုက်သည်။

"တစ်လသုံးရက်..."

အခမ်းအနားမှူးက အော်လိုက်ရာ လူတစ်ယောက်ထ၍

ဂိုဏ်းချုပ်အား အရိုအသေပေးလိုက်သည်။

"ကျွန်တော့်နယ်မြေထဲမှာလည်း... ဘာပြဿနာမှ မရှိ

ဘူး... ရန်ပုံငွေလည်း ပြည့်ပြီးသွားပါပြီ..."

ဂိုဏ်းချုပ်က ခေါင်းညိတ်လိုက်သည်။

"ချီးကျူးပါတယ်... အမှတ်(၂)မှတ်..."

ဤသို့ဖြင့် အခမ်းအနားမှူးက...

"နှစ်လ (၄)ရက်..."

"နှစ်လ (၅)ရက်..."

"နှစ်လ (၆) ရက်..."

"............"

"............"

အခမ်းနားမှူးက ကြေညာလိုက်တိုင်း ဌာနခွဲမှူးအသီးသီး

တို့က မိမိ၏အခြေအနေကို တင်ပြကြရလေသည်။

❋❖❋

အချိန်သည် တဖြည်းဖြည်းကုန်ဆုံးသွားသည်။

ဌာနခွဲမှူး (၃၆၄) ယောက်တို့သည် အသီးသီးမိမိတို့၏

လုပ်ငန်းများကို တင်ပြသွားကြလေသည်။

နောက်ဆုံး ဌာနခွဲမှူးတို့က...

"ဂိုဏ်းချုပ်ကြီး ခင်ဗျားအားလုံး အစီရင်ခံစာတင်ပြီး

www.burmeseclassic.com

www.burmeseclassic.com



ပါပြီ... ”

ဂိုဏ်းချုပ်က ကျေနပ်သွားပုံရသည်။

“အားလုံးကို ကျေးဇူးတင်ပါတယ်... ”

သူ၏ အသံသည် အားမာန်ရှိလာသည်ကို ကြားလိုက်ရသောကြောင့် သိုင်းပညာအဆင့်ရှိသော နဂါးစိမ်းဂိုဏ်းသားအချို့တို့သည် မိမိတို့၏ဂိုဏ်းချုပ်မှာ သိုင်းပညာ အလွန်အဆင့်မြင့်သည်ကို အလိုလိုသဘောပေါက်နားလည်ကြလေသည်။

❋❋❋

အခမ်းအနားမှူးက ဆက်လက်ကြေညာလိုက်သည်။

“အားလုံးသတိ... ဂိုဏ်းချုပ်ကြီးက ဩဝါဒပေးပါလိမ့်မယ်... ”

အသံများအားလုံး ပျောက်ကွယ်သွားသည်။

ဂိုဏ်းချုပ်ကြီး၏ အားမာန်အပြည့်ရှိသော အသံကြီးက ထွက်ပေါ်လာသည်။

“ကျုပ်ရဲ့ ဂိုဏ်းသားအားလုံးကို... သတင်းကောင်းတစ်ခု ပြောပါမယ်... အဲ့ဒါဘာလဲဆိုရင် ကျုပ်တို့ရဲ့ လုပ်ငန်းဟာ နောက် (၆)လလောက် အချိန်ကြာရင် မုချအောင်မြင်လာမယ်ဆိုတာ... ကြိုတင်အသိပေးအပ်ပါတယ်... ”

ဌာနခွဲမှူးအားလုံးတို့သည် လှုပ်လှုပ်ရွရွဖြစ်ကုန်ကြသည်။ ဂိုဏ်းချုပ်က ဆက်၍...

“ကျုပ်တို့လုပ်ငန်းအောင်မြင်မယ်ဆိုရင်... ကျုပ်ရဲ့အစည်းအဝေး နေရာဟာ ဒီလိုနေရာ မဟုတ်တော့ဘူး... အလွန်ထည်ဝါ



ခန့်ညားတဲ့ နေရာဖြစ်ရမယ်လို့ ကြိုတင်အသိပေးအပ်ပါတယ်... ”

ဌာနခွဲမှူး အားလုံးတို့သည် အလွန့်စိတ်အား တက်ကြွလာသည်။

နဂါးစိမ်းဂိုဏ်းချုပ်က ဆက်၍...

“လာမယ့် (၆)လမှာ ကျုပ်တို့ဟာ ရန်သူနဲ့ထိပ်တိုက်ရင်ဆိုင်ရဖို့ရှိပါတယ်... ဒါပေမယ့် မစိုးရိမ်ပါနဲ့... ကျုပ်တို့ဘက်မှာ အစစအရာရာ သူတို့နဲ့ ရင်ဆိုင်ဖို့အသင့်ရှိနေပါပြီ... အောင်မြင်မယ်ဆိုတာလဲ ကြိုတင်ခန့်မှန်းလို့ရပါပြီ... ”

သူက တခဏအကြာ ရပ်နားပြီးမှ...

“အရေးကြီးဆုံးကတော့... ဌာနခွဲမှူးကို ပေးထားတဲ့... တာဝန်ကိုကျေအောင် ထမ်းဆောင်ဖို့ပါပဲ... ကျုပ်တို့အောင်မြင်တဲ့အခါမှာ ဌာနခွဲမှူးတို့နဲ့ ဂိုဏ်းသားအားလုံးတို့ဟာ မမျှော်မှန်းနိုင်တဲ့ စည်းစိမ်တွေကို ခံစားရမယ်ဆိုတာ ကျုပ်ရဲရဲကြီး ကတိပေးနိုင်ပါတယ်... ”

သူက အားလုံးကို ခေါင်းတစ်ချက်ညိတ်ပြလိုက်သည်။

“ကျုပ်နောက်ဆုံး မှာချင်တာကတော့ အချက်သုံးချက်... ”

သူက အသံကိုမြှင့်လိုက်သည်။

“ရရှိရထိုက်တဲ့ ရန်ပုံငွေကို ပြည့်မီအောင် ကောက်ခံဖို့... ”

သူကဆက်၍...

“ဒုတိယ အချက်ကတော့ အချိန်မတိုင်မီ... အတတ်နိုင်ဆုံးလျှို့ဝှက်ထားဖို့... ”

ဂိုဏ်းချုပ်ကြီး ခဏရပ်နားလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



တခဏာအကြာမှာ စကားတစ်လုံးချင်း ပြောလိုက်သည်

"တတိယအချက်က အရေးကြီးဆုံးလို့ ဆိုနိုင်တယ်... တို့မအောင်မြင်ခင် ငါတို့ရဲ့ လျှို့ဝှက်ချက်တွေကို... ပေါက်ကြား တဲ့လူ... ဘယ်သူ့ကိုမဆို သေဒဏ်ကျခံရလိမ့်လို့ ကြိုတင်အသိ ပါတယ်... "

"စိတ်ချပါဂိုဏ်းချုပ်ကြီး... "

ဂိုဏ်းချုပ်ကြီးက ခေါင်းညိတ်ပြလိုက်ရာ...

"အစည်းအဝေးပြီးဆုံးကြောင်း ကြေညာအပ်ပါသည် ခင်ဗျာ... "

အခမ်းအနားမှူး၏ အသံဆုံးသွားသည်နှင့် ဌာနခွဲမှူးအ လုံးက ဖြိုင်တူဂါရဝပြုကြသည်။

"ဂိုဏ်းချုပ်ကြီး ဝမ်ခွေ့... "

ဂါရဝပြုပြီး ခေါင်းမော့ကြည့်လိုက်သောအခါ...

စားပွဲပေါ်၌ ဟာလာဟင်းလင်း ဖြစ်နေပြီး၊ ဂိုဏ်းချုပ် မတွေ့ရတော့ပါ။

❋❋❋

# လေလွင့်နေသောမင်းသားလေး

နံနက်...

ဘုရင့်နန်းတော်တွင် ထုံးစံအတိုင်း ကျင်းပသောနံနက်ညီ လာခံသည် ပြီးဆုံးသွားလေသည်။

"ဗုန်း... ဗုန်း... ဗုန်း... "

"ဒေါင်... ဒေါင်... ဒေါင်... "

ညီလာခံပြီးဆုံးသွားကြောင်း ထွက်ပေါ်လာသောဗုံသံ နှင့် မောင်းသံသည် လေထဲ၌လွင့်ပျံ့နေ၏။

ဝန်မင်း၊ မှူးမတ်များတို့သည် နန်းတော်ထဲမှ အသီးသီး ထွက်ခွာသွားကြလေသည်။

နန်းတွင်းကိုယ်ရံတော်များတို့သည် ဝန်မင်း၊ မှူးမတ်တို့ ထွက်ခွာသွားပြီးသည်နှင့် တံခါးကိုပြန်လည်ပိတ်ထားရန် ဟန်ပြင် နေကြသည်။

ထိုအချိန်မှာပင်...

လူတစ်ယောက်သည် တံခါးရှိရာသို့ ဦးတည်လျှောက် လာနေသည်ကို မြင်တွေ့လိုက်ရလေသည်။

ထိုလူမှာ ခေါင်းငုံ့၍ လျှောက်နေသောကြောင့် သူ၏မျက် နှာကို မမြင်ရပါ။

www.burmeseclassic.com

www.burmeseclassic.com



သူ၏ကိုယ်ပေါ်တွင် သိုင်းသမားများ ဝတ်ဆင်လေ့ရှိသောဝတ်စုံကို ဝတ်ဆင်ထားသည်။

ခါးတွင် ဓားတစ်လက်ချိတ်ထားသည်။

"ရပ်လိုက်…"

နန်းတွင်းကိုယ်ရံတော်များက ကမန်းကတန်းဟန့်တားလိုက်သည်။

လှံတံကိုယ်စီဖြင့် ထိုလူငယ်အားချိတ်ထားသည်။

လူငယ်က အော်သံကိုမကြားရသည့်အလား ဆက်လက်လျှောက်လာ၏။

"ရပ်လိုက်…"

နန်းတွင်းကိုယ်ရံတော်များက ကမန်းကတန်း ဟန့်တားလိုက်သည်။

လှံတံကိုယ်စီဖြင့် ထိုလူငယ်အား ချိတ်ထားသည်။

လူငယ်က အော်သံကိုမကြားရသည့်အလား ဆက်လက်လျှောက်လာ၏။

"ရပ်လိုက်… ရှေ့မတိုးနဲ့သေသွားမယ်…"

လူငယ်အား နန်းတွင်းကိုယ်ရံတော်က အော်ငေါက်လိုက်သည်။

ရှေ့ဆက်တိုးလာလျှင် ထိုးရန်လှံဖြင့်ချိန်ထားသည်။

လူငယ်က ဆက်လျှောက်လာသည်။

ခေါင်းကိုမော့လိုက်သည်။

နန်းတွင်းကိုယ်ရံတော်များက ကြောင်အမ်းအမ်းဖြစ်လာသည်။



လက်ထဲမှ လှံတံကိုကမန်းကတန်းပစ်ချလိုက်သည်။

ထို့နောက် ဒူးထောက်၍ တောင်းပန်လိုက်လေသည်။

"မင်းသားလေးမှန်း မသိလို့ပါ… ခွင့်လွှတ်တော်မူပါ…"

လူငယ်က ပြုံးလိုက်သည်။

"သင်တို့အပြစ်မရှိပါဘူး… ကဲ ထကြပါတော့…"

နန်းတွင်းကိုယ်ရံတော်များက ဝမ်းသာသွားသည်။

"မင်းသားလေး ချန်းစွေ့… ချန်းစွေ့… ချန်းစွေ့"

ဟု သံပြိုင်ဂါရဝပြုလိုက်လေသည်။

နန်းတွင်းလူငယ်နှစ်ယောက်က ကမန်းကတန်းလာရောက်ကြိုဆိုသည်။

နန်းတွင်းသူ နှစ်ယောက်က အနောက်ဆောင်ထဲသို့ ကမန်းကတန်းပြေးသွားကြလေသည်။

သူမတို့သည် ထိုင်၍အနားယူနေကြသော ဘုရင်နှင့်မိဖုရားတို့အား လျှောက်ထားကြလေသည်။

"မင်းသားလေး လီကျန်း… ပြန်လည်ရောက်ရှိလာပါပြီ အရှင်မင်းကြီး…"

အရှင်မင်းကြီးက မိဖုရားဘက်သို့ လှည့်၍ပြုံးပြလိုက်သည်။

မိဖုရားကြီး၏ မျက်နှာပေါ်တွင် အတိုင်းအဆမရှိသော ဝမ်းသာခြင်း၏ အရိပ်အယောင်များ ဖြစ်ပေါ်လာသည်။

သူမက လက်အုပ်ချီ၍…

"ကျေးဇူးကြီးမားတဲ့မယ်တော်ကွမ်ရင်… မယ်တော်ကွမ်ရင်ရဲ့ ကူညီမစမှုကြောင့် သားတော်လီကျန်းပြန်ရောက်လာပါပြီ…"

www.burmeseclassic.com

www.burmeseclassic.com



ထိုအချိန်မှာပင် လီကျွန်းက ဘုရင်နှင့်မိဖုရားတို့ ရှေ့တွင် ဒူးထောက်၍ ဂါရဝပြုလိုက်လေသည်။

"သားတော်... ခွင့်မတောင်းဘဲ ထွက်သွားတာ အပြစ်ရှိပါတယ်... ဒီအပြစ်ကို သားတော်ခံပါ့မယ်..."

ဘုရင်က လီကျွန်းအား စိုက်ကြည့်လိုက်သည်။

"မင်းကို အပြစ်ပေးလည်း... ဘာအကြောင်းထူးမှာလဲ..."

သူက ကုလားထိုင်တစ်လုံးကို ညွှန်ပြလိုက်သည်။

"ထိုင်စမ်း... ငါ မေးစရာရှိတယ်..."

မိဖုရားဖြစ်သူမှာမူ လီကျွန်း၏ လက်ကိုဆွဲ၍ ခေါင်းဆုံးခြေဆုံး အကဲခတ်ကြည့်လိုက်သည်။

"ကြည့်စမ်း... သားတော်ဘယ်တွေ လျှောက်သွားနေတာလဲ... ဘယ်လိုပုံစံ ဖြစ်နေပြီလဲ..."

လီကျွန်းက ဦးညွှတ်လိုက်သည်။

"သားတော် အလုံးအဆင်ပြေပါတယ်... စိတ်မပူပါနဲ့မယ်တော်..."

ထို့နောက် ထိုင်ချလိုက်သည်။

ဘုရင်က စိုက်ကြည့်လိုက်သည်။

"ငါမေးတာကို အာလုံးအမှန်အတိုင်း ဖြေစမ်း..."

လီကျွန်းက ဦးညွှတ်လိုက်သည်။

"အမိန့်အတိုင်းပါ ခမည်းတော်..."

ဘုရင်က...

"မင်း... မပြောမဆိုနဲ့ ထွက်ခွာသွားတာ... ငါမပြောဘူး အပြင်မှာ ဘာလုပ်ခဲ့လဲဆိုတာလဲ... မမေးဘူး ငါအခုသိချင်တာ ငါ့အရိုက်အရာကို လက်ခံဖို့... မင်းအကြိမ်ကြိမ်ငြင်းပယ်ခဲ့တယ်... အခုသဘောထားပြောင်းလဲသွားပြီလား..."



လီကျွန်းက ဦးခေါင်းကိုငုံ့ထားလိုက်လေသည်။

"သားတော်ရဲ့ သဘောကိုခမည်းတော် သိပြီးသားပါ... သားတော် ငယ်ငယ်ကတည်းက လွတ်လွတ်လပ်လပ် ပျော်ပျော်ရွှင်ရွှင် နေချင်တယ်... အခုလို နေရာတကာမှာ စည်းကမ်းအမျိုးမျိုးနဲ့ ချုပ်ချယ်ခြင်းခံရတဲ့ ဘဝမျိုးကိုလည်း စိတ်မဝင်စားပါဘူး ခမည်းတော်..."

"ဘာကွ..."

ဘုရင်က ဒေါသကြီးစွာဖြင့် အော်ငေါက်လိုက်သည်။

မိဖုရားက ကမန်းကတန်းကြားဝင် ဖြန်ဖြေပေးလိုက်သည်။

"ဒေါသမကြီးပါနဲ့... အရှင်မင်းကြီး... အရှင်မင်းမြတ်ကျန်းမာရေးက ပိုအရေးကြီးပါတယ်..."

"မင်းရဲ့သားတော် ပြောတာကို မင်းမကြားဘူးလား..."

"ကြားပါတယ်... သူ့ကို တဖြည်းဖြည်း ဖျောင်းဖျပေးဖို့ တာဝန်ယူပါတယ်..."

လီကျွန်းက...

"ခမည်းတော်ရဲ့ အရိုက်အရာကို သားကိုမပေးဘဲ... ညီလေးလီဝမ်ရဲက ဆက်ခံနိုင်တယ် မဟုတ်လား..."

မိဖုရားက...

"ဒါကတော့... မင်းကိုမမွေးခဲ့ရင်... သူကဆက်ခံခွင့်ရှိတယ်... ဒါကို သားတော်နားလည်ပါတယ်လေ..."

www.burmeseclassic.com

www.burmeseclassic.com



"ဦးလေးတော် လီဝမ်ရဲက သားတော်ထက်ပိုပြီး ပညာ
တယ်... တိုင်းပြည်ကိုလည်း အုပ်ချုပ်နိုင်တဲ့ အရည်အချင်းရှိ
တယ်... ဒါကြောင့် သူ့ကိုလွှဲပေးရင် ပိုကောင်းမယ်လို့ သားတော
ယူဆမိလို့ပါ..."

ဘုရင်က...

"မင်းက ဘာသိလို့ ပြောနေတာလဲ... လူတစ်ယော
အကြောင်းကို ကောင်းကောင်းမသိဘဲ... စိတ်ကူးယဉ်ပြီးမပြေ
နဲ့..."

မိဖုရားက...

"မဖြစ်နိုင်တာကို မပြောနဲ့သားတော်... လီဝမ်ရဲက
ထောက်တစ်ဘက် မသန်လို့ချိုင်းထောက်အကူနဲ့ လမ်းလျှော
နေရတယ်... သူက ဘယ်လိုလုပ် ဘုရင်ရဲ့အင်္ဂါနဲ့ ကိုက်ညီမှာလဲ..."

လီကျွန်းက ပါးစပ်ပိတ်ထားလိုက်သည်။

ဘုရင်က အသံပြတ်ပြတ်ဖြင့်...

"နောက် (၆) လကြာရင် ငါနန်းစွန့်တော့မယ်... မင်းအ
ကတည်းက ဘုရင်တစ်ပါး သိသင့်သိထိုက်တဲ့... နန်းတွင်းစည်
ကမ်းတွေ... နိုင်ငံတော်ကို အုပ်ချုပ်တဲ့ ပညာရပ်တွေကို စတ
သင်ကြားရမယ်... သက်ဆိုင်ရာ ဝန်ကြီးတွေကိုလည်း အမိန့်ပေ
ပြီး... မင်းဒီတစ်ခါ မပြောမဆိုဘဲနဲ့ ထွက်ရဲထွက်ကြည့်မင်းကို..."

သူက စကားမဆုံးမီ မိဖုရားက ဟန့်တားလိုက်သည်

"တော်ပါတော့ကွယ်... သားတော်က ဒီလောက်မိုက်
မယ့် သားမဟုတ်ပါဘူး... သူတဖြည်းဖြည်း နားလည်လာပါလိ
မယ်..."



လီကျွန်းက စကားမပြောဘဲ ခေါင်းငုံ့ထားလိုက်သည်။

❋❋❋

ဘုံကျောင်းထဲ၌ စုဝေးနေသော နဂါးစိမ်းဂိုဏ်းမှာ ဌာနခွဲ
မှူးများ အလျှိုလျှိုထွက်ခွာ သွားပြီးနောက်..."

ဝန်းကျင်တစ်ခုလုံး တိတ်ဆိတ်သွားလေသည်။

ထိုအချိန်တွင် ဘုံကျောင်းနှင့်မြားနှစ်ပစ်ခန့် အကွာရှိ
နေရာမှ သစ်ပင်တစ်ပင်ပေါ်တွင် လူရိပ်နှစ်ခုသည် အောက်သို့ခုန်
ဆင်းလာသည်။

သူတို့၏ လှုပ်ရှားပုံမှာ အလွန်ပေါ့ပါးသွက်လက်သည်ကို
တွေ့ရသည်။

သူတို့နှစ်ယောက်သည် အောက်သို့ ရောက်ရှိလာသည်
နှင့်တစ်ယောက်က အသံတိုးတိုးနှင့်...

"ငါက... ခေါင်းဆောင်နောက်ကို လိုက်မလို့... မင်းက
ဘာဖြစ်လို့ တားရတာလဲ..."

ဒုတိယလူက...

"ဘယ်အရာမဆို မပိုင်ဘဲ မလုပ်တာ ကောင်းတယ်...
သူတို့ဂိုဏ်းသားတွေ ထွက်မသွားခင် ဂိုဏ်းချုပ်ကစပြီးထွက်သွား
တော့... ငါတို့လိုက်တဲ့အခါ ပြဿနာတက်နိုင်တာပေါ့..."

ပထမလူက...

"တားပါတော့လေ... အခုတို့ဘာလုပ်မလဲ..."

"အခုဘာပဲဖြစ်ဖြစ်... ဒီနေရာဟာ သူတို့စုဝေးတဲ့နေရာ
နဲ့ သိခဲ့ရပြီပဲ... ဒါဟာ တို့အတွက် အကျိုးအများကြီးရှိလာမယ်

www.burmeseclassic.com

www.burmeseclassic.com



လေ... ”

“ဒါလည်းဟုတ်တယ်... ”

“ကဲ... ငါတို့ပြန်ကြမယ်... ”

“ဘယ်ကိုပြန်မှာလဲ... ”

“တည်းခိုခန်းကို ပြန်မှာပေါ့... ငါတို့မှာ လုပ်စရာရှိသေ
တယ်လေ... ”

“ဟုတ်သားပဲ... အိုးရန်ဟုန်တစ်ယောက် သတင်းအ
အနေတောင် မကြားရတော့ဘူး... ”

“ဒါကတော့... ကြိုးစားရှာဖွေရင်တော့ တွေ့မှာပေါ့...

သူတို့နှစ်ယောက်သည် ပြောပြောဆိုဆိုဖြင့် ထိုနေရာ
ထွက်ခွာရန် ခြေလှမ်းပြင်လိုက်သည်။

“ခဏရပ်ပေးလိုက်ပါဦး မိတ်ဆွေ... ”

သူတို့နောက် ခပ်လှမ်းလှမ်းတွင် လူတစ်ယောက် အ
ရှတ်တရက် ထွက်ပေါ်လာသည်။

“ခဏရပ်လိုက်ပါဦး မိတ်ဆွေ... ”

သူတို့နောက် ခပ်လှမ်းလှမ်းတွင် လူတစ်ယောက်
အသံရှုတ်တရက် ထွက်ပေါ်လာသည်။

လှမ်းနေသော ခြေလှမ်းတို့ခနဲ ရပ်သွားသည်။

နောက်သို့ချာခနဲ လှည့်လိုက်သည်။

ဘုံကျောင်းရှေ့တွင် လူတစ်ယောက် ရပ်နေသည်ကို
တွေ့လိုက်ရသည်။

“နဂါးစိမ်းဂိုဏ်းချုပ်... ”

ထိုလူနှစ်ယောက်က ပြိုင်တူလွှတ်ခနဲ အသံထွက်



ကြသည်။

နဂါးစိမ်းဂိုဏ်းချုပ်က ခေါင်းအသာအယာ ညိတ်ပြလိုက်
သည်။

“ကျုပ်ကို အခုလိုသိတာဝမ်းသာပါတယ်... ”

သူက ပြန်မေးလိုက်သည်။

“မိတ်ဆွေနှစ်ယောက်က ထိုက်ပေ့ဂိုဏ်းက မဟုတ်
ဘူး... ”

ထိုလူနှစ်ယောက်စလုံး အံ့သြသွားလေသည်။

“ဟုတ်တယ်... ခင်ဗျားကလည်း သိတာကိုး... ”

နဂါးစိမ်းဂိုဏ်းချုပ်က...

“နာမည်ကို တဆိတ်လောက် အမိန့်ရှိပါ... ”

ထိုလူနှစ်ယောက်အနက် တစ်ယောက်က...

“ကျုပ်က ကုန်းကျို... ”

နောက်တစ်ယောက်က...

“ကျုပ်က ဟွာလုပါ... ”

နဂါးစိမ်းဂိုဏ်းချုပ်က...

“မိတ်ဆွေနှစ်ယောက်က တိုက်ခိုက်ရေးမှူးကိုး... ”

ကုန်းကျိုနှင့် ဟွာလုတို့က အံ့သြသွားရလေသည်။

“ခင်ဗျား ဘယ်သူလဲ... ကျုပ်တို့ကိုဘာကြောင့် သိတာ
”

ဂိုဏ်းချုပ်က...

“ကျုပ်က နဂါးစိမ်းဂိုဏ်းက ဂိုဏ်းချုပ်လေ... ”

ဟွာလုက...

www.burmeseclassic.com

www.burmeseclassic.com



"ခင်ဗျားရဲ့ အမှတ်အသားကို ကြည့်တာနဲ့... ဂိုဏ်းချု မှန်း သိပါတယ်... ကျုပ်သိချင်တာက ခင်ဗျားဘယ်သူလဲ ဆို မျက်နှာဖုံးချွတ်ပြပါ..."

"ဟား... ဟား... ဟား..."

နဂါးစိမ်းဂိုဏ်းချုပ်က ရယ်မောလိုက်သည်။

ကုန်းကျိုက...

"ခင်ဗျားဘာရယ်နေတာလဲ..."

နဂါးစိမ်းဂိုဏ်းချုပ်က ရယ်မောလိုက်သည်။

ကုန်းကျိုက...

"ခင်ဗျားဘာရယ်နေတာလဲ..."

နဂါးစိမ်းဂိုဏ်းချုပ်က...

"ရယ်ချင်တာပေါ့ဗျာ... ကျုပ်ရဲ့မျက်နှာကိုမြင်တွေ့ တဲ့ လူတိုင်းဟာ... လောကပေါ်က ပျောက်သွားတတ်လို့ပါ

"ချွမ်... ချွမ်..."

ကုန်းကျိုနှင့် ဟွာလုတို့သည် ဓားကိုယ်စီဆွဲထုတ်ကြ သည်။

ထို့နောက် နဂါးစိမ်းဂိုဏ်းချုပ်အား တိုက်ခိုက်ရန် လှမ်းချင်းလှမ်းတက်သွားသည်။

နဂါးစိမ်းဂိုဏ်းချုပ်က မလှုပ်မယှက် ရပ်၍စောင့်

ဟွာလုနှင့် ကုန်းကျိုတို့က ဂိုဏ်းချုပ်ရဲ့ ရှေ့ဝဲယာ သို့ လူခွဲ၍ တိုက်ခိုက်ရန် အသင့်ပြင်လိုက်လေသည်။

ကုန်းကျိုက...

"ခင်ဗျား မျက်နှာဖုံးချွတ်လိုက်ပါ..."



ဟွာလုက...

"မျက်နှာဖုံး မချွတ်ရင်ဓားထုတ်ပါ..."

နဂါးစိမ်းဂိုဏ်းချုပ်က လက်ဝါးနှစ်ဖက် ဖြန့်ပြလိုက်သည်။

"ကျုပ်က ဓားကိုင်ရမှာ ပျင်းတယ်ဗျ..."

ကုန်းကျိုက...

"ဓားကိုင်ဖို့ ပျင်းရင်သေဖို့သာပြင်..."

သူက ဓားကိုတစ်ချက်ဝှေ့ရမ်းလိုက်ပြီး စတင်တိုက်ခိုက်လိုက်သည်။ ဟွာလုက နဂါးစိမ်းဂိုဏ်းချုပ်အား အထင်မသေးဝံ့ပါ။

ထို့ကြောင့် ကုန်းကျိုနှင့် ပေါင်း၍ဂိုဏ်းချုပ်အား ညှပ်ပူးညှပ်ပိတ်တိုက်ခိုက်လိုက်လေသည်။

"ဝှီ... ဝှီ... ဝှီ..."

ဓားနှစ်လက် ဝှေ့ရမ်းလိုက်သဖြင့် လေထုများလှုပ်ခါသွားပြီး အသံထွက်ပေါ်လာသည်။

ဓားနှစ်လက်သည် နဂါးစိမ်းဂိုဏ်းချုပ်အား ဝဲယာမှနေ ညှပ်ပူးညှပ်ပိတ် တိုက်ခိုက်လိုက်သည်။

ဂိုဏ်းချုပ်က တုံ့ပြန်တိုက်ခိုက်ခြင်း မပြုဘဲ တိုက်ခိုက်လာသော တိုက်ကွက်များကို ခန္ဓာကိုယ်ယိမ်းယိုင်ကာ ရှောင်တိမ်းနေ၏။

သူက ခန္ဓာကိုယ်အထက်ပိုင်းက လှုပ်ရှားရှောင်တိမ်းနေသော်လည်း ခြေထောက်နှစ်ဖက်မှာမူ အနည်းငယ်မျှ လှုပ်ရှားခြင်းမရှိဘဲ မြေပေါ်၌ မားမားမတ်မတ်ရပ်နေ၏။

တိုက်ကွက် (၁၀) ကွက် ကုန်ဆုံးသွားသည့်တိုင်အောင်

www.burmeseclassic.com

www.burmeseclassic.com



သူကဤအတိုင်းရပ်၍ ရှောင်တိမ်းနေ၏။

ကုန်းကျိုနှင့် ဟွာလုတို့သည် မိမိတို့မှာ အလွန်အဆင့်မြင့်သော သိုင်းသမားတစ်ယောက်နှင့် ရင်ဆိုင်နေရပြီဟု နားလည်လိုက်သည်။

သူတို့သည် တိုက်ကွက် (၃)မျိုး ပြောင်းကာ ဆက်လက်တိုက်ခိုက်နေ၏။

ကုန်းကျိုနှင့် ဟွာလုတို့က တိုက်ကွက်ပြောင်းလဲ တိုက်ခိုက်နေသော်လည်း ဂိုဏ်းချုပ်မှာမူ လုံးဝမပြောင်းလဲခြင်းမရှိဘဲ ဆက်လက်ရှောင်တိမ်းနေ၏။

ဤသို့ဖြင့် သိုင်းကွက်(၅)ကွက်ခန့် ရောက်ရှိလာသည်။

ထိုအခါကျမှ ဂိုဏ်းချုပ်က သတိပေးစကားပြောလိုက်လေသည်။

"ကဲ… ဒီတစ်ခါ ကျုပ်တုံ့ပြန်မယ့် အလှည့်သတိထားပေတော့…"

သူ၏ စကားဆုံးသွားသည်နှင့် ခန္ဓာကိုယ်ရှောင်တိမ်းခြင်း မပြုတော့ဘဲ လက်ဝါးနှစ်ဖက်ဖြင့် စက်ဝိုင်းသဏ္ဌာန် ဝှေ့ရမ်းလိုက်လေသည်။

"ချွမ်း… ချွမ်း…"

တိုက်ခိုက်နေကြသော ကုန်းကျိုနှင့်ဟွာလုတို့၏ ဓားနှင့်လက်သည် အဘယ်ကြောင့်မှန်းမသိ အဝေးသို့လွင့်စင်သွားလေသည်။

ကုန်းကျိုနှင့် ဟွာလုတို့သည် အလွန်အံ့သြသွားကြသည်။ သူတို့သည် ကြောင်အံ့အံ့ ဖြစ်နေစဉ် ဂိုဏ်းချုပ်၏ လက်



ဝါးနှစ်ဖက်သည် တစ်ချိန်တည်း တစ်ပြိုင်တည်း သူတို့၏ ရင်ဝသို့ ရိုက်မိသွားလေသည်။

"ဝုန်း…"

"ဝုန်း…"

သူတို့၏ ခန္ဓာကိုယ်များသည် အနောက်သို့လွင့်စဉ်ပြီး မြေပေါ်သို့ လဲကျသွားလေသည်။

"ဟား… ဟား… ဟား…"

နဂါးစိမ်းဂိုဏ်းချုပ်၏ အောင်မြင်သော ရယ်မောသံကြီးသည် လေထုထဲသို့ လွင့်ပျံသွားလေသည်။

ကုန်းကျိုနှင့် ဟွာလုတို့သည် ဒဏ်ရာပြင်းထန်စွာရရှိလိုက်သဖြင့် ရုတ်တရက် မထနိုင်ဘဲဖြစ်နေ၏။

နဂါးစိမ်းဂိုဏ်းချုပ်က သူတို့နှစ်ယောက်အား အထင်သေးသော အကြည့်ဖြင့် ကြည့်လိုက်သည်။

"မတောက်တစ်ခေါက်ပညာလေးနဲ့ ကျုပ်ကိုလာစမ်းလို့ရမလားကွ…"

သူက ဆက်၍ကြိမ်းမောင်းလိုက်သည်။

"ငါရက်ခံ့စက်တယ်လို့ ခပြောတဲ့… မင်းတို့ကို လောကပေါ်မှာ ထားရင်… ကျုပ်ရဲ့ အကျိုးတစ်စုံတစ်ရာကို ထိခိုက်နိုင်တယ်…"

သူကပြောပြီးသည်နှင့်ကုန်းကျိုနှင့်ဟွာလုတို့ထံတစ်လှမ်းချင်း သွားလေသည်။

ထိုအချိန်မှာပင် မြင်းခွာသံများ ဆူညံစွာထွက်ပေါ်လာသည်ကို ကြားလိုက်ရသည်။

www.burmeseclassic.com

www.burmeseclassic.com



နဂါးစိမ်းဂိုဏ်းချုပ်က ခြေတစ်လှမ်းရပ်တန့်လိုက်သည်။ နောက်သို့ လှည့်ကြည့်လိုက်သည်။

ဝေလီဝေလင်း အချိန်ဖြစ်၍ မြင်းသည်တော် (၁၀ ယောက်ခန့် အရှိန်ပြင်းစွာဖြင့် မောင်းနှင်လာသည်ကို တွေ့မြင် လိုက်ရသည်။

နဂါးစိမ်းဂိုဏ်းချုပ်သည် ဟွာလုနှင့် ကျုန်းကျိုထံသို့ ဆက် လက်လျှောက်မလာတော့ဘဲ တစ်ဘက်သို့ လှည့်၍ ကိုယ်ဖျော ပညာကို အသုံးပြုကာ ထွက်ခွာသွားလေသည်။

❋❋❋

မြင်းသည်တော်များသည် အရှိန်ပြင်းစွာဖြင့် မောင်းနှ လာကြသည်။ ရှေ့ဆုံးမှ ဦးဆောင်သူမှာ သိမ်းငှက်လောက်ချစ်ပ ဖြစ်သည်။

သူတို့သည် ဘုံကျောင်းသို့ရောက်လာသောအခါ ဘုံ ကျောင်းပတ်ပတ်လည်အား ဝိုင်းရံထားလိုက်လေသည်။

ရဲမက်များတို့က မြင်းပေါ်မှ ခုန်ဆင်းကြပြီး ဓားကိုယ် ဖြင့်ဘုံကျောင်းထဲသို့ ပြေးဝင်သွားကြသည်။

ရဲမက်တစ်ယောက်က ချက်ချင်းပြန်ထွက်လာသည်။ သူက သိမ်းငှက်လောက်ချစ်အား အလေးပြုလိုက်သည်

"ဆရာ... ဘုံကျောင်းထဲမှာ လူတစ်ယောက်မှ မတွေ့ ဘူး..."

သိမ်းငှက်လောက်ချစ်က မြင်းပေါ်မှဆင်းလိုက်သည် ဘုံကျောင်းထဲသို့ လှမ်းဝင်သွားသည်။



သူက ဘုံကျောင်းထဲ၌ လှည့်ပတ်လျှောက်ရင်း ကြည့်ရှု စစ်ဆေးနေသည်။ ထို့နောက် ရဲမက်တစ်ယောက်က...

"ဆရာ... ရှိုတဲ့ သတင်းမှား များနေသလား..."

သိမ်းငှက်လောက်ချစ်က...

"မမှားဘူး... တိတိကျကျ မှန်ကန်တယ်..."

"ဒါဖြင့် လူတစ်ယောက်မှ မတွေ့ပါလား..."

"ဘယ်တွေ့မလဲ ငါတို့အလာနောက်ကျသွားတာ ကိုး..."

"ဆရာ ဆိုလိုတာက... သူတို့ဒီကို ရောက်ခဲ့ပြီး ပြန်သွား ကြတာပေါ့ ဟုတ်လား..."

"ဟုတ်တယ်... မင်း ကြမ်းပြင်ပေါ်ကို ကြည့်ပါလား..." ဒီမှာ လူစုလူဝေးထိုင်သွားကြတဲ့ အစအနကိုမြင်ရလိမ့် မယ်..."

ထိုအချိန်တွင် ရဲမက်တစ်ယောက်က အနီးတစ်ဝိုက်လှည့် ပတ်ရှာဖွေရင်း ပြန်ရောက်လာသည်။

"ဆရာ... ဟိုနားမှာ လူနှစ်ယောက် ဒဏ်ရာရနေတာ ကို တွေ့ရတယ်..."

"ဘယ်သူတွေလဲ..."

"မသိဘူးဆရာ..."

"မသိဘူးဆရာ..."

"ငါ့ကိုလိုက်ပြစမ်း..."

ရဲမက်သည် သိမ်းငှက်လောက်နှင့်အတူ ဘုံကျောင်းထဲ မှ ထွက်လာလေသည်။

www.burmeseclassic.com

www.burmeseclassic.com

## ထိုက်အီလက်ဝါး

သိမ်းငှက်လောက်ချစ်သည် ဒဏ်ရာရ၍ လဲလျောင်းနေသော ကုန်းကျီနှင့်ဟွာလုအား တွေ့လိုက်ရသောအခါ အလွန့်အလွန် အံ့ဩသွားသည်။

"ထိုက်ပေ့ဂိုဏ်းက ချန်းလောင်တွေပါလား..."

ကုန်းကျီနှင့်ဟွာလုတို့သည် သိမ်းငှက်လောက်ချစ်အား မြင်တွေ့လိုက်ရသောအခါ အလွန်ဝမ်းသာသွားသည်။

ဟွာလုက မချိပြုံးပြုံးလိုက်သည်။

"ခင်ဗျားတော့ အချိန်မီရောက်လာလို့... ကျုပ်တို့မသေနိုင်တော့ပါဘူး..."

သိမ်းငှက်လောက်ချစ်က မျက်မှောက်ကုတ်သွားသည်။

"ဒဏ်ရာတော်တော်ပြင်းနေပါသလား..."

ဟွာလုက...

"ဒဏ်ရာပြင်းလို့ မထနိုင်တာပေါ့..."

သိမ်းငှက်လောက်ချစ်က အသင့်ပါလာသော ဒဏ်ကြေဆေးကို ထုတ်၍ နှစ်ယောက်စလုံးအား တိုက်ကျွေးလိုက်လေသည်။

"ဒီဆေးက တော်တော်စွမ်းတယ်... အရင်သောက်လိုက်"



သူက နှစ်ယောက်စလုံးအား ဆေးလုံးများတိုက်ကျွေးလိုက်လေသည်။

ထို့နောက်... အကျီကြယ်သီးဖြုတ်၍ ရရှိသောဒဏ်ရာကို စစ်ဆေးကြည့်ရှုလေသည်။

ဟွာလု၏ရင်ဘတ်ပေါ်တွင် အစိမ်းရောင်လက်ဝါးရာ တစ်ခု ထင်ထင်ရှားရှား တွေ့မြင်လိုက်သည်။

သူ၏ မျက်နှာတစ်ခုလုံး ဖြူဖပ်ဖြူရော်ဖြစ်သွားလေသည်။

"ထိုက်အီလက်ဝါး..."

ဟု လွှတ်ခနဲ အသံထွက်သွားသည်။

ဟွာလုနှင့် ကုန်းကျီတို့သည် ထိုက်အီလက်ဝါးဟု ကြားမိလိုက်သောအခါ မျက်နှာများမှာ ပို၍ဖြူရော်သွားသည်။

သိမ်းငှက်လောက်ချစ်က...

"ဘယ်သူ့လက်ချက်လဲ..."

ကုန်းကျီက...

"နဂါးစိမ်းဂိုဏ်းချုပ်..."

သိမ်းငှက်လောက်ချစ်က မျက်မှောင်ကုတ်သွားသည်။

"ခင်ဗျားတို့က နဂါးစိမ်းဂိုဏ်းချုပ်နဲ့ တွေ့ခဲ့တယ်... ဟုတ်လား..."

"ဟုတ်တယ်..."

***

www.burmeseclassic.com

www.burmeseclassic.com



သိမ်းငှက်လောက်ချစ်သည် ဦးနချုပ်ကို ပြန်လည်ရောက်ရှိလာသော ကုန်းကျီနှင့် ဟွာလုအား ဆေးကုရန် သူ၏ သမားတော်ကြီးတစ်ယောက်ကို အလျင်အမြန်ဆင့်ခေါ်လိုက်သည်။

ထမင်းအိုးကျက် အချိန်ကုန်ဆုံးသွားသောအခါ အသက် (၆၀) အရွယ်ရှိ သမားတော်ကြီးတစ်ယောက် ရောက်ရှိလာသည်။

သိမ်းငှက်လောက်ချစ်က ခရီးဦးကြိုပြုလိုက်သည်။

သမားတော်က

"ထောက်လှမ်းရေးမှူးကြည့်ရတာ ဘာရောဂါမှ မတွေ့ရဘူး... ဘာကိစ္စ ကျုပ်ကို ခေါ်ရတာလဲ... "

သိမ်းငှက်လောက်ချစ်က...

"ကျွန်တော်မဟုတ်ဘူး... ကျွန်တော်မိတ်ဆွေ နှစ်ယောက်ပါ... "

သူက သမားတော်ကြီးအား အခန်းတစ်ခုထဲသို့ခေါ်ဆောင်သွားသည်။

ထို့နောက်... မိတ်ဆက်ပေးလိုက်သည်။

"ဒီပုဂ္ဂိုလ်နှစ်ယောက်ကတော့... ထိုက်ပေ့ချန်းလောင်တွေပဲဖြစ်တယ်... ရန်သူနဲ့ရင်ဆိုင်ခဲ့လို့ ဒဏ်ရာရနေတာပါ... "

သမားတော်ကြီးက ကုန်းကျီနှင့်ဟွာလုတို့၏ ရင်ဘတ်ပေါ်မှ လက်ဝါးရာကို မြင်တွေ့လိုက်ရသောအခါ...

မျက်နှာကွက်ခနဲ ပျက်သွားပြီး...

"ထိုက်အိလက်ဝါးပါလား... "

သိမ်းငှက်လောက်ချစ်က...



"ဟုတ်ပါတယ်... ဒါကြောင့် ဆရာ့ကို အရေးတကြီးခေါ်ရတာပါ... "

သမားတော်ကြီးက မျက်မှောင်ကြုတ်လိုက်သည်။

"ထိုက်အိလက်ဝါးဟာ... ကြောက်စရာကောင်းတဲ့ သိုင်းပညာလို့ ပြောရင်လည်းရတယ်... ဒီဒဏ်ရာရရှိတဲ့ လူဟာချက်ချင်းတော့ မသေနိုင်ဘူး... အနည်းဆုံး (၃) ရက်အထိကုသဖို့ အချိန်ရတယ်... "

သိမ်းငှက်လောက်ချစ်က...

"ဟုတ်ပါတယ်ဆရာ... ဆရာကတော့ ဒဏ်ရာဘက်မှာ အလွန်ကျွမ်းကျင်တဲ့အတွက်... အခုလို ဆရာ့ကို ပင့်ခေါ်ရတာပေါ့... "

သမားတော်ကြီးက သက်ပြင်းချလိုက်သည်။

"တော်သေးတာပေါ့ကွ... ဒါမှမဟုတ်ရင် အသက်နှစ်ချောင်းဆုံးရှုံးသွားနိုင်တယ်... "

သူက စကားပြောရင်း ဆေးသေတ္တာကိုဖွင့်လိုက်သည်။

ထို့နောက်... အပ်ချောင်းကလေးများကို ထုတ်ယူလိုက်သည်။

အပ်ချောင်းကလေးများမှာ အရွယ်အစားအမျိုးမျိုးရှိသည်။

သူက အပ်ချောင်းကလေးများကို ဟွာလုနှင့်ကုန်းကျီတို့၏ကိုယ်ပေါ်ရှိ သွေးကြောနေရာများကို စိုက်၍ကုသနေသည်။

သူက အထူးဝီရိယစိုက်၍ ကုသပေးသောကြောင့် နဖူးပေါ်တွင် ချွေးသီးချွေးပေါက်များကျလာသည်။

www.burmeseclassic.com

www.burmeseclassic.com



ထမင်းအိုးကျက်ခန့်အချိန် ကျော်လွန်သွားပြီးနောက်...

"ဖူး... "

သမားတော်ကြီးက ချေးကိုသုတ်ရင်း လေပူတစ်ချက် မှုတ်ထုတ်လိုက်သည်။

စိုက်ထားသော အပ်များကို ပြန်လည်နှုတ်ယူလိုက်သည်။

သိမ်းငှက်လောက်ချစ်သည် ကုန်းကျိုနှင့် ဟွာလုတို့နှစ်ယောက်မှာ မလှုပ်မယှက်ငြိမ်သက်စွာ ရှိနေသည်ကို တွေ့ရသောအခါ စိုးရိမ်သွားလေသည်။

"ဆရာ... သူတို့... "

သမားတော်ကြီးက လက်ကာပြလိုက်သည်။

"မစိုးရိမ်ပါနဲ့... သူတို့အိပ်ပျော်သွားတာပါ... အိပ်ရာနိုးလာတာနဲ့ လုံးဝပျောက်သွားမှာပါ... "

သိမ်းငှက်လောက်ချစ်က စိတ်သက်သာရာ ရသွားလေသည်။

"ကျေးဇူးတင်လိုက်တာ ဆရာရယ်... "

သူသည် ငွေတစ်တုံးကို ဆေးသေတ္တာထဲ ထည့်ပေးလိုက်သည်။

ရဲမက်တစ်ယောက်အား ပြန်ပို့ခိုင်းလိုက်သည်။

❋❋❋

## သေရွာပြန်

နောက်တစ်နေ့ နံနက်ဟွာလုနှင့် ကုန်းကျိုတို့သည် ပကတိလူကောင်းပမာ လန်းလန်းဆန်းဆန်း ရှိနေသည်ကို တွေ့ရလေသည်။

"ချန်းလောင်းတို့ ဘာလယ်နယ့်နေသေးလဲ... "

ဟွာလုက...

"သက်သာသွားပါပြီ... "

ကုန်းကျိုက...

"ထောက်လှမ်းရေးမှူးရဲ့ ကျေးဇူးကျုပ်တို့အပေါ်မှာ... တင်နေပါပြီ... "

သိမ်းငှက်လောက်ချစ်က...

"မိတ်ဆွေအချင်းချင်းပဲ ပြောစရာလိုသေးလား... "

ဟွာလုက...

"ဒါနဲ့ ထောက်လှမ်းရေးမှူးက အဲဒီကိုဘယ်လိုလုပ်ရောက်လာတာလဲ... "

"ကျုပ်ခရီးထွက်နေတာ ရဲမက်တစ်ယောက်က ချက်ချင်းလာ သတင်းပို့လို့ အမြန်ဆုံးပြန်လာတာ... ဒါပေမယ့် နောက်ကျသွားပါပြီ... "

www.burmeseclassic.com

www.burmeseclassic.com



"ထောက်လှမ်းရေးမှူး အချိန်မီရောက်လာပေလို့ပေါ့... နို့မဟုတ်ရင်... ကျုပ်တို့လောကပေါ်က ပျောက်သွားပြီပဲ..."

"ခင်ဗျားတို့ကော သတင်းရလို့ ရောက်လာတာလား..."

"သတင်းရလို့တော့ မဟုတ်ဘူး... ကျုပ်တို့လည်း ကိုယ့် တာဝန် ကိုယ်ထမ်းဆောင်ရင်း ဒီဘက်ကိုရောက်လာတော့ ဒီ ကျောင်းထဲမှာ လူတွေရောက်နေတာတွေ့လို့ အနားကသစ်ပင် ပေါ်တက်ပြီး ချောင်းကြည့်ရင်း... နဂါးစိမ်းဂိုဏ်းက အစည်းအဝေး လုပ်နေတာနဲ့ ဆုံးသွားတာပါ..."

"ခင်ဗျားတို့... အခုလို ထွက်လာတာ...အရေးကြီးတဲ့ အကြောင်းရှိလို့လား..."

"ဟုတ်တယ်..."

"ပြောပြနိုင်မယ်ဆိုရင် ပြောပြပါလား..."

"ရပါတယ်..."

ဟွာလုက ဆက်၍ရှင်းပြလိုက်သည်။

"ကျုပ်ရဲ့တာဝန်ကတော့... အပူလှိုင်းဓားနဲ့သိုင်းကျမ်း အတွက်... တောင်ပေါ်က ဆင်းလာတာပါ..."

"ဩော်... ဟုတ်လား..."

"ပြီးတော့... အိုးရန်လု အသတ်ခံရတဲ့ ကိစ္စနဲ့ပတ်သက် ပြီး... နဂါးစိမ်းဂိုဏ်းကို စုံစမ်းဖို့လည်း ပါပါသေးတယ်..."

"သိပ်ကောင်းတာပေါ့ဗျာ... ကျုပ်လည်း အကူအညီ တာပေါ့..."

"အမှန်တော့... ကျုပ်တို့ ကျင်းလိန်ကို ရောက်လာ ထောက်လှမ်းရေးမှူးဆီ လာမလို့ဘဲ... တိုက်တိုက်ဆိုင်ဆိုင်ပဲ



စိမ်းဂိုဏ်းရဲ့ အစည်းအဝေးနဲ့ လာကြုံရတယ်..."

သိမ်းငှက်လောက်ချစ်က...

"ဒါနဲ့ နဂါးစိမ်းဂိုဏ်းချုပ်ဟာ... ဘယ်သူလဲဆိုတာများ... သိထားပြီလားဗျာ..."

ဟွာလုက ခေါင်းခါရမ်းလိုက်သည်။

"သူ့မျက်နှာကို ကြေးမျက်နှာဖုံးတစ်ခုတပ်ဆင်ထားလို့... မတွေ့ခဲ့ရပါဘူးဗျာ..."

သိမ်းငှက်လောက်ချစ်က သက်ပြင်းချလိုက်သည်။

"ဒီကိစ္စမလွယ်ဘူး... ဒီနဂါးစိမ်းဂိုဏ်းချုပ်ဟာ... အကြံကြီး ကြံနေတယ်ဆိုတာ... တဖြည်းဖြည်း ထင်ရှားလာတာကို တွေ့ရတယ်... ဒါပေမယ့်... သူကဘယ်သူလဲ... သိုင်းပညာ လောက် တတ်ထားတော့ သိုင်းလောကသားထဲလို့ ထင်မိ တယ်..."

သူက သက်ပြင်းချ၍ ခေါင်းခါရမ်းလိုက်သည်။

"ဒါပေမယ့်... သူက နဂါးစိမ်းဂိုဏ်းဖွဲ့စည်းထားပုံကို ကြည့်လိုက်တာနဲ့... သိုင်းလောကသားနဲ့ မတူဘဲ စစ်ခင်းတဲ့ပညာ တတ်မြောက်ထားတဲ့ နယ်စားပယ်စားထဲကနဲ့ တူပြန်ရော..."

သူက သူ၏ဦးနှောက်ကို လက်ညှိုးဖြင့်ထောက်လိုက် သည်။

"ဒီအမှုကတော့ ကျုပ်ဦးနှောက်အခြောက်ဆုံးနဲ့... စိတ် ညစ်ရဆုံး ဖြစ်နေတယ်ဗျာ..."

ဟွာလုက...

"ဟုတ်ပါတယ်... နဂါးစိမ်းဂိုဏ်းချုပ်ဟာ ပညာဘက်စုံ

www.burmeseclassic.com

www.burmeseclassic.com



တတ်ပြီး… ရည်မှန်းချက်ကြီးတဲ့ လူတစ်ယောက်ဆိုတာ ထင်ရှား နေတယ်… ဒါပေမယ့် အမှန်တရားကိုတော့ သူက မနိုင်ပါဘူး ခင်ဗျာ… ”

သိမ်းငှက်လောက်ချစ်က သက်ပြင်းချလိုက်သည်။

“ကျူပ်လဲဒီလိုပဲ… ကိုယ့်ကိုကိုယ် နှစ်သိမ့်နေရတာပဲ…”

သူတို့သုံးယောက်သား စကားပြောနေစဉ် ရဲမက်တစ် ယောက်က ရောက်ရှိလာသည်။

“ဆရာ… ညှဲ့တစ်ယောက် တွေ့ခွင့်တောင်းနေပါ တ… ”

သိမ်းငှက်လောက်ချစ်က ဟွာလုနှင့်ကုန်းရီတို့အား…

“ခဏလေးနေဦးနော်… ဘယ်ကညှဲ့သည်လဲဆိုတာ… သွားကြည့်လိုက်ပါဦးမယ်… ”

❋❖❋

## လီဝမ်ရဲ

ရောက်ရှိလာသော ညှဲ့သည်မှာ ဘုရင်မင်းမြတ်၏ ညီ …တ် လီဝမ်ရဲပင် ဖြစ်လေသည်။

သိမ်းငှက်လောက်ချစ်က အနည်းငယ်အံ့အားသင့်သွား …ည်။

သို့သော်…

ပြုံး၍ လေးလေးစားစား ကြိုဆိုလိုက်လေသည်။

“ဂါရဝပြုပါတယ် လီဝမ်ရဲ… ”

လီဝမ်ရဲက ဦးခေါင်းညိတ်ရုံသာ ညိတ်ပြလိုက်လေသည်။

သူနှင့်အတူပါလာသော အပါးတော်မြဲက သူ့အားဖွဲ၍ …ားထိုင်ရှိရာသို့ လျှောက်သွားပြီး ထိုင်ချလိုက်လေသည်။

သိမ်းငှက်လောက်ချစ်က အားတုံ့အားနာဖြစ်သွားလေ …။

“လီဝမ်ရဲမှာ ခြေထောက်တစ်ဖက်မသန်ဘဲ… ဘာ …ာင့်… ကိုယ်တိုင်လာရတာလဲ… ကိစ္စရှိရင်မှာကြားလိုက်ပေါ့”

လီဝမ်ရဲက…

“ငါလည်း ဘယ်လာချင်ပါ့မလဲ… အခုလာရတာက …က်လှမ်းရေးမှုနဲ့… နှစ်ဦးချင်း မျက်နှာဆိုင်စကားပြော

www.burmeseclassic.com

www.burmeseclassic.com



ချင်လို့… ”

သူက သူ၏အပါးတော်မြဲအား တစ်ချက်ချက် ဝေ့ရ…
လိုက်သည်။

“မင်းအပြင်မှာ သွားစောင့်… ”

အပါးတော်မြဲက ဦးညွှတ်လိုက်ပြီး…

အခန်းထဲမှ ထွက်ခွာသွားသည်။

အခန်းတံခါးကိုလည်း ဆွဲပိတ်သွားသည်။

သိမ်းငှက်လောက်ချစ်က သူ့ရှေ့တွင်ရှိသော ကု…
တစ်လုံးပေါ် ဝင်ထိုင်ချလိုက်သည်။

“ဒါနဲ့ လီဝမ်ရဲခြေထောက်က… အခုထိ မသက်…
သေးဘူးလား… ”

လီဝမ်ရဲက သက်ပြင်းတစ်ချက်ချလိုက်သည်။

“ဆေးကုသတာလဲ… သမားတော်တွေ စုံနေပြီ… …
တော့ဘူး… ဒါကြောင့် အပင်ပန်းခံ လုပ်မနေတော့ဘူး… ”

သိမ်းငှက်လောက်ချစ်က…

“ဟုတ်ပါတယ်… အခုတော့ ပြောချင်ပါတယ်… အ…
အလာဆင်ခြင်ပါ… တော်ကြာချော်လဲရင် ပိုဆိုးသွားမယ်… ”

“ငါ အပြင်မထွက်တာ နှစ်နဲ့ချီနေပါပြီဟာ… ”

“လီဝမ်ရဲ ဘာသောက်မလဲ… ရေနွေးလား… အ…
လား… ”

“ဘာမှမလိုတော့ဘူး… ပြောမယ့်စကား ပြောပြီး…
မြန်မှာပါ… ”

“အမိန့်ရှိပါ… ”



“အခု… ထောက်လှမ်းရေးမှူးတို့ ထောက်လှမ်းနေတဲ့…
…ါးစိမ်းဂိုဏ်းကိစ္စအခြေအနေ ဘယ်လိုရှိလဲ… ”

“သဲလွန်စ နည်းနည်းတော့ရထားပါပြီ… လီဝမ်ရဲ… ”

“ဒါနဲ့ သူတို့ဂိုဏ်းချုပ်… ဘယ်သူဆိုတာရော သိထား…
…လား… ”

သိမ်းငှက်လောက်ချစ်က မချိပြုံးပြုံးလိုက်သည်။

“လီဝမ်ရဲ အပြစ်ပေးမယ်ဆိုရင်လည်း ကျုပ်ခံပါ့မယ်…
…ဏ်းချုပ်နဲ့ ပတ်သက်လို့ ဘာတစ်ခုမှ မသိသေးပါဘူး… ”

လီဝမ်ရဲက လေပူတစ်ချက်မှုတ်ထုတ်လိုက်ပြီး…

“ထောက်လှမ်းရေးမှူးကို နားလည်ပြီးသားပါ… အပြစ်
…ဝပါဘူး… ”

“ကျေးဇူးတင်ပါတယ် လီဝမ်ရဲ… ”

“ဒါနဲ့ အခုတလော လီကျန်းတစ်ယောက်ပျောက်ပျောက်
…တယ်… ခင်ဗျားဆီကို ရောက်လာသေးလား… ”

“ဟုတ်ကဲ့… မကြာခင် ရက်ကတော့ တစ်ခေါက်လာပါ
…… ”

လီဝမ်ရဲက သက်ပြင်းချ၍ ခေါင်းခါရမ်းလိုက်သည်။

“ဒီကလေးဟာ အရည်အချင်း ရှိပါတယ်… ဒါပေမယ့်
…လေးစိတ်မကုန်သေးဘူး… တော်တော်ခက်တဲ့ ကလေးပဲ… ”

“ဘာဖြစ်လို့လဲ လီဝမ်ရဲ… ”

“ဘုရင်က သူ့ကို ထီးနန်းလွှဲပေးဖို့ (၆)လပဲ… အချိန်ရှိ
…တယ်… အဲ့ဒီအတွက် လုပ်စရာရှိတာကို မလုပ်ဘဲ… …သွား
…နဲ့ ဘာတွေအလုပ်ရှုပ်နေလဲ မသိပါဘူး… ”

www.burmeseclassic.com

www.burmeseclassic.com



"သူလည်း သူလုပ်သင့် လုပ်ထိုက်တဲ့ အလုပ်တွေကို လ...
နေပါတယ်... လီဝမ်ရဲ့..."

"သူက ဘာတွေလုပ်နေတာလဲ..."

သိမ်းငှက်လောက်ချစ်က တစ်နေ့က လီကျုန်းရော...
လာပြီး ပြောပြသွားသည့် အကြောင်းများကို ပြန်လည်ပြောပြလို...
လေသည်။

လီဝမ်ရဲက မျက်မှောင်ကုတ်သွားလေသည်။

"ဒီအတိုင်းဆိုရင်... အိုးရန်လုရဲ့ မြေးမလေး... လှို...
တောင်ကြားမှာ ရောက်နေတာပေါ့ ဟုတ်လား..."

သိမ်းငှက်လောက်ချစ်က...

"ဟုတ်ပါတယ်... လီဝမ်ရဲ့..."

"သူ့ဆီမှာ ဓားတစ်လက်နဲ့ သိုင်းကျမ်းတစ်ဝက်ဆို...
ကော သူ့လက်ထဲမှာ ရှိသေးလား..."

"ဟုတ်ကဲ့... ရှိသေးတယ်လို့ ပြောပါတယ်..."

လီဝမ်ရဲက သက်ပြင်းတစ်ချက် ချလိုက်သည်။

"ထိုက်ပေ့ဂိုဏ်းကလည်း... ဒီဓားနှစ်လက်နဲ့ ကျမ်း...
အုပ်တစ်အုပ်အတွက်... တော်တော်လေး အလုပ်ရှုပ်သွားတာ...
ကြားမိတယ်..."

သိမ်းငှက်လောက်ချစ်က...

"ဟုတ်ကဲ့... သူတို့ကလည်း ဒီအတွက် တော်တော်...
လေး စိတ်အနှောင့်အယှက်ဖြစ်နေရပါတယ်..."

လီဝမ်ရဲက သိမ်းငှက်လောက်ချစ်အား စိုက်ကြည့်...
သည်။



"တောက်လှမ်းရေးမှူးကော... ထိုက်ပေ့ဂိုဏ်းကလူတွေ
နဲ့ တွေ့ခဲ့သေးလား..."

"ဟုတ်ကဲ့ တွေ့ခဲ့ပါတယ် လီဝမ်ရဲ့..."

"ဘယ်သူနဲ့ တွေ့ခဲ့သလဲ..."

"စည်းကမ်းထိန်းသိမ်းရေး ဟွာလုနဲ့ တိုက်ခိုက်ရေးမှူး
ကုန်းကျိုတို့နဲ့ တွေ့ခဲ့ပါတယ်..."

သူက ဘုံကျောင်းတစ်ခုအနီးတွင် ဒဏ်ရာပြင်းထန်စွာ
ရထားသော ကုန်းကျိုနှင့်ဟွာလုတို့အကြောင်း အတိုချုံး ပြောပြ
လိုက်သည်။

လီဝမ်ရဲက...

"သူတို့က အသက်မသေကြဘူးပေါ့ ဟုတ်လား..."

သိမ်းငှက်လောက်ချစ်က...

"ဟုတ်ကဲ့..."

"သူတို့ ထိုက်ပေ့စန်းတောင်ကို ပြန်သွားကြပြီလား..."

"မပြန်သေးပါဘူး..."

"အခုသူတို့ ဘယ်မှာလဲ..."

သိမ်းငှက်လောက်ချစ်က ပြောရန် ပါးစပ်ဟလိုက်ပြီးမှ
စကားဦးပြောင်းလိုက်လေသည်။

"မသိပါဘူး... လီဝမ်ရဲ့..."

လီဝမ်ရဲက အနည်းငယ်စဉ်းစားလိုက်ပြီးမှ...

"ငါ လီကျုန်းကို သိပ်တွေ့ချင်တယ်... သူ့ကိုဖျောင်းဖျမှ
ဖြစ်မယ်... ဒါကြောင့် သူ့ကိုတွေ့ရင် ငါ့ဆီလွှတ်လိုက်..."

သိမ်းငှက်လောက်ချစ်က ခေါင်းညိတ်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တဲ့ပါ လီဝမ်ရဲ့… "

လီဝမ်ရဲက ထိုင်ရာမှထလိုက်သည်။

ထို့နောက်…

"အား… "

သူက ယင်းသို့တစ်ချက် အော်လိုက်ပြီးပြန်လည် ထိုင်ချလိုက်သည်။

သိမ်းငှက်လောက်ချစ်က ထိတ်ထိတ်ပျာပျာဖြစ်သွားလေသည်။

"ဘာဖြစ်လို့လဲ လီဝမ်ရဲ… "

"ငါ့ကို ဒုက္ခပေးတဲ့ ခြေထောက်ပေါ့ဟာ… "

သိမ်းငှက်လောက်ချစ်က…

"သတိထားပါ လီဝမ်ရဲ… "

သူက လီဝမ်ရဲအား သေချာစွာတွဲ၍ အခန်းထဲမှထွက်လာသည်။

လီဝမ်ရဲ၏ အပါးတော်မြှက လာရောက်တွဲခေါ်ပြီး ရပ်နေသော ဝေါစင်ပေါ်သို့ တင်ပေးလိုက်လေသည်။

❋❋❋

## ထောက်လှမ်းရေးမှူးဂေဟာ

ထောက်လှမ်းရေးမှူးဂေဟာ၊ အခြားအဆောက်အအုံ ားနှင့် လုံးဝမတူဘဲ ဗိသုကာပညာအလွန်ကျွမ်းကျင်သော ပုဂ္ဂိုလ် စ်ယောက် အထူးစီမံတည်ဆောက်ပေးထားသော အိမ်ဂေဟာ စ်ခုဖြစ်လေသည်။

ထောက်လှမ်းရေးမှူးဂေဟာ၏ အကျယ်အဝန်းမှာ ဆောက်အဦး သုံးလုံးစာခန့် ကျယ်ဝန်းသည်။

သို့သော်…

ဂေဟာကို ပါးနပ်စွာ အပိုင်းနှစ်ပိုင်းခွဲ၍ တည်ဆောက် ားလေသည်။ မြို့တော်၏ အစည်ကားဆုံးနှင့် အထည်ဝါဆုံး က်သို့ မျက်နှာမူ၍ တစ်ပိုင်းတည်ဆောက်ထား၏။

ကျန်တစ်ပိုင်းမှာမူ သူဆင်းရဲရပ်ကွက်ဘက်သို့ မျက်နှာမူ စ်ပိုင်း တည်ဆောက်ထားခြင်းဖြစ်၏။

သိမ်းငှက်လောက်ချစ်သည် သက်ဆိုင်ရာ အာဏာပိုင် ားနှင့် သက်ဆိုင်ရာ လုပ်ငန်းများနှင့် ပတ်သက်၍ ဆက်ဆံသော ခါ ထောက်လှမ်းရေးမှူးဂေဟာ ထုထည်ဝါစွာ ဆိုင်းဘုတ်တပ် ားသော တစ်ဘက်ခြမ်း၌ လက်ခံတွေ့ဆုံခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



အများမသိစေလိုဘဲ ထောက်လှမ်းရေးမှူးအား လျှို့ဝှ
ဆက်သွယ်သော သူများနှင့် သိမ်းငှက်လောက်ချစ်၏ လျှို့ဝှ
သော ထောက်လှမ်းရေးသမားများကိုမူ ထိုစားသောက်ဆိုင် ဗ
မြထားသောဘက်၌ဝင်ရောက်တွေ့ဆုံနိုင်သည်။

ယခု လီဝမ်ရဲက ထောက်လှမ်းရေးမှူးစံအိမ် ဆိုင်းဘု
တပ်ဆင်ထားသောဘက်မှ ထွက်ခွာသွားပြီးနောက် သိမ်းင
လောက်ချစ်သည် တစ်ဘက်ခန်း၌ ရှိနေကြသော ကုန်းကျိနှင့် ဟ
လုထံသို့ ပြန်လည်ရောက်ရှိလာလေသည်။

စည့်သည်အကြောင်းကို ဟွာလုတို့က မမေးမြန်းချေ
သိမ်းငှက်လောက်ချစ်က ပွင့်ပွင့်လင်းလင်း ပြောပြလို
လေသည်။

"စောင့်နေရတာ အားနာပါတယ်... လီဝမ်ရဲရောက်
လို့... အချိန်ကြာသွားတာပါ..."

ကုန်းကျိက...

"ကိစ္စမရှိပါဘူး..."

ဟွာလုက အနည်းငယ်အံ့ဩသွားသည်။

"လီဝမ်ရဲ ဟုတ်လား... သူက ဘာလုပ်တာလဲ..."

သိမ်းငှက်လောက်ချစ်က...

"သူ့တူလီကျုန်းအကြောင်းကို လာပြီးစုံစမ်းနေတာ...

ဟွာလုက...

"လီကျုန်းက မကြာခင် နန်းတက်ရတော့မယ်လို့
သတင်းထွက်နေတယ်... ဟုတ်ကောဟုတ်ရဲ့လား..."

သိမ်းငှက်လောက်ချစ်က...



"ဟုတ်ပါတယ်... ဒါပေမယ့် ဒီကလေးက လုံးဝစိတ်မကူးဘူး... သူက သိုင်းသမားတစ်ယောက် ဖြစ်ချင်နေတာ..."

ဟွာလုက...

"အေးပေါ့လေ... စိတ်နေသဘောထား အမျိုးမျိုးပါပဲ..."

သူက စကားဆက်လိုက်သည်။

"တစ်ချိန်တုန်းက လီဝမ်ရဲလည်း ထိုက်ပေ့စန်းတောင်ကို ရောက်လာခဲ့သေးတယ်..."

သိမ်းငှက်လောက်ချစ်က မျက်မှောင်ကြုတ်သွားလေသည်။

"ဟုတ်လား... သူက ဘယ်သူနဲ့ ရင်းနှီးလို့လဲ..."

"အရင်ဂိုဏ်းချုပ်နဲ့ မိတ်ဆွေလို့ သိရတာပဲ..."

"သူက ထိုက်ပေ့စန်းတောင်ကို မကြာခဏရောက်လာခဲ့သလား..."

ဟွာလုက အနည်းငယ် စဉ်းစားလိုက်သည်။

"ဂိုဏ်းချုပ်မကွယ်လွန်မီကတော့... မကြာခဏ ရောက်လာပါတယ်... ဂိုဏ်းချုပ်ကွယ်လွန်ပြီးတဲ့နောက် တစ်ခါမှ မလာတော့ပါဘူး..."

သိမ်းငှက်လောက်ချစ်က...

"သူထိုက်ပေ့စန်းတောင် ရောက်လာတုန်းက ခြေလက်ကောင်းမွန်ရဲ့လား... ဒါမှမဟုတ် ချိုင်းထောက်နဲ့လား..."

"အဲဒီတုန်းကတော့ ကောင်းကောင်းမွန်မွန်ပဲ... အခုချိုင်းထောက်နဲ့ ဟုတ်လား..."

"ဟုတ်တယ်... အသက်ကြီးလာမှ ချိုင်းထောက်တစ်

www.burmeseclassic.com

www.burmeseclassic.com



ဘက်လေဖြတ်သွားလို့တဲ့... လမ်းမလျှောက်နိုင်ဘဲ... ချိုင်းထောက်ပဲ အားကိုးနေရတာ... ”

“ဪ... ဒါကြောင့်မို့ ထင်တယ်... နောက်ပိုင်း ထိုင်ပေ့စန်းတောင်ကို သိပ်ရောက်မလာတာ... ”

သိမ်းငှက်လောက်ချစ်က...

“လက်ရှိဘုရင်ကလည်း မကျန်းမမာဖြစ်နေလို့... နန်းစွန့်ချင်တယ်လို့ ပြောတာ... သူ့သားကလည်း လက်မခံချင်ဘူး... တကယ်လို့ လီဝမ်ရဲက အခုလို ဒုက္ခိတမဟုတ်ရင်... သူပဲ နန်းတက်ရမှာ... ”

ဟွာလုက...

“ဒါပေါ့လေ... ကံတရားဆိုတာ အင်မတန်မှ ပြောရခက်တယ်... ”

“လိုတာမရ ရတာမလိုဆိုတာလိုပေါ့... ”

သိမ်းငှက်လောက်ချစ်က တစ်စုံတစ်ခု သတိရလာသည်။

“ဒါနဲ့... ခင်ဗျားတို့ဘာတွေ ဆက်လှုပ်ရှားနေရတာလဲ..”

ဟွာလုက ကုန်းကျိုဘက်သို့ လှည့်လိုက်လေသည်။

ကုန်းကျိုက...

“အပူလှိုင်းဓာကီစွပဲ... ”

သိမ်းငှက်လောက်ချစ်က မျက်မှောင်ကြုတ်သွားလေသည်။

“အပူလှိုင်းဓားဟာ လီကျန်းဆီမှာ ရောက်နေတယ်မဟုတ်လား... ”

“ဟုတ်တယ်... ”



“ဒါဖြင့် ဘာလို့... အဲ့ဒီကီစွကို လိုက်နေရတာလဲ... ”

“ဒီကီစွ ပြောရမယ်ဆိုရင် သူ့ရဲ့အကြောင်းအရင်းကို ပြောပြမှပဲ နားရှင်းပါလိမ့်မယ်... ”

သိမ်းငှက်လောက်ချစ်က ပြုံးလိုက်သည်။

“ကျုပ်အချိန်ရတယ်... နားလည် နားထောင်ချင်တယ် ပြောပြပါ... ”

ကုန်းကျိုက...

“အပူဓားနဲ့ အအေးဓားသိုင်းဆိုတာ ထိုက်ပေ့စန်းတောင်ရဲ့... အမြတ်တနိုး ခေတ်အဆက်ဆက်က သိမ်းဆည်းထိန်းသိမ်းလာတဲ့ ရတနာတစ်ပါးပါ... ”

သိမ်းငှက်လောက်ချစ်က သတိထားကာ နားစွင့်နေ၏။

ကုန်းကျိုက စကားဆက်လိုက်သည်။

“အဲ့ဒီဓားနှစ်လက်ကို ခေတ်သုံးခေတ်ထိန်းသိမ်းရခဲ့ပြီး... ကွယ်လွန်သွားတဲ့... ဂိုဏ်းချုပ်လက်ထပ်အထိ ဒီပညာကို ဘယ်သူ့ကိုမှ မသင်ပေးခဲ့ဘူး... ”

သိမ်းငှက်လောက်ချစ်က ခေါင်းခါရမ်းလိုက်သည်။

“ခင်ဗျားတို့ဂိုဏ်းချုပ်... အဲ... ဒီတစ်ချက် မှားသွားတာပဲ... ”

“သိပ်ဟုတ်တာပေါ့... ထောက်လှမ်းရေးမှူးရယ်... ဘာကြောင့် ထိုက်ပေ့ဂိုဏ်းချုပ်ဟာ... တစ်နေ့တခြား ကျလာတယ်လေ... အခြားဂိုဏ်းနဲ့ ယှဉ်ကြည့်ရင် အများကြီး နိမ့်ကျနေတာပေါ်လွင်ပါတယ်... ”

ဟွာလုက ဆက်၍ ပြောပြလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



“ဂိုဏ်းချုပ်ကြီး မကွယ်လွန်မီ ဒီတစ်ချက် ကောင်းကောင်းနောင်တရသွားတယ်... ဒါကြောင့် ဒီသိုင်းကျမ်းကို သင့်တော်တဲ့ ဂိုဏ်းသား... ဒါမှမဟုတ်... ဂိုဏ်းသားတွေရဲ့ သားသမီးတွေကို သင်ပေးလို့ ဆုံးဖြတ်လိုက်တယ်... ”

“သူ့အသိတရား ရလာတာ နောက်ကျသွားပြီလေ... ”

“ဘယ်လိုနောက်ကျသွားတာလဲ... ”

“ဂိုဏ်းချုပ်ကို ခြိမ်းခြောက်တဲ့ လူတစ်ယောက်ပေါ်လာတယ်လေ... ”

“ဘယ်လိုခြိမ်းခြောက်တာလဲ... ”

“ဒီဓားနှစ်လက်နဲ့ သိုင်းကျမ်းကို သူ့လက်ထဲအပ်ရမယ်... ဒါမှမဟုတ်ရင် ထိုက်ပေ့ဂိုဏ်းတစ်ခုလုံးကို ချေမှုန်းပစ်မယ်တဲ့...”

သိမ်းငှက်လောက်ချစ်က မျက်မှောင်ကုတ် သွားလေသည်။

“ကြီးကျယ်လှချည်လား ဒီလူက ဘယ်သူလဲ... ”

ကုန်းကျိုနှင့်ဟွာလုတို့က ပြိုင်တူခေါင်းခါရမ်းလိုက်သည်။

“မသိဘူး... ”

သိမ်းငှက်လောက်ချစ်က...

“ဆက်ပြောပါလေ... ”

ကုန်းကျိုက...

“ပထမတော့ ဂိုဏ်းချုပ်ကလျှို့ဝှက်ထားတယ်... နောက်မှ အခြေအနေ မကောင်းမှန်းသိလာလို့... ကျွန်တော်တို့ အပါအဝင် ထိုက်ပေ့ချန်းလောင်း (၅)ယောက်ကို ခေါ်ပြီး... ဖွင့်ပြောတယ် အကြံလည်းတောင်းတယ်... ”



“နေ့ရှက်ဆုံး ဘယ်လိုဆုံးဖြတ်လဲ... ”

“အားလုံးက... အဲ့ဒီခြိမ်းခြောက်တဲ့ လူကိုမေးတော့... ိုဏ်းချုပ်က မပြောတာနဲ့... ဓားနှစ်လက်နဲ့ သိုင်းကျမ်းကို တစ်ပိုင်း ခဲ့ပြီး... ထိုက်ပေ့စန်းတောင်ကနေ ထွက်ပြေးဖို့ ဆုံးဖြတ်ကြ တယ်... ”

ကုန်းကျိုက စကားဆက်လိုက်ပြန်သည်။

“နောက်တော့... ဒီသိုင်းကျမ်း ပျောက်ဆုံးသွားတဲ့ အကြောင်း သတင်းလွှင့်လိုက်တယ်... ”

သိမ်းငှက်လောက်ချစ်က ခေါင်းညိတ်လိုက်သည်။

“ဒါကြောင့် အိုးရန်လုဟာ... ဒီဓားတစ်လက်ကို ယူပြီး ဆိုက်ပေ့စန်းတောင်က ဆင်းလာတာကို... ”

ဟွာလုက သက်ပြင်းချလိုက်သည်။

“သူလဲပဲ... အဲ့ဒီဓားအတွက်နဲ့ အသက်ဆုံးရှုံးရှာတယ်... သူ့မြေးမလေးလဲ ထွက်ပြေးရတဲ့... ဘဝရောက်သွားရတာပါ... ”

သိမ်းငှက်လောက်ချစ်က ပြုံးလိုက်သည်။

“လီကျုန်းလဲ အဲ့ဒီဓားနဲ့ ပတ်သက်လို့... ကံကောင်းလို့ နေသေးတာ... ”

“ကျွန်တော်တို့လည်း... ဒီသတင်းကြားလို့ အခုလိုဆင်း ခဲ့ရတာပါ... ”

“ဒါနဲ့... ခင်ဗျားတို့ ဂိုဏ်းချုပ်မကွယ်လွန်မီ အဲ့ဒီလူရဲ့ အကြောင်းကို မပြောပြဘူးလား... ”

“ပြောမပြသွားပါဘူး... ”

“သူမှားတာပေါ့... ”

www.burmeseclassic.com

www.burmeseclassic.com



"သူ မပြောရတာက ဒီလူဟာနှစ်ပေါင်းအတန်ကြာက ကွယ်ပျောက်သွားတဲ့သိုင်းပညာတစ်မျိုးကို ရထားတယ်တဲ့..."

"ဘယ်လို သိုင်းပညာလဲ..."

"ထိုက်အိလက်ဝါး..."

❋❖❋

## နန်းတွင်းဥပဒေကျမ်း

လီကျန်းသည် စားသောက်ဖွယ်ရာ ပစ္စည်းများနှင့် ဆေးဝါးများကို သယ်ဆောင်၍ လီဝမ်ရဲဂေဟာသို့ ရောက်ရှိလာလေသည်။

"ဟော့... လီကျန်း မင်းဘယ်ပျောက်နေတာလဲကွ..."

လီဝမ်ရဲက လီကျန်း ရုတ်တရက် ရောက်ရှိလာသည်ကို တွေ့မြင်လိုက်ရသဖြင့် ဆီးကြို၍မေးလိုက်ခြင်း ဖြစ်သည်။

လီကျန်းက ပစ္စည်းနှင့်ဆေးဝါးများဖြင့် ရှိခိုးကန်တော့ပြီးနောက် ကော်ဇောပေါ်၌ ထိုင်ချလိုက်သည်။

"ကျွန်တော် နန်းတော်ထဲ ပြန်ရောက်နေတာကြာပါပြီ..."

လီဝမ်ရဲက...

"ငါ ဟိုတစ်နေ့ကမှ... မင်းအိမ်ပြန်ရောက်နေမှန်း သိရတော့တယ်..."

သူကဆက်၍...

"မင်း အိမ်ပြန်ရောက်တာတောင်... ဘာကြောင့်ငါ့ဆီလာတာလဲ..."

လီကျန်းက...

"ကျွန်တော် အိမ်ရောက်ရောက်ချင်း ခမည်းတော်က

www.burmeseclassic.com

www.burmeseclassic.com



ဘယ်ကိုမှ မလွှတ်တော့ဘဲ နန်းတွင်းဥပဒေကျမ်းကို အရကျက်ခိုင်းနေတာ...”

“ကျက်ရမှာပေါ့... နန်းတက်ဖို့ရက် နီးလာပြီ... မဟုတ်လား...”

“ဒီကျမ်းကို မဖတ်ရရင်တော်သေးတယ်... အခုတော့ ဖတ်ရင်း ဖတ်ရင်း စိတ်ကုန်သွားတော့တာပဲ...”

“မင်းဟာ ဘုရင်တစ်ပါးဖြစ်လာမယ့်ဥစ္စာ... ဒီဥပဒေကျမ်းကိုတော့ ကျေညက်အောင်ဖတ်ရမယ်လေ...”

“ဒါကို ကျွန်တော်နားလည်ပါတယ်...”

“ဒါဖြင့် ဘာကိုစိတ်ပျက်နေတာလဲ...”

“ဥပဒေကျမ်းထဲမှာ နဂိုပါရှိတဲ့ အပိုဒ်တစ်ပိုဒ်ကို ပြန်ပြီးပြုပြင်ထားလို့ပါ...”

“ဘယ်အပိုဒ်ကို ဘာတွေပြုပြင်ထားလို့လဲ...”

လီကျန်းက...

“ပထမစည်းကမ်းရဲ့ တတိယပိုင်း... ဘုရင်အမွေဆက်ခံတဲ့နေရာမှာ ရှိအပ်ရမယ့် အရည်အချင်းနဲ့စည်းကမ်းချက်များမှာ... လက်ရှိဘုရင်ရဲ့ မိမိသဘောအတိုင်း ဖြစ်စေ... အကြောင်းအမျိုးမျိုးကြောင့်ဖြစ်စေ... နန်းစွန့်တဲ့အခါမှာ ကိုယ့်သားတော်ကို ဆက်ခံစေရမှာဖြစ်တယ်... အပိုဒ်ခွဲမှာ ဘယ်လိုဖော်ပြထားလဲဆိုရင် တကယ်လို့ သားတော်ဟာ အကြောင်းအမျိုးမျိုးကြောင့်ဖြစ်စေ... မိမိရဲ့သဘောအရဖြစ်စေ နန်းမဆက်ခံဘူးဆိုရင် မိမိရဲ့အဘ ဒါမှမဟုတ်ရင်... ဦးလေးတော်တွေကို လွှဲပြောင်းခွင့်ပါရှိပါတယ်... ဦးရီးတော်...”



လီဝမ်ရဲက...

“ဟုတ်တယ်လေ... အဲ့ဒါဘာဖြစ်သလဲ...”

လီကျန်းက...

“အခုတော့ ဘယ်လိုပြင်ထားလဲဆိုရင်... သားတော်မှသာလျှင် နန်းဆက်ခံခွင့်ရှိတယ်... အကယ်၍ သားတော်ကနုတ်ခွာသွားတယ်... ဒါမှမဟုတ် အကြောင်းအမျိုးမျိုးကြောင့် အသက်ဆုံးရှုံးမှသာ ဘုရင့်အစ်ကိုတော်... သူ့နဲ့ညီတော်တို့ကို ပေးအပ်နိုင်တယ်လို့ ပြင်ထားတယ်... ဦးရီးတော်...”

လီဝမ်ရဲက ဆိတ်ဆိတ်နေလိုက်နေသည်။

လီကျန်းက...

“ကျွန်တော်ရဲ့ ဆန္ဒကတော့... သိုင်းသမားတစ်ယောက်အနေနဲ့ လွတ်လွတ်လပ်လပ်နေချင်တာယ်... အခုတော့ ဆန္ဒမပြည့်တော့ဘူး...”

လီဝမ်ရဲက သက်ပြင်းမသိမသာ ချလိုက်ပြီး...

“ကောင်းပါတယ်ကွာ... မင်းက လူငယ်ဖြစ်တယ်... ယ်နိုင်စွမ်းရည်လည်းရှိတယ်... ငါကတော့ကွာ အခုမြင်တဲ့အတိုင်း ခြေတစ်ဖက်မသန်တဲ့ ဒုက္ခိတမို့ ဘုရင်နဲ့မထိုက်တန်ပါဘူးကွာ...”

လီကျန်းသည် အတန်ကြာထိုင်ပြီး စကားဆက်ပြောရန် ားစရှာမရသဖြင့် သူသည် လီဝမ်ရဲအား နှုတ်ဆက်ကာပြန် ည်ထွက်ခွာလာခဲ့လေသည်။

မည်သို့ဆိုစေ...

သူသည် စိတ်မကောင်းဖြစ်ခဲ့ရသည်မှာ အမှန်ပြသည်။

❋❋❋

www.burmeseclassic.com

www.burmeseclassic.com

# အိုးရန်ဟုန်ဟုန်

လီကျန်းသည် ခါတိုင်းနေကျသို့ နံနက်တစ်ကြိမ် အပူ
သိုင်းကျမ်းကို လေ့ကျင့်နေ၏။

လေ့ကျင့်ပြီး၍ ဓားကိုပြန်သိမ်းလိုက်သောအခါ အတွေး
တစ်ခုသည် သူ၏ခေါင်းထဲသို့ ထိုးဝင်လာလေသည်။

အိုးရန်ဟုန်ဟုန်...

ထိုလူမှသော ဟုန်ဟုန်...

မိမိအသတ်ကို ကယ်တင်ခဲ့သော ဟုန်ဟုန်...

မိမိသည် သူမအား အဘယ်ကြောင့် လုံးဝမေ့ပျော
ထားပါသနည်း။

သူက သက်ပြင်းတစ်ချက်ချလိုက်သည်။

"သူကတော့ ငါ့ကိုကျေးဇူးကန်းတဲ့... လူတစ်ယောက်
ထင်နေမှာပဲ... "

သူက သက်ပြင်းတစ်ချက်ချလိုက်သည်။

"ပြောမယ်ဆိုလည်း ပြောစရာပါပဲ... လူမိုက်ကြီး
ယောက်... "

သူသည် ခေါင်းကြီးတို့လူစုအား ပြန်လည်မြင်ယော
လာသည်။



သူသည် ခေါင်းကြီးတို့လူစုအား ပြန်လည်မြင်ယောင်လာ
သည်။

"နာမည်ဆိုးသလောက် နှလုံးကောင်းတဲ့ လူတွေပဲ... "

သူတို့သည် မိမိအပေါ် အသက်ကယ်တင်ခဲ့သော ကျေး
ဇူးရှိခဲ့ပေသည်။

"ငါသွားမှဖြစ်မယ်... "

သသက အဝတ်အစားကို ကမန်းကတန်းလဲလိုက်သည်။

ဆံပင်များကိုလည်း ထုံးလိုက်သည်။

စာတစ်စောင် ရေးသား၍ စားပွဲပေါ်၌ချထားပြီးလျှင်
လမ်း၌ သုံးရန်ငွေအနည်းအကျဉ်းယူ၍ မြင်းတစ်ကောင်ဆွဲကာ
တိတ်တဆိတ်ထွက်ခဲ့သည်။

❋❋❋

ဝေလီဝေလင်း အချိန်ဖြစ်သည်။

မြို့တော်တံခါး စတင်ဖွင့်သော အချိန်လည်းဖြစ်သည်။

ပွဲကျဈေးသည်များတို့သည် မြို့ထဲသို့ တိုးဝင်လာကြ
သည်။

သူသည် တံခါးအပြင်သို့ ရောက်ရှိသွားသည်နှင့် မြင်းပေါ်
သို့တက်ကာ အရှိန်မှန်မှန်ဖြင့် မောင်းနှင်သွားလေသည်။

❋❋❋

www.burmeseclassic.com

www.burmeseclassic.com

## လူသတ်သမားများ

လီကျန်းသည် လမ်းမကြီးအတိုင်းမြင်းကို မောင်းနှင်သွားသည်။

လမ်းသွားလမ်းလာများ ရှင်းသွားသောအခါ မြင်းကို အရှိန်မြှင့်လိုက်လေသည်။

သူသည် လူမိုက်တောင်ကြားသို့ ရောက်ရန်စိတ်ဆန္ဒစော နေသဖြင့် မည်သည့်အရာကိုမှ သတိမထားပါ။

အကယ်၍သာ သူက နောက်သို့လှည့်ကြည့်မည်ဆိုလျှင် သံသယဖြစ်ဖွယ်ရာလူများကို တွေ့မြင်နိုင်မည်ဖြစ်လေသည်။

သူ့နောက်လိုက်နေသော မြင်း(၁၀)ကောင်ရှိသည်။

မြင်းများပေါ်တွင် ကိုယ်ခန္ဓာ ကျစ်လစ်တောင့်တင်းသူများပါလာသည်။

သူတို့၏ခါးတွင် ဓားတစ်လက်ပါရုံမက ခါးစည်းမှာလည်း လက်နက်မှုံးထည့်ထားသော အိတ်များပါရှိလေသည်။

သူတို့သည် အနက်ရောင်ပဝါဖြင့် ခေါင်းပေါင်းထားသည်။

ကိုယ်ပေါ်တွင် အနက်ရောင်အင်္ကျီနှင့် ဘောင်းဘီဝတ်ဆင်ထားသည်။



သူတို့၏ဝတ်စားဆင်ယင်မှုကို ကြည့်လိုက်ခြင်းအားဖြင့် ထိုလူများတို့သည် လက်မရွံ့လူသတ်သမားများ ဖြစ်သည်ကို ကောင်းစွာသိရှိရမည် ဖြစ်လေသည်။

သို့သော်...

လီကျန်းမှာမူ လုံးဝလှည့်မကြည့်မိပါ။

သူ့နောက်မှာ အန္တရာယ်များရှိနေသည်ကိုလည်း သတိမထားမိပါ။

သူက ရှေ့သို့သာ ဦးတည်၍ မောင်းနှင်သွားလေသည်။

❋❖❋

နေပြည်တော်နှင့် တဖြည်းဖြည်းဝေးလာလေသည်။

နေလုံးကြီးလည်း ထက်ကောင်းကင်သို့ တက်လာလေသည်။

နေပြည်တော်နှင့် ဝေးလာလေလေ လမ်းသွားလမ်းလာများ တဖြည်းဖြည်း နည်းလာလေလေဖြစ်လေသည်။

လက်မရွံ့လူသတ်သမား (၁၀)ယောက်က မြင်းကိုအရှိန်မြှင့်လိုက်သည်။

လီကျန်းထံသို့ တဖြည်းဖြည်းချဉ်းကပ်သွားသည်။

မြင်းအရှိန် မြန်လာသဖြင့် မြင်းခွာသံများပို၍ အသံကျယ်လောင်လာသည်။

လီကျန်းက မြင်းခွာသံကြားလိုက်ရသဖြင့် လှည့်ကြည့်လိုက်သည်။

"ယား..."

www.burmeseclassic.com

www.burmeseclassic.com



နောက်မှ မြင်းများပေါ်၌... ခေါင်းဆောင်ဖြစ်ဟန်တူသူက ယင်းသို့ ဓားမြှောက်ကာ အော်လိုက်သည်။

လီကျန်းက အန္တရာယ်ကို မြင်တွေ့လိုက်ရလေပြီ။

သူက မြင်းကို အစွမ်းကုန်မောင်းနှင်၍ ထွက်ခွာသွားသည်။

❋✲❋

လီကျန်းသည် မြင်းကိုအရှိန်ပြင်းစွာဖြင့် မောင်းနှင်သွားသည်။

နောက်မှ လိုက်လာသော လူသတ်သမား (၁၀)ယောက်တို့မှာလဲ ထပ်ကြပ်မကွာလိုက်နေကြသည်။

လီကျန်းသည် အခြေအနေမဟန်မှန်း သိလိုက်သဖြင့် မြင်းကိုလမ်းဘေးသို့ ထိုးဆင်းလိုက်ပြီး ခပ်လှမ်းလှမ်းတွင်ရှိသော တောအုပ်တစ်ခုထဲသို့ မောင်းနှင်သွားလေသည်။

လူသတ်သမားများတို့သည် လေးဘက်လေးတန်မှ နေရာယူ၍ လီကျန်အား ဝိုင်းမိရန်ကြိုးပမ်းလာသည်။

သို့သော်...

လီကျန်း၏မြင်းမှာ ပို၍လျင်မြန်နေသဖြင့် သူတို့၏ အဝိုင်းမအောင်မြင်ခဲ့ပါ။

လီကျန်းသည် တောအုပ်တစ်ဘက်သို့ ဖောက်ထွက်လာပြီဖြစ်သည်။

ရှေ့မှာရှိနေသော မြင်းကွင်းကို မြင်တွေ့လိုက်ရသည်အခါ သူ၏မျက်လုံးအစုံ ပြူးကျယ်သွားလေသည်။



မိမိပြေးလမ်းမှားနေသည်ကို နောင်တရမိလေတော့သည်။

အကြောင်းမှာ သူရောက်ရှိနေသော နေရာသည် အလွန်ကျယ်ပြန့်သော မြက်ခင်းပြင်ဖြစ်နေလေသည်။

ပုန်းကွယ်ရှောင်တိမ်းရန် မည်သည့်အကာအကွယ်မှ မရှိပါ။ နောက်မှ လူသတ်သမားတစ်ယောက်က ကြုံးဝါးလိုက်သည်။

"ဟေ့လူ... မင်းပြေးပေါက်မရှိတော့ပါဘူး... ပင်ပန်းမခံပါနဲ့..."

လီကျန်းက အံကိုတင်းတင်းကြိတ်ထားပြီး မြင်းကိုသာ ဆက်လက်၍လျင်မြန်စွာ မောင်းနေ၏။

တဖြည်းဖြည်းနှင့် မြင်း (၁၀) ကောင်တို့သည် ရှေ့ဆင့်နောက်ဆင့်ဖြင့် လီကျန်းနောက်သို့ ချဉ်းကပ်လာမိလေသည်။

လီကျန်း၏မြင်းသည် စတင်မောဟိုက်လာသည်။

ပြေးအားလည်း ကျလာလေသည်။

မြက်ခင်းပြင်ရှိရာသို့ ရောက်ရှိလာသောအခါ လူသတ်သမားများက သူ့အား ဝိုင်းဖမ်းမိထားလိုက်လေသည်။

လီကျန်းသည် မင်းသားလေးတစ်ယောက်ပီပီ ကြောက်ရွံ့သောစိတ် လုံးဝမရှိပါ။

မြင်းပေါ်မှ လွှားခနဲခုန်ဆင်းလိုက်သည်။

ထို့နောက် ဓားကိုဆွဲထုတ်လိုက်လေသည်။

လက်မရွံ့လူသတ်သမားများတို့သည် မြင်းပေါ်မှမဆင်းကြဘဲ လီကျန်းအား လှည့်ပတ်ဝိုင်းရံ၍ တစ်ယောက်ပြီး တစ်ယောက် ဝင်ရောက်တိုက်ခိုက်ကြလေသည်။

www.burmeseclassic.com

www.burmeseclassic.com



လီကျုန်းက ဓားဖြင့်ပြန်လည် တိုက်ခိုက်လိုက်ရာ ဓား ဓားချင်းထိခတ်သံများသည် တချွမ်ချွမ်ဟိန်းနေလေသည်။

"ယား..."

"ဟီး..."

လက်မရှိ လူသတ်သမားများတို့၏ မာန်မဲသော အသံ များသည်ဆူညံစွာ ထွက်ပေါ်လာရာ ဝန်းကျင်တစ်ခုလုံးသို့ လွှ ပျံ့သွားလေသည်။

❋❋❋

လီကျုန်းသည် မြင်းများ၏အလယ်တွင် ခံနေရသည်။

သူက လုံးဝအလျှော့မပေးပါ။

လေးဘက်လေးတန်မှ လှည့်၍တိုက်ခိုက်သောလူမျာ အား ရွှံ့ရွှံ့ချုံ့ချုံ့ ပြန်၍တိုက်လေသည်။

ဤသို့ဖြင့် အတန်ကြာသောအခါ ဤသို့ဆင်ခြင်သုံးသ လိုက်သည်။

"သူတို့တိုက်ခိုက်တဲ့ နည်းဗျူဟာက ငါ့ကိုလက်ပမ်းက အောင်... လုပ်နေတာပဲ ဘယ်ရမလဲ..."

သူကယင်းသို့ ရင်ထဲ၌ ကြုံးဝါးလိုက်ပြီး တိုက်ကွက် ပြောင်းလဲလိုက်လေသည်။

ယခု သူသည် လူကိုပစ်မှတ်မထားတော့ဘဲ မြင်းကိုသ ဦးစားပေး၍ တိုက်ခိုက်လိုက်သည်။

လက်မရှိ လူသတ်သမားများတို့သည် လီကျုန်းက မြ ကို တိုက်ခိုက်လာလိမ့်မည်ဟု မထင်မှတ်သဖြင့် မြင်းများအ



ရှိကြပြီး လွတ်ရာကျွတ်ရာသို့ တစွတ်ထိုးပြေးလွှားကြလေသည်။

လက်မရှိဓားသမား ခေါင်းဆောင်ကာ ကမန်းကတန်း အမိန့်ပေးလိုက်သည်။

"မြင်းပေါ်က ဆင်းကြလေ... ဘာလုပ်နေကြတာလဲ..."

မြင်းပေါ်မှ လူသတ်သမားတို့သည် အသီးသီးခုန်ဆင်း လာကြသည်။

သူတို့သည် ပြန်လည်မစုစည်းမီ လီကျုန်းက ရပ်နေသော သူ၏ မြင်းထံသို့ ပြေးလွှားသွားပြီး ခုန်တက်လိုက်လေသည်။

"ဘယ်ရမလဲ..."

ဓားသမား ခေါင်းဆောင်ကြုံးဝါးရင်း လက်တစ်ချက်ဝှေ့ ယမ်းလိုက်ရာ ဓားငယ်တစ်လက်သည် မြင်း၏နောက်ခြေထောက် ကို ထိမှန်သွားရာ မဟန်နိုင်တော့ဘဲ လဲကျသွားသည်။

လီကျုန်းသည် ပြေးမလွတ်မှန်း သိလိုက်သဖြင့် မပြေး တော့ပါ။

ဓားကိုကျစ်ကျစ်ပါအောင် ဆုပ်ကိုင်ပြီး လူသတ်သမား တို့အား စောင့်ဆိုင်းလိုက်သည်။

လူသတ်သမားတို့က သူ့အား ဝိုင်းရံထားလိုက်သည်။

"တိုက်ကြ..."

ခေါင်းဆောင်က အမိန့်ပေးလိုက်ရာ လူသတ်သမားတို့ သည် လီကျုန်းအား စတင်တိုက်ခိုက်လာပြန်သည်။

❋❋❋

www.burmeseclassic.com

www.burmeseclassic.com



တိုက်ပွဲသည် ပို၍ပို၍ ပြင်းထန်လာသည်။

လက်မရွံ့ လူသတ်သမား (၃) ယောက်မှာ အသီးသီး ဒဏ်ရာရရှိလာသည်။

လီကျန်း၏ ဘယ်ဘက်လက်တွင်လည်း ဒဏ်ရာရရှိလာသည်။ လူသတ်သမားခေါင်းဆောင်က ဟားတိုက်ပြီးရယ်မောလိုက်သည်။

"မကြိုးစားနဲ့တော့ လီကျန်း... မင်းလက်နက်ချရင် ကျုပ်က အသက်ချမ်းသာပေးမှာပေါ့..."

"ဟား... ဟား... ဟား..."

လီကျန်းက အားရပါးရ ရယ်မောလိုက်သည်။

"မင်းတို့မှတ်ထားကြ... အသတ်အသေခံမယ့် လီကျန်းပဲ ရှိတယ်... ဒူးထောက်အညံ့ခံတဲ့ လီကျန်းမရှိဘူးကွ..."

ခေါင်းဆောင်က မဲ့ပြုံးပြုံးလိုက်သည်။

"ကောင်းပါတယ်ဗျာ... မင်းရဲ့အလောင်းကို ကျုပ်တို့က မြင်းပေါ်တင်သွားပါ့မယ်..."

သူက ပြောပြီးဓားတစ်ချက် ဝှေ့ယမ်းလိုက်သည်။

"သွေးသောက်တို့... ငါတို့နိုင်ချေရှိတယ်နော် ကြိုးစား..."

လူသတ်သမား (၆) ယောက်တို့သည် လီကျန်းအား အပြင်းအထန်ဆုံး တိုက်ခိုက်လိုက်လေသည်။

လီကျန်းမှာမူလက်တစ်ဖက်မှာဒဏ်ရာရရှိထားသောကြောင့် တိုက်ခိုက်အားကျလာသည်။ ထိုအချိန်တွင် မြင်းခွာသံများ ဆူညံစွာထွက်ပေါ်လာသည်ကို ကြားလိုက်ရလေသည်။

❋❋❋



မြင်းတစ်ကောင် လက်မရွံ့လူသတ်သမားများ တိုက်ခိုက်နေရာသို့ ဦးတည်၍ မောင်းနှင်သွားသည်။

ခေါင်းဆောင်က မျက်မှောင်ကုတ်သွားသည်။

"ဘယ်က လူများပါလိမ့်..."

သူက ယင်းသို့ရေရွတ်ရင်း လက်ထဲမှာ ဓားငယ်တစ်ချောင်းကို အသင့်ပြင်ထားလိုက်သည်။

ထို့နောက်... သူ့လူများကို အမိန့်ပေးလိုက်သည်။

"မင်းတို့အားလုံး သူ့ကိုမလွှတ်စေနဲ့... လာတဲ့သူ ရန်သူဖြစ်နေရင် ငါရင်ဆိုင်မယ်..."

သူက ပြောပြီးသည်နှင့် မောင်းနှင်လာသော မြင်းရှေ့တည်တည့်တွင် သွားရပ်လိုက်သည်။

ထို့နောက် အသံကျယ်လောင်စွာဖြင့် အော်ပြောလိုက်သည်။

"ဒီမှာမိတ်ဆွေ... ငါတို့က ရဲမက်တွေ... တရားခံကိုဖမ်းနေတာ ဒါကြောင့် တစ်ခြားလမ်းက လှည့်သွားပါ..."

သူက အော်ပြောရင်း မြင်းပေါ်မှ လူကိုစိုက်ကြည့်လိုက်သည်။

မောင်းနှင်လာသော မြင်းသည်လမ်းကြောင်း မပြောင်းဘဲ တည့်တည့်ပင် တိုးဝင်လာသည်။

ခေါင်းဆောင်က မြင်းပေါ်မှလူကို သေသေချာချာ ကြည့်လိုက်သည်။

မြင်းပေါ်မှ လူမှာမိန်းကလေးတစ်ယောက်ဖြစ်သည်။

ခါးမှချိတ်ထားသော ဓားကိုတွေ့မြင်လိုက်ရသဖြင့် သိုင်း

www.burmeseclassic.com

www.burmeseclassic.com



သမီးပျိုတစ်ယောက် ဖြစ်သည်ကို နားလည်လိုက်လေသည်။

"ရုပ်လိုက်... ပြောတာ မကြားဘူးလား..."

သူက အော်ငေါက်ရင်း ဟန့်တားလိုက်သည်။

မြင်းပေါ်မှ မိန်းကလေးသည် အော်ပြောနေသောစကားကို နာမထောင်ဘဲ ဆက်လက်တိုးဝင်လာသည်။

"ကဲကွာ..."

ခေါင်းဆောင်ကလက်ဖွေ့ယမ်းလိုက်ရာ ဓားတစ်ချောင်းသည် မိန်းကလေး၏ ရင်ဝရှိရာသို့ တည့်တည့်မတ်မတ် ပစ်လွှင့်သွားလေသည်။

မိန်းကလေးက မြင်းပေါ်မှ ခုန်ဆင်းလိုက်သည်။

ဓားကို ရှောင်တိမ်းလိုက်ပြီး မြင်းပေါ်သို့ ထပ်မံခုန်တက်လိုက်သည်။

သူမလှုပ်ရှားပုံက အလွန်သွက်လက် ဖျတ်လတ်လှပေသည်။

ခေါင်းဆောင်က ကြောင်အံ့အံ့ဖြစ်နေစဉ် မိန်းကလေးသည် လှူရောမြင်းပါ လီကျန်းအား ဝိုင်းရံတိုက်ခိုက်နေကြသော လူသတ်သမားများထံသို့ တိုးဝင်သွားလေသည်။

လူသတ်သမားများက ရှောင်တိမ်းရင်း ကစဉ့်ကလျားဖြစ်သွားလေသည်။

လီကျန်းအဖို့ သက်သာရာရသွားလေသည်။

သူက မိန်းကလေးအား လှည့်ကြည့်လိုက်သည်။

မိန်းကလေးက သူ့အားပြုံးပြလိုက်သည်။

"မြင်းပေါ်တက်ခဲ့..."



လီကျန်းက ဝမ်းသာအံ့သြသွားသည်။

"ဟုန်ဟုန်..."

မဆိုင်းမတွဘဲ ဟုန်ဟုန်၏မြင်းပေါ်သို့လှမ်းခနဲ ခုန်တက်လိုက်သည်။

မြင်းကိုနောက်သို့လှည့်၍ ဒုန်းစိုင်းမောင်းနှင်သွားလေသည်။

ခေါင်းဆောင်က ကမန်းကတန်း အော်လိုက်သည်။

"ဘာတွေငေးနေကြတာလဲ ပစ်ကြပါတော့လား..."

ကြောင်အံ့အံ့ရပ်ကြည့်နေကြသော လူသတ်သမားများတို့သည် လက်နက်ပုန်းများဖြင့် ပစ်ခတ်ကြလေတော့သည်။

သို့သော်... မြင်း၏ ပြေးရှိန်က အလွန်မြန်နေသဖြင့် လက်နက်ပုန်းများသည်။

သူတို့အား မထိဘဲ မြေပေါ်၌ပြန့်ကျဲနေ၏။

ခေါင်းဆောင်က အမိန့်ပေးလိုက်ပြန်သည်။

"မြင်းပေါ်တက်ကြပါတော့လား..."

သူတပည့် တစ်ယောက်က...

"အစ်ကိုကြီး... မြင်းတွေအားလုံး ဒဏ်ရာရထားတယ်လေ..."

လူသတ်သမား ခေါင်းဆောင်သည် မတတ်နိုင်တော့ဘဲ လီကျန်းတို့တဖြည်းဖြည်း ကွယ်ပျောက်သွားသည်ကို စိတ်ပျက်စွာကြည့်ရင်း ကျန်ရစ်ခဲ့လေသည်။

❋❋❋

www.burmeseclassic.com

www.burmeseclassic.com

## အသင့်ပြင်ခြင်း

(၅)လ (၁၅) ရက်...

ယနေ့သည် သိမ်းငှက်လောက်ချစ်အဖို့ အလွန်အရေးကြီးသော နေ့တစ်နေ့ဖြစ်သည်။

ယခု ရက်များတွင် သူသည်သက်ဆိုင်ရာ မြို့ကြီးမြို့ငယ်များမှ တာဝန်ရှိသူများနှင့် ညှိနှိုင်းတိုင်ပင်ထားပြီး ဖြစ်လေသည်။

သိမ်းငှက်လောက်ချစ်သည် နဂါးစိမ်းဂိုဏ်းချုပ်မည်သူမည်ဝါဖြစ်သည်ကို အမျိုးမျိုးကြိုးစား၍ စုံစမ်းခဲ့သော်လည်း တရားခံကို မဖော်နိုင်ဘဲ နောက်ဆုံးတွင် သူကနည်းဗျူဟာများကိုပြောင်းလဲလိုက်လေသည်။

သူ၏နည်းဗျူဟာမှာ သူတို့အဖွဲ့စုံစမ်းတွေ့ရှိခဲ့ရသော မြို့ကြီး၊ မြို့ငယ်များတွင် ရှိသောနဂါးစိမ်းဂိုဏ်း၏ ဌာနခွဲများကို သက်ဆိုင်ရာ အာဏာပိုင်များထံ သတင်းပို့ထားပြီး ဖြစ်လေသည်။

(၅) (၁၅) ရက်ညမှာ မြို့ကြီးမြို့ငယ်အသီးသီးတွင် ရှိနေကြသော နဂါးစိမ်းဂိုဏ်းဌာနခွဲများကို တိုက်ခိုက်ချေမှုန်းရန် ဆုံးဖြတ်ထားပြီး ဖြစ်လေသည်။

သူ၏ ရည်မှန်းချက်မှာ နဂါးစိမ်းဂိုဏ်းချုပ်အား အငြိမ်း ကျန်ဘဝဖြစ်စေရန် ဖန်တီးခြင်းဖြစ်သည်။



ယနေ့သည် (၅)လ (၁၅) ရက်နေ့ဖြစ်သည်။

သန်းခေါင်ယံ အချိန်ရောက်လျှင် တစ်ပြိုင်နက်ထဲ မြို့ကြီးမြို့ငယ်အားလုံးမှ ပြိုင်တူလှုပ်ရှားတော့မည် မဟုတ်ပါလား... ”

(၅)လ (၁၆) ရက်။

ယနေ့သည် သိမ်းငှက်လောက်ချစ်၏ အောင်ပွဲခံသော နေ့တစ်နေ့ဖြစ်သည်။

သူစီမံခန့်ခွဲသည့်အတိုင်း မြို့ကြီးမြို့ငယ်များမှ ရှိရှိသမျှသော နဂါးစိမ်းဂိုဏ်း၏ ဌာနခွဲများကို သိမ်းငှက်လောက်ချစ်၏ လူများနှင့် သက်ဆိုင်ရာမှ ရဲမက်များနှင့် ပူးပေါင်းပြီးအောင်မြင်စွာ သိမ်းပိုက်ချေမှုန်းနိုင်ခဲ့ပြီး ဖြစ်လေသည်။

ထိုသတင်းထွက်ပေါ်လာသောအခါ အမျိုးမျိုးငွေညှစ်ခံရသော ကုန်သည်ပွဲစားတို့သည် ဝမ်းပမ်းတသာဖြစ်ကုန်ကြလေသည်။

သိုင်းလောကတစ်ခုလုံးမှလည်း ဝမ်းမြောက်ဝမ်းသာစွာဖြင့် သိမ်းငှက်လောက်ချစ်ထံသို့ ဂုဏ်ပြုလွှာများ ပေးပို့ကြလေသည်။

သို့သော်...

သိမ်းငှက်လောက်ချစ်ထံတွင် ဝမ်းသာသော လက္ခဏာလုံးဝမတွေ့ရပါ။

အကြောင်းမှာ...

နန်းတက်ပွဲအခမ်းအနား ကျင်းပရန်မှာ (၉) ရက်မျှသာ လိုတော့သည်။

သို့သော်...

www.burmeseclassic.com

www.burmeseclassic.com



လီကျုန်းတစ်ယောက် ပျောက်ခြင်းမလှ ပျောက်နေသည်။

လီကျုန်းတစ်ယောက် မည်သည့်နေရာသို့ ရောက်နေပါသနည်း။

နဂါးစိမ်းဂိုဏ်းချုပ် လက်ထဲတွင် ရောက်နေ၍လော။

သူသည် လီကျုန်းအား အမြန်ဆုံးတွေ့ရှိရန် ရှာဖွေရဦးမည် မဟုတ်ပါလော…။

❋❋❋

ဟုန်ဟုန်နှင့် လီကျုန်းတို့သည် တောအုပ်တစ်ခုအတွင်းသို့ ရောက်ရှိလာသောအခါ မြင်းပေါ်မှ ဆင်း၍ အနားယူကြလေသည်။

ဟုန်ဟုန်က လီကျုန်း၏ဒဏ်ရာကို အဝတ်ဖြင့်စည်းပေးရင်း ပြစ်တင်ပြောဆိုလိုက်လေသည်။

"အစ်ကိုရယ်… ကိုယ်နောက်မှာ ရန်သူတွေရှိမှန်းသိရဲ့နဲ့… ဘာကြောင့် တစ်ယောက်တည်း ထွက်လာရတာလဲ…"

လီကျုန်းကပြုံးလိုက်သည်။

"ရန်သူလိုက်လာမှာကို ကြောက်နေရင်… ဘယ်ကိုမှ ရောက်ဖြစ်တော့မှ မဟုတ်ဘူး…"

ဟုန်ဟုန်က…

"အခု… အစ်ကို ဘယ်သွားမလို့လဲ…"

လီကျုန်းက…

"ညီမလေးတို့ဆီ လာမလို့…"



သူကဆက်၍…

"ညီမလေးက ငါ့အပေါ်မှာ ကျေးဇူးအများကြီး ရှိခဲ့တယ်… နောက်ဆိုရင် လာဖြစ်တော့မှာ မဟုတ်တော့လို့… အခုလာရတာပါ…"

ဟုန်ဟုန်က…

"အစ်ကို့အကြောင်း ကျွန်မသိပါတယ်…"

လီကျုန်းက…

"အစ်ကို ရက်မကြာမီမှာ နန်းတက်တော့မယ်ဆိုတာပေါ့…"

လီကျုန်းက အံ့သြသွားသည်။

"မင်းဘယ်က ဒီသတင်းကိုကြားတာလဲ…"

ဟုန်ဟုန်က…

"ထိုက်ပေ့စန်းတောင်က ချန်းလောင်နှစ်ယောက် ကျွန်မဆီလာခဲ့တယ်…"

လီကျုန်းက…

"ဪ… ဒီလိုကိုး ဒါနဲ့ညီမလေးက ဘယ်သွားမလို့လဲ…"

ဟုန်ဟုန်က

"ကျွန်မအမေကို သွားတွေ့ရင်း… အစ်ကိုဆီလည်း လာသည်ချင်လို့ပါ…"

လီကျုန်းက ပြုံးလိုက်လေသည်။

"ညီမလေးက အစ်ကို့ကို သတိရသေးတာကိုး…"

ဟုန်ဟုန်က…

"ကျွန်မ လူတစ်ယောက်ကို ခင်မင်မိရင် ဘယ်တော့မှ

www.burmeseclassic.com

www.burmeseclassic.com



မမေ့တတ်ပါဘူး... ”

လီကျုန်းက...

“အစ်ကိုလည်းအတူတူပါပဲလေ...ဒါကြောင့်တစ်ယောက်တည်း ထွက်လာတာပေါ့... ”

သူက ဆက်၍မေးလိုက်သည်။

“အခု ညီမလေး ဘာလုပ်မလဲ... ဟိုကို ဆက်သွားမလား တောင်ကြားကို ပြန်မလား... ”

ဟုန်ဟုန်က...

“တောင်ကြား ပြန်မယ်လေ... အစ်ကိုက အစ်ကိုခေါင်းကြီးတို့နဲ့ တွေ့ချင်တယ် မဟုတ်လား... ”

လီကျုန်းက...

“ဟုတ်တယ်... ”

ဟုန်ဟုန်က...

“ကဲ... ကျွန်မတို့ သွားကြမယ်... ”

လီကျုန်းက...

“နေပါဦး... တို့က မြင်းတစ်ကောင်ပဲရှိတယ်... ဘယ်လိုသွားကြမှာလဲ... ”

ဟုန်ဟုန်က...

“မတတ်နိုင်ဘူးလေ... အတူတူပဲစီးသွားကြတာပေါ့... ”

လီကျုန်းက မြင်းပေါ်သို့ခုန်တက်လိုက်သည်။

ဟုန်ဟုန်က သူ့နောက်မှ ထိုင်၍လိုက်သွားလေတော့သည်။

❋❋❋



လူမိုက်တောင်ကြားသည် ယခင်နှင့် လုံးဝမတူတော့ဘဲ တစ်မျိုးတစ်ဖုံ ပြောင်းလဲနေ၏။

ယခင်တုန်းကဆိုလျှင် ခြောက်ကပ်ကပ်နိုင်လှသော တောင်ကြားလမ်းသည်...

ယခုအခါမှာ ပန်းများ၊ သီးပင်များ၊ စိုက်ပျိုးထားသည်ကို လှပစွာ တွေ့မြင်လိုက်ရလေသည်။

ယခင်က ဖြစ်ကတတ်ဆန်း တည်ဆောက်ထားသော အိမ်များသည် ယခုအခါ သပ်သပ်ရပ်ရပ်ရှိလာလေပြီ။

ယခင်တုန်းက ခြောက်သွေ့သော လမ်းပေါ်၌ ယခုအခါ လမ်းသွားလမ်းလာများကို တွေ့ရှိရလေသည်။

လီကျုန်းက အလွန့်အလွန် အံ့ဩသွားလေသည်။

“ညီမလေး... ဒါဟာ လူမိုက်တောင်ကြားမှ ဟုတ်ရဲ့လား... ”

ဟုန်ဟုန်က မြင်းပေါ်မှ ခုန်ဆင်းလိုက်သည်။

“ဟုတ်တယ်လေ... ဘာဖြစ်လို့လဲ အစ်ကိုရဲ့... ”

လီကျုန်းကလည်း မြင်းပေါ်မှဆင်းလိုက်လေသည်။

“တော်ပါသေးရဲ့... ငါလမ်းများ မှားဝင်မိသလားလို့ ထင်နေတာ... ”

သူက စကားဆက်၍

“ဒီတောင်ကြားဟာ ပြောင်းလဲလိုက်တာ အံ့ဩစရာ ကောင်းပါတယ်... ”

ဟုန်ဟုန်က...

“ဒါကတော့ ဦးဆောင်တဲ့လူလိုပါတယ်... သူတို့ကို ပြော

www.burmeseclassic.com



ပြတယ်... စိပြုလုပ်ပြတယ်... သူတို့က သဘောပေါက်လာတယ်... အဲဒီတော့... သီးပင်တွေသီးလိုက်တာ ရောင်းစားလို့တောင် ရ တယ်..."

သူမမျက်နှာအား လီကျန်းက သေချာစွာကြည့်လိုက် သည်။

"ဒီဦးဆောင်တဲ့ လူဟာ ညီမလေးပဲဖြစ်ရမယ်..."

ဟုန်ဟုန်ကဖြုံးလိုက်လေသည်။

"ဒါ ခက်ခဲတဲ့ပညာမှ မဟုတ်ဘဲ မိန်းကလေးတိုင်းလိုက် တတ်သင့်တဲ့ ပညာပါ..."

သူမက တစ်စုံတစ်ခုကို သတိရလာသည်။

"ဒါနဲ့ အစ်ကို အပူလှိုင်းဓားကို ဘယ်အဆင့်ရော အောင်... လေ့ကျင့်ပြီးခဲ့ပြီလဲ..."

လီကျန်းက ပခုံးတစ်ချက်တွန့်လိုက်သည်။

"လေ့ကျင့်တာတော့ နေ့တိုင်းပဲ ဘယ်အဆင့်ရောက် လဲ မသိပါဘူး..."

ဟုန်ဟုန်က...

"အစ်ကိုက ရန်သူနဲ့တိုက်ခိုက်တုန်းက ဒီပညာကိုအ မချဘူးလား..."

လီကျန်းက...

"အသုံးချသားပဲ... ဒါပေမယ့် သိပ်ထိထိရောက်ရော ရှိတာ မတွေ့ရဘူး..."

ဟုန်ဟုန်က...

"ဒါဟာ အစ်ကို့မှာ တစ်ခုခု လိုနေပြီနဲ့တူတယ်..."



လီကျန်းက...

"အစ်ကိုတော့ ဘာမှမသိဘူး... ဟုတ်ချင်လည်း ဟုတ်မှာ ပေါ့..."

ဟုန်ဟုန်က...

"အစ်ကိုဒီမှာ ဘယ်လောက်ကြာကြာ နေမှာလဲ..."

လီကျန်းက...

"(၃) ရက်တော့ အချိန်ရမယ်ထင်တယ်..."

ဟုန်ဟုန်က...

"ကောင်းပြီလေ... ကျွန်မတို့နှစ်ယောက် အတူတူလေ့ ကျင့်ကြည့်တာပေါ့... လိုအပ်ရင်လည်း ပြင်တာပေါ့..."

သူတို့သည် စကားတပြောပြောဖြင့် ခေါင်းကြီးတို့ခြံဝင်း ရှိရာသို့ ရောက်ရှိလာသည်။

❋✽❋

ခြံဝင်းတံခါးမှာ ဟာလာဟင်းလင်း ပွင့်နေ၏။

လီကျန်းနှင့် ဟုန်ဟုန်တို့သည် ခြံဝင်းထဲသို့ ဝင်ရောက် လာကြသည်။

အဆောက်အဦး တစ်ခုလုံးမှာလည်း တိတ်ဆိတ်၍ နေ ၏။

လူသူတစ်စုံတစ်ယောက်ကိုမှ မတွေ့ရပါ။

လီကျန်းက...

"ညီမလေး... သူတို့မရှိကြဘူးနဲ့ တူတယ်..."

ဟုန်ဟုန်က...

www.burmeseclassic.com

www.burmeseclassic.com



"သူတို့ရှိကြပါဘယ်... "

လီကျန်းက...

"ဘာကြောင့် အသံမကြားရတာလဲ... "

ဟုန်ဟုန်က ပြုံးလိုက်သည်။

"ကျွန်မ မရှိတာနဲ့ သူတို့ကအပျင်းနိုပြီး... အိပ်နေကြပြ နဲ့ တူတယ်... "

သူမက အော်လိုက်သည်။

"အစ်ကိုကြီးတို့... ညီမလေးမှာ ဧည့်သည်ပါလာတယ်... ဘယ်သူလဲဆိုတာ ထွက်ကြည့်ပါဦး... "

သူမ၏ စကားဆုံးသွားသည်နှင့် ခြေသံများ ဆူညံစွာ ထွက်ပေါ်လာသည်။

လူ (၅) ယောက်သည် ရှေ့ဆင့်နောက်ဆင့် ပြေးထွက်လာကြလေတော့သည်။

❋❋❋

ခေါင်းကြီးတို့ လူစုသည် အိမ်ထဲမှ အပြေးကလေးဖြင့် ထွက်လာကြလေသည်။

မမျှော်လင့်ဘဲ လီကျန်းရောက်နေသည်ကို တွေ့ရသဖြင့် အားလုံးက ဝမ်းသာပျော်ရွှင်ကုန်ကြလေသည်။

"ညီလေး... မင်းဒီကို ဘယ်လို ဖြစ်ပြီး ရောက်လာတာ လဲ... "

ခေါင်းကြီးက အားရပါးရ မေးလိုက်သည်။

လီကျန်းက ပြုံးလိုက်သည်။

"ဒီကိုလာချင်တာကြာပြီ... ဒါပေမယ့် အလုပ်ကများ



လို့ အခုမှပဲ လာဖြစ်တော့တယ်... "

ခေါင်းကြီးက...

"ငါတို့လည်း အမြဲတမ်း သတိရနေတယ်... ဒါကြောင့် ဟုန်ဟုန်က လိုက်သွားမယ်ဆိုလို့ တို့ကလွှတ်လိုက်တာ... "

ရန်းရန်းက...

"ဟုတ်တယ်... ဒါနဲ့ ညီမလေးတို့ ဘယ်မှာသွားဆုံပြီး ပြန်လာကြတာလဲ... "

ဟုန်ဟုန်က...

"မေးမနေပါနဲ့တော့... အစ်ကိုကတော့ တွေ့တဲ့နေရာမှာ ဧည့်ခံမယ့် သူတွေနဲ့ရင်ဆိုင်နေရတယ်လေ... ကျွန်မက သူတို့ မိတ်ဆွေတွေ လက်ထဲကအတင်းပြန်ခေါ်လာတာ... "

ခေါင်းကြီးက လီကျန်း၏ လက်မောင်းပေါ်တွင်အဝတ်စည်းထားသည်ကို တွေ့လိုက်ရသဖြင့် နားလည်လိုက်သည်။

"နဂါးစိမ်းဂိုဏ်းက မိတ်ဆွေတွေဖြစ်မှာပေါ့... "

လီကျန်းက မချိပြုံးပြုံးလိုက်သည်။

"ဟုတ်ပါတယ်ဗျာ... ဒီတစ်ခါ ညီမလေးဟုန်ဟုန်နဲ့ တိုက်တိုက်ဆိုင်ဆိုင် မဆုံဖြစ်ရင်... ဘာဖြစ်မလဲဆိုတာ မပြောတတ်တော့ပါဘူးဗျာ... "

လီကျန်းက ပြုံးလိုက်လေသည်။

"ဩော်... အဖော်မရသေးတော့လည်း တစ်ယောက်တည်းပဲ သွားရတော့မှာပေါ့... "

သူက ဟုန်ဟုန်အား မသိမသာကြည့်၍ ပြောလိုက်ခြင်းဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



ဟုန်ဟုန်က ပြုံးလိုက်သည်။

"အစ်ကို့မှာ ခေါင်းချင်တယ်ဆိုရင် အဖော်တွေ အများကြီးပါ..."

ခေါင်းကြီးက...

"ကဲ... ဒါတွေအသာထား အခုညီလေးက ဘယ်လောက်ကြာကြာနေမှာလဲ..."

လီကျန်းက အနည်းငယ်စဉ်းစားလိုက်သည်။

"ဓားပညာနဲ့ ပတ်သက်ပြီး ညီမလေးဟုန်ဟုန်နဲ့... ဆွေးနွေးစရာရှိလို့ (၃)ရက်လောက်တော့ နေမှာပါ..."

ဟုန်ဟုန်က...

"အတော်ပဲ... ကျွန်မလည်း ကျွန်မရဲ့ ဓားပညာဟာ တစ်ခုခုလိုနေတယ်လို့ ထင်မိနေတာ..."

ရှဲရှဲက...

"ကဲ... အထဲဝင်ကြမယ်... ဒီမှာပဲရပ်ပြီး ပြောနေကြမလို့လား..."

ကျူးကွေက...

"ကျွန်တော်ဧည့်သည်မဟုတ်တော့ဘူး... အားနာစရာလဲ မလိုဘူး..."

မိရင်က...

"ကဲထမင်းစားဖို့ အချိန်တန်ပြီ ပြောစရာရှိရင် စားသောက်ပြီး ပြောကြတာပေါ့..."

သူတို့အားလုံးတို့သည် အိမ်ထဲသို့ ဝင်သွားကြလေသည်။

❋❖❋



နံနက်...

မိုးမလင်းသေးပါ... ။

လှမိုက်တောင်ကြား၏ တောင်နံရံထိပ်တွင် လီကျန်းနှင့်ဟုန်ဟုန်တို့သည် ထိုင်၍ဆွေးနွေးနေကြလေသည်။

ဟုန်ဟုန်က...

"အစ်ကိုရဲ့အပူဓားသိုင်းကို လေ့ကျင့်ခဲ့တာ အောင်မြင်ပြီလား..."

လီကျန်းက ခေါင်းခါရမ်းလိုက်သည်။

"အစ်ကိုတော့ အတတ်နိုင်ဆုံး ကြိုးစားတာပဲ... ဒါပေမယ့်... တစ်ခုခုတော့ လိုနေပြီနဲ့တူတယ်..."

သူက ပြန်မေးလိုက်သည်။

"ညီမလေးကော..."

ဟုန်ဟုန်က သက်ပြင်းချလိုက်သည်။

"ကျွန်မလည်း လိုသေးတယ်..."

လီကျန်းက...

"ဘယ်နေရာလိုနေလို့လဲ..."

ဟုန်ဟုန်...

"ဒီသိုင်းကျမ်းရဲ့ အဓိက စွမ်းရည်ဟာ... အအေးဓားဆိုတာ သူ့ကို အသုံးပြုရင်း တဖြည်းဖြည်းနဲ့ဝန်းကျင်လေထု တစ်ခုလုံး အေးစိမ့်လာတယ်... တကယ်လို့များ ဆောင်းတွင်းမှာ လေ့ကျင့်ရင်... နှင်းဖွဲ့လို အခိုးအငွေ့တွေ ထွက်လာနိုင်တယ်လို့ပြောတယ်..."

လီကျန်းက...

www.burmeseclassic.com



"ဟုတ်တယ်လေ… အစ်ကိုဆီက သိုင်းကျမ်းတစ်ဝက် ပါလာသေးလား…"

လီကျန်းက…

"ပါလာပါတယ်…"

သူက အင်္ကျီအတွင်း အိတ်ထဲမှာ ပါလာသော သိုင်းကျမ်း တစ်ဝက်ကို ထုတ်ပြလိုက်သည်။

ဟုန်ဟုန်ကလည်း သူမ၏အိတ်ထဲမှ သိုင်းကျမ်းပါးပါး လေးတစ်အုပ်ကိုထုတ်လိုက်လေသည်။

"ကျွန်မတို့ အဲ့ဒီနှစ်အုပ်ကိုပေါင်းပြီး စမ်းကြည့်ရအောင် တစ်နေရာရာမှာ လိုနေပြီထင်တယ်…"

လီကျန်းက သိုင်းကျမ်းနှစ်အုပ်ကို ကျောက်ဖြာပေါ်၌ ဖြန့် ၍ထက်ပိုင်းဆုပ်ဖြထားသော စာမျက်နှာများကို ဆက်ပေးလိုက် သည်။

ထို့နောက်… သေသေချာချာ ဖတ်ရှုလိုက်လေသည်။

သူက ဖတ်ရှုရင်း သူ၏မျက်နှာတစ်ခုလုံးမှာ ပြုံးရွှင်လာ လေသည်။

"ညီမလေးရေ… ငါတို့ရဲ့ဟာကွက်ကို တွေ့ရပြီ…"

ဟုန်ဟုန်က ဝမ်းသာသွားသည်။

"ဟုတ်လား… ဘယ်နေရာမှာ လိုနေတာလဲ…"

လီကျန်းက နောက်ဆုံးစာမျက်နှာအား လက်ညှိုးထောက် ပြလိုက်လေသည်။

"ဒီမှာ ကြည့်စမ်း… ညီမလေး ဒီစာပိုဒ်ကို အစ်ကိုကဆုံး သွားပြီထင်တာ… အခုဖတ်ကြည့်တော့မှ ဒီစာပိုဒ်က မဆုံးသေး



ဘဲ ညီမလေးစာအုပ်ဘက်ကို ကူးသွားတာတွေ့ရတယ်…"

ဟုန်ဟုန်သည် လီကျန်းထောက်ပြသော စာမျက်နှာကို သေသေချာချာဖတ်ရှုလိုက်သည်။

သူမ၏ မျက်လုံးအစုံသည် ဝင်းလက်တောက်ပသွား လေသည်။

"ဟုတ်တယ် အစ်ကို… ဒီသော့ချက် စာတန်းတွေဟာ တစ်ဘက်နဲ့ တစ်ဘက်ကူးသွားတာကို… ကျွန်မတို့က မသိဘဲ ရပ် ထားလိုက်တော့ အရေးကြီးဆုံး အချက်တွေကျန်ရစ်ခဲ့တာကိုး…"

လီကျန်းက…

"တော်ပါသေးရဲ့… အခုအချိန်ရသေးတယ်… ငါတို့နှစ် ယောက် ဒီစာပိုဒ်တွေကို သေသေချာချာသဘောပေါက်အောင်… ဖတ်ပြီး ပြန်လေ့ကျင့်ကြရအောင်လား…"

ဟုန်ဟုန်သည် ခေါင်းညိတ်လိုက်သည်။

"ကောင်းတယ်… အစ်ကို…"

သူတို့နှစ်ယောက်သည် ခေါင်းချင်းဆိုင်၍ သူတို့ကျန်ရစ် ခဲ့သော စာများကို အာရုံစူးစိုက်၍ ဖတ်ရှုလေ့လာလိုက်သည်။

❋❋❋

www.burmeseclassic.com

www.burmeseclassic.com

# နန်းတွင်းရေး

ယနေ့သည် ခါတိုင်းကဲ့သို့နန်းတော်ထဲ၌ ညီလာခံကျင်းပခြင်း မဟုတ်ပါ။

ယနေ့ကျင်းပသော စည်းဝေးပွဲသည် နန်းတွင်းရေးကိစ္စပင် ဖြစ်လေသည်။

ထိုအစည်းအဝေးပွဲသို့ တက်ရောက်ခွင့်ရှိသော သူများမှာ အထူးဝန်မင်းတစ်ယောက်မှ လွဲ၍ မင်းညီမင်းသားများနှင့် မှူးမတ်ခေါင်းမျိုးများသာ ဖြစ်သည်။

သို့သော်...

ဤစည်းဝေးပွဲသို့ သိမ်းငှက်လောက်ချစ်တစ်ယောက် ထူးထူးခြားခြား တက်ရောက်သည်ကို တွေ့ရှိရမည်ဖြစ်သည်။

အကြောင်းမှာ ဤအစည်းအဝေးပွဲ ကျင်းပသည့်သိမ်းငှက်လောက်ချစ်၏ အခန်းကဏ္ဍကို ချန်ထားရန်မဖြစ်သောကြောင့် ဖြစ်သည်။ အစည်းအဝေးပွဲ တက်ရောက်သူများထဲ၌ သိမ်းငှက်လောက်ချစ်က လူတစ်ယောက်အား မကြာခဏ အကဲခတ်ကြည့်နေ၏။

သူ မကြာခဏ အကဲခတ်ကြည့်နေသူမှာ လီဝမ်ရဲမဟုတ်ပါ။



လီဝမ်ရဲက စည်းဝေးကျင်းပသည့်အချိန်မှစပြီး ယခုတိုင် စကားတစ်လုံးမှ ဖွင့်ဟပြောဆိုခြင်း မရှိပါ။

သိမ်းငှက်လောက်ချစ် အထူးဂရုစိုက်ကြည့်ရှုနေသူမှာ အသက် (၅၀) ပတ်ဝန်းကျင်ခန့်ရှိသော ဝန်မင်းတစ်ယောက်ဖြစ်သည်။

ထိုလူသည် ထွားကြိုင်းသော ခန္ဓာကိုယ်ရှိ၏။

သူ၏အသံမှာ ဩဇာညောင်းသည်ဟု သူက သတိပြုမိလိုက်သည်။

သူကပို၍ အထူးဂရုစိုက်နေသည်မှာ ထိုဝန်မင်းသည် နန်းမွေဆက်ခံရန် အရည်အချင်းရှိသော သူတစ်ယောက်ဖြစ်သောကြောင့်ဖြစ်သည်။

ထိုလူ၏ အမည်မှာ “လီစီမင်” ဖြစ်သည်။

သူ့ရာထူးမှာ နယ်စားကြီးတစ်ယောက်ဖြစ်သည်။

လက်ရှိဘုရင်နှင့် ညီအစ်ကိုဝမ်းကွဲတော်သူ တစ်ယောက်လည်း ဖြစ်သည်။

နန်းတွင်းအထူးဝန် ဖတ်ကြားသွားသော နန်းတော်အရည်အချင်း စည်းကမ်းများတွင် လက်ရှိဘုရင်သည် အကယ်၍ နတ်ရွာစံသည်ဖြစ်စေ၊ အကြောင်းအမျိုးမျိုးကြောင့် နန်းစွန့်လိုသည်ဖြစ်စေ၊ ပထမအရိုက်အရာ ခံရမည့်သူမှာ သူ၏သားတော်မင်းသားလေး ဖြစ်သည်။

အကယ်၍ ထိုမင်းသားလေးသည် အကြောင်းအမျိုးမျိုးကြောင့် ကွယ်လွန်သည်ဖြစ်စေ သို့မဟုတ် အရိုက်အရာငြင်းပယ်သည်ဖြစ်စေ ဘုရင်မင်းမြတ်၏အစ်ကိုတော် ညီတော်တို့က ဆက်

www.burmeseclassic.com

www.burmeseclassic.com



ခံပိုင်ခွင့် ရှိသည်။

အကယ်၍ ထိုညီအစ်ကိုတော်သူများ မရှိလျှင် (သို့မဟုတ်) ရှိလျက်နှင့် အကြောင်းအမျိုးမျိုးကြောင့် ငြင်းပယ်ခဲ့လျှင် ညီအစ်ကိုဝမ်းကွဲထဲမှ နန်းကိုလွှဲပြောင်းပေးခွင့်ရှိသည်။

သိမ်းငှက်လောက်ချစ်၏ ရင်ထဲတွင် မေးခွန်းများစွာဖြစ်လာသည်။

အကယ်၍သာ လီကျန်းကပြန်မလာသည်ဖြစ်စေ၊ လီဝမ်ရဲက ငြင်းပယ်လျှင်ဖြစ်စေ ထိုနယ်စားကြီး လီစီမင်ကသာ ဆက်ခံနိုင်ခွင့်ရှိနေသည် မဟုတ်ပါလား။

နန်းတွင်း အထူးဝန်နှင့် ဘုရင့်သားချင်းများဖြစ်သော နယ်စားမြို့စားများတို့သည် အကြိတ်အနယ် အခြေအတင်ဆွေးနွေးပြီးနောက် အောက်ပါမှု (၁၀) ချက်ကို အားလုံးက သဘောတူသဖြင့် ဘုရင်မင်းမြတ်က အမိန့်တော်ချလိုက်လေသည်။

ချမှတ်လိုက်သော အမိန့်တော်မှာ ဤသို့ဖြစ်၏။

(၁) ဘုရင်နန်းစွန့်သော နေ့နှင့် လက်ခံနန်းတက်သော နေ့ကို ရက်ပြောင်းရွှေ့ခြင်း မပြုရ။

(၂) အကယ်၍ အချိန်အခါ လွန်သည့်အထိ အိမ်ရှေ့စံမင်းသားလေး လီကျန်းက အချိန်မီရောက်မလာနိုင်လျှင်။

(၃) ပလ္လင်ကိုဆက်ခံနိုင်ခွင့်ရှိသော (၁) လီဝမ်ရဲနှင့် (၂) လီစီမင်းတို့ နှစ်ယောက်အနက်မှ တစ်ယောက်ယောက်က ဆက်ခံရမည်ဟု အမိန့်ချမှတ်တော်မူလိုက်သည်။

ညီလာခံသည် အခမ်းအနားပြီးဆုံးကြောင်း ကြေညာလိုက်ရာ တက်ရောက်လာကြသော နယ်စားပယ်စား ဆွေမျိုးသား



င်းများတို့သည် အသီးသီးပြန်ကြလေသည်။

လီဝမ်ရဲနှင့်လီစီမင်တို့ကလည်း အသီးသီး ပြန်လည်က်ခွာသွားကြသည်။

သို့သော်... ထောက်လှမ်းရေးမှူး သိမ်းငှက်လောက်ချစ်မှု ပြန်နိုင်ခြင်းမရှိသေးပါ။

ဘုရင်က သူ့အား အမိန့်ရှိမည်ဟု အကြောင်းကြားထားဖြင့် သူက နန်းတွင်း၌ ထိုင်၍စောင့်နေရ၏။

❋❋❋

တခဏအကြာတွင် နန်းတွင်းဘိုးဘိုးတစ်ယောက်က မ်းငှက်လောက်ချစ်ထံသို့ ရောက်လာလေသည်။

"ထောက်လှမ်းရေးမှူး... ဘုရားခန်းထဲမှာ ဘုရင်မင်းာ်စောင့်နေတယ်... ဝင်သွားပါဦး... "

သိမ်းငှက်လောက်ချစ်သည် ဘုရင်က မိမိအားအဘယ်ကြောင့် တစ်ယောက်တည်း ခေါ်တွေ့သည်ကို စဉ်းစားရင်း နန်းင်းဘိုးဘိုးနောက်သို့ လိုက်ပါသွားရာ နန်းတွင်းဘုရားခန်းရှေ့ ရောက်လာသောအခါ နန်းတွင်းဘိုးဘိုးက အတွင်းသို့ မဝင်ဘဲ သိမ်းငှက်လောက်ချစ်က လက်အုပ်ချီ၍ ခေါင်းငုံ့ခါးကုန်း ဘုရားခန်းတွင်းသို့ ဝင်သွားလေသည်။

"ဘုရင်မင်းမြတ် ကျန်းမာပါစေ... "

သိမ်းငှက်လောက်ချစ်က ဂါရဝပြုလိုက်သည်။

ဘုရင်က...

"အသင်သက်သာသလို ထိုင်နိုင်ပါတယ်... "

"ကျေးဇူးကြီးပါတယ်... ဝမ်ရွှေ့... "

www.burmeseclassic.com

www.burmeseclassic.com



ဘုရင်က…

“ဒါနဲ့ လောက်ချစ်က… သားတော်ရဲ့ သတင်းလုံးဝ မကြားဘူးလား…”

သိမ်းငှက်လောက်ချစ်က…

“မင်းသားလေး… ကျွန်တော်မျိုးဆီကို တစ်ခေါက် ရောက်ပြီးနောက် အဆက်အသွယ်ပြတ်သွားပါတယ်… အရှင်…”

ဘုရင်က…

“သူက အချိန်မီ ရောက်မလာရင်… ဒီနေ့အစည်းအဝေး အခြေအနေကို သိတယ်မဟုတ်လား…”

သိမ်းငှက်လောက်ချစ်က…

“သိပါတယ် အရှင်မင်းမြတ်… ”

ဘုရင်က…

“ရက်ကလည်း မရှိတော့ဘူး… သူအချိန်မီ ပြန်မရောက် မချင်း ကျုကိုယ်တော်မြတ် စိတ်မချမ်းသာဘူး… ”

သိမ်းငှက်လောက်ချစ်က…

“ကျွန်တော်မျိုး နားလည်ပါတယ်… ”

ဘုရင်က…

“လီကျုန်းက ဘာဖြစ်နေသလဲ… သူဘယ်ရောက်နေသလဲ… အဲ့ဒါကို အသင်အရေးတကြီး စုံစမ်းပေးပါ… ”

“ပြီးတော့ရအောင် ပြန်ခေါ်ခဲ့ပါ… ”

သိမ်းငှက်လောက်ချစ်က…

“ကျွန်တော်မျိုးနားလည်ပါတယ်… ”

ဘုရင်က…



“လီကျုန်းက ဘာဖြစ်နေသလဲ… သူဘယ်ရောက်နေသ လဲ… အဲ့ဒါကို အသင်ကအရေးတကြီး စုံစမ်းပေးပါ… ပြီးတော့ရ အောင်ပြန်ခေါ်ခဲ့ပါ… ”

သိမ်းငှက်လောက်ချစ်က ကတိမပေးဝံ့ပါ။

“ကျွန်တော်မျိုး တတ်စွမ်းသ၍ ကြိုးစားပါ့မယ်… လို့ ကတိပေးပါတယ်… ”

ဘုရင်က သက်ပြင်းတစ်ချက်ချလိုက်သည်။

“ဒီပလ္လင်ကို သူများလက်အပ်လိုက်ရင်… ကမောက်ကမ ဖြစ်လာနိုင်တယ်ဆိုတာ… ကျုပ်ကိုယ်တော်မြတ် ကြိုတင်တွက်မိ ထားပါတယ်… ”

သိမ်းငှက်လောက်ချစ်က…

“အစိုးရိမ် မလွန်ပါနဲ့… ဘုရင်မင်းမြတ် ကျွန်တော်မျိုး အကုန်ယမ်းကုန် ကြိုးစားပါ့မယ်လို့… ထပ်မံ ကတိပေးပါတယ်…”

ဘုရင်က သိမ်းငှက်လောက်ချစ် ပခုံးကိုပုတ်လိုက်သည်။

“ကျုပ်ယုံပါတယ်… ဒါကြောင့် ကျုပ်အာကိုးသလို ကြိုး စားပေးပါ… ”

သိမ်းငှက်လောက်ချစ်က…

“စိတ်ချပါ… ကျွန်တော်မျိုး မဖြစ်ဖြစ်တဲ့ နည်းနဲ့စုံစမ်း ပေးပါ့မယ်… ”

ဘုရင်က လေပူတစ်ချက်မှုတ်လိုက်သည်။

“အသင်ပြန်နိုင်ပါပြီ… ”

❋✤❋

www.burmeseclassic.com

www.burmeseclassic.com

## အပူအအေးစားသိုင်း

လူမိုက်တောင်ကြား၏ တောင်နံရံထိပ်ပေါ်တွင် နံနက်တစ်ကြိမ် ညနေတစ်ကြိမ် စားပညာလေ့ကျင့်နေကြသော လီကျုန်းနှင့် ဟုန်ဟုန်အား တွေ့မြင်ရသည်ဖြစ်လေသည်။

သူတို့သည် သုံးရက်ဆက်တိုက် အပင်ပန်းခံပြီး လေ့ကျင့်ခဲ့ရာ ထိုသိုင်းကျမ်း၏ စွမ်းရည်ကိုကောင်းစွာ နားလည်လာကြသည်။

တိတိတောင်းသော (၃) ရက်အတွင်း အံမခန်းတိုးတက်လာသည်ကို တွေ့မြင်ရမည်ဖြစ်သည်။

ယခု လီကျုန်းက ကြိုးစားလေ့ကျင့်နေသည်။

သူ၏ ကြေးရောင်လက်နေသော စားသည် အရောင်ပြောင်းသွားသည်။

ထိုစားကို လေ့ကျင့်ရင်း တဖြည်းဖြည်းအနီရောင်သန်းလာသည်ကို တွေ့မြင်ရမည်ဖြစ်သည်။

တခဏကြာသောအခါ စားဇှေ့ရမ်းရာ၌ ရွေ့လျားသွားသော လေထုသည် တဖြည်းဖြည်းပူလောင်လာသည်ကို ခံစားလာမိသည်။



စားကိုဆက်တိုက်လေ့ကျင့်သောအခါ အပူလှိုင်းများသည် တဖြည်းဖြည်းပိုပြင်းလာသည်။

ခြစ်ခြစ်တောက်ပူပြင်းနေသော စားဇှေ့ယမ်းရာ ပတ်ဝန်းကျင်သည် အပူလှိုင်းက လွှမ်းမိုးထားသောကြောင့် မည်သူကမှ သူ့ထံသို့ တိုးဝင်နိုင်စွမ်းမရှိပါ။

လီကျုန်းသည် သူ၏အပူလှိုင်း သိုင်းကွက်လေ့ကျင့်ပြီးနောက်ရပ်နားလိုက်လေသည်။

"ခွပ်... ခွပ်... ခွပ်... "

ဟုန်ဟုန်က ဝမ်းမြောက်ဝမ်းသာစွာဖြင့် လက်ခုပ်တီး၍ ချီးကျူးလိုက်လေသည်။

"ဝမ်းသာလိုက်တာ... အစ်ကိုကြီး အောင်မြင်လာပြီ..."

လီကျုန်းကလည်း ဝမ်းသာနေ၏။

သူသည် ဟုန်ဟုန်အား ဦးညွှတ်၍...

"ကျေးဇူးတင်ပါတယ် ညီမလေး... "

ကျေးဇူးတင်စကား ပြောရင်း ချွေးသုတ်၍...

"ကဲ... ညီမလေး အလှည့်... "

ဟုန်ဟုန်က...

"ကျွန်မက ရတော့ရထားပြီ... ဒါပေမယ့် သိပ်မကျွမ်းကျင်သေးဘူး... "

လီကျုန်းက...

"ကျွမ်းတာ မကျွမ်းတာ အပထား... ညီမလေးရဲ့ အခြေအနေကို သိချင်လို့ပါ... "

ဟုန်ဟုန်က...

www.burmeseclassic.com

www.burmeseclassic.com



"ကောင်းပြီ... မှားတာရှိရင် ထောက်ပြပါ..."

သူမကပြော၍ ဓားကိုလက်နှစ်ဖက်ဖြင့် ဆုပ်ကိုင်လို သည်။

ထို့နောက် သူမ၏အအေးသိုင်းဓားပညာကို စတင်ပြ လိုက်လေသည်။

သူမသည် သိုင်းကွက်တစ်ကွက်ပြီး တစ်ကွက် အာရုံ စိုက်စွာဖြင့် လေ့ကျင့်ပြနေ၏။

လီကျုန်းက အာရုံစူးစိုက်၍ ကြည့်နေသည်။

သိုင်းကွက် (၄-၅)ကွက်ခန့် အာရုံစိုက်၍ ကြည့်ရှု နောက် ဟုန်ဟုန်၏ဓားကွက်များသည် မိမိ၏ဓားကွက်နှင့် ပြော ပြန်ဖြစ်နေသည်ကို သတိထားမိလိုက်လေသည်။

သူက ပို၍စိတ်ဝင်စားလာသည်။

ဟုန်ဟုန်သည် လေ့ကျင့်ရင်း လှုပ်ရှားမှု လျှင်မြန်လာ သည်။

သိုင်းကွက် (၁၀) ကွက်ခန့် ရောက်ရှိလာသောအခါ ဝန်းကျင်တွင် ရွေ့လျားနေသော လေထုများသည် တဖြည်းဖြ အေးစိမ့်လာသည်ကို သူကခံစားလာမိလေသည်။

ဟုန်ဟုန်၏ သိုင်းကွက်သည် တဖြည်းဖြည်းလျှင်မြန် သည်။

နောက်ဆုံး သူမ၏တစ်ကိုယ်လုံးအား ရေခဲတုံးဖော တာရုံထားသည့်အလား ငေးမောကြည့်ရင်း ဝန်းကျင်တစ် အား မေ့မျောသွားသည်။

ထိုအချိန်မှာပင် ဟုန်ဟုန်က သူမ၏သိုင်းကွက်များ



သွားသဖြင့် ရပ်တန့်လိုက်သည်။

"ချီးကျူးပါတယ် ညီမလေး..."

လီကျုန်းက တကယ်ပင် ဟုန်ဟုန်အပေါ် ချီးကျူးနေခြင်း ဖြစ်လေသည်။

"ကျေးဇူးတင်ပါတယ် အစ်ကို..."

လီကျုန်းက လက်သီးကျစ်ကျစ်ပါအောင် ဆုပ်လိုက် သည်။

"ဒီတစ်ခါ ငါတို့က... နဂါးစိမ်းဂိုဏ်းချုပ်နဲ့ တွေ့ရင် အနိုင် ရမှာသေချာတယ်..."

"လောက်တ... မင်းရဲ့ ဝံပုလွေအဖွဲ့ကို အမြန်ဆုံးစုစည်း လိုက်..."

လောက်တက ဦးညွှတ်လိုက်သည်။

"အသင့်ရှိပါတယ် ဆရာ..."

သိမ်းငှက်လောက်ချစ်က...

"မင်းရဲ့တာဝန်ကတော့... လီဝမ်ရဲ့ဂေဟာကို အခုအချိန် ကစပြီး... နေ့ညအခါမလပ် စောင့်ကြည့်မယ်... တစ်နာကြာရင် တစ်ခေါက်သတင်းပို့ရမယ်..."

လောက်တက...

"အမိန့်အတိုင်းပါ ဆရာ..."

သိမ်းငှက်လောက်ချစ်က...

"လီဝမ်ရဲ့ အိမ်ဂေဟာကို ငါကိုယ်တော်တိုင် တစ်ကြိမ် လေ့လာဖူးတယ်... သူ့ဂေဟာရဲ့ အပေါ်ထပ်မှာ စာဖတ်ခန်းရှိ တယ်... လီဝမ်ရဲ့ အဲ့ဒီစာဖတ်ခန်းမှာ ညဥ့်နက်သန်းခေါင်ထိ နေ

www.burmeseclassic.com

www.burmeseclassic.com



တတ်တယ်... မင်းတို့ရဲ့ တာဝန်ကတော့ အဲ့ဒီအခန်းကို တင်း
ရာရာကနေ စောင့်ကြပ်ရမယ်... ”

သူကဆက်၍...

“သူ့ဂေဟာရဲ့ အစောင့်အကြပ်တွေ မသိစေနဲ့... ”

လောက်တက...

“အမိန့်အတိုင်းပါ ဆရာ... ”

သိမ်းငှက်လောက်ချစ်က...

“သူက နေ့ဘက်မှာ အထွက်နည်းတယ် အပြင်ထွက်
ဝေါ်ကိုစီးတတ်တယ်... သူဘယ်သွားတယ် ဘယ်သူနဲ့တွေ့တယ်
ဘယ်အချိန် ပြန်လာလဲဆိုတာ ဒါတွေအားလုံးကို အချိန်မီသတ
ပို့ရတယ်... ”

လောက်တက...

“စိတ်ချပါဆရာ... ”

သိမ်းငှက်လောက်ချစ်က...

“မင်းသွားနိုင်ပြီ... အပြင်ရောက်ရင် လောက်စန်း
လွှတ်လိုက်ပါ... ”

“ဟုတ်ကဲ့ပါ ဆရာ... ”

လောက်တက အလေးပြု၍ ထွက်ခွာသွားသည်။

❋❋❋

တခဏအကြာတွင် ထောက်လှမ်းရေးသမား
ယောက်ဝင်လာလေသည်။

သူက သိမ်းငှက်လောက်ချစ်အား အရိုအသေပြု



သည်။

“အမိန့်ရှိပါ ဆရာ... ”

သိမ်းငှက်လောက်ချစ်က...

“မင်းနဲ့ မင်းရဲ့လင်းယုန်အဖွဲ့သားတွေကို စုစည်းပြီး...
လီစိမင်ဂေဟာကို တင်းကျပ်စွာစောင့်ကြပ်ထားရမယ်... ”

လောက်စန်းက...

“ဟုတ်ကဲ့ပါ ဆရာ... ”

သိမ်းငှက်လောက်ချစ်က...

“လီစိမင် တစ်ယောက်အိမ်မှာ ရှိမရှိ... သတိထားရမယ်...
သူ ဘယ်ကိုသွားတယ်... ဘယ်ကိုလာတယ် ဘယ်သူနဲ့တွေ့
တယ်... ဒါတွေအားလုံးကို ထောက်လှမ်းပြီး ငါ့ဆီကိုချက်ချင်း
သတင်းပို့ရမယ်... ”

လောက်စန်းက...

“အမိန့်အတိုင်းပါ ဆရာ... ”

သိမ်းငှက်လောက်ချစ်က...

“မင်းသွားနိုင်ပြီ... ငါ့ရဲ့ ကိုယ်ရံတော်မှူးကို လွှတ်လိုက်”

“ဟုတ်ကဲ့ပါ ဆရာ... ”

လောက်စန်းက အရိုအသေပြုပြီး အခန်းထဲမှထွက်ခွာ
သွားလေသည်။

❋❋❋

www.burmeseclassic.com

www.burmeseclassic.com



တခဏအကြာတွင် ခန္ဓာကိုယ်ထွားကျိုင်း တုတ်ခိုင်သော လူတစ်ယောက်သည် သိမ်းငှက်လောက်ချစ်အခန်းထဲသို့ ဝင်သွားလေသည်။

သူက သိမ်းငှက်လောက်ချစ်အား အရိုအသေပြုလိုက်သည်။

"အမိန့်နာခံဖို့ အသင့်ပါဆရာ... "

သိမ်းငှက်လောက်ချစ်က...

"မင်းအဖွဲ့ထဲက လူတွေထဲမှာ ခွင့်ယူထားတဲ့လူတွေရှိသေးလား... "

ကိုယ်ရံတော်မှူးက...

"မရှိပါဘူး ဆရာ... "

"ကောင်းတယ်... သူတို့ကို ဒီ(၁၀) ရက်အတွင်းမှာ တစ်ယောက်မှ ခွင့်မပေးနဲ့... "

"အမိန့်အတိုင်းပါ ဆရာ... "

"ပြီးတော့... တိုက်ခိုက်ဖို့ လိုအပ်တာတွေကို အားလုံးအသင့်ပြင်ထားရမယ်... "

"ဟုတ်ကဲ့ပါ ဆရာ... "

"ပြီးတော့ သန်မာထွားကြိုင်းတဲ့ မြင်း (၁၀)ကောင် အသင့်ပြင်ထား... ခရီးဝေးသွားဖို့ လိုအပ်တာတွေလည်း အသင့်ရှိပါစေ... "

"အမိန့်အတိုင်းပါ ဆရာ... "

"မင်းသွားနိုင်ပြီ... အမိန့်ရောက်ရှိတာနဲ့ ချက်ချင်းလှုပ်ရှားနိုင်ဖို့ အသင့်ရှိရမယ်... "



ကိုယ်ရံတော်မှူးက အလေးပြုလိုက်လေသည်။

"အမိန့်အတိုင်းပါ ဆရာ... "

❋❋❋

သိမ်းငှက်လောက်ချစ်သည် နဂါးစိမ်းဂိုဏ်းချုပ်အား ဖမ်းဆီးနိုင်ရန် အစစအရာရာ အသင့်ပြင်ထားပြီးဖြစ်လေသည်။

သူကိုယ်တိုင် နေ့ညမပြတ် ရုံးခန်းထဲမှနေ၍ သူ၏လူများပို့လာသော သတင်းကိုဖတ်ရှုလေ့လာသုံးသပ်နေရသည်။

ယနေ့သည် သုံးရက်မြောက်သောနေ့ဖြစ်သည်။

ရရှိထားသော သတင်းမှာ ထူးထူးခြားခြားဟူ၍ မတွေ့ရပါ။ ဝံပုလွေပို့လာသော သတင်းသည် ညစဉ်ညတိုင်း လီဝမ်ရဲသူ၏ စာဖတ်ခန်းထဲမှသာ ထိုင်၍စာဖတ်နေသည်ကို တွေ့မြင်လိုက်ရကြောင်း...

နေ့ဘက်လည်း အပြင်သို့ ခြေတစ်ဖဝါးမျှ မခွာကြောင်း ပါရှိလေသည်။

လင်းယုန်အဖွဲ့က ပို့လာသောသတင်းမှာလည်း ထူးမခြားနားပါ။

လီစီမင်သည် တစ်ခါတစ်ရံအပြင်ထွက်သည်။

သူသွားသော နေရာမှာလည်း ဆွေမျိုးအိမ်မျှသာ ဖြစ်သည်။

ညမိုးမချုပ်မီ ပြန်လာတတ်သည့်အကြောင်းဖြစ်သည်။

သိမ်းငှက်လောက်ချစ်က အစဉ်းစားနက်သွားလေသည်။

www.burmeseclassic.com

www.burmeseclassic.com



နန်းတက်မင်္ဂလာ အခမ်းအနားကျင်းပရန် (၄)ရက်မျှသာ ရှိသည်။ ထို့ကြောင့်... ထူးခြားသော လှုပ်ရှားမှုတစ်ခုခု ဖြစ်ပေါ်လာလိမ့်မည်ဟု မျှော်မှန်းထားသည်။

ပထမတွင် သူက နဂါးစိမ်းဂိုဏ်းချုပ်ဆိုသူမှာ လီဝမ်ဖြစ်သည်ဟု ထင်မိထားသည်။ သို့သော်...

လီဝမ်ရဲက ခြေတစ်ဖက် မသန်စွမ်းသဖြင့် သူ့အပေါ် သံသယဖြစ်သည်မှာ ခိုင်မာခြင်းမရှိဟု ထင်သည်။

ထို့ကြောင့်... သူက နဂါးစိမ်းဂိုဏ်းချုပ်အား တွေ့ရန် ထောက်လှမ်းရေးသမား (၁၀၀)ခန့် ဖြန့်၍ ရှာဖွေနေရသည်။

ဤသို့ဖြင့် နန်းတွင်းညီလာခံတက်ရောက်ပြီး နောင်နဂါးစိမ်းဂိုဏ်းချုပ်ဖြစ်လာနိုင်သူမှာ နယ်စားကြီးလီစိမင်ဟု သူကယုံကြည်လာမိသည်။

ထို့ကြောင့် သူသည်လူနှစ်ယောက်၏ လှုပ်ရှားမှုကို တင်းတင်းကြပ်ကြပ် စောင့်ကြည့်ရန် အမိန့်ချမှတ်လိုက်ခြင်းဖြစ်သည်။

ယခုမှာမူ... သူသံသယ ဖြစ်နေသော လူနှစ်ယောက်စလုံးမှာ လှုပ်လှုပ်ရှားရှား မရှိသည်ကို တွေ့ရသဖြင့် စိတ်ဓာတ်ကျသွားလေသည်။

❋❋❋

## ယုန်ထောင်ကြောင်မိ

နန်းတက်မင်္ဂလာအခမ်းအနား ကျင်းပရန်မှာ (၄)ရက်သာလိုတော့သည်။

သိမ်းငှက်လောက်ချစ်အဖို့ အလွန်စိတ်အနှောင့်အယှက်ဖြစ်နေ၏။ မင်းသားလေး လီကျန်းယခုထိ ပြန်ရောက်မလာသေးပါ။

လီကျန်းသည် လူမိုက်တောင်ကြားသို့ရောက်ရှိနေမည်ဟု သူယုံကြည်လေသည်။

အချိန်နီးကပ်လျှင် ပြန်ရောက်ရှိလာလိမ့်မည်ဟုလည်း ယုံကြည်ထားလေသည်။ သို့သော်...

ယခုမှာမူ လီကျန်း၏အရိပ်အယောင်လည်း မတွေ့ရပါ။ သတင်းလည်းမကြားရပါ။

ဤအတိုင်း ထိုင်နေ၍မဖြစ်မှန်း သူနားလည်လိုက်သည်။ သူ တစ်ခုခုလုပ်မှ ဖြစ်မည်ဟု ဆုံးဖြတ်လိုက်လေသည်။

ထိုအချိန်တွင် လောက်စန်းက ရောက်ရှိလာသည်။

သိမ်းငှက်လောက်ချစ်က လောင်စန်းအား မြင်မြင်ချင်းပင်၍ မေးလိုက်လေသည်။ လောက်စန်းက...

"ခါတိုင်းလိုပဲ မထူးပါဘူး ဆရာ..."

www.burmeseclassic.com

www.burmeseclassic.com



သိမ်းငှက်လောက်ချစ်က...

"လောက်တာဘက်ကကော... "

"သူအပြင်မှာ ရောက်နေပါတယ်... "

"မင်းသွားနိုင်ပြီ... သူ့ကိုလွှတ်လိုက်... "

"ဟုတ်ကဲ့ပါဆရာ... "

လောက်စန်းက အရိုအသေပြုပြီး ထွက်ခွာသွားလေသည်။

❋✻❋

လောက်တာက ရုံးခန်းထဲသို့ ရောက်ရှိလာလေသည်။

သိမ်းငှက်လောက်ချစ်က ဆီး၍...

"အကြောင်းထူးလား... "

"မထူးခြားပါဘူး... "

သိမ်းငှက်လောက်ချစ် ခေါင်းကုတ်လိုက်သည်။

"ကဲ ဆက်စောင့်နေ အကြောင်းထူးရင် ချက်ချင်းလာပြော... "

လောက်တာ...

"ဟုတ်ကဲ့ပါ ဆရာ... "

သူက အခန်းထဲမှ ထွက်ရန် နောက်သို့လှည့်လိုက်ရာ...

"ခဏ... "

သိမ်းငှက်လောက်ချစ်က ဟန့်တားလိုက်သည်။

လောက်တာက သိမ်းငှက်လောက်ချစ်ဘက်သို့ လှည့်လိုက်လေသည်။ သိမ်းငှက်လောက်ချစ်က လောက်တာပို့ထားသော



စာ ရွက်ကိုကြည့်၍...

"မင်းပေးလိုက်တဲ့ သတင်းတွေဟာ... တစ်ပုံစံတည်း ဖြစ်နေတယ်... ဘာတစ်ခုမှ ထူးထူးခြားခြား မရှိဘူး... "

"ကျွန်တော်တွေ့မြင်ရနဲ့ အခြေအနေအတိုင်း တင်ပြတာပါ... "

"ဒါကို ငါနားလည်တယ် ဒါပေမယ့် အနည်းငယ်လောက်တော့ အပြောင်းအလဲရှိမှပေါ့... "

သူက စာရွက်တစ်ရွက်ကို ကောက်ယူလိုက်သည်။

"အဲဒီသတင်းဟာ လောက်စန်းပို့တဲ့ သတင်းပဲ... သူကတော့ လီစီမင် ဘယ်အချိန်ထွက်သွားတယ်... ဝေါစင်နဲ့သွားတယ်... ဘယ်အိမ်ကိုသွားတယ် ဆိုတာက အစအသေးစိတ်ပါတယ်... "

သူက စာရွက်အား ချထားလိုက်ပြီး လောက်တာပို့ထားသောစာရွက်ကို ကောက်ကိုင်လိုက်သည်။

"မင်းရဲ့ သတင်းပို့ချက်ကတော့... ညနေမီးထွန်းချိန် အပေါ်ဆုံး စာဖတ်ခန်းမှာ မီးထွန်းထားတယ်... လီဝမ်ရဲ့ ကုလားထိုင်မှာထိုင်နေတဲ့ အရိပ်ဟာ ပြတင်းပေါက် စက္ကူမှာထင်နေတယ် ဆိုပဲ ပါတယ်... ဥပမာကွာ... သူထိုင်ပြီးစာဖတ်နေရုံပဲလား... ထပြီး ဘာလုပ်သေးလဲ အသေးစိတ်တစ်ခုမှ မပါဘူး... "

လောက်တာက အနည်းငယ်စဉ်းစားလိုက်သည်။

"လီဝမ်ရဲ့ ကုလားထိုင်ဆီ လျှောက်လာတာ တွေ့တယ်... ပြီးတော့... ထိုင်ချလိုက်တယ်... ပြီးတော့ အိပ်ချိန်မီးပိတ်သွားတယ်... ဒါပဲ... ဒါကြောင့် ကျွန်တော်ကလည်း ဒီအတိုင်းပဲရေးပေးတာပါ... "

www.burmeseclassic.com

www.burmeseclassic.com



သိမ်းငှက်လောက်ချစ်က မျက်မှောင်ကုတ်သွားသည်။

"ညတိုင်းဒီလိုပဲလား..."

"ဟုတ်ပါတယ် ဆရာ..."

"ပြတင်းပေါက် ဖွင့်သေးလား..."

"မဖွင့်ပါဘူး ဆရာ..."

"ဒါဖြင့် ထင်နေတဲ့အရိပ်ကိုပဲ တွေ့ရတယ်ပေါ့... ဟုတ်လား..."

"ဟုတ်ပါတယ် ဆရာ..."

သိမ်းငှက်လောက်ချစ်က ရှတ်တရက်စားပွဲကို လက်ဝါးဖြင့် ထုလိုက်သည်။

"ကြည့်စမ်း... ကံကောင်းလို့ပေါ့ နို့မဟုတ်ရင်..."

လောက်တက ထိပ်ထိပ်ပျာပျာ ဖြစ်သွားသည်။

"ဘာကိုတွေ့လို့လဲ ဆရာ..."

သိမ်းငှက်လောက်ချစ်က အဖြေမပေးတော့ပါ။

"ကိုယ်ရံတော်တပ်မှူးကို အမြန်ဆုံးသတင်းသွားပို့... ဒီညခရီးထွက်မယ် အားလုံးအဆင့်သင့်ရှိပါစေ..."

"ဟုတ်ကဲ့ပါ ဆရာ..."

လောက်တက ခြေလှမ်းကျဲကျဲဖြင့် အခန်းထဲမှ ထွက်ခွာသွားလေတော့သည်။

❋❋❋

လှမိုက်တောင်ကြား၏ တောင်နံရံထိပ်တွင် လရောင်အောက်၌ ဓားရောင်များ ဝင်းလက်နေသည်ကို တွေ့မြင်ရမည်ဖြစ်



လေသည်။ လူနှစ်ယောက် ဓားချင်းယှဉ်ပြိုင်နေကြသည်။

လီကျန်းနှင့် ဟုန်ဟုန်တို့ပင် ဖြစ်လေသည်။

သူတို့နှစ်ယောက်သည် နံနက်တစ်ကြိမ် ညနေတစ်ကြိမ် အပူအအေးဓားသိုင်းပညာကို လေ့ကျင့်နေကြခြင်း ဖြစ်သည်။

ကံကောင်းသည်မှာ တိုက်ပေ့ဂိုဏ်းမှ ချမ်းလောင်နှစ်ယောက်ဖြစ်ကြသော ကုန်းကျိနှင့်ဟွာလုတို့ ရောက်ရှိနေခြင်းပင် ဖြစ်သည်။

သူတို့နှစ်ယောက်သည် လီကျန်းနှင့် ဟုန်ဟုန်တို့အမိ ပွဲယှနားမလည်သော သိုင်းကျမ်းပေါ်မှ စာအချို့ကို ရှင်းပြပေးနိုင်ခဲ့သောကြောင့် ယခုမောင်မယ်နှစ်ယောက်၏ သိုင်းပညာမှာ အတော်လေး ပြည့်စုံသည့် အခြေအနေသို့ ရောက်ရှိနေခြင်းပင် ဖြစ်သည်။

လီကျန်းနှင့်ဟုန်ဟုန်တို့က အပူအအေးဓားသိုင်းကွက်များကို လေ့ကျင့်ပြီး ရပ်နားလိုက်သည်။

ထို့နောက်... အနားယူရန် ကျောက်ဖျာပေါ်သို့ ထိုင်ချလိုက်သည်။ လီကျန်းက ကျယ်ဝန်းလှသော မြက်ခင်းစိမ်းများဘက်သို့ လက်ညှိုးထိုးပြလိုက်သည်။

"ညီမလေး... သဘာဝက ဖန်တီးထားတဲ့ ရှုမျှော်ခင်းဘာ..."

သူက ပြောရင်းတစ်ပိုင်းတစ်စဖြင့် ရပ်သွားလေသည်။

ဆတ်ခနဲ ထလိုက်ပြီး တောင်ကြားလမ်းဘက်သို့ ကြည့်နေ၏။ သူ၏ထူးခြားသော အပြုအမူကြောင့် ဟုန်ဟုန်က...

"ဘာကိုတွေ့လိုက်လဲ အစ်ကို..."

www.burmeseclassic.com

www.burmeseclassic.com



"မြင်းတစ်ကောင်နဲ့ လူတစ်ယောက်လာနေတာကို တွေ့လိုက်တယ်..."

ဟုန်ဟုန်ကလည်း ထရပ်လိုက်လေသည်။

"ဘယ်သူလဲဟင်..."

"ဝေးလို့ မျက်နှာကိုမမြင်နိုင်သေးဘူး..."

ဟုန်ဟုန်က လူမိုက်တောင်ကြားဘက်သို့ ဦးတည်နေသော လမ်းမဘက်သို့ ကြည့်လိုက်သည်။

ဝတ်ရုံနီနှင့် လူတစ်ယောက်မြင်းကို လျင်မြန်စွာ မောင်းသည်ကိုသာ မြင်လိုက်ရသည်။ လီကျန်းက...

"တို့ သွားကြည့်ရအောင်..."

ဟုန်ဟုန်က ခေါင်းညိတ်လိုက်သည်။

"ဟုတ်ကဲ့..."

သူတို့နှစ်ယောက်သည် ဓားကိုဆွဲ၍ တောင်နံရံပေါ်မှ ပြေးဆင်းလာကြလေသည်။

❋✻❋

လီကျန်းနှင့် ဟုန်ဟုန်တို့သည် လူမိုက်တောင်ကြားမှ ထွက်လာမိသောအခါ ဝတ်ရုံနီနှင့် မြင်းမိုင်ရှင်သည် မြင်းကိုသူတို့ဘက်သို့ ဦးတည်၍ မောင်းနှင်လာလေသည်။

တဖြည်းဖြည်း နီးကပ်လာသောအခါ လရောင်အောက်တွင် ကြေးမျက်ဖုံး၏ ရွှေရောင်သည်ဝင်းလက်နေ၏။

လီကျန်းနှင့် ဟုန်ဟုန်တို့သည် တစ်ယောက်မျက်နှာတစ်ယောက်ကြည့်မိလေသည်။



ထိုလူသည် ရန်သူလော...

(သို့မဟုတ်) မည်သူဖြစ်ပါသနည်း။

သူတို့က သဲသဲကွဲကွဲ မသိရသေးသဖြင့် ဓားကိုဆွဲထုတ်ခြင်းမပြုဘဲ ပခုံးချင်းယှဉ်၍ ရပ်နေကြသည်။

မြင်းသည် သူတို့နှင့် မြားတစ်ပစ်ခန့်အကွာသို့ ရောက်သောအခါ... ဝတ်ရုံနီနှင့်လူက မြင်းကိုရပ်တန့်လိုက်သည်။

ထိုလူမှာ မြင်းကိုကျွမ်းကျင်စွာ စီးတတ်သည်ကို လီကျန်းက သတိပြုမိလိုက်သည်။ သူတို့သည် တစ်ယောက်ကိုတစ်ယောက် ...ခံသက်စွာ ကြည့်နေကြသည်။

လီကျန်းက စတင်မေးလိုက်သည်။

"ခင်ဗျား ဘယ်သူလဲ... ဘယ်သူနဲ့ တွေ့ချင်လို့လဲ..."

ဝတ်ရုံနီနှင့်လူက...

"လီကျန်းနဲ့..."

လီကျန်းက မျက်မှောင်ကုတ်သွားသည်။

"လီကျန်းဆိုတာ ကျုပ်ပဲ... ခင်ဗျားကို ကျုပ်မသိပါ...ဘူး..."

"မင်းသိစရာ မလိုဘူး... ကျုပ်အသိဖွဲ့ဖို့ လာတာလည်း ...ဟုတ်ဘူး..."

"ဒါဖြင့် ကိစ္စပြောပါ..."

"နောက် (၃) ရက်ဆိုရင် မင်းက နန်းတက်ရမယ်... ဒါ...ကြောင့် ကျုပ်နောက်ကို လိုက်ခဲ့..."

ဟုန်ဟုန်က လီကျန်းအား တစ်ချက်ကြည့်လိုက်သည်။

"သူပြောတာ ဟုတ်လား..."

www.burmeseclassic.com

www.burmeseclassic.com



လီကျန်းက…

“ဟုတ်တယ် ဒါပေမယ့်… ”

သူ၏ စကားမဆုံးမီ ဝတ်ရုံနီနှင့်လူက…

“အချိန်မရှိဘူး… အခုချက်ချင်း ကျုပ်နောက်ကိုလိုက်ခဲ့ရမယ်… ”

လီကျန်းက ခေါင်းခါရမ်းလိုက်သည်။

“ကျုပ်မလိုက်ဘူး… ”

သူက ပြောပြီး ဟုန်ဟုန်၏ လက်ကိုဆွဲလိုက်သည်။

“ငါတို့ပြန်ကြမယ်… ”

သူတို့နှစ်ယောက် လက်ချင်းယှက်လျှက် နောက်သို့လှည့်၍ ခြေလှမ်းပြင်လိုက်သည်။

“ရပ်လိုက်စမ်း… ”

ဝတ်ရုံနီက မြင်းပေါ်မှ ဆင်းလိုက်လေသည်။

“ကျုပ်နောက်ကို အသာတကြည်လိုက်မလား… ကျု[illegible]ဖမ်းခေါ်သွားရမလား… ”

လီကျန်းက ဒေါသထောင်းခနဲ ထွက်သွားလေသည်။

“ကျုပ်မလိုက်ချင်ဘူးဆို မလိုက်ဘူးပဲ… ”

ဝတ်ရုံနီနှင့်လူက ရယ်မောလိုက်သည်။

“ဒီမှာအသေအချာနားထောင်… မင်းအသာတကြည်မလိုက်ဘူးဆိုရင်… မင်းရဲ့ အလောင်းကိုပဲ သယ်သွားမယ်… ”

လီကျန်းက…

“ကျုပ်မှ မသေသေးဘဲ… ”

ဝတ်ရုံနီနှင့်လူက



“အသာတကြည် ခေါ်လို့မလိုက်တဲ့အတွက် အလောင်းထမ်းသွားရမှာပဲ… ”

“ချွမ်… ချွမ်… ”

လီကျန်းနှင့် ဟုန်ဟုန်တို့က ဓားကိုပြိုင်တူဆွဲထုတ်လိုက်သည်။ ဝတ်ရုံနီနှင့်လူက ရယ်မောလိုက်သည်။

“မင်းပညာ နည်းပါသေးတယ်ကွယ်… ”

စကားဆုံးသွားသည်နှင့် သူကလက်နက်မပါဘဲ လက်ဝါးနှစ်ဘက်ဖြင့် စတင်တိုက်ခိုက်လိုက်သည်။

လီကျန်းနှင့် ဟုန်ဟုန်တို့က လူချင်းခွဲ၍ ဝတ်ရုံနီနှင့်လူအား ညှပ်ပူးညှပ်ပိတ် တိုက်ခိုက်လိုက်သည်။

ဝတ်ရုံနီနှင့် လူက သူတို့အား လုံးဝအထင်မကြီးပါ။

သူက တိုက်ခိုက်လာသော ဓားအားရှောင်တိမ်းရင်း လက်ဝါးနှင့် ပြန်၍တိုက်ခိုက်လိုက်သည်။

သူတို့သုံးယောက်သည် ပြင်းပြင်းထန်ထန် တိုက်ခိုက်လာကြလေသည်။

တိုက်ပွဲသည် ပို၍ ပြင်းထန်လာသည်။

လီကျန်းနှင့် ဟုန်ဟုန်တို့သည် ကြိုးစား၍ တိုက်ခိုက်နေသော်လည်း ထိုလူအား မနိုင်ဘဲ ဖြစ်နေ၏။

ထိုအချိန်မှာပင် အသံများ ဆူညံစွာ ထွက်ပေါ်လာသည်ကို ကြားလိုက်ရသည်။

“ညီလေးနဲ့ ညီမလေးတို့ တောင့်ထား… အစ်ကိုကြီးတို့ လာ ပြီ… ”

လီကျန်းနှင့် ဟုန်ဟုန်တို့သည် လှည့်မကြည့်အားဘဲ

www.burmeseclassic.com

www.burmeseclassic.com



အသံကိုနားထောင်လိုက်သည်နှင့် ခေါင်းကြီးတို့ (၅) ယောက်ဖြ
သည်ကို နားလည်လိုက်သည်။

လီကျွန်းက ကမန်းကတမ်း ဟန့်တားလိုက်သည်။

"အစ်ကိုကြီးတို့ ဘယ်သူမှမလာနဲ့..."

သူက ဟန့်တားနေသော်လည်း ခေါင်းကြီးတို့ (၅
ယောက် ပြေးလာပြီး ဝတ်ရုံနီအား ဝိုင်းရံထားလိုက်သည်။

❋❋❋

တိုက်ပွဲသည် ပို၍ရှုပ်ထွေးလာသည်။

ဝတ်ရုံနီနှင့်လူသည် လက်နက်လုံးဝမပါဘဲ တိုက်ခို
နေသော်လည်း အသာမှရနေ၏။

လီကျွန်းက ဝတ်ရုံနီအား တိုက်ခိုက်ရင်း တိုက်ခိုက်ရ
တစ်စုံတစ်ခုကို သတိရလာလေသည်။

"ညီမလေး... ဒီလူလာ တိုက်အိ လက်ဝါးသိုင်းပညာ
တတ်ထားတတ်ဟ..."

ဟုန်ဟုန်၏ မျက်နှာမှာ ကွက်ခနဲပျက်သွားသည်။

"ဟုတ်လို့လား အစ်ကို..."

"ဟုတ်တယ်... ငါသေချာ မှတ်မိတာပေါ့..."

"ဒီလိုဆိုရင် ကျွန်မတို့ ဒီအတိုင်းသွားလို့ မဖြစ်ဘူး... အ
အအေးဓားကို သုံးမှဖြစ်မယ်..."

လီကျွန်းက ခေါင်းညိတ်လိုက်သည်။

သူတို့နှစ်ယောက်သည် အပူအအေး ဓားသိုင်းကွက်



ထုတ်၍ တိုက်ခိုက်ရန်ဟန်ပြင်ကြသည်။ ထိုအချိန်မှာပင်...

"အား..."

ဟူသော အသံကိုကြားလိုက်ရသည်။

ရန်းရန်း၏ အသံဖြစ်သည်။

ရန်းရန်းက သူ၏ခြေထောက်ဓားဖြင့် လေထဲမှ နေပြီး
ဝတ်ရုံနီအား တိုက်ခိုက်လိုက်ရာ ဝတ်ရုံနီက လုံးဝကြောက်
မရှိဘဲ လက်ဝါးစောင်းနှင့် စီး၍ခုတ်လိုက်ရာ...

ရန်းရန်း၏ ခြေထောက်တစ်ဘက်ကျိုးသွား၍ လေထဲ
လိုက်သောအသံဖြစ်သည်။

ရန်းရန်း မြေပေါ်သို့ ကျသွားသဖြင့် ဝတ်ရုံနီနှင့် လူက
ထပ်မံတိုက်ခိုက်ရန် ဟန်ပြင်လိုက်ရာ ကြူးကွေ့က အရက်ဗူးထဲ
မှ အရက်ကိုငုံထားလိုက်ရာ ဝတ်ရုံနီက တိုက်ခိုက်ရန် အချိန်မရ
ဘဲ နောက်သို့ ဆုတ်သွားလေသည်။

ရှဲရှဲက အချိန်မီ ရန်းရန်းအားဆွဲထိုင်နိုင်ခဲ့သည်။

ထိုအချိန်တွင် လီကျွန်းက အော်လိုက်သည်။

"အစ်ကိုတို့ ဒီအထဲမှာ မပါပါနဲ့... ကျွန်တော်တို့က သူ့ကို
အနိုင်တိုက်မှာပါ..."

"ဟား... ဟား... ဟား..."

ဝတ်ရုံနီနှင့် လူက ရယ်မောလိုက်သည်။

ထိုအချိန်မှာပင် ဝတ်ရုံနီနှင့် လူလီချန်းနှင့် ဟုန်ဟုန်တို့
က ဝင်၍တိုက်ခိုက်လိုက်သည်။ တိုက်ပွဲသည် ပို၍ပြင်းထန်လာ၏။

ပထမတွင် ဝတ်ရုံနီနှင့်လူက လုံးဝကြောက်ရွံ့ခြင်း မရှိ

www.burmeseclassic.com

www.burmeseclassic.com



ဘဲ ထိုက်အိလက်ဝါးကို အသုံးပြုပြီး ပြန်၍တိုက်ခိုက်နေသည်။

အချိန်ကြာလာသည်နှင့်အမျှ အမှုလှိုင်းဓားဓာ တန့်ခိုးပြလာသည်။ မှုပြင်းသော လေထုသည် ဝတ်ရှုံနီအား ပြင်းထန်စွာ တိုက်ခိုက်လာလေသည်။

ထိုအချိန်မှာပင် အေးစိမ့်သော လေထုကလည်း ဝတ်ရှုံ နောက်ဆုတ်မှု လမ်းကိုပိတ်ဆို့ထားသည်။

ဝတ်ရှုံနီနှင့် လူသည် ရှေ့မတိုး နောက်မဆုတ်သာ အခြေနေဖြစ်လာသည်။

သို့သော်... သူက ကြိုးစား၍ ခုခံနေ၏။

ဤသို့ဖြင့် နောက်ထပ်သိုင်းကွက် (၁၀) ကွက်ခန့် ယှဉ်ပြိုင်လာသောအခါ ဝတ်ရှုံနီနှင့် လူကရှိသမျှအင်အားကို စုစည်းပြီး သူ၏ ထိုက်အိလက်ဝါးဖြင့် လီကျန်းအား တွန်းထုတ်လိုက်လေသည်။

လီကျန်းသည် မမျှော်လင့် "အလစ်ခံလိုက်ရသောကြောင့် နောက်သို့ကမန်းကတန်း ဆုတ်သွားသည်။

"ဝုန်း... "

ဝတ်ရှုံနီနှင့်လူသည် လက်နက်ပုန်းတစ်ခုဖြင့် ပစ်လိုက်ရာ လီကျန်းက ဓားနှင့်ရိုက်နိုင်ခဲ့သော်လည်း ခန္ဓာကိုယ်မဟန်နိုင်ဘဲ ပက်လက်လန်လဲကျသွားလေသည်။

ဟုန်ဟုန်က ထိတ်လန့်သွားလေသည်။

ဝတ်ရှုံနီအား တိုက်ခိုက်ရန် မေ့လျော့ကာ လီကျန်းအားလာရောက်ဆွဲထူလိုက်သည်။



"ဟား... ဟား... ဟား... "

ဝတ်ရှုံနီနှင့်လူက ခေါင်းမော့၍ အားရပါးရ ရယ်မောလိုက်သည်။

ထိုအချိန်တွင် လီကျန်းက အပူလှိုင်းဓားနှင့်ဟုန်ဟုန်က အအေးလှိုင်းဓားနှင့် ပြန်လည်တိုက်ခိုက်လိုက်ရာ ဝတ်ရှုံနီလူမှာ နောက်သို့ဆုတ်၍ ရှောင်တိမ်းရင်း နောက်ထပ် လက်နက်ပုန်းနှစ်ခု ပစ်လွှတ်လိုက်ပြန်သည်။

အမဲရောင် ခို့ဥအရွယ်ရှိသော အလုံးနှစ်လုံးသည် လေထဲမှာ ပေါက်ကွဲသွားရာ လီကျန်းနှင့်ဟုန်ဟုန်တို့က ရှေ့သို့မတိုးဝံ့ဘဲ ထိုလက်နက်ပုန်းအား ဓားဖြင့်ရိုက်ချလိုက်သည်။

ဝတ်ရှုံနီနှင့်လူသည် အခြေအနေမဟန်မှန်း သိလိုက်ရသဖြင့် မြင်းပေါ်သို့ လွှားခနဲခုန်တက်လိုက်လေသည်။

"အေးပေါ့ကွာ... ဒီတစ်ခါ နေနှင့်ဦးပေါ့... နောက်တစ်ခါ နှစ်ယောက်စလုံးကို အသေသတ်ပစ်မယ်... "

သူက ပြောရင်းအားရပါးရ ရယ်မောလိုက်လေသည်။

"ဟား... ဟား... ဟား... "

သို့သော် သူ၏ရယ်သံ ရုတ်ရက် ရပ်တန့်သွားသည်။

သူ၏ မျက်လုံးအစုံသည် မြင်းရှေ့တွင် သူ့အားလေးစားစွာ ဦးညွှတ်နေသူအား မယုံကြည်နိုင်စွာကြည့် ကြည့်နေ၏။

ထို့နောက် မြင်းပေါ်မှ ထိုးကျသွားလေသည်။

လီကျန်းနှင့် ဟုန်ဟုန်တို့က အလွန်အံ့သြသွားသည်။

ဝတ်ရှုံနီနှင့် လူက ပရိယာယ်ဆင်သည် လင်မှတ်၍ ရှေ့

www.burmeseclassic.com

www.burmeseclassic.com



သို့ မတိုးဝံ့တော့ပါ။

ရှဲ့ရှဲ့က သူ့အားပြုံးပြလိုက်သည်။

"စိတ်ချပါ... သူသေသွားပါပြီ..."

ယခုမှပင် ဝတ်ရုံနီ၏ လည်ပင်းတွင် မြားတစ်စင်း စိုက်ဝင်နေသည်ကို တွေ့လိုက်ရသည်။

ရှဲ့ရှဲ့က ခေါင်းငုံ့၍ အရိုအသေပြုနေသော တဒင်္ဂအချိန်မှာပင် သူ့လည်ကုတ်၌ တပ်ဆင်ထားသော မြားတစ်စင်းက သူ့လည်ပင်းကို တည့်မတ်စွာ စိုက်ဝင်သွားခြင်းဖြစ်သည်။

❋❋❋

မြင်းခွာသံသည် ချည်းစွာထွက်ပေါ်လာသည်။

ထိုမြင်းများသည် တမှဟုတ်ချင်း အခင်းဖြစ်ရာသို့ ရောက်ရှိလာပြီး အားလုံးကိုဝန်းရံထားလိုက်သည်။

မြင်းကောင် (၂၀)ခန့်ရှိသည်။

သိမ်းငှက်လောက်ချစ်က ဦးဆောင်သော ကိုယ်ရံတော်တပ်ဖွဲ့နှင့် လီစိမင်းဦးဆောင်သော ရဲမက်များဖြစ်သည်။

လီစိမင်နှင့် သိမ်းငှက်လောက်ချစ်တို့သည် လီကျန်းမှာ မည်သို့မျှ အန္တရာယ်မတွေ့ရသဖြင့် ဝမ်းသာသွားလေသည်။

သူတို့သည် သေဆုံးနေသော ဝတ်ရုံနီနှင့် လူထံသို့ချဉ်းကပ်လိုက်လေသည်။

လီစီမင်က သိမ်းငှက်လောက်ချစ်အား တစ်ချက်ကြည့်လိုက်သည်။

"ဒီသေဆုံးနေတဲ့ လူဟာနဂါးစိမ်းဂိုဏ်းချုပ်ဟုတ်လား..."



သိမ်းငှက်လောက်ချစ်က...

"ဟုတ်ပါတယ် နယ်စားကြီး..."

လီစိမင်က...

"သူဘယ်သူလဲ ဆိုတာသိရအောင်... မျက်နှာဖုံးကို ချွတ်လိုက်ပါ..."

ကိုယ်ရံတော်တစ်ယောက်က ဝတ်ရုံနီ၏ ကြေးမျက်နှာဖုံးကို ချွတ်ချလိုက်သည်။

သေဆုံးသူ၏ မျက်နှာကိုမြင်တွေ့လိုက်ရသောအခါ သိမ်းငှက်လောက်ချစ်က သက်ပြင်းတစ်ချက်ချလိုက်သည်။

"ငါထင်သားပဲ..."

လီစိမင့်မှာမူ အံ့လွန်းအံ့ဩနေ၏။

"နဂါးစိမ်းဂိုဏ်းချုပ်က လီဝမ်ရဲ ဖြစ်နေတာကိုး... အံ့ဩပါတယ်..."

လီကျန်းသည် သေဆုံးသူမှာ လီဝမ်ရဲဖြစ်နေသည်ကို တွေ့ရသောအခါ အလွန်စိတ်မကောင်း ဖြစ်သွားသည်။

သူက ဒူးထောက်၍ ဂါရဝပြုလိုက်သည်။

"ဦးရီးတော်ရယ် အသက်လည်းကြီးပြီ... ဘာကြောင့် ဒီလောက်မိုက်ရတာလဲ... ကျွန်တော် ဘယ်လိုလုပ်စိတ်ကောင်းမှာလဲ..."

လီစိမင်က...

"မင်းသတ်လိုက်တာ ဟုတ်လား..."

ထိုအချိန်တွင် ရှဲ့ရှဲ့က ရှေ့သို့တစ်လှမ်းတိုး၍ ဦးညွှတ်

www.burmeseclassic.com

www.burmeseclassic.com



လိုက်သည်။

"ကျွန်တော်မျိုးသာ သူ့ကိုမသတ်ရင် ညီလေး သေသွားမှာပေါ့… ဒါကြောင့် ကျွန်တော်မျိုးမှာ အပြစ်ရှိရင်ခံပါ့မယ်… "

လီစိမင်က ခေါင်းခါယမ်းလိုက်သည်။

"မဖမ်းပါဘူး… မင်းက မင်းသားလေးရဲ့ အသက်ကို ကယ်တင်တဲ့အတွက်… ဆုတော်လာဘ်တော်တောင် ရဦးမှာ… "

ရှဲ့ရှဲ့က…

"မင်းသားလေး ဟုတ်လား… ဘယ်သူက မင်းသားလေးလဲ… "

လီစိမင်းက လီကျန်းအား လက်ညှိုးထိုးပြလိုက်သည်။

"မင်းအသက်ကယ်ပေးခဲ့တဲ့ သူလေ… နောက်သုံးရက်ဆိုရင် သူကနန်းတက်ရတော့မှာ… "

ထိုစကားကြားလိုက်ရသောအခါ ခေါင်းကြီးတို့ လူစုသည် အံ့သြဝမ်းသာ သွားကြကုန်လေသည်။

ခြေထောက်တစ်ဘက်ကျိုးသွားသောအခါ ရန်းရင်းကပင် ခြေထောက်ကို ဂရုမစိုက်နိုင်ဘဲ လီကျန်းအား ခေါင်းညိတ်ပြလိုက်သည်။

"ညီလေးက မင်းသားလေးကိုး… အစ်ကိုသိပ်ဝမ်းသာသွားပြီ… "

မိရင်က…

"နောက်သုံးရက်ဆိုရင် ဘုရင်ဖြစ်တော့မှာဟာ… သိရဲ့လား… "



ခေါင်းကြီးက အလွန်ဝမ်းသာသွားသဖြင့် လီကျန်းအား ကြည့်လိုက်သည်။

"ညီလေး… ညီလေး အခုလို ဘုရင်ဖြစ်တော့မှာမို့ ဝမ်းသာပါတယ်… ဒါပေမယ့် အစ်ကိုတို့နဲ့ ညီလေးရဲ့ဘဝဟာ မိုးနဲ့မြေလို ကွာသွားတာမို့ ငါတို့ စိတ်မကောင်းဘူးကွာ… "

လီကျန်းက…

"အခုကျွန်တော် ပြန်ရင်အားလုံးတစ်ခါတည်း လိုက်ခဲ့ရမယ်… "

ခေါင်းကြီးတို့ ကြောင်အမ်းအမ်း ဖြစ်သွားကြသည်။

"မဖြစ်ဘူးထင်တယ်… ကျွန်… ကျွန်တော်တို့က… "

လီကျန်းက မျက်နှာကို ခပ်တည်တည်ထားလိုက်ပြီး…

"ဒါက အမိန့်… ဘယ်သူကမှ လွန်ဆန်လို့မရဘူး… "

ခေါင်းကြီးတို့က အချင်းချင်းအပြန်အလှန်ကြည့်လိုက်သည်။

"လိုက်ပါ့မယ် ညီလေးရယ်… "

"ဒီလိုမှပေါ့… ပြီးရင် အစ်ကိုကြီးတို့ အားလုံးကိုပြန်ပို့ပေးပါ့မယ်… "

ရန်းရန်းက သက်ပြင်းချလိုက်သည်။

"ပွဲကြီးပွဲကောင်းတွေမှာ ခြေထောက်ကျိုးသွားတာ ဂုံးဆိုးတာပါတယ်ဗျာ… "

လီကျန်းက သိမ်းငှက်လောက်ချစ်ဘက်သို့ လှည့်ကြည့်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ဆေးပါလာသလား... သူ့ခြေထောက်ကို ဆေးစည်းပြီး ခေါ်သွားရမယ်..."

သိမ်းငှက်လောက်ချစ်က ခေါင်းညိတ်လိုက်သည်။

"ပါ... ပါတယ်ဗျာ..."

သူ၏ ကိုယ်ရံတော်တစ်ယောက်က အရိုးကိုပြန်ဆက်၍ အဝတ်ဖြင့်ဆေးစည်းပေးလိုက်သည်။

လီစိမင်က မြင်းပေါ်သို့ပြန်တက်လိုက်သည်။

"ကဲ... အချိန်မရှိဘူး ပြန်ကြမယ်..."

ခေါင်းကြီးက တောင်ကြားထဲသို့ ပြေးဝင်သွားသည်။

လီကျန်းက မျက်မှောင်ကုတ်သွားသည်။

"အစ်ကိုကြီး ဘယ်သွားမလို့လဲ..."

ခေါင်းကြီးက...

"ရွာသူ ရွာသားတွေကို... အကြောင်း ကြားမလို့ပြီးရင် ချက်ခြင်းပြန်လာပါမယ်..."

ခေါင်းကြီးက ပြန်ထွက်လာသောအခါ ရွာသူရွာသားများက လိုက်လံပို့ဆောင်ရန် ထွက်လာကြသည်။

အားလုံးက ထွက်ခွာကြရန် အဆင်သင့်ဖြစ်နေချေပြီ။

ဟုန်ဟုန်က သူမအား မျက်နှာခပ်တည်တည်နှင့် ကြည့်လိုက်သည်။

"သွားမယ်လေ... ဘာလုပ်နေတာလဲ မြင်းပေါ်တက်..."

ဟုန်ဟုန်က ခေါင်းငုံ့ထားလိုက်သည်။

"ကျွန်မလိုက်စရာ မလိုတော့ဘူး ထင်တယ်..."



"ညီမလေး မလိုက်လို့ မဖြစ်ဘူး..."

"ဘာဖြစ်လို့လဲ ရှင့်..."

"ညီမလေးကို တစ်ခါတည်း မိဖုရားတင်မြှောက်မလို့..."

ဟုန်ဟုန်သည် ရုတ်တရက်ကြောင်အမ်းအမ်းဖြစ်သွားသည်။ ထို့နောက်... ခေါင်းငုံ့ထားလိုက်သည်။

လီကျန်းက ခေါင်းကြီးအား လှမ်းမေးလိုက်သည်။

"ထိုက်မေ့စန်းတောင်က ချန်းလောင်နှစ်ယောက်ကော"

ခေါင်းကြီးက...

"သူတို့နှစ်ယောက် ပြန်သွားပြီလေ..."

လီကျန်းနှင့် လီစိမင်ဘက်သို့ လှည့်လိုက်သည်။

"ဦးရီးတော် သွားနိုင်ပါပြီ..."

လီစိမင်က စတင်ထွက်ခွာသွားသည်။

လီကျန်းနှင့် ဟုန်ဟုန်တို့က နောက်မှပါသွား၏။

သိမ်းငှက်လောက်ချစ်က နောက်ဆုံးမှ နေ၍လိုက်ပါသွားလေသည်။

ခေါင်းကြီးတို့မှာလည်း ရွာသူရွာသားများအား လက်ဖေ့ဝှေ့မိန်းနှုတ်ဆက် လိုက်ပါသွားကြလေတော့သည်။

❋❋❋

ယခင်လူမိုက်တောင်ကြားသည် ယခုအခါတွင် စေတနာရှင်တောင်ကြားဟု ဘုရင်မင်းမြတ်၏ အမိန့်အရပြောင်းလဲခဲ့ကြသည်။

www.burmeseclassic.com

www.burmeseclassic.com



"လူမိုက်တောင်ကြား" ဟု နာမည်ရေးထိုးထားသော ကျောက်ပြားသည် ယခုအခါတွင် "စေတနာရှင်တောင်ကြား" ဟု ပြောင်းလဲထားပြီး ဖြစ်လေသည်။

ခေါင်းကြီးတို့လူစုသည် မိမိတို့တောင်ကြားရှိ အိမ်သို့ ပြန်လာကြသည်။ သူတို့သည် မိမိတို့၏တောင်ကြားကို ချစ်မြတ်နိုးသဖြင့် ပြုပြင်လိုကြသည်။

ဘုရင်လီကျုန်း၏အကူအညီကို ရရှိသောကြောင့် စေတနာရှင်တောင်ကြားသည် သူတို့ဖြစ်လိုသော စည်ပင်သာယာဝပြောသော တောင်ကြားတစ်ခု ဖြစ်လာလေတော့သည်။

ပြီး၏။

မိုးကျော်သူ

www.burmeseclassic.com